www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# သျှမ

# သူမတူအောင်ချစ်

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၇၁၁၀၅၀၉

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၇၄၀၀၆၀၉

အကြိမ် – ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀ိ/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်ထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ – ဦးဝင်းဖေ (မြ–၀၇၆၅၀)
စိုးထက်ကျော်ပုံနှိပ်တိုက်
တိုက် (၂၀၆)၊ အခန်း (အေ)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

သျှင်မြ

သူမတူအောင်ချစ်/သျှင်မြ၊ – ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၀၉။
၂၈၇ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) သူမတူအောင်ချစ်




## အခန်း (၁)

အကျီတွေ အကုန်ဆွဲထုတ်၊ ချိတ်ကနေ အကုန်ဖြုတ်ချ၍ တစ်ထည်ပြီးတစ်ထည် အလိုမကျတိုင်း ဖြန့်ကြည့်လိုက်၊ ဖယ်ပစ်လိုက်နှင့် ခရီးဆောင်သေတ္တာလေးထဲကို တကယ်ရောက်တော့ စကတ်၊ အကျီ အားလုံးပေါင်း ဆယ်ထည်ပင်မပြည့်ချင်။

"ဟူး ..."

မွေ့ရာအစွန်းမှာ ခြေတစ်ဖက်ချ အိခနဲထိုင်ချလိုက်ရင်း သက်ပြင်းမောကြီးချမိ၏။ စိတ်ပျက်လို့မဟုတ်ပါ။ တက်ကြွလွန်းနေတာဖြစ်သည်။

ခရီးသွားဖို့အတွက် စီစဉ်ပြင်ဆင်ရသည့်အလုပ်ဆို သူမ အလွန် စိတ်ဝင်စား၏။ ငယ်ငယ်တုန်းကကျတော့ ဘုရားဖူးသွားမည်၊ သီတင်းကျွတ်သို့ ရပ်ဝေးမြေခြားက လူကြီးသူမတွေကို သွားကန်တော့မည်၊ စသဖြင့် ခရီးသွားဖို့ ပြင်ဆင်ရပြီဆို ဖေဖေ့အတွက် ပုဆိုးအကျီ၊ ကိုကြီးအတွက်ကာဘာ၊ အလွန့်အတွက် ဘယ်လို၊ အစစအရာရာ ပြည့်စုံအောင် ပြင်ဆင်ရသည်က မေမေ့တာဝန်။

www.burmeseclassic.com



ခုကျတော့ မေမေရော ဖေဖေရော မရှိကြတော့ပါ။ အလွန်ကို ကိုကြီးက စောင့်ရှောက်ထားသည်ဆိုပေမယ့် ဘာလေးပဲဖြစ်ဖြစ် ကိုယ့်တာဝန်ကိုယ်ယူရတာမျိုးပဲဖြစ်ခဲ့၏။

တစ်ခါတလေ ကိုကြီး ဟိုနားဒီနားသွားမယ်ဆိုရင် အလွန် ပဲ ပြင်ဆင်ပေးရသည်။

"ကြီးကြီးကိုမခိုင်းတော့နဲ့ နေရာတကာ၊ အသက်လဲကြီးပြီ၊ မေ့မေ့လျော့လျော့နဲ့ အမှားအယွင်းဖြစ်ရင် ကိုကြီးက သိပ်ခွင့်လွှတ်ချင်တာမဟုတ်ဘူး"

ဟု မောင်နှမနှစ်ယောက်တည်း တိုးတိုးတိတ်တိတ်မှာထားတာတွေရှိတော့ အိမ်မှာ ကြီးကြီးကို နေရာတကာ 'တ' လို့မရပေ။

ဒါကြောင့်လည်း အကျင့်ပါနေတာဖြစ်မည်။ အလွန် ကိုယ့်အလုပ်ကိုလုပ်ရင်း အကျီအဝတ်အစားတွေပြီးရင် ဘာတွေထည့်ရဦးမှာလဲ စဉ်းစား၏။ ကိုယ့်ကိစ္စ ကိုယ်ပဲလုပ်ရမှာဖြစ်သည်မို့ ကြီးကြီးရေလို့ ခေါ် ဖို့လည်း သတိမရတော့ပါ။

ဒါပေမယ့် အလွန် ငုတ်တုတ်ထိုင်ပြီး မလှုပ်မယှက်ဖြစ်နေတုန်းမှာပဲ ကြီးကြီး ဝင်လာ၏။

"ဟင် ... သေတ္တာပြင်ဦးမယ်ဆိုပြီး ဝင်သွားလိုက်တာ ဘာမှလဲ မထည့်ရသေးဘူး"

ဟု ပြောကာ အလွန့်ရှေ့ထိ လျှောက်လာသည်။ သေတ္တာနှင့်ခုတင်ပေါ်က အဝတ်ပုံကြီးကို တစ်လှည့်စီကြည့်၍ ...

"အကျီထည့်မလို့လား၊ ဖွပစ်တာလား လွန် လေးရယ်၊ ကြည့်ပါဦး၊ အားလုံး မီးပူပြန်တိုက်ရတော့မယ်"

"ကြီးကြီးကလဲ သူလုပ်ရမှာမဟုတ်ဘဲနဲ့ လာညည်းနေတယ်၊ ဒီမှာဦးနှောက်စားနေရတဲ့အထဲ"





"ဘာဖြစ်လို့လဲ"

"ဒီမှာလေ အများကြီးရှိနေပြီး ဘာထည့်ရမှန်းမသိဘူး၊ ပြီးတော့ ကိုကြီးက ဂဂျီဂချောင်လုပ်ရင် ဒုက္ခ"

ကြီးကြီးက ပင့်သက်ရှိုက်၍ ခုတင်ခြေရင်းမှာ ဝင်ထိုင်သည်။ ဖွထားသည့်အကျီတွေကို လက်တစ်ဖက်ထောက်လိုက်ပြီး သူမဘက်ကို ဆွဲယူတာ ...

"အဲဒါ ကြီးကြီးပြောတာပေါ့၊ သူကလွှတ်မှသွားရမှာကို အရင်ပြောပြီးမှ ပြင်ပါတော့လား။ ကိုယ့်အစ်ကိုက ပြောရင်ရတာပဲဟာ"

"ကြီးကြီးက ကိုကြီးအကြောင်းမှမသိတာ၊ ညအိပ်ညနေခရီးသွားမယ်ပြောတိုင်း ဘယ်တုန်းက ရှောရှောရှုရှုလွှတ်တာရှိလို့လဲ၊ ပဲခူးမှာ တစ်ညအိပ်လေးသွားတာတောင်မှ နှစ်ညအိပ်ဖြစ်သွားတာကို မိုးမလင်းခင် လိုက်ခေါ်တာလေ"

"ဒါကတော့ မိန်းကလေးတစ်ယောက်ကို ဒီလို ဖိဖိစီးစီးမထိန်းသိမ်းရင် ဒုက္ခတွေ့သွားမှာပေါ့၊ သူ့မှာ စီးပွားရေးက တစ်ဖက်၊ နှမကို ထိန်းသိမ်းရတာ တစ်ဖက်နဲ့ နိုင်ငံ မပြောနဲ့ ခရီးဝေးသွားတာတို ကြီးကြီးလဲ မကြိုက်ဘူး"

ဖြစ်ပြီ၊ အလွန် က အကျီတွေ ပြန်ခေါက်နေသည့် ကြီးကြီးကို နှာခေါင်းရှုံ့ပွပွနှင့် မဲ့ရွဲ့ကြည့်၏။

"ဘာထူးလဲ၊ ကိုကြီးရဲ့စပိုင်ကျနေတာပဲ"

ဟု အသံမထွက်ဘဲ ပွစိပွစိပြောနေသည်။ ဒီလိုပြောနေနိုင်သည်ဟု ထွက်မိပြီး ကြီးကြီး ဖျတ်ခနဲ မော့ကြည့်ကာ အလွန် က မျက်နှာလွှဲပြီးပြီ။

လက်ပူးလက်ကြပ် မဖမ်းလိုက်နိုင်ပေမယ့် ကြီးကြီးက ရိပ်မိသဖြင့်...

"တွေ့လား၊ သူ့အစ်ကိုကိုကြောက်ရတိုင်း ကျုပ်ကို မကျေမနပ်နဲ့၊ ဟွန်း... ရော့ ဒါလေးနဲ့ အောက်ခံအနက်လေး တွဲဝတ်၊ လွန် လေးနဲ့သိပ်လှ

www.burmeseclassic.com



တာ၊ ထည့်လိုက်”

ဒီလိုပဲ အလွန် စိတ်ကောက်တော့မယ့်အခြေမြင်လျှင် ကြီးကြီးတို့ လေပြည်ထိုးပြီ။

ဖွထားတာတွေကို မီးပူတိုက်ထားသည့်ပုံစံပြန်ဖြစ်အောင် ပြန်ခေါက်၍ ခရီးဆောင်သေတ္တာလေးထဲမှာ ပြည့်စုံသွားသည်အထိ ကြီးကြီးကလည်း လုပ်ပေးသွားကာ ...

“အညာဒေသဆိုတော့ ရေချိုးမိုးချိုး ဆင်ခြင်၊ ဆေးတွေဘာတွေ ထည့်သွားဦးနော်၊ ကိုယ်နဲ့တည့်တဲ့ဆေးဆိုတာ နေရာတကာမှာ ရှာမရတာ ဖြစ်တတ်တယ်”

“အညာဒေသမဟုတ်သေးပါဘူး ကြီးကြီးကလဲ၊ ဆင်ဖြူကျွန်းက မကွေးတိုင်းထဲမှာဆိုတော့ မြေလတ်ဒေသလောက်ပဲ ဖြစ်မှာပါ၊ ပြီးတော့ မြို့ကြီးပြကြီးတွေနဲ့လဲ လမ်းပန်းဆက်သွယ်ရေး အချက်အချာကျနေတော့ စည်တယ်၊ လူနေမှုအဆင့်အတန်းလဲမြင့်တယ်၊ ဆင်ဖြူကျွန်းမြို့သူ မြို့သားတွေ အရမ်းချောတာ သိလား”

ပြောပြရင်း ပြုံးနေသည့် အလွန့်မျက်နှာလေးကို ကြီးကြီးက မျက်လုံးဝင့်ကြည့်၏။ အလွန် က ပြန်ကြည့်ပြီး ပခုံးလေးနှစ်ဖက်တွန့်သည်။

“အလွန် က ‘နှင်းနေခြည်’ ကို ကြည့်ပြီးပြောတာပါ၊ ဒီကို ခဏခဏ ပါလာတဲ့ ‘နှင်း’ ကို ကြီးကြီး မြင်ဖူးရဲ့သားနဲ့”

ဟု ပြောပြီး မျက်နှာငံ့၍ ရယ်နေပြန်သည်။ ‘နှင်းနေခြည်’ ကို မသိဘဲ နေမလား၊ ဖြူဝင်းနုမွတ်နေသည့် အသားအရေနှင့် ဖြူဖြူသွယ်သွယ်လေး ပါပဲ။

အညာဒေသက ဆိုတာပင် ယုံနိုင်ဖွယ်မရှိအောင် ဝင်းစိုနုနွဲ့နေ၏။ ဒါပေမယ့် ဒီလောက်ကြီးတော့လည်းမဟုတ်ပါ။

“ကြည့်လဲလုပ်ပါ ‘နွေအလွန်’ ရယ်၊ အညာကို အလည်လိုက်သွားပြီး





ရှင်လေးပါ အညာသူဖြစ်သွားပါဦးမယ်”

“ဟား ဟား”

ဒီလိုပြောမယ်ဆိုတာ သိပြီးသား။ အလွန် က လက်ခုပ်လေးတီးပြီး ရယ်ချလိုက်သည်။

“ဘာတွေ ဒီလောက်သဘောကျနေတာလဲ”

ကိုကြီးအသံကြောင့် ရယ်သံလေး တိခနဲရပ်သွား၏။ လက်ခုပ်တီးလိုက်သော လက်ဖဝါးနှစ်ဖက်ကို ပြန်ခွာဖို့မေ့သွားပြီး တင်းခနဲပူးဆုပ်၏။

ကြီးကြီးက တွေ့ကြပြီဆိုသည့် မျက်လုံးနှင့် တစ်ချက် လှမ်းကြည့်ကာ နေရာမှ ထရပ်လိုက်သည်။

“ဒါတွေက ဘာလဲ၊ ဘယ်သူ ခရီးသွားမလို့လဲ”

အခန်းဝကနေ၍ နှုတ်ဆက်ဖို့သာဖြစ်ပေမယ့် အိပ်ရာထက်က ဖွင့်လျက်သားရှိနေသော အကျီတွေ အစီအရီထည့်ပြီးဖြစ်သည့် ခရီးဆောင်သေတ္တာကိုမြင်လိုက်သဖြင့် နိုင်ငံ အထဲ ဝင်လာသည်။

“ကဲ ပြောလိုက်လေ၊ ပြောမှဖြစ်မယ့်ဟာကို”

ကြီးကြီးက အစဖော်ပေးခဲ့ပေမယ့် ကိုယ်လွတ်ရုန်းထွက်သွားပါပြီ၊ အလွန် က သေတ္တာကိုပိတ်ပစ်လိုက်ပြီး ကိုကြီးကိုရယ်ပြကာ ...

“ဟိုလေ... ဟို နှင်းနဲ့ ဆင်ဖြူကျွန်းကို လိုက်သွားမလို့”

“ဘာ”

“ကိုကြီးကလဲ နှစ်လယ်လောက်ကတည်းက အလွန် ပြောထားသားနဲ့”

“ပြောထားတာက ကျောင်းပိတ်ရက် ခရီးသွားမယ်ဆိုတာလေ၊ ဆင်ဖြူကျွန်းထိ ဘာသွားလုပ်မှာလဲ၊ အမိပွာယ်မရှိ”

ပြုံး၍ဝင်လာသည့် နိုင်ငံ့ မျက်နှာက ချက်ချင်းပြောင်းလဲသွားသည်။ အလွန် နောက်ထပ်ပြောလို့မရအောင် မျက်နှာတင်းတင်းနှင့် ပြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားဖို့လုည့်တော့ အလွန် က နောက်ကနေ လက်ကိုလိုက်ဆွဲထားရင်း…

"ကိုကြီးကလဲ တစ်ပတ်လောက်ပဲဥစ္စာ၊ ကျောင်းပိတ်ရက်လေး တစ်ခါတလေမှသွားတာကို၊ တစ်ပတ်ဆယ်ရက်တော့ ချန့်စ်ပေးသင့်ပါတယ်"

"မဟုတ်တာ ညီမလေးရာ၊ နင် ကိုယ့်ကိုယ်ကို မိန်းကလေးဆိုတာ မေ့နေသလား၊ မိဘမောင်ဘွားမပါဘဲ သူများမြို့ရွာမှာ ညအိပ်ညနေသွားတာ လူ ဘယ်လောက်အထင်မြင်သေးလဲ"

"သွားလာရင်း အပျော်လွန်ပြီး ကြန့်ကြာတာမှမဟုတ်ဘဲ ကိုကြီးရဲ့၊ ကိုကြီး ခွင့်ပြုလို့သွားတာပဲဟာ၊ ကိုကြီးက ပြန်ခဲ့တော့ဆိုရင် တစ်ရက် တစ်ညမှ မစွန်းစေရဘူး၊ ပြီးတော့ နင်းတို့က အဲဒီမှာ မြို့မျက်နှာဖုံးပါ ဟာကယ့်လူရည်သန့်တွေ"

"သူ့ကိုယ်သူ ပြောပြတာလား"

"ဩော်… သဲလေးကလဲ ဆင်ဖြူကျွန်းသူပဲဟာ၊ သူတို့ချင်းသိကြတာပဲ၊ သဲ ပြောပြတာ"

နိုင်ငံ့ မျက်နှာ မရှုနိုင်မကယ်နိုင်ဖြစ်နေပုံပေါက်လျက် ဝုန်းဒိုင်းထဖြစ်ချင်သည့် ဒေါသကို ကီးသုံးရသဖြင့် မသက်သာ။

စည်းကမ်းတွေ ဘယ်လိုသတ်မှတ်ထားထား မစားရဘူး၊ မသွားရဘူး ဘယ်လိုနည်းနဲ့တားမြစ်ထားပါစေ အလွန် မရမကပူဆာပြီဆို လှမ်းပြီးသည့်ခြေလှမ်းကို ပြန်ရုပ်သွားအောင် သူ တတ်နိုင်ခဲ့တာ မရှိဖူးပေ။

ပြောတော့ဖြင့် ကိုကြီးကို အလွန် အရမ်းကြောက်ရတာ တဲ့။

လူကြားလို့တော့ကောင်းသည်၊ ပြီးတော့ ထင်ရာလုပ်တာ ဘယ်သူလဲ။

"နေပါဦး၊ ဒါတွေထည့်သိုပြင်ဆင်ထားတာ ဘာလဲ၊ ကိုကြီးကို အခုခွင့်တောင်းတာလား၊ အသိပေးတာလား"





ကိုကြီး မေးဆတ်ပြသဖြင့် ပိတ်ထားလိုက်ပြီးဖြစ်သည့် ကိုယ့်သေတ္တာကို ဝတ္တရားအရ ပြန်ဖွင့်ကြည့်ရသည်။ ပြီးမှ စူပုပ်ပုပ်မျက်နှာလေးနှင့် ခေါင်းငုံ၍ …

"သွားချင်လို့ ပြင်ဆင်နေတာပါ၊ ကိုကြီးက မလွှတ်ဘူးဆိုရင်တော့…"

"အခန်းအောင်းပြီး တစ်ပတ်လောက်ကောက်ကွေးနေမယ်၊ လူခြေတိတ်မှ စားချင်တာထွက်စားပြီး ကိုကြီးရှေ့မှာ အစာငတ်ခံနေသလို ဆန္ဒပြမယ်၊ ပြောလေ ဆက်ပြော"

အလွန် နှုတ်ခမ်းလေး ပို၍စူထော်နေတာကို ခေါင်းငုံ့ထားပေမယ့် မြင်နေရသည်။ နိုင်ငံ အခန်းထဲကနေ လှည့်ထွက်လာခဲ့ပြီး ရေခဲသေတ္တာဆီ တန်းသွားသည်။ အလုပ်က ပြန်လာပြီး လူအိုက်စိတ်အိုက်နှင့် ကိုယ့်အဖြစ်ကို ဘယ်လိုအမောဖြေရမှန်းမသိ။

'သမီးတစ်ကောင် နွားတစ်ထောင်' တဲ့။ ဘာကိုပြောတာမှန်း ခုတော့ သူ သိပြီဖြစ်၏။ ညီမလေး ဒီတစ်ယောက်ပဲရှိပါသည်။ ဆိုးလိုက်တာ တာတေလန်။

ဘာဖြစ်ဖြစ် ဒါဆိုဒါ မလိုချင်လည်းဖွတ်၊ လိုချင်တော့လည်းဖွတ်၊ ခက်ပါလား။

"ကိုကြီး …"

စဉ်းစားလို့မပြီးသေး နောက်မှာရောက်နေပြန်သည်။

"တော်ကြာ နင်းတို့ ဖုန်းဆက်တော့မှာ ကိုကြီးရဲ့၊ အလွန် က 'ကိုကြီးကိုပြောထားပြီးသား၊ လွှတ်မှာပါ'လို့ ကြွားထားတာ၊ တကယ်လဲ အလွန် ပြောထားတာပဲဥစ္စာ၊ သွားမယ်နော်၊ ကိုကြီး စိတ်မချရင် ကြီးကြီးကို ထည့်လိုက်လေ"

ရေသောက်တာတောင် လည်နင်၏။ အလုပ်က ပြန်ရောက်ရောက်ချင်း ဒီကောင်မလေး အလိုက်ကမ်းဆိုးလဲမသိ။



www.burmeseclassic.com

www.burmeseclassic.com



"သူများတွေဆို ရှမ်းပြည်ဘက်ကိုသွားကြ၊ ချင်းပြည်နယ်သွားကြနဲ့ ဒီလိုပဲ သူငယ်ချင်းတွေဆီ အလည်လိုက်ကြတာ၊ ကိုကြီးက အလွန့်ကျမှ အတူတာဆန်းလာလုပ်နေတယ်၊ နောက် ဘယ်မှမသွားတော့ဘူးလေ၊ ဟို နားခိုနားလဲ မသွားဘူး၊ နော် ကိုကြီး"

အပြစ်တင်လိုက်၊ တောင်းပန်လိုက်နှင့် လက်မောင်းကို လာဖက်တော့ တစ်ဖက်ကနေ ရောဘူးကိုင်ထားရင်း နိုင်ငံ လှည့်ကြည့်၏။ ဘာပဲဖြစ်ဖြစ် သူ အလျှော့ပေးရတော့မှာဖြစ်သည်။ ဒါပေမယ့် လွယ်လွယ်နဲ့တော့ မရ။

ကတိတွေတောင်းရမည်။ စည်းကမ်းတွေနဲ့ တုပ်နှောင်ရဦးမည်။

'နွေအလွန်'ဆိုသည့် ကောင်မလေးက မလွယ်။





## အခန်း (၂)

"ဟယ် ငါ့ဒေါက်ဖိနပ်တော့ သွားပါပြီ"

ငွေမင်ရောင်ပြောင်လက်နေသည့် သုံးလက်မဒေါက်ချွန်က ကတ္တရာလမ်းမဟုတ်သော ဖုန်တွေလည်းရှိသည့် မညီမညာလမ်းပေါ်မှာ လူကို လှုပ်ခါချဖို့ချည်းကြိုးစားနေ၏။

ဒီဖိနပ်နှင့်ပြေးလွှားသွားနေခဲ့သည့် အလွန့်မှာ ခုကျမှ ဖိနပ်မစီးတတ်လို့ ယိမ်းယိုင်နေသလို လူရယ်စရာကြီးဖြစ်နေသည်။

"ဖြစ်ရမယ် အလွန် ရယ်၊ အိမ်ရှေ့ထွက်ကတည်းက လမ်းကိုကြည့်နေရတဲ့ဥစ္စာ၊ သင့်တော်မယ့်ဖိနပ်ကို စီးခဲ့ပါလား"

သဲ က မသက်မသာကြည့်၍ ဝင်ပြောသည်။ နှင်း ကတော့ မပြောပေ။ ထိုပြင် အလွန့် ကိုပဲ တွဲခေါ် ရတော့မလိုလို၊ အိမ်ထဲပဲ ပြန်ဝင်ရမလိုနှင့် အီလည်လည်မျက်နှာလေးဖြစ်နေရှာသည်။

'လိုက်ခဲ့စမ်းပါ၊ အလည်လာပါနဲ့' အသည်းအသန်ခေါ်ခဲ့တာက သူမဖြစ်နေ၏။ ပြီးတော့ မျိုးချစ်စိတ်ရှိသူပီပီ ကိုယ့်မြို့ကိုယ့်ဒေသကို သူများမဲ့ရှုံ့ကဲ့ရဲ့မှာကိုလဲ မခံနိုင်ပေ။ အလွန် က ကဲ့ရဲ့ဖို့တော့ စိတ်ကူးရှိပုံမပေါ်ပါ။

www.burmeseclassic.com



ဒါပေမယ့် ပေါင်ထိမ်သာသာထိ ကပ်ကျပ်နေကာ အောက်ဖျားမှာ ထီးကလေးလို ဝဲသွားသည့် ထဘီစကတ်ကို လက်ကလေးတစ်ဖက်နှင့် ဆွဲမထားပြီး ဖိနပ်နှင့်ခြေထောက်ကို နှမြောတသစွာ ငုံ့ကြည့်နေသည်။

ခြေဦးထိပ်ကလေးတွေ ခြေဖဝါးစောင်းတွေမှာ နီရဲနှဖတ်နေတတ်သည့် ခြေအစုံက ခုတော့ နတာလည်းမပေါ်၊ နီနေတာလည်း မမြင်ရ။

ငွေမင်ရောင်ဖိနပ်ပြောင်ပြောင်လေးကလည်း ဘာရောင်မှမထွက်နိုင်တော့ပေ။ ပိုဆိုးသည်က ပင့်မထားသည့်ထဘီကို လွှတ်ချပြီး ဒီတိုင်း ဆက်လျှောက်ပါက လမ်းပေါ် က ဖုန်တွေ ဒူးဆစ်လောက်ထိ လုံးဝင်လာဖို့ ရှိနေသည်။ ဘာဆက်လုပ်ရမှန်းမသိ။

"နှင်း နတ်ကနားက ဘယ်မှာလဲ၊ ဆိုင်းသံတွေတော့ အကျယ်ကြီး ကြားနေရတယ်နော်"

"ဘာလဲ ဒီတိုင်းခရီးဆက်ဖို့ မေးတာလား၊ လုပ်မနေနဲ့ ဖိနပ် သွားပြန်လဲလိုက်၊ မဟုတ်ရင် နှင်း ကြည့်မကောင်းရှုမကောင်း လဲမှာ ကျိန်းသေး တယ်"

နှင်း က မဖြေရသေးဘဲ သဲ ကပဲဝင်ပြော၏။ အလွန် က နှင်းကို 'ဟုတ်လား' ဆိုသည့်မျက်လုံးနှင့်လှည့်ကြည့်သည်။ နှင်း က သဲ ကို မျက်စောင်းရှယ်ကာ ...

"အဲလောက်မဆိုးပါဘူးဟယ်၊ နှင်းကလဲ ကိုယ့်မြို့ ကို သိဒ္ဓိတင်နေလိုက်တာ မပြောချင်ဘူး ဟွန့်..၊ လယ်ကန်သင်းထဲဆင်းမယ့်လူကို ပြောနေတာ ကျနေတာပဲ"

နှင်း ဒေါသဖြစ်သွားတာကိုကြည့်ပြီး သဲ က ရယ်သည်။ ပြီးတော့ အလွန့် ခြေထောက်ဖြူနုနုလေးကို မေးဆတ်ပြ၍ ...

"ငါတို့က ဟုတ်တယ်လေ၊ သူက ရန်ကုန်သူ၊ ဖုန်မြင်ဖူးတာမှမဟုတ်တာ။ လမ်းမဆိုးပေမယ့် သူ မလျှောက်တတ်မှာစိုးလို့ပါ၊ ဘယ်လိုလဲ





အလွန်၊ ဒီတိုင်းလျှောက်တတ်လား"

နှင်း ကိုဖြေရင်း အလွန့် ကို လှည့်မေး၏။ အလွန် က ခေါင်းညိတ်လိုက်၏။ ဆိုးဆိုးကောင်းကောင်း အတွေ့အကြုံသစ်ဆို အလွန် တို့က စိတ်ဝင်စားတတ်သည်။

အထူးသဖြင့် အူဝဲဆိုကတည်းက အထိန်းတော်၊ အချော်တော်တွေနှင့် ကြီးပြင်းခဲ့ရသည့်ဘဝမှာ ဆင်းရဲတာကို ဘာမှန်းမသိခဲ့ပေ။

မသိတာ၊ မတတ်တာဆို သိချင်၊ တတ်ချင်သည့်အကျင့်က သူများ မထင်တာကို ပို၍လုပ်ပြချင်တာလည်းပါသည်။

သုံးယောက်သား နတ်ကနားပွဲဆိုတာကိုရောက်တော့ ခိုးခိုးခစ်ခစ် ရယ်မိကြရင်း အလွန် က ဖုန်တွေတက်နေသည့်ခြေထောက်ကို ထဘီ လေး မ,ကြည့်၏။

"ငုံ့တကြည့်ကြည့်နဲ့ကွာ၊ ကိုယ့်ဟာကိုယ် ပါမလာဘူးထင်လို့လား"

"ဟင်..."

"ပြုတ်မထွက်ခဲ့ပါဘူး။ ပါလာပါတယ်"

"အယ် ..."

ဘေးကနေကပ်ပြောသွားသည် လူငယ်သုံးယောက်ကို အလွန့် တအံ့တဩလိုက်ကြည့်၏။ နားထဲမှာ ရိုင်းသွားသည်မို့ ရှက်သလိုလို၊ ဒေါသဖြစ်သလိုလို သဲ က တက်ခေါက်၍ ...

"တော်တော်ရိုင်းတဲ့ကောင်တွေ၊ ပြောသွားလိုက်တာ"

"ဘာပြောလို့လဲဟာ၊ အလွန် ငုံ့ငုံ့ကြည့်နေတာလဲ စချင်စရာပဲဟာ၊ ပြဿနာမရှာစမ်းပါနဲ့"

ပြော၍ နှင်း က သဲ ကို ခေါင်းခါပြသည်။ အလွန် ပါးစပ်ယဉ်တာကို သိထားသဖြင့် ရန်စမပွားစေချင်၊ ထို့ပြင် လိုအပ်လျှင် လက်ပါတတ်သော အလွန့် ကို ကြောက်ထိုးပင့်ကော်ပြောတာမျိုးလည်း မလုပ်သင့်ဟုမြင်၏။



www.burmeseclassic.com

www.burmeseclassic.com



နတ်ကွန်းဆိုသည့်နေရာက ကုန်းအဆင်း အနိမ့်ပိုင်းထဲမှာဖြစ်ကာ ဘေးမှာရော နောက်မှာရော လက်ပံပင်၊ ညောင်ပင်ကြီးတွေ အုံ့ဆိုင်းအေးမြနေ၏။

နေ့လယ်ခင်းကြီးတောင်မှ ထိုနေရာမှာ နေပြောက်သာသာပဲ ရှိသည်။ ဒါပေမယ့် ကုန်းလျှောပုံစံကြီးမို့ သုံးလက်မပွိုင့်ဒေါက်နှင့် အလွန် မသက်သာပေ။

"ဟဲ့ ဟိုကောင်တွေ အလွန့် ကို ကြည့်နေတယ် သိလား"

သဲ က ပြန်စသည်။

ရယ်ကျဲကျဲ ပြုံးစိစိနှင့် တစ်ယောက်ပခုံးတစ်ယောက်ဖက်၍ မျက်နှာချင်းဆိုင်ကနေလှမ်းကြည့်နေသည့်မျက်နှာတွေကိုအလွန်လည်းမြင်သည်။

ဒါပေမယ့် သူမ ကြည့်နေမိတာက ထိုမျက်နှာတွေကို မဟုတ်ပေ။ ဆိုင်းပိုင်းဘေးမှာ ရပ်နေသည့် ဖြူနွဲ့နွဲ့ ပုံရိပ်လေးတစ်ခုကိုဖြစ်၏။ ဆိုင်းသံထဲမှာ ပတ်မတီးသံက နှလုံးခုန်သံကို ဆောင့်ခုန်သွားအောင် ဆွဲလှုပ်ခေါ်နေသလိုဖြစ်နေသည်။

ထိုအသံကို စိမ်းသက်နေသောကြောင့် နတ်ကနားပွဲကျဉ်းကျဉ်းလေးမှာ ဆိုင်းဝိုင်းနှင့် နီးနီးလေးရပ်ကြည့်နေရသည့်အဖြစ်ကို အလွန် သိပ်တော့မနှစ်မြို့ပေ။

ထိုလူရွယ်ကတော့ လက်ပိုက်ရပ်နေလိုက်တာ ပတ်မကြီးနဲ့ဆိုင်းဝိုင်းကြားထဲမှာ ဖြစ်၏။

'ဗေထိ'ချနေသည့် ပတ်မတီးသံကြောင့် အလွန် တွန့်ခနဲ မဲ့ခနဲဖြစ်နေသော်လည်း သူကတော့ နတ်ကတော်တွေထဲမှာ စိတ်ဝင်တစား စူးစိုက်လျက်ရှိ၏။

"ဟဲ့ ဘယ်ကိုကြည့်နေတာလဲ မျက်လုံးက"

ဘေးကနေကြည့်ပြီး အလွန် ဟိုသုံးယောက်ဆီ မျက်လုံးရောက်





ဘယ်ထင်ကာ နှင်း က လက်တို့ပြီး ခပ်ကြိတ်ကြိတ်မေး၏။ ဒီတော့မှ သူတို့ကိုကြည့်နေတာထင်ပြီး သွားအဖြီးသားဖြစ်နေကြသည့် မျက်နှာမည်းမည်းသုံးခုကို အလွန် သတိထားမိသွားသည်။

ထိုသုံးကောင်နှင့် ဟိုတစ်ယောက်က ကပ်လျက်ဖြစ်နေ၏။ အတူတူမဟုတ်ကြတာတော့ သေချာသည်။ သူက လက်ပိုက်ရပ်လျက် ဘယ်ကိုမှမကြည့်။ ဘယ်သူနဲ့မှလည်း ပြောတာမရှိ။

"ကဲ ကဲ ပုပ္ပားတောင်၊ အမေနံကရိုင်းကို ချော့မယ်၊ သားတော်နှစ်ပါးနဲ့ ပျော်ပျော်ရွှင်ရွှင် ဒီလိုပျော်မယ်ဟေ့"

နတ်ဦးစီးက ခေါင်းမှာ ကျွဲခေါင်းပုံတင်လျက် ကိုယ်မှာ မင်းသမီးအဝတ်အစားတွေနှင့် လှချင်တိုင်းလှနေသည်။ နေ့လယ်ခင်းမှာ ရောင်စုံမျက်နှာနှင့် ချွေးစိုစိုဖြစ်သော်လည်း လှနေတာပဲဖြစ်၏။

ထိုပြင် ယောကျ်ားမှန်း လုံးဝမသိလောက်အောင် ခါး၊ တင်၊ ရင် အားလုံး အချိုး...ပြေပြေ...နေသည့်အဖြစ်ကို အလွန် အံ့လည်းအံ့သြသည်။ သဘောကျ၏။

"တကယ်ပဲနော် နှင်း၊ နတ်ကနားပွဲ ငါ တစ်ခါမှ သေချာမကြည့်ဖူးဘူး။ နတ်ကတော်တွေ ဟော်တော်လှတာပဲ"

"ဘယ်သူ ပိုလှလဲ"

"နံကရိုင်းမယ်တော် လုပ်ထားတဲ့ နတ်ကတော်က ပိုချောတယ်၊ ကြည့်ပါဦး၊ လက်ဆစ်လေးတွေကိုပျောက်နေတာပဲ၊ လည်ပင်းမှာ စလုတ်လဲမရှိဘူး။ ကိုယ်လုံးလှတာကတော့ ထားပါတော့၊ မျက်နှာ ဒီလောက်လှနေတာ အရမ်းအံ့သြဖို့ကောင်းတာပဲ၊ ဖြုန်းခနဲကြည့်ရင် ထွန်းအိန္ဒြာဗိုနဲ့ ချွတ်စွပ်ပဲ"

"ဟုတ်တယ်၊ သူက ကနားစီးလေ၊ မကတဲ့အချိန်ဆိုလဲ မျက်နှာမိတ်ကပ်မရှိပေမယ့် နုနုဖတ်ဖတ်လေးပဲ၊ ဟိုတစ်ယောက်လိုပေါ့၊ ယောကျ်ား



www.burmeseclassic.com

စစ်စစ်ကနေ အခြောက်ရုပ်ပေါက်နေတာ”

“ဟင်… ဘယ်တစ်ယောက်လဲ”

အလွန် က အံ့ဩသွားပြီး သဲ မျက်နှာကို မော့ကြည့်သည်။ သဲ က လက်ပိုက်ရပ်လျက်ရှိသည့် သူ့ကိုပဲ မေးဆတ်ပြကာ …

“နှင် ကြည့်နေတဲ့တစ်ယောက်လေ”

အလွန် က လိုက်ကြည့်ပြီး ပြုံးစိစိနှင့် …

“ဒါကြည့်နေတာ နှင် မြင်တယ်မေ့”

“မြင်သားပဲ”

“ပလိုရှိ”

“အမေ့ …”

စကားကောင်းနေတုန်း ပတ်မသံကြီး ဝင်လာသဖြင့် အလွန် တုန်ခနဲ ဖြစ်သွား၏။ ‘အမေ့’ လို့ ယောင်အော်လိုက်တာ ကျယ်သွားသလား။ သူ့ဘာသာ မျက်နှာလှည့်လာတာလားမသိ။

ထိုတစ်ယောက်နှင့် အလွန် မျက်လုံးချင်းဆုံသွား၏။ အလွန် ငေးခနဲ ဖြစ်သွားပေမယ့် သူက မထူးခြားစွာ ပြန်လှည့်သွား၏။

“ချောလိုက်တာ၊ အဲ…အဲဒါ တကယ်အခြောက်လားဟင်”

အလွန် မေးလိုက်စဉ်မှာပင် ပန်းစည်းနှစ်စီးကို တစ်ဖက်စီမှာကိုင်ထားသည့် ကနားစီးက ရှေ့တိုးလာပြီး သူ့ကို ခေါင်းညိတ်ခေါ် သည်။

သူက အံ့အားသင့်သွားပုံနှင့် မျက်ခုံးနှစ်ဖက်ပင့်၏။ ဘေးဘီကို ဝေ့ကြည့်ပြီးမှ ‘သူ့ကိုလား’ ဆိုသည့် မေးခွန်းနှင့် ကိုယ့်မျက်နှာကို လက်ညှိုးညွှန်ပြသည်။

“ဟုတ်တယ်၊ သားတော်ကိုခေါ် တာ”

ကနားစီး၏အသံကလည်း အက်ကွဲရှတတလေးနှင့် မိန်းကလေး အဆိုတော်တစ်ယောက်နှင့် ခပ်ဆင်ဆင်ပင်။





သူက သွားစွေပေါ် အောင်ရယ်ကာ ရှက်ကိုးရှက်ကန်းပုံနှင့် ဆံပင်သပ်၏။ ပြီးမှ တစ်တောင်လောက်မြင့်သော နတ်ကွန်းပေါ် ကို လှမ်းတက်သွားသည်။

နတ်ကွန်းက သိပ်လည်းမကျယ်ပါ။ ပေနှစ်ဆယ်လောက်ပတ်လည်ပဲရှိကာ နတ်နန်းပေါ် မှာ ကလေးတွေနှင့် ရှေ့ဆုံးက ပိုက်ဆံအိတ်ကြီးတွေ ပိုက်၍ ငွေတွေ ဖွေးခနဲ ဖျောခနဲ ပေးကမ်းနေသည့်အမျိုးသမီးကြီးတွေ ရှိသည်။

ကြည့်တဲ့လူတွေကတော့ မြေကြီးပေါ် မှာပဲ၊ အုတ်ခုံကို ဝိုင်းပတ်ကြီးမိုးကို မတ်တတ်ရပ်ကြည့်ကြတာ ဖြစ်သည်။

မယ်တော် ဝင်ပူးနေသည့် ကနားစီးက ကိုင်ထားသည့်ပန်းစည်းနှင့် သူ့ခေါင်းကို သုံးကြိမ်ခန့် ပွတ်သပ်ဆွဲချသည်။

“သားတော် ဘာဖြစ်ချင်သလဲ ပြော၊ မယ်မယ်က အားလုံးဖြစ်စေမယ်”

ကနားစီး၏မျက်နှာက နီမြန်းလျက် ကိုင်ထားသည့်ပန်းတွေက ဆတ်ဆတ်ခါနေသည်။

တကယ် ဝင်ပူးနေပြီး တကယ်ပဲ မစ,တော့မလိုဖြစ်၏။ သူက ရှက်နေသည့်မျက်နှာနှင့် ဘယ်ကိုမှ စူးစိုက်ဖို့မဟုတ်ဘဲ မျက်လုံးတွေ ဟိုဒီဝေ့သည်။

ခပ်ပါးပါးကုပ်ထောက်ဆံပင်ကို ရှေ့ကသပ်လိုက်၊ နောက်ကိုသပ်လိုက်ဖြစ်ရင်း ရယ်ပဲရယ်နေ၏။

“သားတော်က ရှက်နေတာလား။ မယ်မယ်က သားတော်ကို နှစ်သက်ချင်လို့ ဒီပွဲမှာ သားနဲ့အတူပျော်မယ်၊ ဘယ်လိုလဲ”

ပြောပြီး သူ့လက်တစ်ဖက်ကို ကိုင်၍မြှောက်လိုက်၏။ ဆိုင်းသံက ကျွက်ကျွက်ညံသွားသည်။ ဟိုခုန် ဒီခုန်နှင့် ဘယ်လိုလဲ၊ သူလဲ နတ်ပူးသွား

www.burmeseclassic.com



ပြီလား။

နှမြောသတစ္စာငေးကြည့်နေမိသဖြင့် အလွန့် ကိုကြည့်၍ သဲ က တခစ်ခစ်ရယ်သည်။

"ဘာရယ်တာလဲ"

အားပြောချင်တာမဟုတ်ပါ။ သဲ ကို တကယ်မေးချင်တာဖြစ်၏။ ရှပ်အင်္ကျီမိတ်ကပ်ရောင်အကွက်နှင့် ဂျင်းဘောင်းဘီကိုဝတ်ထားပေမယ့် မျက်နှာက သွယ်သည်။ ဆံပင်က ကုပ်ပေါ်မှာ ရှည်ကျနေသလို မျက်ခုံးအောက်လောက်ထိ ဆင်းနေသည့် ဆံမြိတ်ကလည်း ထူသည်။

တင်ထားသလားထင်ရအောက်အောင် နှာတံက ကော့စင်းနေကာ နီနီးသောနှုတ်ခမ်းပါးတို့က ထောင့်ချိုးလေးတွေပေါ်နေ၏။

တော်တော်ကိုချောနေသည်မို့ သဲ ပြောသလိုဖြစ်ဖို့ကလည်း တော်ဖြစ်ဘ သချာနေပါ၏။

မေးသာမေးလိုက်ရသည်၊ ဖြေသံကိုတော့ သိပ်မကြားချင်ပေ။ သဲ က အလွန့် ပခုံးလေးကိုဖက်၍ နားနားကပ်ကာ ...

"အဲဒီကောင် အရမ်းချမ်းသာတာဟ၊ သုံးပင်ထောင့်မှာနေတာ"

"သုံးပင်ထောင့် ဆိုတာ လမ်းနာမည်လား"

"ဟင့်အင်း ရပ်ကွက်ပေါ့၊ ဒါက ဘုရားကြီးကုန်းအရှေ့ပိုင်းလေ၊ ဝါသနာ ဘယ်လောက်သေးတယ် မသေးတယ် ဟိုဘက်အဖျားနဲ့ ဒီဘက်အဖျားကို လိုက်ကြည့်တာသာ ကြည့်တော့"

"ဪ ..."

"မောင်နှမနှစ်ယောက်ပဲရှိတာ၊ သူ့အစ်မက အလယ်တန်းကျောင်းအုပ်ဆရာမလေ၊ တညောင်မှာ ဆိုတော့ သွားရပြန်ရတာ ပင်ပန်းလို့တဲ့ မိဘတွေက မလုပ်ခိုင်းတော့ဘူး၊ ဘယ်နှစ်နှစ်မှ မလုပ်လိုက်ရဘဲ နားနေတာ"





"သူက အငယ်ဆုံးပေါ့"

"ဟုတ်ပ၊ ချမ်းသာတယ်၊ ချောတယ်၊ ရောက်လေရာမှာ ချစ်မယ့်ကြိုက်မယ့်မိန်းကလေးတွေ ဝိုင်းဝိုင်းလည်ပဲ၊ သူက မိန်းမဆို လှည့်ကိုကြည့်တာ"

"ဖြစ်ရှုငပ"

ဘယ်လိုလိုင်းပူးပြီး နုန်ပေါက်နေတာမှန်းမသိသည့် သူ့ ... အရွှန် လှမ်းကြည့်မိသည်။ ပါးစပ်ဖွင့်ရယ်နေတာကလည်း ဘယ်... သို့ ငင်နေမှန်းမသိ။

"ဒါဆိုရင် သူက မိန်းမလျှာလားဟင်"

"မဟုတ်သေးရင်တောင် ဖြစ်လာဖို့ရှိတယ်"

"သဲရယ် သူများအကြောင်းကို ..."

ဘေးကနေ အားလုံး ကြားနေရသဖြင့် နှင်း က ဝင်ဟန့်သည်။ သဲ နဲ့ နှင်း က တစ်မြို့တည်းသူတွေဖြစ်ပြီး ပုံစံမတူ။ သဲက ညိုညို၊ ပုပု၊ နှင်း က ဖြူဖြူ နုနုလေးနှင့်လှသည်။

သဲ က စိတ်ထဲထင်သလို မြင်သလို ဝေဖန်ပြောဆိုတတ်ပြီး နှင်း ကတော့ ဒီလိုပြောဆိုတာကို ကြိုက်ပုံမပေါ်။

"ဦးကြည်ဝင်းတို့က ဒီလောက်သန့်ပြန့်ရည်မွန်တာ သူတို့ရဲ့ သားသမီးကို နင်ပြောသလိုကြီး အဖြစ်ခံပါ့မလား၊ ပြီးတော့ ဖိုးခွားက ယောင်ယောင်ကတည်းက ဒီတိုင်းပဲချောလာလို့ စကြ နောက်ကြရင်း လှုပ်ပြောက ထင်နေတာပါ"

"ဟား ..."

သဲ ကတော့ အပြတ်အသတ်ဖဲ့ဖို့ ကျုံကျုံနစ်နစ်ရယ်၏။ ရယ်နေ ... ဘခုန်နေသည့်ဘက်ကို သရော်လှောင်ပြောင်သလို ကြည့်ကာ ...

"ဟုတ်မှာပဲနော်၊ ဟိုမှာ ခေါင်းပေါင်းနဲ့ဘဲနဲ့ ဖြစ်နေပြီ"

www.burmeseclassic.com



"ဒါကတော့ အတင်းခေါ် တင်ပြီး နုတ်သွင်းနေတာကိုး"

နုတ်ပွဲကလည်း လူတွေ ပိုပိုများလာ၏။ ကတဲ့လူတွေလည်း ပို၍ နှန့်ပေါက်လာသည်။ ထိုစဉ် အသားလတ်လတ်၊ အရပ်မြင့်မြင့်ကြီးနှင့် လူကြီးတစ်ယောက် လူကြားထဲကိုတိုးဝင်လာ၏။ မျက်နှာသည် အဆ မတန်တင်းမာနေလျက် ထောင်ကားနေသည့် မေးရိုးနှစ်ခုက အံကြိတ် ထားမှန်း သိသာ၏။

သူ့ဘေးမှာ အသားမည်းနှင့် လူတစ်ယောက်လည်းပါလာကာ မေး ဆတ်ပြလိုက်တော့ ထိုလူက ကနေကြသည့် ကနားပွဲဆီကို တက်သွား၏။

"ဟိုမှာ ... ဟိုမှာ တွေ့လား၊ အဲဒါ ဦးကြည်ဇင် ဆိုတာပဲ၊ ဆင်ဖြူ ကျွန်းမှာ နံပါတ်တစ်အချမ်းသာဆုံး။ ဖိုးခွားကို လာခေါ် တာ ကြည့်နေ"

နှင်း က အလွှန့် လက်မောင်းကိုလှုပ်၍ ကပ်ပြော၏။

"ခေါ်သွားတာ သူတို့ရဲ့ ဒရိုင်ဘာလေ"

နုတ်ပူးနေသည်ဆိုသောလူက လာခေါ် တော့လည်း ပြန်ပါသွားတာ ပဲဖြစ်သည်။

"ပြန်ရအောင်"

သူ ထွက်သွားသည့်နောက်ကို လိုက်ကြည့်ရင်း အလွှန် က ပြောလဲ ပြော၍ နောက်ကို ပြန်တိုးထွက်၏။ နှင်း နှင့် သဲ တို့က ချက်ချင်းပင် အလွှန့် နောက်က လိုက်ခဲ့ကြရကာ ..."

အလွှန်ရယ် တို့ဆေးနဲ့တို့ပြီးခေါ် သွားခံရတာ ကျနေတာပဲ၊ နှင်တော့ သွားပြီ"

သဲ ကပဲ စ၍ဝေဖန်လေသည်။ သူတို့ အပြင်ထွက်လာကြစဉ်မှာ ကုန်း မြင့်ထိပ်တွင်ရပ်ထားသည့် ကားအဖြူလေးပေါ် သို့ ဦးကြည်ဇော်တို့ တက် သွားကြပြီဖြစ်၏။

ကားလေး ထွက်ခွာပျောက်ကွယ်သွားမှ ...





"သူ့နာမည်က ဖိုးခွား တဲ့လား"

"ဘယ်ကလာ၊ နာမည်က သမား တဲ့"

"မိန်းမဆန်ဆန်ကြီး"

နေရာတကာ ကဲ့ရဲ့ထူလွှန်းသည့် သဲ ကို နှင်း က မျက်စောင်းရွယ် ပြန်သည်။

"ဒါလား မိန်းမနာမည်"

ဟု ပြော၍ အလွှန့်ဘက် ပြန်လှည့်ကာ ...

"သူ့အစ်မက 'ပန်းတော်ဝင်' တဲ့၊ သူ့လိုပဲ တအားလှတာ"

နှင်း ပြောသမျှ မကောင်းကြောင်းမပါဘဲ ကိုယ့်မြို့မှာ ဒီလိုရှိကြောင်း၊ ဒီလိုသာလွန်ကောင်းမွန်ကြောင်း သာသာထိုးထိုးလေးပဲဖြစ်နေတတ်၏။

'ဆင်ဖြူကျွန်းမှာ အဲဒီလို အချောအလှတွေရှိနေတာ နှင် အံ့သြသွား သလား' ဟု မေးလိုက်သေးသည်။ အလွှန် မဖြေရသေးဘဲ သဲ ကပဲ ရယ် လျက်...

"နုတ်ကတော်လေးလှလှကိုများ နှင်းရာ၊ လူဖြစ်ရှုံးရမှာပဲဥစ္စာ"

"ပါလာပြန်ပြီ သူ ..."

နှင်းမျက်နှာ စူပုပ်သွားတော့ သဲ က ဟားတိုက်ရယ်သည်။ အလွှန် လည်း လိုက်ပြုံးမိ၏။ ဟုတ်သည်။ တကယ် နှမြောစရာကောင်းနေတာ က အမှန်ပဲဟာ။

⚬ ⚬ ⚬



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"နှမြောရအောင် ကျွန်တော်က ဘာဖြစ်နေလို့လဲ ဖေဖေ"

"ဖြစ်တော့မှာသေချာနေလို့ပေါ့ကွ၊ ဦးကြည်ဖင်သား ဘယ်မှာလဲဆို လိုက်ရှာလိုက် ဟဲစတိုင်လ်ထဲမှာ တွေ့၊ အထည်ဆိုင်မှာတွေ့"

"ဟဲစတိုင်လ်မှာ ဆံပင်သွားညှပ်တာ ဘာဖြစ်လို့လဲ၊ အထည်ဆိုင် သွားတာက သူငယ်ချင်းရှိလို့ သွားတာ၊ ကျွန်တော် ဘာလုပ်လုပ် ဖေဖေ တို့က အဲဒီမျက်လုံးနဲ့ပဲကြည့်နေတော့ ဒါပဲမြင်မှာပေါ့"

"အံမယ် ဖေဖေတို့ဆိုတာက မမကိုပါ ဆွဲထည့်ပစ်လိုက်တာလား"

ပန်းတော်ဝင် က နောက်ကဆံပင်တွေကို ရှေ့ကိုဆွဲယူပြီး ကျစ်ဆံမြီး ကျစ်နေရင်း အပြင်ထွက်လာသည်။

"ဖိုးခွား ပြန်ပြောစမ်း"

"အဲဒီလို နောက် မခေါ်နဲ့တော့"

"ကြည့်စမ်း ဖေဖေ"





သမား က ဘယ်သူ့ကိုမှ မခံ။ ဖအေကို မျက်နှာပုပ်ချဉ်နေပြီး အစ်မ ဖြစ်သူ ရောက်လာတော့ မကြည်မလင်ကြည့်၏။ သားအဖ နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ဘယ်လိုရှေ့ဆက်ရမှန်း မသိဖြစ်သွားကြသည်။

ဦးကြည်ဖင်က အသက်လေးဆယ်ကျော်မှာ မုဆိုးဖိုဖြစ်ခဲ့သည်။ ကြေးပြည့်စုံပြီး ရုပ်ရည်အရွယ်လည်းရှိသေးသည့်မို့ နောက်ထပ် အိမ် ထောင်မပြုချင်ရင်တောင် ကိုယ့်စည်းစိမ်နှင့်ကိုယ် ကြိုက်သလိုသုံးဖြုန်း ၍ အပျော်ရှာလို့ရ၏။

ဒါပေမယ့် ဒီသမီးကြီးနဲ့ ဒီသားလေးမျက်နှာကို တစ်ကမ္ဘာထင်ကာ ဦးကြည်ဖင်က တည်တံ့စွာနေသည်။ စီးပွားရေးထဲမှာပဲ စိတ်ကိုနှစ်၍ ဆထက်ထမ်းပိုးကြိုးစား၏။ သမီးကြီးကလည်း တော်ပါသည်။ သားငယ် ကလည်း မဆိုး။

ဒါပေမယ့် မိန်းကလေးဖြစ်သူထက် ပိုချော ပိုနုနေသော ဒီသားက အနေအထိုင် မတတ်။

နောက်ထပ်တစ်ခါ သားအဖ မျက်လုံးချင်းဆုံတော့ ဦးကြည်ဖင်က မျက်နှာကို ပိုတင်း၍ သားဘက်လှည့်၏။

"မင်းကို အဲဒီနတ်ပွဲ ဘယ်သူခေါ်သွားတာလဲ"

"ခေါ်မယ့်သူရှိမှသွားရအောင် ကျွန်တော်က ခြေမခိုင်သေးတဲ့ ကလေး လေးမှမဟုတ်တာ ဖေဖေရာ၊ ကြည့်ချင်လို့သွားတာပေါ့"

"ဟာ ... မင်းကြည့်နေတာမှမဟုတ်တာ၊ ဝင်ကနေတာလေ"

"နတ်ကတော်က အတင်းခေါ်တာ"

"ဪ... ဒါဆို မင်းက အတင်းခေါ်ရင် ရတယ်ပေါ့"

သမား ၏မျက်လုံး ဝင်းခနဲရောက်လာ၏။ ဦးကြည်ဖင် က မှုံကြီး ကြည့်၍ မေးဆတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မှတ်တယ်လေ၊ နတ်ကတော်တွေခေါ် တိုင်းသွားတတ်တဲ့ကောင်ကောင်လဲ"

"ဖေဖေ ကျွန်တော့်ကို ဒီလိုမပြောနဲ့"

"မင်း ဖေဖေ့ကို မအော်နဲ့လေ"

အကြားမတော်ဖြစ်လာတော့ ပန်းတော်ဝင် မနေသာ။

ဖေဖေက အလုပ်ရုံတွေ၊ ပွဲရုံကြီးတွေနှင့် အလုပ်သမားပေါင်းများစွာကို ကြီးကြပ်ကွပ်ကဲနိုင်တဲ့သူ၊ သူမက အလယ်တန်းကို ကျောင်းဆရာမလုပ်ခဲ့သေးသည်။

ဒါပေမယ့် သမား ကျမှ ဖေဖေလည်းမနိုင်၊ သူမကလည်း မပြောရက်။ ဒီကောင်လေး မမိုက်ရိုင်းတတ်ပေမယ့် ပြောလိုက်ဆူလိုက်ပြီဆို တစ်ခွန်းမှ နာခံတာ မရှိ။

လူကြီးက တစ်ခွန်းဆို သူက ဆယ်ခွန်းလောက်ပြောပြီးသား။ မောင်မြစ်သူကို စိတ်ပျက်စွာကြည့်ရင်း ပန်းတော်ဝင်က ကျစ်ဆံမြီးကျစ်ပြီးသွားသည့် ဆံပင်ရှည်ကြီးကို ကျောနောက် ပြန်ပို့လိုက်၏။

"ပေါင်းလိုက်တဲ့ အပေါင်းအသင်းတွေကိုက ယောကျ်ားလေးထက် မိန်းကလေးတွေက များတယ်၊ မိန်းကလေးနဲ့ပေါင်းမှတော့ မိန်းမဗာဟီရတွေပဲ မင်း ကျွမ်းကျင်မှာပေါ့"

"ဘာဆိုင်လို့လဲ၊ ကျွန်တော်က နတ်ခမ်းနီ လိုက်ဆိုးနေလို့လား။ ဒေါက်မြင့်ဖိနပ် လိုက်စီးနေလား"

"အဲဒီလိုနေမှတော့ မင်းကို မမက ထဘီဝတ်ပေးဖို့ပဲ ရှိတော့တာပေါ့။ ပါးစပ်ကိုပိတ်ပြီး ငြိမ်ငြိမ်လေးနားထောင်နေစမ်း"

"ငြိမ်နေရင် မမတို့က မဟုတ်တာတွေပဲ ဖွပ်ဖွဲ့နေမှာလေ၊ မိန်းကလေးသူငယ်ချင်းထားတာ ဘာဖြစ်လဲ၊ နတ်ပွဲသွားကြည့်တာနဲ့ အခြောက်တဲ့လား"





"မင်းကို ဒီလိုပဲပြောကုန်ကြပြီ သူသူ ကြာရင် အခြောက်လို့ ခေါ်ကြတော့မယ်"

"ပြောပါစေ မမရာ၊ ကြားအောင်လာမပြောရင် ပြီးရော၊ ကြားလို့ကတော့ သိသွားအောင် မေးပစ်လိုက်မယ်"

"ဘုရား ... ဘုရား"

နှုတ်ဖတ်ဖတ် နူးနူးညံ့ညံ့လေးနေတတ်သည့် ပန်းတော်ဝင် ရင်ဘတ်လေးဖိ၏။

သူငယ်ချင်းကောင်မလေးတချို့က ရေလာမြောင်းပေးတွေ ပြောသည်။ တချို့က ကဗျာတွေရေး၊ သီချင်းတွေပေးနှင့် စကြတာတွေလည်း ရှိသည်။ ဒါတွေကို သင်းက စိတ်ဝင်စားလို့လား။

ယောကျ်ားလေးပဲ၊ မိန်းမလှလေးတွေ ရှုံးလောက်သည်။ ကိုယ်လုံးက ပါးပါးလျားလျားနှင့် အရပ်မြင့်တော့ လမ်းလျှောက်ပုံက နွဲ့သည်ဟု ပြောကြ၏။

အားလုံးက သမား အခြောက်စိတ်ဝင်နေပြီဟု ပြောကြတာကို ကြားနေရပေမယ့် ပန်းတော်ဝင် သိပါသည်။ ကိုယ့်မောင် ဒီလိုမဖြစ်နိုင်။

ဘာဖြစ်လို့လဲဆိုတော့ မပြောလျှင် ပါးစပ်ပိတ်နေသလောက် ပြောပြီဆို ရိုင်းမှရိုင်း၊ ဒါ မိန်းကလေး စိတ်ဝင်စားနေတဲ့ပါးစပ်တဲ့လား။

ကိုယ့်မောင့်ကိုပဲ မမြင်ဖူးသူလို ငေးကြည့်ကာ ရင်ဘတ်မှာ ဖိထားမိသည့်လက်ကို သာသာလေးပြန်ချ၏။ တွေးတစ်ချက်မျိုးရင်း ကိုယ်ပြောချင်တာကို အစပြန်ရှာရသည်။

"အားလုံးပဲ ထားလိုက်တော့ မောင်လေး၊ မင်း နောက်ထပ်ပြီး နတ်ပွဲဝင်တာတွေ၊ နတ်ကတော်တွေနဲ့ တွဲတာတွေကို ဆင်ခြင်ပါ၊ ဖြစ်နိုင်ရင် လုံးဝမလုပ်နဲ့၊ မမတို့က လူပြောသူပြောခံရရင် သိက္ခာကျတာ အရှက်ရတာရှိမယ်၊ မင်းက လူ့ညွှန့်တုံးမှာ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် လူအထင်အမြင်



www.burmeseclassic.com

www.burmeseclassic.com



သေးပြီး မင်းဘဝကို ဘယ်လိုရှေ့ဆက် လူတောတိုးမလဲ”

“ပြောမနေနဲ့တော့ သမီး၊ ဆုံးမရင် ပြန်ပြန်ပြောနေတာက လူကြား မကောင်းဘူး၊ ဒီတစ်ခါသွားကြည့် မင်းကို ဝါ လိုက်မခေါ်ဘူး၊ အဲဒီနေရာမှာ တင် သွေးထွက်အောင် ထိုးပစ်ခဲ့ပြီး လူ့မိုက်ဘွားလွှတ်လိုက်မယ်”

ပြောပြီး ဦးကြည်ဖင် ဆတ်ခနဲထရသည်။ ဒေါ်တွေမောတွေနှင့် လှည့်ထွက်သွားပေမယ့် ပြုံးစိစိ မချိုမချဉ်ဖြစ်သွားသည် သမားပုံစံကို မြင်မသွားရှာ။

ထို့ပြင် ပန်းတော်ဝင် နားထဲသို့ ခပ်သဲ့သဲ့အသံလေး တိုးဝင်လာခဲ့၏။

“လွှတ်လိုက်ပေါ့ ကောင်းတယ်” တဲ့။





## အခန်း (၄)

“ချောလိုက်တာနော်”

နောက်က အသံချွဲချွဲပျစ်ပျစ်ကြောင့် သမား ခြေလှမ်းတုံ့သွား၏။

“အရမ်းချောတာပဲ၊ အဲ... မဟုတ်ဘူး၊ လှတာ လှတာ၊ မော်ဒယ်ဂဲလ် လေးလို”

သူ သိလိုက်သည်။ တမင်တကာ သံရှည်ဆွဲ၍ ကျကျနနလိုက်ကပ်ဖွဲ့နေတာဖြစ်သည်။ အုပ်စုနဲ့လား၊ နှစ်ယောက်လား၊ လှည့်မကြည့်ပေမယ့် စိတ်ကမှန်းရင်း ကြွက်သားထုပ်ဆွဲထားသည့်လက်က တင်းသွားခဲ့၏။

“ကြွက်သားတွေဝယ်လာတာလား၊ ချက်စားဖို့လား၊ ကြော်ပြီး ကိုကြီး ကျော်ဆက်သဖို့လားဟင်”

ဒေါသက ခေါင်းပြူလာ၏။

“မလွှန် ရယ် နင်ကလဲ”



www.burmeseclassic.com

www.burmeseclassic.com



စကားသံသဲ့သဲ့လေးနှင့် နောက်တစ်ယောက်အသံကို မသဲမကွဲ ကြားရပြန်သည်။ ပြီးတော့ ရယ်သံသဲ့သဲ့လေးနှင့် ...

"ဒီနေ့ မိတ်ကပ်လိမ်းပြီး လှလှပပလေး က,နော်၊ လာအားပေးမယ်"

သမား ခြေလှမ်းတွေကိုရပ်ပစ်လိုက်သည်။ ရှေ့ကို ကျော်တက်လာအောင် ဘေးကပ်နေလိုက်၏။ ဒါပေမယ့် ရှေ့ကိုရောက်မလာဘဲ သူမတို့က အလှကုန်ဆိုင်ထဲကို ဝင်နေကြ၏။ သေချာကြည့်လိုက်တော့ သုံးယောက်။

အကုန်လုံး ပခုံးအောက်သာသာ ဆံပင်တွေနှင့်ဖြစ်ကာ ဒီဘက်က နှစ်ယောက်ကို သူ သိသည်။ ဟိုဘက်အစွန်က ပန်းခရမ်းရောင်လုံ့နေသော ဆံပင်ဖျော့ဖျော့နှင့်တစ်ယောက်ကို စူးစိုက်စွာကြည့်မိ၏။

အသားရောင်က ဖြူတာ ညိုတာမဟုတ်ဘဲ ဝင်းထိန်နေသည်။ သုံးချိုးတစ်ချိုးလေးမြင်နေရပေမယ့် နှာတံပေါ်ပေါ် နှုတ်ခမ်းပါးပါးလေး၏ တစ်စွန်းတစ်စကို မြင်ရသည်။

ထို့ကြောင့် နှုတ်သွက်၊ လျှာသွက်ပုံစံလည်း ပေါက်နေ၏။

သေချာပါသည်၊ စောစောကပြောလိုက်တာ သူမပဲဖြစ်မည်။ ဆင်ဖြူကျွန်းမြို့မှ ဈေးကြီးက ဒီတစ်ဈေးပဲရှိသည်။ ဒီနေ့ ဥပုသ်နေ့မို့ ဈေးကြီးပိတ်ထားသဖြင့် အပြင်ဈေးမှာ လူစည်နေခြင်းဖြစ်၏။

မနက်ကိုးနာရီဆိုတာ လူစည်ကားဆုံးအချိန်။ သူ မမကို ဈေးလိုက်ပို့တာဖြစ်ကာ ပြန်သွားကြပြီးမှ ကြက်သားထုပ် ကျန်နေခဲ့သဖြင့် လာပြန်ယူခြင်းဖြစ်၏။

လက်တစ်ဖက်က စက်ဘီးသော့ကိုဖိဆုပ်ထားရင်း ရှေ့ဆက် မသွားဖြစ်တော့ပေ။

ထိုစဉ် ပန်းခရမ်းရောင်ဆံပင်နှင့်မျက်နှာလေး ဒီဘက်လှည့်လာ၏။





သူ့ကိုမြင်တော့ မျက်ခုံးထူထူလေးနှစ်ဖက် ဆက်ခနဲမြင့်၏။ သူ့ကိုလှမ်းသွားတာမျိုးမဟုတ်၊ သူ ကြည့်နေတာကို ပြန်ဖမ်းပြီး 'ဘာကြည့်တာလဲ'ဟု မေးလိုက်သလိုမျိုး။

ဒါပေမယ့် နှုတ်ခမ်းနှင့်မဟုတ်ဘဲ မျက်ဝန်းလေးတွေမှာ ပြုံးရိပ်ထင်သွားကာ ရှေ့ပြန်လှည့်၏။ ဒါကို မခံနိုင်ပါဘူးဆိုမှ ဒီတိုင်းပဲ စွပ်စွဲလှောင်ပြောင်သွားသဖြင့် သမား ရင်ထဲမှာ တနုံ့နုံ့ဖြစ်ကျန်ရစ်ခဲ့သည်။ ထို့ကြောင့် ကျောခိုင်းရပ်နေသည့် ထိုသုံးယောက်ဆီမှ မျက်လုံးကို မခွာနိုင်၊ ခြေလှမ်းကလည်း ဒီနားမှာပဲ ခြေစုံရပ်နေဖြစ်၏။

အလှကုန်ဆိုင်မှာ ဟိုဟာကောက်ကြည့်၊ ဒီဟာကောက်ကြည့်နှင့် တစ်သျှူးလေးတစ်ထုပ်ပဲဝယ်ပြီး သုံးယောက် ဒီဘက်ပြန်လှည့်လာကြ၏။

သူမမျက်နှာက ပြုံးစိစိ မချိုမချဉ်နှင့် သူ့ကို မကြည့်ဘသ်လည်း...

"နင်ကလဲ ဒေါသဖြစ်နေလိုက်တာ နှင်းရယ်၊ လှတယ်ပြောတာများ ဖြစ်စရာလား၊ အဟွန်း ရုပ်ကြီးက ..."

ဆိုသည့် အဖျားသတ်စကားမှာ မျက်ဝန်းတစ်ချက် ဒီဘက်ဝေ့သွား၏။ သမားရင်ထဲမှာ ယားကျိကျိဖြစ်သွားသည်။ ကိုယ့်ရှေ့ကနေ ကပ်လျှောက်သွားပြီး မထိလေးစားပြောချသွားပုံက လက်မောင်းတစ်ဖက်ကို ဆောင့်ဆွဲပြီး နားရင်းနှစ်ချက်လောက်အုပ်ပစ်ဖို့ကောင်း၏။

သူ့မျက်နှာကိုက မိန်းကလေးတစ်ယောက်ပုံအတိုင်းပဲ ဖြစ်နေတာလား၊ ကန့်ကလျ တကယ်ဖြစ်နေသည်လား၊ တွေးလိုက်မိပေမယ့် သူ လက်မခံနိုင်။

မနေ့က နှုတ်ကနားပေးပွဲမှာ သူ့ကိုမြင်သွားခြင်းသာဖြစ်သည်။ သူတို့က သုံးယောက်၊ ကိုယ့်ဘက်က တစ်ယောက်တည်းမို့ ငြိမ်နေလိုက်တာမျိုးမဟုတ်ပေ။

နောက်ထပ် 'မိန်းမကောင်းရန်တွေ့'ဟု ထပ်အပြောခံရမှာစိုးလို့



www.burmeseclassic.com

www.burmeseclassic.com



ဝါးစပ်ပိတ်ထားလိုက်ရတာဖြစ်သည်။

အပြင်လမ်းမပေါ် ပြန်ရောက်လာတဲ့အထိ သူ့မြင်ကွင်းထဲမှာ ထိုသုံးယောက်၏ပုံရိပ်တွေ ရှိနေသေးသည်။ ထိုအထဲမှာမှ အနက်ရောင်ပြေးနေသည့် ဂျင်းပန့်နှင့် အဝါရောင်နုနုတီရှပ်လေး ဝတ်ထားသော တစ်ယောက်က ထင်ကျန်ခဲ့၏။

တမ်းတစွဲလမ်းသွားတာမဟုတ်၊ ပြုံးနေသည့် အဲဒီ မချိုချဉ်ရုပ်လေးကို ဒီတံရှိလက်ရှိ ကိုင်ပေါက်လွှင့်ပစ်လိုက်ချင်တာ။ တွေ့မယ်။



## အခန်း (၅)

ညနေခင်းရဲ့အလှက သူ့သဘာဝနဲ့သူ နုသစ်လန်းဆန်းနေ၏။ ဘယ်ကိုကြည့်ကြည့် စည်ကားနေတာကလည်း ရန်ကုန်မြို့လို မဟုတ်သော်လည်း ကိုယ်နဲ့စိမ်းသက်နေသည့်ဒေသမို့ အလွန် ကတော့ သဘောကျနေသည်။

"နှင်း ဒါက ရဲစခန်းလား"

"ဟုတ်တယ်"

"တို့ မနက်က သွားကြတဲ့ဈေးက ဟိုဘက်မှာနော်"

"အေးလေ၊ ဒီကလှမ်းကြည့်ရင်တောင် မြင်ရတယ်၊ ဟိုလမ်းကလေးထိပ်မှာ ..."

"ဪ ..."

လမ်းမပေါ်မှာလျှောက်သွားရင်း မြင်းခွာသံကြားရတာမျိုး၊ ကတောက်ကတောက် အသံကြားရတာမျိုး၊ လှည့်ကြည့်လိုက်တော့ မြင်းလှည်းဖြစ်ကာ မောင်းတဲ့သူက ကျာပွတ်ရိုးနှင့် ဘီးကိုလှမ်းတို့ပြီး အသံပေးတာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးတွေ၊ ကားတွေ ဟွန်းသံပေးသလိုလုပ်တာမှန်း နားလည်သွားသည်။ မြင်းလှည်းသံကြားလို့ လှည့်ကြည့်လိုက် ...

"ဖုန်တွေထနေတယ် ဒီဘက်ကလျှောက်"

လို့ နှင်းက ပြောသဖြင့် ဟိုဘက်ကူး ဒီဘက်ကပ်ဖြစ်လိုက်၊ အလွန် အားလုံးကို စိတ်ဝင်တစားဖြစ်နေ၏။ ဒါကြောင့် ညနေပိုင်း တံတားထိပ်ကိုသွားမည်ဟု သဲ က အဖော်စပ်တော့ စက်ဘီးနဲ့သွားဖို့ကို ဖျက်တာက အလွန် ပဲဖြစ်၏။

"လမ်းပဲလျှောက်မယ်၊ ဘယ်လောက်ဝေးလို့လဲ"

"ဝေးတာပေါ့၊ ပြီးတော့ နင်စီးတဲ့ဖိနပ်တွေနဲ့ ဖြစ်မှာမဟုတ်ဘူး"

"ဘာလို့မဖြစ်ရမှာလဲ၊ ငါ လျှောက်တတ်တယ်"

အလွန် က ပြောတော့ နှင်း ကလည်း ထောက်ခံသည်။

"အေးလေ တောကြိုအုံကြား လယ်ကွင်းကြို လယ်ကွင်းကြားမှ မဟုတ်တာ"

ဟု ပြောရင်း သဲ ကိုပဲ အပြစ်တင်သလိုကြည့်သည်။

"သြော်... မြို့ခံလူက အကြောင်းမဟုတ်ပေမယ့် ဒီသူက ရန်ကုန်သူလေ၊ လမ်းမည်းကြီးတွေပေါ်မှာပဲ လျှောက်ဖူးတာ၊ ပြီးတော့ ကားပေါ်က ဆင်းတယ်ရှိလို့လား၊ ငါက စေတနာနဲ့ပြောတာ"

"ဘာဖြစ်ဖြစ်ပေါ့ မြို့ကြီးပြကြီးနဲ့တော့ ကွာတာပဲ"

"ကဲပါ တော်ကြပါတော့၊ အဲဒါနဲ့ မိုးချုပ်သွားလို့ အပြင်မထွက်ရဘဲ နေဦးမယ်၊ သွားမယ် သွားမယ် လာ"

အလွန် ပဲ ဦးဆောင်၍ထွက်လာခဲ့ရသည်။

"တံတားက ဘယ်မှာလဲ"

"ဟိုမှာလေ၊ ကားဝင်သွားပြီး မတွေ့ဘူးလား"





သဲ က လက်ညှိုးထိုးပြပြီး မုန့်ဆိုင်တွေကို လှမ်းကြည့်၏။

"ငါတို့ တစ်ခုခုဝင်စားမလား"

"အလွန် ကို မေး"

နှင်း က အလွန် ကို မေးဆတ်ပြောသည်။ တံတားထိပ်ကိုရောက်သာတော့ အလွန် က တံတားဆီကိုလှမ်းကြည့်၍ ...

"တံတားဆုံးအောင် မလျှောက်ရဘဲနေဦးမယ်၊ အပြန်မှ စားမယ်လေ"

"အမယ်လေး တံတားက ဘယ်လောက်များရှည်လို့လဲ၊ လာပါ။ ဒီနာရီတောင်မထိုးသေးဘူး၊ ငါ ဗိုက်ဆာလို့"

ကျောင်းမှာလည်း ဒီလိုပါပဲ။ စားသောက်ဖို့ဆို သဲကပဲ အရင်စတာသည်။ သုံးယောက်သား ဆိုင်ရွေးပြီး ဒီဘက်ကားဂိတ်က စားသောက်ဆိုင်ထဲ ဝင်ခဲ့ကြသည်။ ထိုစဉ် နှင်းတို့ အထဲဝင်သွားကြပြီး အလွန် က နောက်ကဖြစ်ကာ ကိုင်ထားသည့် ပိုက်ဆံအိတ်ပြားလေးက ကိုယ့်ပေါင်နဲ့ပြန်တိုက်မိပြီး လွှတ်ကျသွား၏။

"ဟူး"

"အမေ့"

အိတ်ကို ငုံ့ကောက်လိုက်မှ ဆိုင်ကယ်တစ်စီး၏အရိပ်က မျက်လုံးရှေ့ကို ဘွားခနဲဖြတ်ဝင်လာသည်။ ပစ်တိုက်တော့မလိုဖြစ်ပြီးမှ ဝေါခနဲ ကွေ့၏။

အလွန် လန့်ဖျပ်အော်ကာ ငုံ့လျက်သားနှင့် ဘေးတိုက်လေး လဲကျသွားသည်။

"ဟဲ့ ... ဟဲ့"

"အလွန် ..."

ဆိုင်ထဲဝင်နေကာမှ နှင်းနဲ့သဲ တို့က ပြန်ပြေးထွက်လာကြသည်။ ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကယ်က တံတားဘက်ကို ထောင်တက်သွားလေသည်။

"အလွန့် ဘာဖြစ်သွားသေးလဲ၊ နှင့်ကို တိုက်မိသွားလား"

"ရတယ်"

"ကလေးမ ဘာဖြစ်သွားလဲ"

"ရပါတယ်"

ဘေးတိုက်အလဲမှာ လက်တစ်ဖက်ထောက်လိုက်သဖြင့် လက်ကောက်ဝတ် မျက်သွားသည်။ ဒါပေမယ့် ဆိုင်ကယ်ပေါ်ကလူ၏ ကျော
ပြင်ကို မြင်လိုက်သောကြောင့် စိတ်က နာကျင်မှုဆီသို့ မရောက်။ သဲ
ကလည်း လိုက်ကြည့်၍ ...

"အဲဒါ ဟိုအခြောက်ရယ် သိလား"

"ဟင်... ဘယ်သူလဲ၊ ဖိုးခွားလား"

နှင်း က ခုမှ ခေါင်းထောင်ကြည့်မိပုံရသည်။ သူမေးတာကို ဘယ်သူ
ကမှလည်းမဖြေ။

"အဲဒီကောင်လေး လူပုံက ပျော့တိပျော့ဖတ်နဲ့ မြင်လိုက်ရရင် ဝရုန်
သုန်းကားချည်းပဲ"

ဟု ဆိုင်ထဲက လူကြီးတစ်ယောက်က ဝင်ပြော၏။

"ဦးကြည်ဇင်သား မဟုတ်လား"

"ဟုတ်ပဗျာ၊ ကံကောင်းလို့ မတိုက်တာ"

"တမင်လုပ်သွားတဲ့ဥစ္စာ၊ ဘယ်တိုက်မလဲ"

"တမင်လုပ်တာလဲ ဆိုင်ကယ်အရှိန်က မသေးဘူး၊ အရှိန်မသတ်နိုင်
လို့ တိုက်မိရင် ဘယ့်နှယ်လုပ်မလဲ"

တစ်ယောက်တစ်ပေါက် ပြောသံတွေ ထွက်လာသည်။ စားသောက်
ဖို့ ထိုင်ကြတဲ့အထိ သဲ က စူပုပ်ပုပ်၊ နှင်း က ရင်တုန်ပြေသေးပုံမရ၊ အလွှ
ကတော့ လက်ကောက်ဝတ်လေးကို ဖိဆုပ်ရင်းငြိမ်နေ၏။





"ငါပြောသားပဲ၊ မနေ့က ဈေးမှာ နင်ပြောတာတွေ သူ မကျေနပ်ဖြစ်
သွားတာ"

သဲ က အစပြန်ဖော်သည်။

"အဲဒါကြောင့် နင်တို့ကို ကြည့်ကျက်ပြောပါလို့ ငါ ပြောထားတာပေါ့၊
ဒီကောင်က ယောကျ်ားလေး၊ မိန်းကလေး အပေါင်းအသင်းက စုံတယ်"

"အလကားပါ၊ နတ်ကတော်တွေ၊ ဂျိုပုန်းတွေချည်းပဲ"

ဒဏ်ရာဖြစ်သွားသည့်လူက တိတ်ဆိတ်နေလျက် သဲ နှင့် နှင်းချည်းပဲ
စည်းချက်ညီညီ ဝေဖန်လေကန်နေကြသည်။ စားစရာလည်း ဟုတ်တိ
ပတ်တိ မစားဖြစ်ကြဘဲ တံတားထိပ်ကို လျှောက်လာခဲ့ကြမှ လက်
ကောက်ဝတ် နည်းနည်းရောင်သွားတာကို အလွှန် က ပြသည်။

"ကြမ်းစမ်းဟယ် ရောင်နေတာ သိသိသာသာကြီး၊ ဒီကောင် တော်
တော်လေးမိုက်ရိုင်းတာပဲ၊ အလွှန် ကလဲ ခုနကတည်းက မပြောဘူး"

အလွှန် က အတူလျှောက်နေရင်း ပြုံးကာ ...

"ပြောတော့ ဘယ်သူက ဘာလုပ်ပေးနိုင်လို့လဲ၊ အားလုံးပဲ ဦးကြည်
ဇင်သားဆိုတဲ့ အရိပ်အောက်မှာ၊ သူတို့လဲ ဒီလိုပဲ အရှုံးအလဲခံခဲ့ရတာတွေ
ကို သတိရပြီး မချိတင်ကဲဖြစ်နေကြတာ"

"အရိပ် မဟုတ်ပါဘူးဟာ၊ သူတို့ ဘယ်လောက်ချမ်းသာချမ်းသာ
သူတိုင်း သူတို့နဲ့ မကင်းတဲ့လူချည်းပဲမှမဟုတ်တာ၊ ဒါပေမယ့် ဦးကြည်ဇင်
က အရမ်းသဘောပြည့်တာ၊ သူ့အစ်မဆိုလဲ သိမ်မွေ့တာပဲ၊ မြင်တာနဲ့
ယဉ်ကျေးကမ်းရှိပြီး ရိုးသားယဉ်ကျေးမှန်းသိသာတယ်၊ သူ့ကျမှ အဲဒီပုံစံ ချွန်
ထွက်နေတာ၊ မိန်းမစိတ်ပေါက်လို့ပဲ၊ မဟုတ်ရင် ဘယ်လောက်မိုက်ရိုင်း
လဲမသိဘူး"

ဘာပဲဖြစ်ဖြစ် ဖေးမကာကွယ်ပြောတတ်ခဲ့သည့် နှင်း ထံမှ ခေါသ



www.burmeseclassic.com

www.burmeseclassic.com



စကားတွေ ခုန်ပေါက်ထွက်လာသည်။ အလွှန် က လှည့်ကြည့်ပြီး ရယ်၏

"သူ့ကို ဂျိုပုန်းပြောတာ မကြိုက်လို့နေမှာပေါ့ နှင်းရယ်၊ ဟိုနေ့က ငါပြောတာလဲ လွန်ပါတယ်၊ ဒေါသဖြစ်မနေနဲ့၊ ဒါလေးလောက်နဲ့ ကျိုးမသွားနိုင်ပါဘူး"

"အမယ် သူက အလံဖြူတင်နေပြန်ပြီ ဒါ ကျိုးနိုင်တာပေါ့၊ အခု ဘာဖြစ်သွားတယ်ဆိုတာ နင် သိလို့လား"

နှင်း က ပြောလေ အလွှန် က ရယ်လေ၊ သဲ က အလွှန့် ကို သေချာပြန်ကြည့်၍ ...

"ရယ်ပုံက သိပ်မရိုးတော့ဘူးထင်တယ်၊ အင်း ... ဆင်ဖြူကျွန်းကို ရောက်လာကတည်းက ဘာတစ်ခုမှ စိတ်ပျက်ညည်းညူတာ မရှိဘူး ဘယ်ကိုကြည့်ကြည့် သူပဲ သဘောကျနေတာ၊ သေချာပါပြီ ..."

"ဟင် ဘာသေချာတာလဲ"

"ဆင်ဖြူကျွန်းသူဖြစ်ဖို့ရှိနေတာ"

သဲ က ပြောတော့ အလွှန် က အပြုံးမပျက်ဘဲ နှင်း မျက်လုံးပြူးသွား၏။

"အမယ်လေး သူ့ကိုကြီး ဒီလောက်မာနကြီးတာ ညီမကို ဖြစ်မှာနေပြန်ပြီ၊ ဒီကိုခေါ် လို့ရအောင် ငါတို့ ဘယ်လောက်အာမတွေခံခဲ့ရသလဲ မမေ့နဲ့နော်"

နေရာတကာ စိုးရိမ်ပိုလွန်းသည့် နှင်း ကို အလွှန် နဲ့ သဲ က ပြုံးစိစိနှင့်ကြည့်ကြ၏။ တံတားပေါ် လျှောက်လာခဲ့ရင်း အလွှန် က လည်ပင်းလိမ်အောင် လှည့်ပတ်ကြည့်၍ ...

"ဒါ သဲချောင်းကြီးလားဟင်"

တံတားအောက်ကို ငုံ့ကြည့်ပြီး မေးသည်။

"အခုတော့ အဲဒီလိုဖြစ်နေပြီပေါ့၊ အစက ရေရှိတယ်လေ၊ နွယ်တမယ်





ချောင်းလို့ ခေါ်တယ်၊ ဟိုဘက်မှာတော့ ရေရှိပါတယ်"

နှင်း က ရှင်းပြ၏။ ထိုစဉ်မှာ ကားကြီးတစ်စီးဖြတ်သွားတော့ တံတားမှာ ခင်းထားသည့်ပျဉ်တွေက တုန်ခါနေသဖြင့် အလွှန် က ကားသွားတဲ့နောက် လိုက်ကြည့်ရင်း ကြမ်းခင်းတွေဆီ စိတ်ဝင်တစားပြန်ရောက်သည်။

"ဘာလဲ၊ သဘောကျနေပြီလား"

သဲ က ငေါ့မေးတာကို အလွှန် က ရယ်ပြပြီး ခေါင်းညိတ်လိုက်သည်။

"အေးလေ၊ ခြေထောက်ကနေဆွဲခါနေသလိုပဲ၊ စီးလို့ကောင်းတယ်"

"သံစုံမြည်သွားတာကရော ..."

"နားထောင်ကောင်းပါတယ်၊ ဒီလိုအသံမျိုး ဒီမှာမှ ကြားရတာ"

"တွေ့လား ကဲ့ရဲ့ပြီ"

"လုံးဝ မဟုတ်ဘူး၊ ကောင်းလို့ကောင်းတယ်ပြောတာ၊ ဟိုဘက်မှာ ရွာ၊ ဒီဘက်ကလဲ မြို့ကြီးမှမဟုတ်တာ၊ ဒီတံတားတောင် တော်တော်လှနေပြီ"

သိပြီလားဆိုသည့် မဲ့ပြုံးလေးနှင့် သဲ က နှင်း ကို မျက်စပစ်ကာ ...

"ငါပြောသားပဲ၊ အလွှန် ဆင်ဖြူကျွန်းသူဖြစ်မှာပါဆို ..."

"ဖြစ်ခွင့်ရချင်လွန်းလို့ပါ"

"ဟား ဟား"

အလွှန် နဲ့ သဲ တို့ရယ်ကြတော့ နှင်း မအီမလည်ကြီးနှင့် ကြည့်သည်။ တံတား၏အေးတန်းတွေမှာ ကျောနှင့်ကပ်မှီရင်း အလွှန် က လေတဖြူးဖြူးတိုးဝှေ့နေသည့်ဘက်ကို မျက်နှာလေးမော့ထားလိုက်၏။

ထိုအခါ ဂီတာသံသဲ့သဲ့နှင့် သီချင်းသံကို ကြားလိုက်ရသည်။ သီချင်းက အလွှန် အကြိုက်ဆုံးအဆိုတော် ဟန်ထွန်း၏ 'ရင်ခုန်ဘက်သို့ တမ်းချင်း' ဖြစ်နေသည်။

... ပြန်ဆုံချင်ရင် ရင်ခုန်သံကို မညာနဲ့လေ ... မညာနဲ့လေ ...



www.burmeseclassic.com

www.burmeseclassic.com



... သေချာစဉ်းစား ... ဒီတစ်ခါရင်ခုန်သံကို ညာခဲ့ရင် ...

... ငါနဲ့မင်း တကယ်ကိုအဝေးဆုံး ... ဟိုးတစ်ချိန်က ...

... မင်းပြောဖူးတဲ့ ချစ်တဲ့စကားတွေ ... ငါမှတ်မိလို့နေသေး ...

... လွယ်လွယ်မေ့ပစ်လို့မဖြစ်ဘူး ... ငါနဲ့မင်းကဘဝတူ ...

... ရင်ခုန်ဘက်လူ ...

အသံက ရင်ထဲထိ ငြိသွားသည်။ ကျုကျုနနခံစားနေသည့် ဆိုသူ၏ ဖီးလ်က ကိုယ့်ရင်ထဲ ရောက်လာသလိုပင်။ အလွန် ခေါင်းလေး ဟိုလှည့် ဒီလှည့် ဖြစ်သွား၏။

"ကြားလား ... ကြားလား၊ နားထဲမှာချိုလိုက်တာဟာယ်၊ ဘယ်က လာတာလဲ"

"အေးနော်၊ မသိဘူး"

သုံးယောက်စလုံး ဟိုရှာ ဒီရှာ ဖြစ်သွားကြပြီး နှင်း က တံတား အောက်ထိ ငုံ့ကြည့်၏။

"အောက်က ... အောက်က သေချာတယ်"

"ဟာ မဟုတ်တာ နှင်းရယ်၊ အောက်မှာ ကလေးတွေ၊ အရက်မူး သမားတွေ ချုံခိုထားတာတွေ ရှိတယ်၊ ရှုံစရာကြီး၊ ဘယ်သူက ဂစ်တာ ဝင်တီးမှာလဲ"

"ဟုတ်တယ်၊ ဒါဆို အဆင်း အုတ်ပေါင်တွေက ..."

"ဖြစ်နိုင်တယ်"

သုံးယောက် ကစရိုက်တူ၊ ဝိုက်တူ ညီညာစွာဆုံးဖြတ်ပြီးတာနှင့် တံတားထိပ်ရောက်အောင် ခြေလှမ်းတို့က ဦးဆောင်သွားကြ၏။

"ဟဲ့ မကြားရတော့ဘူး"

"ဘာဖြစ်လဲ၊ ဒီဘက်မှာရှိတာ သေချာတယ်"

"ဟယ် ဟိုမှာ ..."





"ဘာလဲ"

နက်ပြာရောင်မှောင်လက်နေသည့် ဆိုင်ကယ်ကြီးက သုံးယောက်၏ မြင်ကွင်းထဲမှာ ဘွားခနဲပေါ် လာသည်။ နှင်းနဲ့ သဲ တို့ အလွန် ကို ပြန်လှည့် ကြည့်ကြသည်။ 'သမား' ဒီမှာရှိနေတာလား၊

နှုတ်ဖြင့်မဟုတ်ဘဲ မျက်လုံးတွေမှာ မေးခွန်းတွေကိုယ်စီ ဖြစ်သွား ကြ၏။ လူတွေကလည်း ထိပ်ကိုရောက်နေပြီမို့ ပြန်ဆုတ်ဖို့လည်း ခေါင်း ထဲမရောက်ဖြစ်သေးချိန် ...

"ဟင် ..."

ထွက်လာကြတာ သုံးယောက်ပဲဖြစ်၏။ သမား လက်ထဲမှာ ဂစ်တာ နှင့်။

"ဩော် ..."

အံ့သြသလို ရိပ်ခနဲဖြစ်သွားကာ သမား က ခပ်လျောင်လျောင်မဲ့သည်။ ပြီးတော့ သူ့နောက်က အတူပါလာသည့် လူရွယ်နှစ်ယောက်ကို ငဲ့ကြည့် ပြီး အလွန် ဘက်ကို မချိုမချဉ် လှည့်လာသည်။

"အဲဒါပဲ၊ ကြားလိုက်တာတော့ အလုံ ဆိုလား၊ အလန် ဆိုလား၊ နာမည်နဲ့တော့ လိုက်တယ်မဟုတ်လား၊ ဟိတ်ကောင် ..."

"မဆိုးပါဘူး"

ရယ်ကျဲကျဲနှင့် နှစ်ယောက် နှင်းတို့ကိုပါ ဝေ့ကြည့်သွားသည်။

သဲ က ပိုးတန်းထဲမှာနေသဖြင့် သမားတို့လူစုနှင့် စိမ်းသက်နေသော် လည်း နှင်း တို့က ဟိုအရင် သမားတို့တိုက်ကြီးနှင့် ကပ်လျက်နေဖူးတာ ကြောင့် သမား ၏နေထိုင်ပုံကအစ ဒီလူပုံကိုပါ အမြင်အာရုံအရတော့ ရင်းနှီးပြီးသားဖြစ်သည်။ ထို့ပြင် သမား ရဲ့ဘေးမှာ ကပ်လျက်ရှိနေသော ဝိုင်းအောင် ဆိုသူက နှင်း ကို ပရိုပိုစ်လုပ်ခဲ့ဖူး၏။ နှင်း ကလည်း ရှောချ ငြင်းဆိုခဲ့ဖူးသည်။ ဘာဖြစ်လို့လဲဆိုတော့ သမားတို့လူသိုက်ကို ခပ်နွဲ့နွဲ့



www.burmeseclassic.com

www.burmeseclassic.com



ညောင်နာနာ လူသိုက်ဟု သတ်မှတ်ထားပြီးဖြစ်ကာ မစိုမခြောက်အုပ်စု အဖြစ်ထက် ပို၍အထင်ကြီးကြည့်လို့လည်းမရပေ။

ထို့ပြင် နှင်းတို့မိသားစုက သူတို့တွေလောက်မချမ်းသာပေမယ့် မိဘကို ရိုသေကြောက်ရွံ့ကြသည့် အစဉ်အလာနဲ့နေခဲ့ကြတာဖြစ်၏။

သမား မှစ၍ ဒီပုဂ္ဂိုလ်တွေအားလုံးကတော့ တော်လှန်ဖီဆန်ခဲ့ကြသည့် မယဉ်ကျေးသောသဘောထားကိုယ်စီ ရှိနေကြသူတွေ။

မျက်လုံးချင်းဆုံလိုက်တာနှင့် နှင်း က မျက်မှောင်ကြုတ်ပစ်လိုက်ကာ ဝိုင်းအောင် က စပ်ဖြီဖြီ၊ သမားက အပြုံးနှင့်မဲ့၍ အလွန် က ငေးခနဲ ဖြစ်သွားပြီးမှ ဂရုမစိုက်ဟန်ပြုး၏။

"အလုံ မဟုတ်ပါဘူး။ နာမည်သိချင်ရင်လဲ ပွင့်ပွင့်လင်းလင်းမေးပေါ့ ဗိုးစွားရယ်၊ မှတ်ထားနော်၊ ဒီကနာမည်က 'နွေအလွန်'၊ အားလုံးကတော့ အလွန် လို့ပဲ ခေါ်ကြတာ"

"မေးလို့လား၊ စိတ်မဝင်စားဘူး"

"ဝင်စားလိုက်ပါ။ နောက်ထပ် စောင်းချိတ်တွေ့ချင်ရင် နာမည်လေး ထည့်ချိတ်တော့ ပိုထိရောက်တာပေါ့၊ မဟုတ်ဘူးလား"

ကိုယ်ကပဲ မိန်းမလို မိန်းမရ စောင်းချိတ်ခဲ့သလိုလို ပြောလိုက်သော ကြောင့် သမား မျက်နှာတင်းသွား၏။ အလွန် က ခပ်စိုက်စိုက်ကြည့်ပြီး ပြုံးနေသည်။ ပြီးမှ ...

"သိချင်းဆိုတာ အရမ်းကောင်းတာပဲ၊ ဘယ်သူဖြစ်နိုင်မလဲ"

အလွန်က ဘယ်သူ့ကိုမှမေးတာမဟုတ်ဘဲ သူ့မဘာသာ မျက်လုံး ဝေ့ကြည့်ပြီး စဉ်းစားရွေးချယ်ကြည့်တာမျိုးလုပ်သည်။ သဲ က လက်လေး ပိုက်ပြီး ရယ်ကာ ...

"သီချင်းက မိန်းကလေးတစ်ယောက်ကို တင်စားပြီးဆိုသွားတာပါ ဟာယ်၊ တခြားကအသံ ဖြစ်မှာပါ။ ဒီက ဖြစ်စရာလားလို့"





"မင်း မျက်မှန်တပ်လိုက်ဦး"

"ဟင် ... ဒီကကို ပြောတာလား"

အလွန် က ပြန်လှည့်ဖို့ပြင်သော်လည်း နှင်း က ဆွဲထားသဖြင့် ကြား လည်ပြန်ကြည့်ရသည့်မျက်နှာလေးက လည်ပင်းလိမ်မတတ်။

သမားက ဂစ်တာတစ်ဖက်နှင့် ခပ်နွဲ့နွဲ့ ခါးထောက်ကာ ...

"ဟုတ်တယ် မင်းကိုပဲ၊ ယောက်ျားမှန်း မိန်းမမှန်း သေချာမခွဲတတ်ရင် မျက်မှန်ဆောင်ဖို့ လိုတာပေါ့၊ ဒါက ဆေးပညာအရလေ၊ မင်းတို့အဆင့်က မျက်မှန်အဆင့်လောက်နဲ့ မရနိုင်တော့မှန်းသိပေမယ့် step by step ပေါ့"

"အင်း ... အကြံပြုပေးတာ ကျေးဇူးပဲ၊ ဒါပေမယ့် ဆင်ဖြူကျွန်း တစ်မြို့လုံး မျက်မှန်ဆောင့်နေရပြီဆိုရင် ဘယ်ကောင်းတော့မလဲ ဗိုးစွား ရဲ့၊ ပြန်လဲတွေးကြည့်ပါဦး"

"ဟား ဟား"

ရယ်သံတွေ ကျန်ခဲ့၏။ သမား လက်သီးဆုပ်လျက် စူးစူးဝါးဝါးကြည့်



www.burmeseclassic.com

www.burmeseclassic.com



ညောင်နာနာ လူသိုက်ဟု သတ်မှတ်ထားပြီးဖြစ်ကာ မစိုမခြောက် အဖြစ်ထက် ပို၍အထင်ကြီးကြည့်လို့လည်းမရပေ။

ထို့ပြင် နှင်းတို့မိသားစုက သူတို့တွေလောက်မချမ်းသာ ကို ရိုသေကြောက်ရွံ့ကြသည့် အစဉ်အလာနဲ့နေခဲ့ကြတာ သဖြစ်နေကြ

သမား မှစ၍ ဒီပုဂ္ဂိုလ်တွေအားလုံးကတော့ တော် သည့် မယဉ်ကျေးသောသဘောထားကိုယ်စီ ရှိနေကြ ဒီမျက်လုံးမျိုးနဲ့

မျက်လုံးချင်းဆုံလိုက်တာနှင့် နှင်း က မျက်ဖြေင်ဖွဲ့သွားတာကို ပုပု ကာ ဝိုင်းအောင် က စပ်ဖြဲဖြဲ၊ သမားက အပြုံးနှင်ပကျန်ခဲ့ပြန်သည်။ ဖြစ်သွားပြီးမှ ဂရုမစိုက်စွာပြုံး၏။ ဝင်တျူးပစ်ခဲ့တယ်ဆို၊ မှတ်

“အလုံ မဟုတ်ပါဘူး၊ နာမည်သိနရိုး ဖိုးနွားရယ်၊ မှတ်ထားနော်၊ ဒီ ကျူးခဲ့ရင် ဒီကောင် တံတားထိပ်ရောက် အလွန် လို့ပဲ ခေါ်ကြ က်နေမှာပေါ့”

“ အောင်က ဖြစ်နိုင်တာကို ဖေဖေးမမ ဝင်ပြောသော်လည်း ...

“ဟုတ်တယ်၊ တစ်ခါတည်း အသေတိုက်သတ်ခဲ့ရမှာ”

ဟု သမား က အံကြိတ်ပြော၏။

ဩော် ... ချစ်နေတာတွေ ...





## အခန်း (၆)

“အို ... ဘုရားပွဲရက်မှမဟုတ်တော့တာ၊ မသွားကြပါနဲ့၊ အန္တရာယ် များတယ်”

နှင်းရဲ့မေမေ ဒေါ်သက်နှင်းက သူတို့ တိုင်ပင်နေကြတာကို ကြား တော့ လှမ်းတားသည်။ ပြီးတော့ လှေကားတစ်ဝက်ကနေ ခပ်သွက်သွက် ဆင်းလာကာ ...

“ပွဲတော်ချိန်မဟုတ်ရင် တောလမ်းကိုဖြတ်ရတာ လူပြတ်တယ် သမီး ရဲ့၊ မသွားချင်နဲ့”

အလွန် က ညှော်သည်မို့ အလွန့် ကိုပဲ ကြည့်ပြောသည်။

“အမေကလဲ ဘယ်နှစ်ခုနှစ်က အခြေအနေကို တွေးပြောနေတာလဲ၊ ခု အရင်လိုမှမဟုတ်တော့တာ၊ ကားတွေတစီစီနဲ့ စက်ဘီးတွေကို ရှုပ်ယှက် ခတ်လို့”

“ဒါက အချိန်နဲ့အခါနဲ့လေ၊ ညည်းတို့သွားရင် မိုးမလင်းခင် ထသွား ရမှာ”

“ကဲ သွားပါစေ မသက်ရယ်၊ ညှော်သည်ရောက်တုန်း ဘုရားဖူးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပို့တာပဲ၊ ပြီးတော့ လေး၊ ငါးယောက် စုသွားကြပေါ့၊ ဝေလီဝေလင်းကျမှ သွား၊ လူမပြတ်ပါဘူး၊ စက်ဘီးတွေနဲ့မသွားနဲ့၊ အိမ်ကကားနဲ့ပဲသွားကြ"

အဖေ ဝင်ပြောလာမှ အမေ ငြိမ်သွားသည်။ မဟုတ်လျှင် နှင်းလည်း ဘာမှထပ်ပြောရဲတော့မှာမဟုတ်ပေ၊ ဒါပေမယ့် စပ်စုလေ့လာ အမင်ပန်းခံချင်သော အလွန် ကြောင့် သန်းခေါင်ကျော်မှာ လူမသိအောင် တိတ်တိတ်လေးထကာ ကားဘီးကို လေလျှော့ထားလိုက်ရ၏။

ပြီးတော့ အစောကြီး ထထွက်ခဲ့လိုက်၏။

"ငါ ပြန်ရင်တော့ အမေ ဆူမှာ သေချာတယ် အလွန်ရေ၊ ကား လေမရှိလဲ မိုးလင်းမှ လေဝင်ထိုးပြီး သွားပါလား၊ ဘာလားနဲ့ လုပ်ဦးမှာ၊ လူကြီးတွေကိုမပြောဘဲ စက်ဘီးနဲ့နှင်းသွားရလားဆိုပြီး နားရင်းမအုပ်ရင် ကံကောင်း"

"လုံးဝမအုပ်စေရဘူး၊ အုပ်လဲ တစ်ယောက်တစ်ချက် ငါ ဝင်ခံမယ်"

"ဟွန်း ... ရှင်မှ အပြောကောင်း"

စက်ဘီးက သုံးစီးပဲဖြစ်သည်။ အိမ်ကထွက်တော့ နှစ်ယောက်တည်း၊ သဲ က သူ့ကမောင်လေးနဲ့ တံတားထိပ်နားကနေ စောင့်နေတာ၊ နှင်း တို့လာမှ မောင်လေးကို ပြန်လွှတ်လိုက်တာဖြစ်၏။

စောစောစီးစီး ဆောင်းချမ်းမြမြနှင့် စက်ဘီးနင်းလို့ကောင်းနေသည်။ ဒီရောက်မှ စိတ်ရှိလက်ရှိ သွားလာနေရသောကြောင့် အလွန်သဘောကျနေတော့၏။

လမ်းမှာ ကားအသွားအလည်လည်း မပြတ်လှပါ။ လူတွေ မြင်းလှည်းတွေလည်းရှိ၏။ မိုးမလင်းသေးပေမယ့် ဖြူးဖြောင့်နေသည့်လမ်းမကြီးထက်မှာ ဘာမှကြောက်စရာမရှိပါ။

"တီ ... တီ ... တီ"

ကားဟွန်းသံက ဆက်တိုက်ကြီးဖြစ်လာသည်။ စက်ဘီးတွေကို ဘေး





နားလွတ်လွတ်လပ်လပ် ကပ်ပေးထားလျက်နှင့် ဟွန်းသံက မလိုအပ်ဘဲ ဆွတ်တီးနေသဖြင့် အလွန် တို့ ကားကိုလှည့်ကြည့်လိုက်မိကြ၏။

ဘာရောင်မှန်းမသိပေမယ့် ကားမည်းကြီးက ပါဂျဲရိုဖြစ်ဖို့ရှိကာ အထဲက မီးလင်းထိန်နေသဖြင့် မောင်းသူနှင့်ဘေးကတစ်ယောက်ကို မြင်လိုက်ရသည်။

သမားနဲ့ ဝိုင်းအောင် ဖြစ်နေသည်မို့ နှင်း အံ့သြသွားကာ စက်ဘီးလက်ကိုင်ပင် ခါယမ်းသွားသေးသည်။

ကားက သူတို့ဘေးကနေ ကပ်ဖြတ်သွားခဲ့ပြီး ...

"ဘယ့်နှယ် ဒီလောက်စောစော တိုက်ဆိုင်လှချေလား သမား၊ သူတို့ ဘယ်သွားမလို့လဲ"

"ဘယ်သိမလဲ"

"တညောင်ကိုထင်တယ်"

"ဖောင်တော်ဦးဘုရားကိုဖြစ်နိုင်တယ်"

"အေး ဟုတ်တယ်၊ ပွဲတော်ချိန်မဟုတ်ပေမယ့် လမကွယ်သေးဘူးဆိုတော့ သွားလာနေကြတုန်း"

သမား ပြောတာကို ထောက်ခံလိုက်ပြီးမှ ဝိုင်းအောင် က အကြံရသွားပုံရကာ ...

"ငါတို့ တစ်ယောက်နားပြီး စောင့်မလား"

"ဘာလုပ်ဖို့လဲ"

"ငြိတော့လဲ သိရတာပေါ့ကွ၊ 'နွေအလွန်'တဲ့၊ ချစ်စရာလေး၊ ရေရေလည်လည်ကြွတယ်၊ ပိုးစိုးပက်စက် ချစ်ဖို့ကောင်းတယ်၊ ချောက်ကိုသွားဖို့က ငါတို့ အရေးကြီးတာမှ မဟုတ်တာ"

ချိန်းမထားခဲ့ဘဲဆုံကြသည်။ မတိုင်ပင်ရဘဲ တွေ့ဖြစ်ကြ၏။

သမားတို့နှစ်ယောက်က မှန်တဘော အကြည့်များနှင့်ဖြစ်ကာ နှင်း



www.burmeseclassic.com

www.burmeseclassic.com



တို့သုံးယောက်မှာ အလွန့်မျက်နှာလေးက မြင်နေကျအတိုင်း မခိုးမခန့်လေးနှင့်။

ဘုရားပေါ် တက်ကြတော့ တောင်ခြေရင်းမှာ ဆုံဖြစ်ကြ၏။ သမားနဲ့ ပိုင်းအောင် က လှေကားထစ်အဆုံးမှာ တစ်ယောက်က မတ်တတ်၊ တစ်ယောက်က ထိုင်လျက်ဖြစ်သည်။

ရှေ့ကနေ ဖြတ်သန်းတက်ခဲ့စဉ် အလွန် က သမား ရဲ့ ရှေ့တည့်တည့်ကျမှ ပြန်ငဲ့ကြည့်၏။ မိုးလင်းနေပါပြီ၊ မှောင်ရိပ်လေး နည်းနည်းရှိပေမယ့် အလင်းရောင်က သဲကွဲနေပြီဖြစ်သည်။

သမား ၏ မျက်တောင်ရှည်တို့ ရံခနေသော မျက်ဝန်းအိမ်ပြာလဲ့လဲ့ကို အနီးကပ်မြင်လိုက်ရကာ ရိုးသားစွာ တစ်ချက်တော့ ငေးဖြစ်သွားသည်။

ပြီးမှ မရိုးသားစွာပြုံး၍ ...

"နှင်းရေ...၊ ပွဲတော်ချိန် မဟုတ်တော့ဘူးဆို၊ နတ်ပွဲတွေ ဘာတွေများ ရှိနေသေးလား"

နှင်းရေ လို့ ခေါ် ပေမယ့် နှင်းက မလှုပ်၊ သဲ ကပဲ ဟွန့်ခနဲရယ်ကာ...

"အလွန့်ရယ် နတ်ကတော်မြင်တိုင်းပဲ နတ်ပွဲရှိရရောလား"

"ဟယ်... နတ်ကတော် မဟုတ်ပါဘူး"

"ဘာလဲ"

"အဟွန်း ... မစိုမခြောက်လေးပါ"

"ဟုတ်လား၊ နှင် ကြည့်တတ်လိုက်တာ"

"ဟား ဟား ဟား"

ရယ်မောရင်း ပြေးလွှားတက်ခဲ့ကြသည်။ သဲ နဲ့ အလွန် တို့ ခိုးခိုးခစ်ခစ်ရယ်နေကြလျက် နှင်း ကတော့ စိတ်ရော လူရော မောလို့မပြီးနိုင်။

အပေါ် ရောက်လာလို့ ပြန်ကြည့်လိုက်ကြပြီး သမား တို့ ပါမလာတော့ ပိုပြီးရယ်ကြသည်။





"အေး ရယ်ကြ၊ ဟိုက ခုလောက်ဆို ဘယ်လောက် ဘယ့်နှယ် မုန်းတီးပြီး ငြိုးမယ်ဖွဲ့နေမလဲမသိဘူး"

နှင်း က လူကြီးလေသံနှင့် ပွစိပွစိ။

အလွန် တို့ကတော့ ဂရုတစိုက် မဖြစ်ကြပါ။

"ငါတို့ စက်ဘီးတွေ စိတ်ချရပါ့မလား"

"သေချာအပ်ခဲ့တာပဲ၊ ဘာမှမဖြစ်ဘူး"

"ဟယ် ဒီမှာ ဆွမ်းတော်ကပ်ထားတာတွေ အများကြီးပဲ၊ တို့ထက်အစောကြီးရောက်တဲ့လူတွေရှိတယ် သိလား"

အလွန် က တအံ့တသြ။

"ရှိတာပေါ့၊ ဖောင်တော်ဦးဘုရားက သမိုင်းနဲ့ရာဇဝင်နဲ့ အထင်အရှားရှိခဲ့တဲ့ဘုရားပဲဟာ၊ လာ နှင့်ကင်မရာယူခဲ့၊ ဒီဘက်ကနေရိုက်ရင် ပိုလှတယ်"

နှင်း က ဘုရားဖူးနေသည်။ သဲ နဲ့ အလွန် က ခွဲထွက်လာခဲ့၏။

"နေဦး၊ ဒီဘုရားမှာ အမေ က ငါ့ကိုရတာတဲ့၊ ငါ ဘုရားဝတ်ပြုဦးမယ်"

နှစ်ယောက်စလုံး လိမ်လိမ်မာမာလေးတွေဖြစ်သွားကြပြီး အလွန်တစ်ယောက်ပဲ ကင်မရာတစ်လုံးနှင့် ဗရုတ်သုတ်ခပုံ ပေါက်နေ၏။

ဂျင်းအောင်းဘီရှည်၊ ဂျင်းဂျက်ကက်နှင့် ကိုယ့်ပုံကိုပြန်ကြည့်ပြီး အလွန် ပြုံးမိသည်။ ကင်မရာတစ်လုံးနှင့် အပြင်ဘက်ကို ထွက်ခဲ့တော့...

"အမေ့ ..."

ကိုယ်ရှိန်သတ်တာ မြန်လို့၊ မဟုတ်လျှင် ရင်ဘတ်ချင်းတိုက်မိမှာသေချာ၏။

"နှင် ..."

မိန်းကလေးတွေ ဆံပင်ဖြောင့်ထားသလို ပျော့စင်းနေသည့်ဆံပင်ဘုပ်ထောက်နှင့် အလွန့်ရှေ့မှာ သမား ရပ်နေ၏။

သူမ လန့်သွားတာကို စိမ်ပြေနပြေ ကြည့်နေရင်း ခါးထောက်လိုက်



www.burmeseclassic.com

ကာ ...

"မင်း ကြောက်တတ်သားပဲ၊ ဒါပေမယ့် နောက်ကျသွားပြီ"

"ဘာ... ဘာနောက်ကျတာလဲ"

"အဟွန့်"

နုတ်ခမ်းလွှာတို့ကိုစေ့ကာ မဲ့ရွဲ့ပြုံး၏။ မျက်နှာခပ်လွှဲလွှဲလုပ်လိုက်ပြီး မဲ့လိုက်သေးသည်။ ဒါပေမယ့် ဘယ်လိုလုပ်လုပ် သမား မျက်နှာက ရုပ်ဆိုးမသွားခဲ့ပေ။ သူ ဒီဘက်ပြန်လှည့်သည်အထိ အလွန် ကြည့်နေမိဆဲ။

"မဗိုမခြောက်လေးဆိုတာ သေချာမြင်ဖူးလား၊ မသိလို့မေးတာပါ"

အလွန် ထိတ်ခနဲတော့ဖြစ်သွား၏။

"ခုလောက်ဆို ဘယ်လောက်မုန်းတီးပြီး ပြုံးမယ်ဖွဲ့နေမလဲမသိဘူး"

ဟု နှင်း စောစောကမှ ပြောခဲ့တာကို သတိရလိုက်၍ဖြစ်သည်။ ဒါပေမယ့် ...

"တော်တော်ခံစားသွားရတယ်ထင်တယ်၊ အဟွန်း ... တို့က စတာပါ မယုတ်ရင် မနိုးခနဲ့ပေါ့"

"အဲဒီလိုမရဘူး မင်း နောက်ထပ်မပြောရဲအောင် သေချာသိဖို့လိုတယ်"

"ဒီ ... ဘာ... ဘာလုပ်တာလဲ"

"ဒေါက်"

အလွန့်လက်ထဲက ကင်မရာ လွှတ်ကျသွားသည်။ ကိုယ်က အုတ်နံရံမှာ အငြိမ်နဲ့ပစ်ကျကာ အတင်းဆွဲချုပ်ဖိကပ်လာသည့် သမား ရင်ခွင်ထဲကနေ ဘယ်လိုမှ ရုန်းလို့မရတော့ဘဲဖြစ်သွား၏။

စက္ကန့်တွေ တချပ်ချပ်ပြေးလွှားနေသည်လား။ ရင်ခုန်သံတွေလား။ တစ်စက္ကန့် တစ်မိနစ်ကိုပဲ တစ်ကမ္ဘာလောက် မွန်းကျပ်နေသည် ထင်ခဲ့တာလား။

"နှင် ... နှင် သိမ်ယုတ်မာတယ်"





သူ့မျက်နှာကိုဖယ်လိုက်သည်နှင့် အလွန် အတင်းရုန်းသည်။ လွှတ်ခြောက်တာနဲ့ အားဝါးတရ လွှဲရိုက်ပစ်လိုက်ဖို့လည်း ခံစားချက်တွေက ငြိမ်းထန်နေခဲ့သည်။ ဒါပေမယ့် လက်မောင်းနှစ်ဖက်ကနေ ဖိကာချုပ်ထား သဖြင့် ရုန်းလို့မရ။

"လုပ်လေး ပြောပဦး၊ မစိုမခြောက်၊ နတ်ကတော် ဆိုတာတွေ"

"ဖယ် လွှတ်၊ ငါတို့က ခင်မင်စိတ်ရှိလို့ စတာ၊ နင် အရမ်းယုတ်မာတယ်။ လူရမ်းကား၊ ခွေးဝဲစား လွှတ်လို့ပြောနေတယ်နော်"

ပြောရင်း အလွန် ငိုသံပါလာသည်။ ပြီးတော့ မျက်ရည်တွေ ဗိုးဗိုးပေါက်ပေါက် ကျလာခဲ့၏။

"အမယ်လေး ဟိတ် ဖိုးခွား အလွန့်ကို လွှတ်လိုက်စမ်း၊ လွှတ်ပေး"

နှင်း တအားပြေးဝင်လာသည်။ ဖိကိုင်ထားဆဲရှိသည့် သမား လက်တွေကို အကြမ်းပတမ်း ဆွဲဖြုတ်ချ၏။

"အလွန်... နင့်ကို သူ ဘာလုပ်လိုက်လဲ"

"အဟင့် ..."

အလွန် သည် မှုန်ကုပ်ကုပ်စိုက်ကြည့်နေသည့် သမားကိုကြည့်ကာ နှုတ်ခမ်းလေးထက်မှာ လက်ခုံနှင့်ဖိကာပ်ပိတ်၏။

ထို့နောက် ချာခနဲလှည့်ပြေးသွားလေသည်။

နှင်း ဘာတွေပြောသွားမှန်းလည်း သမား သတိမထားမိလိုက်ပေ။ သူ့ရင်ထဲထိ စီးဝင်ကျန်ခဲ့သည်က မိန်းမလှလေးတစ်ယောက်၏ မျက်ရည်စက်တွေ .....။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"မင်းကလဲ မထင်ရဘူး"

"အေးလေ ဘယ်လိုလုပ်ပစ်လိုက်တာလဲ၊ ဒီလောက်တောင်"

"ငါ တအားနမ်းပစ်လိုက်တာ၊ စက္ကန့်ငါးဆယ်လောက်က လေထဲမှာ လွင့်နေသလိုပဲ"

ဘုရားရေ ... ဆုပ်ကိုင်ထားသည့်လက်ပန်းလေးကိုလွှတ်မချလိုက်မိအောင် မနည်းထိန်းလိုက်ရသည်။

အခန်းရှေ့မှာ ခြေစုံရပ်မိ၍ ပန်းတော်ဝင် တစ်ကိုယ်လုံး တောင့်တင်းသွား၏။

"မင်းကွာ...၊ ဘာလဲ ဒေါသဖြစ်လို့ ကလဲ့စားချေတာရော ဟုတ်ရဲ့လား"

"မဖြစ်နိုင်ဘူး၊ အစက ဟုတ်ရင်လဲ နမ်းလိုက်မိတဲ့အချိန်မှာ ဖြစ်သွားတဲ့ ဖီလင်က တခြားအရပ်မျက်နှာတစ်ခုခုက လာတာပဲ"

"ဟုတ်တယ်"





နှစ်ယောက်၏စကားကို သမားက လေးနက်စွာဝန်ခံ၍ ...

"ငါ သူ့ကို တော်တော်အမြင်ကတ်ပြီး ဒီလိုပဲတုံ့ပြန်ဖို့ကာ ကျကျနနစီစဉ်ထားတာ သေချာရက်နဲ့ တကယ်တမ်းကျတော့ သူ့နှုတ်ခမ်းလေးကို နမ်းမိတဲ့အချိန်မှာ ရိုင်းစိုင်းတဲ့ရင်ခုန်သံတွေက လုံးဝရိုးရိုးသားသား ဖြစ်နေတယ်၊ သူ့မျက်ရည်တွေကိုမြင်လိုက်ရတော့ ချက်ချင်း ဒူးထောက်ပစ်လိုက်ချင်စိတ်တွေ ဖြစ်သွားတယ်"

ပြောလိုက်ပြီး မျက်နှာကို ဖိပွတ်ပစ်လိုက်သည်။ အမြဲတမ်း ရယ်ပြုံးနေတတ်သည့် မျက်ဝန်းများက မျက်ရည်မိုးတိမ်တွေ ဖြစ်နေသည်လား၊ ဒါမှမဟုတ် အရှုံးပေးလိုက်ခြင်း၊ မပေးလိုခြင်း မာနတွေ ဆက်ထားခလို ပြိုးပွားနေခြင်းလား။

ရှေ့ဆက်မဝင်ဖြစ်တော့ဘဲ ခန်းဆီးအကွယ်ကနေ နောက်ကြောင်းပြန်ပြီး တော့ပဲ ပန်းတော်ဝင် ပြန်လှည့်လာခဲ့သည်။ ထမင်းစားခန်းရောက်တော့ မြင်းခွာရွက်သုပ်ပန်းကန်လေးကိုရော ရေနွေးကြမ်းကရားလေးနဲ့ပန်းကန်လေးတွေကိုပါ စားပွဲပေါ် တစ်ခုစီ ပြန်ချမိသည်။

ဒီမောင်လေး ဘယ်လောက်ပဲဆိုးဆိုး၊ ဘယ်လိုပဲ ပြောမရပါစေ ဒီသူငယ်ချင်းတွေကို ခေါ်မလာနဲ့လို့လည်း မပြောရက်၊ ဒေါသနှင့်မကြည်မလင်ဖြစ်ကာ တစ်နာရီပြည့်အောင် တင်းမာစွာနေခဲ့ဖူးတာလည်း မရှိပါ။

အိမ်မှာမြဲနေပြီဆို ပို၍စိတ်ချမ်းသာသည်။ အပြင်ပြန်မထွက်ဖြစ်အောင် ဒီလိုပဲ စားစရာတွေလုပ်ပေး၊ သူ့ စိတ်ဝင်စားတာလေးတွေ လိုက်ပြောနှင့် သူငယ်ချင်းလိုပေါင်းရ ညီအစ်ကိုလိုပွင့်လင်းအောင်သိုက်လျှာရ။

ယောက်ျားလေးတစ်ယောက်ကို စည်းရုံးရတာလည်း မလွယ်ပေပါ။ ခုကျတော့ မိန်းကလေးတစ်ယောက်ကို အငြိုးအတေးနှင့်နမ်းခဲ့ပြီး ဗွဲလမ်းနေပါပြီတဲ့။

ဒီလိုစကားတွေကို စိမ်းသက်စွာကြားရခြင်းမို့ ရုတ်တရက် ပူထူသွားမိ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ဘယ်သူလဲ၊ ဘယ်မိန်းကလေးလဲ ဆိုတာ မေးဖို့လိုပြီဖြစ်သော်လည်း ဒီစကားမျိုးကို ဘယ်ကအစချီပြီး ပြန်ဆွဲထုတ်ရမလဲ၊ ပန်းတော်ဝင်တစ်ခေါက်တည်း စားပွဲမှာထိုင်ပြီး အကြံအိုက်နေခဲ့သည်။

ဒီကိစ္စ မိန်းမလျှာ၊ ဘာညာ ပြောဆိုသမှတ်ကြခြင်းနှင့် တစ်နည်းနည်းတော့ပတ်သက်နိုင်၏။ တကယ်ဆို ယောကျ်ားလေးတိုင်းထက် ပိုချောနေသည့်အဖြစ်ကြောင့်ပါ။

ဒီတိုင်းပဲ မောင်လေး နေတာကို သူကတော့ သိသည်။ လူတွေကမယုံ။ မျက်နှာပေါင်းတင်ထားသည်၊ မျက်ခုံးမွေးသပ်ထားသည်၊ မျက်တောင်တွေလည်း ကော့ထား၏။ စသဖြင့် နေ့စဉ် ယောကျ်ားလေးတန်မဲ့ ဒီလိုပြင်ဆင်နေပါသည်ဟု တပ်အပ်ပြောနေကြကာ ဒီတိုင်းပဲ သတင်းကြီးသွားခဲ့ရင်း သမား ဘဝက ယောကျ်ားလေးစင်စစ်ကနေ အခြေက်ဖြစ်ခဲ့ရ၏။

ဖေဖေကိုယ်တိုင်လည်း သားဖြစ်သူကို ယုန်ထင်၊ ကြောင်ထင် ဖြစ်ခဲ့တာပင်။ ဒါကြောင့် နေ့တိုင်းပဲဆူ၊ ကြိမ်းလိုက်မောင်းလိုက်၊ သမား ကမခံ။

လူတွေ ဒီလိုပြောနေကြတဲ့အထဲ ပေါင်းသင်းလိုက်သမျှ နတ်ကတော်က များသည်။ မိန်းကလေးတချို့က တကပ်ကပ်နှင့်။

"ဘာဖြစ်လဲ မမရေ၊ နတ်ကတော်တွေက ကျွန်တော့်ကိုမြင်ရင် အတင်းလာဆွဲ လိုက်ခေါ် နဲ့ ရေတာ ခင်ချင်လို့ပါဆိုတာကို မခင်နိုင်ပါဘူး ပြောရမှာလား"

သမား က ဘာဖြစ်ဖြစ် သူ စိတ်မဝင်စားလျှင် လေးနက်တာ ဘာမှမရှိ။ နောက်ကျတော့ ပိုဆိုးလာသည်။

"တွဲကိုတွဲဦးမှာ၊ နတ်ကတော်တွေနဲ့ချည်းရွေးပေါင်းမယ်၊ အခြောက်လို့ထင်ရင် လာကြည့်လိုက်"

ဟု ရွဲ့တာတွေပါလာသည်။ သူမလည်း ပြောလို့မနိုင်တော့ပေ။





အဖြစ်တို့ကို အစက ပြန်ဆွဲထုတ်ကြည့်ရင် အဆုံးသတ်မှာ ကိုယ့်မောင်လေး အတာင်းနမ်းပစ်ခဲ့သည်ဆိုသော မိန်းကလေးပဲ ပြန်ရောက်လာခဲ့၏။

မိန်းကလေးတွေနှင့် ရင်းနှီးခဲ့တာပဲရှိသည်။ ဘယ်သူ့ကိုမှ စိတ်ဝင်စားပါသည်ဆိုတာ မရှိခဲ့သော မောင်လေးက ရင်ခုန်သံတွေကို ဖတ်ရှုလာခဲ့ပြီဖြစ်သည်။

သူမလေးက ဘယ်လောက်ထိလှနေသလဲ၊ ဘယ်ရပ်ကွက်ကသူလဲ၊ ဆင်ဖြူကျွန်းမြို့ဆိုတာ သိပ်တော့မကျယ်လှပါ။ လှတွေ အများအပြားရှိပေမယ့်လည်း မရင်းနှီးကြတာသာရှိသည်၊ မမြင်ဖူး၊ မတွေ့ဖူးသောကောင် စိမ်းသက်ကြတာတော့ သိပ်မရှိနိုင်ပေ။

'ဖေဖေ မောင်လေး ရည်းစားထားတော့မယ်'လို့ ပေါ်သာထားရ ပြောပြပြီး တိုင်ပင်ရမလား၊ ဒါမှမဟုတ် 'ရည်းစားထားဖို့တော့ရှိနေပြီ ဖေဖေ၊ တားဆီးရမှာလား၊ အားပေးရမှာလား' လို့ မေးရမလား။

သူမကိုယ်တိုင် ရင်ထဲမှာ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းကို အချိုးတူခံစားနေရ၏။

မိန်းကလေးတွေကို စိတ်မဝင်စားခဲ့ခြင်းဟာလည်း မောင်လေး နာမည်ပျက်ရခြင်း၏ အကြောင်းတစ်ခုပဲဖြစ်သည်မို့ ရည်းစားထားခြင်းကို ပေါ်ပင်ချင်။

ဒါပေမယ့် ရင်ခွင်မှာပွေ့ပိုက်မတတ်ချစ်ခဲ့ရသည့် မောင်လေးမို့လို့ တခြားချစ်သူရှာပြီး ကိုယ့်ကိုစိမ်းသက်သွားမှာကျတော့ စိတ်မကောင်းနိုင်။

ဖေဖေ့ကိုတော့ ပြောပြမှ ဖြစ်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၈)

ခေါက်ဆွဲကြော်ပန်းကန်ကို ဒီတိုင်းထိုင်ကြည့်ရင်း ဘာမှမစားဖြစ်။ ရေသီးလေးတွေထနေခဲ့သော အအေးပုလင်းကလည်း ရေသီးတို့ကို ပုတ်ပက်ခါချ၍ ဟိုတက်နေပြီဖြစ်၏။

"သူ ပြန်များသွားပြီလား"

ဝိုင်းအောင် က သူ့ကို ခေါ်ဝီးချပြသည်။

"မနေ့ညကအထိ ပြန်ဖို့အစီအစဉ် မရှိသေးဘူး။ အဲဒါ သေချာတယ်"

သမား မျက်မှောင်ကြုတ်လျက် မျက်လုံးတွေကို လမ်းမပေါ်ပြန်ပို့သည်။ ထိုစဉ် မြင်ကွင်းထဲကိုဝင်လာသော စက်ဘီးနှစ်စီးကြောင့် သူ ဆတ်ခနဲဖြစ်သွားသည်။

"ဟိုမှာ ..."

ဝိုင်းအောင်တို့ လှည့်ကြည့်လိုက်ချိန်တွင် သမား က ပြေးထွက်သွားပြီဖြစ်၏။ ဒါကို နှင်း ကလည်းမြင်သည်။

"အလွှန် ဟိုမှာ 'ရွှေနဂါး'ဆိုင်ထဲ သမား ထွက်လာတယ်"

"မြင်သားပဲ"





မီးသတ်ရုံနားမရောက်ခင်ကတည်းက ဒီဆိုင်ရှေ့မှာ စက်ဘီးတွေထပ်နေသည့်ကြားထဲ အနက်ရောင်ကြွားရွှားနေသောဆိုင်ကယ်ကြီးကို အလွှန် မြင်ပြီးသားဖြစ်၏။

ကိုယ့်ကို အနှာတရဖြစ်အောင် လုပ်ထားဖူးသည့် ဒီဆိုင်ကယ်ကို ဘယ်လိုအနေအထားနဲ့ပဲမြင်လိုက်မြင်လိုက် မှတ်မိသည်။

နောက်ကဆိုင်ကယ်သံကြောင့် အလွှန် က စက်ဘီးကို လေးတိုင်စင် လမ်းဆုံကနေ တည့်တည့်အတိုင်း ဖြတ်နှင်းလိုက်၏။

ဈေးဘက်ကနေ မြင်းလှည်းတစ်စီးလာနေသည်။ အရှေ့အရပ်ဆီမှ ကုန်တင်ကားကြီးတစ်စီးက အရှိန်မသတ်။

"ဟား... ဒီစက်ဘီးကွာ ..."

"အလွှန် ..."

မြင်းလှည်းသမား အလန့်တကြားအော်ကာ မြင်း၏လည်ပင်း မော့လန်သွားသည်အထိ ဇက်ကြိုးကိုဆွဲပစ်လိုက်ရသည်။ ကားကြီးလည်း လမ်းဘေးကို သိသာစွာဝိုက်ဆွဲသွား၏။ အားလုံး ဟင်ခနဲ ဟာခနဲဖြစ်ကုန်သလို အလွှန် ကတော့ ရပ်ရှင်ရုံဘက် ရောက်သွား၏။

ဒီဘက်မှာ နှင်း စက်ဘီးကိုင်လျက် ကျန်ခဲ့၏။ ခပ်ဝေးဝေးရောက်မှ နောက်ပြန်လှည့်ကြည့်ပြီး နှင်း ကျန်ခဲ့တာမှန်း သိသွားသည်။ ဒါပေမယ့် အလွှန် က မစောင့်တော့ပေ။

အဘယ်ကြောင့်ဆိုသော် နှင်း ရဲ့ဘေးမှာ သမား ရောက်နေတာကို မြင်လိုက်သည်မို့ ...

သမား က ကမူးရှူးထိုးနှင်းချသွားသည့် အလွှန့် ကိုလိုက်ကြည့်နေပြီး ဒီဘက်မှာ စက်ဘီးပေါ်က သေလုမြောပါးဆင်းကျန်ခဲ့သည့် နှင်းရဲ့ ဘေးမှာ ဆိုင်ကယ်လ်ကို အရှိန်သတ်ရပ်လိုက်သည်။

"နှင်းနေခြည်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

ဟိုကို စိတ်ပူလို့မပြီးသေးခင် မတည့်သည့်လူက လာခေါ်တော့ နှင်းက မိုက်ကြည့်ကြည့်၏။

"သူ ဘယ်နေ့ပြန်မှာလဲ"

"ဘာလုပ်မလို့လဲ"

နှင်း က စက်ဘီးကို လမ်းနဲ့လွတ်အောင် ဘေးကပ်ရပ်လိုက်သဖြင့် သမား က ဆိုင်ကယ်ကို ခြေထောက်တစ်ဖက်နဲ့ အသာလိုက်လှိမ့်၏။

"ငါ သူနဲ့ စကားပြောချင်တယ်၊ အဲဒါ နှင် ကူညီစမ်းပါ"

"ဘာ ..."

ဟိုတုန်းက အိမ်နီးချင်းနေဖူးကြသည်မို့ ပြီးတော့ နှင်းကို ဝိုင်းအောင် လိုက်ခဲ့ဖူးသည်မို့ သူတို့တွေ မရင်းနှီးသော်လည်း သိနေကြ၏။ သမား က မျက်မှောင်ကြုတ်ထားပေမယ့် အရင်လို မိုက်ကန်းကန်းအကြည့်တွေ နဲ့မဟုတ်ဘဲ ...

"ငါ သူ့ကိုတောင်းပန်ချင်လို့ပါ။ သူ မပြန်သေးဘူးမဟုတ်လား"

"အခု ကားလက်မှတ်သွားဖြတ်မှာ၊ မနက်ဖြန် ပြန်မှာတဲ့"

"ဟင် ..."

သူ တွက်ထားပြီးသားပါ။ ဒါပေမယ့် တကယ်သေချာနေပြီမှန်း သိတော့ ပျာသွား၏။

"နှင်းနေခြည် ခဏ"

"ဟာ မနေနိုင်ဘူး၊ တော်ကြာ ငါ့ကို အလွန် စိတ်ဆိုးမှာ"

နှင်းက လမ်းကို ဘယ်ညာကြည့်ပြီး စက်ဘီးပေါ် အတင်းတက်ကာ နင်းပြေးသွား၏။

"ကျွတ်"

သမား ဆိုင်ကယ်လ်ကို 'ရွှေနဂါး' ရှေ့ထိ ဇက်ပြန်ခေါက်၍ လှိမ့်လာခဲ့





သည်။ ဝိုင်းအောင် တို့က ဆိုင်ရှေ့မှာပဲရှိနေကြကာ ...

"မင်းကလဲ ဘာလုပ်ချင်တာလဲ၊ ငါတို့ကိုတိုင်ပင်တာမဟုတ်ဘူး။ ဖြစ်သွားတာ အသည်းအသန်ပဲ"

အပြစ်တင်စကားပြော၍ သူ့ပခုံးကို လာဖက်သည်။

သူ ဘာဖြစ်သွားတာလဲ၊ ကိုယ့်ကိုယ်ကိုတောင် သတိမထားမိလိုက်။

ဒါပေမယ့် သေချာနေတာတစ်ခုက သူ ပူလောင်တတ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"တစ်နာရီထိုးနေပြီ ထွက်ရတော့မလား"

"နေဦး"

ဂိတ်မှူးဦးသန့်၏မျက်နှာ စိတ်ရှုပ်ထွေးခြင်းများနှင့်ဖြစ်ကာ နေရာယူပြီးကြပြီးဖြစ်သည့် ကားပေါ် က ခရီးသည်တွေကိုကြည့်လိုက်၊ လမ်းမကို ပြန်ရောက်လိုက်။

ထိုစဉ် ဖုန်းမြည်လာသဖြင့် သူ ကောက်ကိုင်လိုက်၏။

"ဦးသန့် ခဏလေးနော်၊ ကျွန်တော် အခု လာနေပြီ"

"အေး မြန်မြန်လာကွ၊ ဒီမှာ ခရီးသည်တွေ ငါ့ကိုဆဲတော့မယ်၊ မင်း အဖေသိရင် ကွိုင်တက်ဦးမယ်၊ ပြဿနာပဲကွာ"

"အိုခေ လာပြီ"

"ကျွတ်"

ဦးသန့် ဖုန်းချလိုက်ရင်း ရွှံ့မှဲ့နေတော့ ဒရိုင်ဘာက ပုဆိုးစနစ်ဖက်မလျက် ရယ်ကျဲကျဲရောက်လာကာ ...





"ဖိုးခွားလား"

"အေးပေါ့ကွာ၊ တော်တော်ကွိုင်ရှာတဲ့ ချာတိတ်"

"ရှာပေ့စေ ဆရာ၊ အဲဒီပုဂ္ဂိုလ်လေးက အိမ်မှာ ဗိုလ်၊ သူ့ကြောင့် ဆိုတာပြနိုင်ရင် သူ့ရွေး ဘာမပြောဘူး"

"မထင်နဲ့၊ လုပ်ငန်းနဲ့ပတ်သက်ရင် ဦးကြည် က မရဘူး"

"ဟော ဟိုမှာ လာပြီ"

ဆိုင်ကယ်က ဒီဘက်ကို ဝေ့ခနဲကွေ့ချလာ၏။ ဘောင်းဘီနက်၊ ဂျာကင်အနက်နှင့် ကျောပေါ်မှာ အနက်ရောင်အိတ်တစ်လုံးကို ချိတ်ထားသည်။

ဂိတ်မှူး ကားမလွှတ်သေးသဖြင့် တာကြည့်ကြည့်ဖြစ်နေကြသည့် ခရီးသည်တွေကလည်း ဂိတ်မှူးလှမ်းမျှော်ကြည့်သည့်အတိုင်း သမား၏ ဆိုင်ကယ်ဆီသို့ လည်ပင်းလိမ်အောင် လှည့်ကြည့်ကြသည်။

ဆိုင်ကယ် စက်သံသည် ဆူညံကျယ်လောင်လျက် Express ကားကြီးကို တစ်ပတ်ပတ်လိုက်သေးသည်။ ပြီးမှ ဂိတ်မှူးစားပွဲနှင့် မလှမ်းမကမ်းမှာ ထိုးရပ်သွားသည်။

"ကျေးဇူးပဲ ဦးသန့်၊ ကိုကြီးမျိုးရေ လိမ့်တော့ ရပြီ၊ ရော့ ..."

ဆိုင်ကယ်လ်ကို သော့ခတ်ရင်း အားလုံးပါအောင်ပြောကာ နောက်ဆုံးမှာ စားပွဲပေါ် သို့ သော့ပစ်တင်လိုက်ပြီး ကားပေါ် လွှားခနဲတက်သည်။

"ဟား ဟား ပါမစ်ကျပြီ ဆရာရေ၊ လိမ့်မယ်"

ကားထွက်သွားမှ ဦးသန့် သက်ပြင်းရှည်ကြီးချသည်။ သို့သော် သိပ်မကြာလိုက်ဘဲ ဖုန်းသံက မြည်လာသဖြင့် ...

"ဟဲလို အမိန့်ရှိပါ"

"ကိုသန့် အဲဒီကို ဖိုးခွား ရောက်လာသလား"

"ဟုတ်ကဲ့ ဦးကြည်၊ ဒီမှာ ဆိုင်ကယ်လ်နဲ့သော့ ထားခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘယ်လို ထားခဲ့ပြီး ဘယ်ကိုသွားတာလဲ"

"ရန်... ရန်ကုန်ကိုလေ၊ ကိစ္စ အရေးကြီးလို့ဆိုလို့ အုံနာခုံကိုမရောင်းဘဲ သေချာထားပေးခဲ့ရတာ"

"တောက် ... ဒီကောင် လုပ်ချလိုက်ပြန်ပြီ မင်းကလဲ ငါ့ကိုများ ဖုန်းလေးဘာလေး ဆက်ပါလား ကိုသန့်ရာ"

"ကျွန်တော် ဦးကြည် မသိဘဲ လစ်ထွက်လာမယ် မထင်လို့ပါ တကယ်ပါ"

"အေး အခုချက်ချင်း ဖုန်းလှမ်းဆက်စမ်း၊ ကားရပ်ခိုင်းပြီး ရောက်တဲ့နေရာမှာ ဆင်းနေခဲ့လို့"

"ဟုတ်"

ဦးသန့် ဗျာယာခတ်အောင်လှုပ်ရှားလိုက်မိသည်။ ဒါပေမယ့် ...

"ဖုန်းပိတ်ထားတယ် ဦးကြည်"

ဟ ➳ ဟ





## အခန်း (၁၀)

ဘေးချင်းကပ်လျက်ခုံမှာ ကားထွက်မည့်အချိန်ထိ လွတ်နေသဖြင့် အလွန် က ကိုယ့်သေတ္တာကိုတောင် ချထားပြီးပြီဖြစ်၏။

လူရောက်လာပြီဆိုမှ သေတ္တာကို စိတ်ပျက်စွာ ပြန်ဆွဲချရသည်။ ဒါပေမယ့် အိခနဲထိုင်ချလိုက်သည့်လူက ကိုယ့်ဘက်မှာ သပ်သပ်မထိုင်ဘဲ ဒီဘက်မှာ ပူးကပ်ထိုင်ပစ်လိုက်သောကြောင့် ...

"အို ... ဘယ်လိုလုပ်လိုက်တာလဲ"

"ဆောရီး"

"ဟင် ..."

အလွန် တအံ့တသြကြည့်တော့ သမား က ရယ်ပြသည်။ ထိုအချိန်မှာ ကားက စတင်ထွက်ခွာပြီဖြစ်၏။ အလွန် သတိဝင်လာကာ မျက်နှာ ဆတ်ခနဲလွှဲပစ်လိုက်မိသည်။

နီးမြန်း၍ ထောင့်ချိုးညီနေသည့် သူ့နှုတ်ခမ်းတွေကိုကြည့်လိုက်မိသည်နှင့် တစ်ကိုယ်လုံး ဖျင်းခနဲဖြစ်ကာ အလွန့် ပါးပြင်တွေပါ အရောင်ပြောင်းကုန်၏



www.burmeseclassic.com

www.burmeseclassic.com



ဒေါသလား၊ ရှက်ခြင်းလား မသဲကွဲပေ။ သူ့ဘက်ကို ပြန်မလှည့်မိအောင် မှန်တံခါးဘက်ကိုပဲ ပခုံးတစ်ဖက်ပါအောင် စောင်းလှည့်ထားလိုက်မိသည်။

"နွေအလွန်"

"....."

"တို့ တောင်းပန်ချင်လို့ ဒီဘက်လှည့်ပါလား"

"မလိုဘူး၊ ငါ့ခေါင်းထဲမှာ ဘာမှမရှိတော့ဘူး"

"ဟာကွာ အဲဒီလိုတော့မလုပ်ပါနဲ့၊ မကျေနပ်ဘူးဆိုရင် ဘယ်ထိပဲ တောင်းပန်ရ တောင်းပန်ရ၊ ဟိုမဟုတ် ဒီမဟုတ်ကြီးနဲ့ လက်ပြမသွားပါနဲ့"

ထိုစဉ်မှာ ဘယ်သူ့ဆီကမှန်းမသိဘဲ ဖုန်းသံလေးမြည်လာ၏။ အမှတ်တမဲ့မို့ ထည့်ထားသည့်အိတ်ဆီ အလွန် လက်ရောက်သွားမိသည်။

"မဟုတ်ဘူး တို့ဆီက"

ဟု ပြောကာ သူက ထုတ်ကြည့်ပြီး ပိတ်ပစ်လိုက်၏။ ပြီးတော့ ဂျာကင်အိတ်ထဲ ပြန်ထည့်လိုက်ကာ ...

"အလွန်..."

ပခုံးချင်းတိုက်ခေါ်သဖြင့် အလွန် ပခုံးလေးကျုံ့ကာ လက်ပိုက်ထားလိုက်သည်။ သူက ပြန်တိုးမသွားဘဲ ပို၍တိုးကပ်လာ၏။ သူ့ကိုယ်မှ ရေမွှေးနံ့ကြောင့် အလွန် ခနေတတ် မထိုင်တတ်ကြီးဖြစ်လာသည်။

"ဒီဘက်နည်းနည်းလှည့်ပါ၊ ဖောင်တော်ဦးတုန်းက တို့ မှားသွားပါတယ်၊ အဲဒါကို ပြေပေးပါကွာ၊ နော် တောင်းပန်တယ်၊ ကျေနပ်ပါတော့"

"အဲဒါ တောင်းပန်တိုင်း ပြီးသွားမယ်ပြဿနာလား"

"ဟုတ်ပါတယ်၊ မင်း အရမ်းစိတ်ဆိုးသွားမယ်ဆိုတာကိုသိလို့ ဘယ်လိုမှ နေမရလို့ ဒီထိ လိုက်လာခဲ့တာ၊ တို့ဘက်ကလဲ တောင်းပန်ပါတယ်ဆိုတဲ့ စကားအပြင် ဘာမှမှ ပြန်ပေးလို့မရတော့တာ၊ ဘယ်လိုလုပ်ရမလဲ"





ချက်ချင်းကြီးပါလား။ အလွန် အံ့သြစိတ်လေးတော့ ဖြစ်နေမိ၏။ နှင်းပြော့ပြတုန်းက သိပ်မယုံချင်၊ ဆုံခဲ့ကြတိုင်း ကိုယ်ကပဲ အသာရကာ သူ့မှာ မှန်းတီးနာကြည်းသည့်မျက်နှာကြီးနှင့် ကြိတ်မနိုင်ခဲ့ရ ကျန်ခဲ့တာချည်းပဲ ဖြစ်သည်။

ထို့ကြောင့် မိုက်ရိုင်းရမ်းကားစွာ လက်တုံ့ပြန်လိုက်နိုင်သဖြင့် အောင်နိုင်သူဘက်ကနေ တစ်ခုခုနှိပ်စက်ချင်လို့ နှင်း ကို မေးတယ်ပဲမှတ်ခဲ့သည်။

ဒီလိုတောင်းပန်လိမ့်မည်ဟု နည်းနည်းလေးမှ မထင်။ ဟုတ်ပါ့မလား၊ ဒါ မာယာတွေများလား။

စိတ်ထဲမှာ သံသယစိတ်လေး ပေါ်လာသည်နှင့် သူ့ကို အလွန် လှည့်ကြည့်လိုက်မိသည်။ ဝင်းမွတ်ချောမွေ့နေသည့်မျက်နှာက အနီးကပ်ကြည့်တော့လည်း အနာအဆာ တစ်စုံတစ်ရာမှ ရှိမနေပေ။

ဘာပဲဖြစ်ဖြစ် သူ့ကိုမြင်လိုက်စမှာပဲ အလွန် စိတ်ဝင်စားသွားခဲ့တာဟာ ဒီမျက်နှာအမူအရာတွေကြောင့်ပါပဲ။ သတိလက်လွတ် ငေးသွားမိပြီးမှ မျက်နှာပြန်လွှဲရသည်။

တစ်ခုခုပြောတော့မည်ဟုထင်ကာ မျက်လုံးချင်းဆုံကြည့်နေပြီးမှ အလွန် ပြန်လှည့်သွားသဖြင့် သမားက အားမလိုအားမရနှင့် မျက်နှာလေးကို လိုက်ငုံ့ကြည့်၏။

"အလွန် ပြောလေ၊ တို့ ဘာလုပ်ပေးရမလဲ၊ ဘယ်လိုတောင်းပန်ရင် ကျေနပ်မလဲ"

မေးနေရင်း အလွန့် မျက်ဝန်းလေးတွေကို မရမက လိုက်ငုံ့ကြည့်ပြီး အကဲခတ်၏။ အလွန် ကလည်း သူ့မျက်နှာ ကိုယ့်ရှေ့ရောက်လာလေ ဟိုဘက်လှည့်ပစ်လေ ...။

"တို့ကို ဒေါသဖြစ်နေတာလဲမဟုတ်ဘဲနဲ့ ဇွတ်ကြီး မှန်းပြမနေပါနဲ့ကွာ၊ စိတ်ပြေနေပြီမဟုတ်လား၊ ဒါမှမဟုတ်သေးရင်လဲ ပြန်နမ်းလေ၊ စိတ်မဆိုး



www.burmeseclassic.com

www.burmeseclassic.com



ကတ်ပါဘူး၊ သမား ဆိုတဲ့ကောင်က အရမ်းသဘောကောင်းတာ"

"သမားနော်…"

"ဟော … ဟော …"

အလွန် လွှတ်ခနဲလှည့်အော်လိုက်ပြီးမှ နှုတ်ခမ်းကိုက်၍ အံကြိတ်သည်။ ပြီးတော့ သူ့ကို ဘယ်လိုမှစိတ်ဆိုးလို့မရသည့်ရင်ထဲမှာ ထူးဆန်းစွာ ပေါ့ပါးနေခဲ့ရင်း ကိုယ့်ကိုယ်ကိုလည်း နားမလည်နိုင်။

"အလွန် …"

အလွန် က မထူးဘဲ မျက်ဝန်းလေးစွေကြည့်၏။

"ရန်ကုန်မရောက်ခင် လမ်းမှာပဲ ပြန်ခေါ်နော်"

တွေ့လား ပြောပုံက။ အလွန် မျက်မှောင်ကြုတ်ကြည့်ကာ သမားက ရယ်ကာ …

"မဟုတ်ဘူးလေ၊ အတူတူကပ်ထိုင်ပြီး အကြာကြီး တစ်ညလုံး စီးရဦးမှာ၊ မခေါ် ဘဲနေကြရင် ပျင်းစရာကြီး၊ ပြီးတော့ တို့ကို စိတ်ဆိုးနေတာမှန်း သိနေတာက ဆိုးတယ်"

သမား က နေရာပြင်လိုက်၊ ဒီဘက်တိုးလိုက်နှင့် ဘေးတိုက်ထိုင်နေရတာကို အားမလိုအားမရဖြစ်နေပုံလည်းပေါ် ၏။ အလွန့် လက်ခုံနုနုလေးကိုပဲ ဆုပ်ကိုင်တော့မလိုလို၊ ပခုံးလေးကို ဖက်တော့မလိုနှင့်၊ ပြီးတော့ သူ့လက်ဖဝါးနှစ်ဖက်ကိုပဲ ပြန်၍ဖိဆုပ်လိုက်ကာ ပခုံးချင်းတိုက်၍ပဲ ထပ်ခေါ်သည်။

"အလွန် သိလား၊ မင်းနဲ့ တို့ ရှေးရေစက်ရှိနေတာ သေချာတယ်"

အလွန် သူ့ဘက်ကိုငဲ့ကြည့်လိုက်တော့ သမား နှုတ်ခမ်းတွေ ကျေနပ်စွာပြုံးကြည်သွားလျက် …

"နတ်ကနားပွဲမှာ ဖျတ်ခနဲလှမ်းမြင်ကတည်းက မင်းကို တို့ သတိထားမိခဲ့တာ"





ဟုတ်လည်းမဟုတ်ဘဲနဲ့လို့ စိတ်ထဲမှာပြောမိရင်း အလွန့်နှုတ်ခမ်းလေး တွန့်ခနဲမဲ့၏။ ကိုယ့်မှာသာ တမေ့တမောငေးခဲ့ရတာ၊ သူ့ မျက်လုံးအတော့ ကိုယ့်ဆီရောက်လာတာ ဖြတ်သွားဖြတ်လာပုံစံမျိုးနဲ့ပါ။

"မယုံဘူးလား၊ တကယ်ပြောတာ၊ ပြီးတော့လေ အလွန့်ကို တို့ နမ်းလိုက်မိ …"

"သမား …"

"ရှူး"

အလွန် ရှက်ရှက်နှင့်အော်လိုက်မိတော့ သူက ရှူးခနဲလုပ်ပြပြီး သတိပေးနေသေးသည်။ နောက်ပြီးတော့ တခြားခရီးသည်တွေကို မေးဆတ်ငေ့ပြကာ …

"သူများတွေ ကြားကုန်လိမ့်မယ်၊ တို့က တိုးတိုးတိတ်တိတ်နမ်းခဲ့တဲ့ဟာ"

"သမားနော် ဘာတွေလာပြောနေတာလဲ၊ ထပ်ပြောကြည့်၊ ဒီတစ်ခါ"

"ဘာလုပ်မှာလဲ၊ ဒီက ခံချင်လွန်းလို့စောင့်နေတာ"

"ကြည့် …"

"မျက်လုံးကို မလွှဲသေးဘူး"

အလွန် ဒေါသဖြစ်တာထက် ရှက်တာကပဲပိုကာ ပြတင်းပေါက်ဘက်ကို ကိုယ်တစောင်းလှည့်ထိုင်ပစ်လိုက်၏။

"အလွန် …"

သူက အလွန့်ပခုံးလေးမှာ မေးဖျားနှင့်ကပ်ထိကာ …

"ဆောရီးနော် ခင်လို့စတာပါ။ ပြောချင်တာကလေ မင်းထင်သလို ဘုရားမှာတုန်းက တို့ မှားခဲ့တာ အပြုံးနဲ့သက်သက်မဟုတ်တာကိုပါ။ စိတ်ထဲမှာရှိနေတာက မှန်တယ်၊ ဒါပေမယ့် တို့ တကယ်ရင်ခုန်ခဲ့မိတယ်၊ ရှေးရေစက်ရှိကြမယ်လို့တွေးမိတာလဲ တို့ရဲ့ရင်ခုန်သံတွေကို တို့ အရင်း အံ့သြ



www.burmeseclassic.com

www.burmeseclassic.com



လို့ပဲ၊ မင်း ငိုသွားတော့ ဘယ်လိုမှကိုစိတ်ချမ်းသာလို့မရတော့ဘူး၊ ဒါက် မတောင်းပန်ရဘဲ မင်းကို မျက်စိအောက်ကပျောက်သွားမှာ အရမ်းစိ တယ်၊ အဲဒီ သော်ကာက မင်း ထိုးနှက်သွားလို့ ဒေါသတွေ တန့်နဲ့ဖြစ်ကျ ခဲ့တဲ့ ခံစားချက်ထက်အများကြီးဆိုးတယ် သိလား၊ တကယ်တော့ မင် ကို မကျေနပ်ဖြစ်ထားခဲ့တဲ့ အငြိုးတေးစိတ်က တို့ ထင်ထားသလောက် ရင်ထဲမှာ အုံ့ဖွဲ့တည်ဆောက်နေခဲ့တာ မဟုတ်ဘူး၊ မခံချင်ဒေါသတွေ မဟုတ်ဘဲ စိတ်ဝင်စားနေခဲ့တာပဲ"

အလွန် ဟိုဘက်ကို့ပို၍တိုးကာ သူ့ဘက်ကိုလည်း မလှည့်ရဲတော့ ပေ။ ရင်တွေ အဆမတန်ခုန်နေတာကို မကျေနပ်ပါ။ နှင်း နဲ့ သဲတို့ အဆေ အလဲတားကြ၊ ပြောကြတုန်းက နာနာကြည်းကြည်းခေါင်းခါခဲ့မိတာ ဘယ် သူလဲ၊ သူမပဲဖြစ်သည်။

"တော်ပြီ ငါ အရမ်းရှက်တယ်ဟာ၊ ဒီကောင့်မျက်နှာကို ဘယ်တော့ ပြန်မကြည့်တော့ဘူး၊ ထပ်မြင်ရရင် ငါ ရှက်လို့သေသွားနိုင်တယ်၊ သူ ...သ လူလည်ကျသွားတာ ပြန်တွေးမိတိုင်း ကိုယ့်ကိုယ်ကို တိုင်နဲ့ခေါင်းနဲ့ ပြေ ဆောင့်ချင်စိတ်တွေပေါက်တယ်" တဲ့။

ခုတော့ မဟုတ်ပါလား၊ ရှက်နေတာမှာ ရင်ခုန်သံတွေက သောင် သောင်းဖျဖျဖြစ်နေသည်။

ကိုယ့်ကို အထင်သေးတာလား၊ သူ့ တကယ်ခံစားခဲ့ရတဲ့ အစစ်အမှ တွေလား၊ အဲဒါကို မသိ၊ ပြောနေတာတွေအားလုံးက ရည်းစားစကားတွေ လို့ သတ်မှတ်နိုင်ကာ တကယ်ဆို ဒါ နောက်ထပ်စော်ကားလိုက်တာ မဟုတ်ဘူးလား။

သူပဲ အပြစ်ကျူးလွန်ခဲ့ပြီး ကိုယ်က ကျေနပ်ခွင့်လွှတ်ခဲ့တာမဟုတ်ဘ ဖီလင်တွေထည့်ပြောနေသေးသည်။ သူ့ကိုပဲပန်းကုံးစွပ်ပေးရတော့မလိုလို

"တို့ပြောတာ တစ်လုံးမှအပိုမပါဘူးနော်၊ ဘယ်လောက်ထိချက်ပြ





သွားလဲတဲ့၊ အဲဒါ တို့ မဖြေတတ်ဘူး။ မင်းကို တောင်းပန်ခွင့်ရဖို့ကြိုးစားတာ ရေလို့ ခုလိုပြောလို့ရအောင် မွေးသဖခင်ကြီး မသိတုန်း ခိုးထွက်လာတာ"

အလွန် သူ့ဘက်ကိုလှည့်ကြည့်မိတော့မလိုဖြစ်သွားသည်။ ဒီကား က သူတို့ကားပဲမဟုတ်ဘူးလား။ နှင်း ပြောတုန်းက သမား တို့က ကုန်ပွဲရုံ တွေ ရန်ကုန်မှာရော မြို့ကြီးတွေ တော်တော်များများမှာ ရှိတယ်တဲ့။ အဝေးပြေးဆွဲနေတဲ့ကားကြီးတွေဆို ဘယ်နှစ်စီးလောက်ရှိမှန်းတောင် သိဘူးဟု ပြောသေးသည်။

အခု အဖေမသိအောင် ခိုးထွက်ခဲ့ရသည်ဆိုတော့ စီးပွားရေးလုပ်ငန်း ဆိုတာတွေမှာ သမား နှင့် တော်တော်အလှမ်းဝေးသေးသည်မှန်း သိသာ သွယ်စေ၏။

ဒါပေါ့၊ သူ့ရှေ့ ဦးကြည်ဇင် ဆိုတဲ့နာမည်ပဲ ကြီးနေတာ၊ ဖိုးခွား ဆိုတဲ့ ကောင်လေးကတော့ ...

"ဘာတွေစဉ်းစားနေတာလဲ"

သူ့မျက်နှာကပ်မေးတော့ အလွန် က ပဘားကိုတိမ်း၍ ...

"ဟိုဘက်တိုးနေစမ်းပါ၊ သူများတွေ တစ်မျိုးထင်တော့မှာပဲ"

"အင်း ချစ်သူတွေလို့ပဲ ထင်မှာပါ၊ မောင်နှမဆိုနေရင်တောင်မှ မသိကဲ့ သူက ထင်သေးတာကို၊ တို့က တို့မမကလွဲရင် ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားခဲ့တာမဟုတ်ဘူး၊ မင်းနဲ့ကျမှ ..."

"ဘာဖြစ်လဲ"

"ခုလိုလေ ... အလွန် ..."

သမား က ရယ်ကျဲကျဲနှင့် နှုတ်ခမ်းတွေကို ဖိပိတ်ပစ်သည်။

"ရည်းစားစကားပြောခြင်းအရာမြောက်ဖို့ ဘာတွေလိုသေးလဲမသိ အလွန် သိလားဟင်"

"သမား ... နင် ဘာတွေလာပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေးကြည့်တာပါ၊ နှမြင် နှချစ်ဆိုတာ မဖွယ်ရာသလိုရှိပေမယ့် ဖြစ်တတ်ကြတာပဲမဟုတ်ဘူးလား၊ သုံး လေးငါးနှစ်တွဲနေကြပြီးမှ မညားကြတာတွေလဲ ရှိတာပဲ၊ အချစ်ကို မက်သတ်ထားလို့ရေပါဘူး တို့ကတော့ နှမြင် နှချစ်ဖြစ်တာမှန်ပေမယ့် မရရင် မနေဘူး၊ စွန့်လွှတ်ရဖို့ရှိလာရင် မိုးကိုပဲ ဒူးနဲ့ပြေးတိုက်ရတိုက်ရ၊ အဟွန်း ပြောကြည့်တာ"

အမှတ်တမဲ့မို့ အလွန် လှစ်ခနဲပြုံးလိုက်မိ၏။ သူက အမိဖမ်းကာ မျက်နှာနားကို ကပ်လာပြန်၏။

"တို့က ချစ်တယ်ပြောရင် မယုံဘူးလို့ ပြောမှာလား"

"ဘာ ..."

"အိုက်တင်တွေခံမနေနဲ့ကွာ၊ မင်းနှုတ်ခမ်းလေးတွေမှာဒေါသကုန်နေပါပြီ၊ အဲဒါ တို့ သိတယ်၊ တကယ်ပါ တကယ်ပြောတာ၊ အလွန် ကို သိပ်ချစ်တယ်၊ အရမ်းပဲ၊ တစ်မိနစ်၊ တစ်စက္ကန့်တည်းနဲ့ တစ်ဘဝလုံးသိမ်းကျုံးပုံအပ်ချင်အောင်ချစ်မိတာ၊ တစ်ရက်၊ တစ်ညတည်းမှာ ဆုံးဖြတ်ချက်တွေ ချိုင်မာသွားတာ၊ မငြင်းနဲ့နော်၊ ရန်ကုန်ပြန်ရောက်သွားရင် တွေ့ဖို့က ဘယ်လိုကြိုးစားရဦးမယ်မသိဘူး။ ခင်းရဲ့ အစ်ကိုကြီးက သူ့ညီမကို တုန်နေတာပဲဆို"

"ဘယ်သူပြောတာလဲ"

"ဒီလိုပဲပေါ့၊ သိချင်တော့ စုံစမ်းရတာယ်၊ မင်းမှာ ချစ်သူမရှိသေးတာလဲ သိတာပဲ၊ ဒီမှာ ဆယ်ရက်လောက်နေမလို့ဟာ တို့ကြောင့် ရှက်ပြီး ချက်ချင်းထပြန်ဖို့ဖြစ်သွားတာရော ..."

အလွန့် ပါးပြင်လေးတွေ ရဲခနဲဖြစ်သွား၏။ ကားက အရှိန်မှန်ပြေးနေသော်လည်း လှူက မြောက်ကြွနေပေါက်နေသလို ခံစားနေရသည်။ ကိုယ်ကပဲ သူ့ကို စိတ်ဝင်စားနေပါသည်ဟု တပ်အပ်ကြီးပြောနေတာကို စိတ်ဆိုးလို့လည်းမရ။





"တို့က အလွန့် ကို အထင်သေးလို့ ရည်းစားစကားပြောတာ မဟုတ်ဘူးနော်၊ တကယ်ချစ်လို့ ပြောတာ၊ တို့ကိုယ်တိုင် ဆက်ပြီး ဟန်ဆောင်ချိုသိပ်နေလို့မရတော့လို့ နော် သိလား၊ ပြန်ချစ်နော် ... ဟိုတ်"

"အို ... ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာ စိတ်ပြေဖို့တောင် မစဉ်းစားရသေးဘူး"

"မစဉ်းစားနဲ့၊ အဲဒါ ထားခဲ့လိုက်တော့"

"ဘာရယ်"

"ဟုတ်တယ်"

ပြော၍ သမား ပန်းချင်းထပ်ကာ အလွန့် လက်ဖဝါးလေးကို ဖိဆုပ်ပစ်လိုက်၏။

"တို့ နမ်းခဲ့တာကို ရှက်ပြီး တနုံ့နုံ့ဖြစ်နေတာမဟုတ်လား"

တိုးတိုးလေးကပ်ပြောပြီး ရယ်သည်။ သူ့နှုတ်ဖျားမှ လေငွေ့နွေးက အလွန့် လည်တိုင်မှာ ထိခတ်ကျီစယ်နေခဲ့၏။

"အဲဒါ ဒေါသဖြစ်နေတာမဟုတ်ဘူး ရင်ခုန်နေတာ၊ ဒီစိတ်မျိုးက မပြေလေ ကောင်းလေပဲ"

"ကြည့်စမ်း"

"ဩော် ... ကဲ ... မယုံဘူးလား၊ တို့ဆိုရင် ဖျတ်ခနဲသတိရတိုင်း ဒိန်းခနဲဆောင့်ခုန်တယ်၊ လူတစ်ကိုယ်လုံးက ရေနွေးတွေနဲ့ တဖျန်းဖျန်းအပက်ခံနေရသလိုပဲ၊ မိန်းကလေးတစ်ယောက်နဲ့ ပုတ်ခတ်ရင်းနှီးတယ်ဆိုတာ တို့အတွက် မဆန်းပါဘူး၊ ဒါပေမယ့် မင်းနဲ့မတူဘူး၊ မင်းလိုလဲ ဘယ်သူ့ကိုမှ မနမ်းခဲ့ဘူး၊ ကိုယ်တို့နှစ်ယောက် နားလည်နေရင် ပြီးတာပဲ၊ နော် ချစ်တယ်မဟုတ်လားဟင် ..."

အလွန့် က လက်ကို သူမသိအောင် အသာလေးပြန်ရုန်းသည်။ သမားက ဖိဆုပ်ထား၏။ အတင်းရုန်းကြည့်လိုက်တော့ နောက်ထပ် လက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ကို ဆွဲကိုင်ခံလိုက်ရကာ ...

"သိပ်ချစ်တာပဲ"

လို့ပြော၍ ထပ်တိုးလိုက်သေးသည်။ သူ့နှာခေါင်းချွန်ချွန်က အလွှန့်နားသယ်စပ်လေးနားမှာ မထိတထိ။

ရင်တွေလှုပ်ခါတုန်ယင်လျက် မျက်လုံးဝင့်၍ မလုံမလဲကြည့်လိုက်မိလျှင် ဟိုဘက်ခြမ်းခုံကနေ ပြုံးစိစိမျက်နှာတွေနှင့် လှမ်းကြည့်နေကြသည့်လူတွေ။

ဘုရား ... ဘုရား၊ ရှက်သည့်စိတ်ကြောင့် အလွှန် ကျရှင်မှာ ဖျတ်ခနဲကျောကပ်မှီသည်။

နောက်ထပ် ဘယ်ကိုမှလှမ်းမကြည့်ရဲတော့ဘဲ သူ့ကိုယ်နှင့်ကွယ်၍တောင့်တောင့်ကပ်ကပ်လေးငြိမ်နေမိ၏။ ထိုအခါ ဘာကိုမှဂရုမစိုက်ဘဲ သူမမျက်နှာကိုပဲ ငေးကြည့်ပွးကပ်နေသည့် သမား၏လက်နှစ်ဖက်ထဲမှာ သူမ ၏ လက်ဖဝါးလေးတွေ ထာဝရ .....။

ထ ◆ ထ





အခန်း (၁၁)

"မိုက်လှချေလား ညီမလေး ဟင်၊ ခြောက်ရက်, ခုနစ်ရက်တည်းနဲ့ တစ်မြို့တစ်ရွာမှာ ရည်းစားထားပစ်ခဲ့တယ် ဟုတ်လား"

မယုံနိုင်တာရော ဒီထက်မက ပေါက်ကွဲပစ်ချင်ပါလျက်နှင့် မျိုသိပ်ချုပ်တီးနေရတာရော စုပေါင်းကာ နိုင်ငံ့မျက်နှာက နီရဲနေရာကနေ ညိုပုပ်ပုပ်ဖြစ်လာ၏။

ဒီကောင်မလေး မညာတတ်တာကိုသိပေမယ့် ဒီနေရာမှာတော့ 'မဟုတ်ပါဘူးကိုကြီးရယ် ဘာညာ'နဲ့ မှာမှာသလဲ ကာကွယ်ရှင်းပြစေချင်သည်။ ညာပြောတာပဲဖြစ်ဖြစ် ...

"မေးမနေနဲ့ နိုင်ငံ၊ ငါ့မျက်လုံးနဲ့ တပ်အပ်မြင်တာ၊ ဟိုတစ်ယောက်က ထိုင်လျက်ကနေ အတင်းဆွဲလွဲပြီး ဘာတွေပြောနေမှန်းမသိဘူး၊ သူက ငါ့ကိုမြင်တော့ ရှန်းနေတာပေါ့၊ ကားအောက်ကနေမော့ကြည့်ပြီး ငါတော်ရုတ်တရက် မိန်းကလေးချင်း နှုတ်ဆက်မှာကြားနေတယ် ထင်တာ၊ ဟွန်း ..."

www.burmeseclassic.com



ဦးဝင်းထွတ်က ပါးစပ်တစ်လုံးကြီးပြင်ပြီးမှ ပြန်မျိုချသည်။ မြင်တဲ့အတိုင်းသာ တစ်တစ်ခွခွကြီးပြောချလိုက်ရလျှင် ပွဲက ကြည့်ကောင်းဦးမည်။

သူ မော့ကြည့်နေတုန်းမှာ အလွန့် လက်ခုံကို နှုတ်ခမ်းနဲ့ဖိကပ်နမ်းလိုက်တာ ရှင်းရှင်းကြီး၊ ပြီးတော့ အလွန် ထွက်လာတာကို မတ်တတ်ရပ်လိုက်ကြည့်တာများ နည်းနည်းနောနောအရပ်ရှည်တာလား။

ဆံပင်အဖြောင့် ကုပ်ထောက်နှင့် မျက်နှာတော့ သေချာမမြင်လိုက်ရပါ။ ထို့ပြင် ကားရဲ့ခေါင်းပိုင်းမှာထိုင်ကျန်ခဲ့ကာ တခြားခရီးသွားတွေ ဆင်းလာကြပြီး ဒီကောင်လေးက ဆင်းမလာပေ။ ရန်ကုန်ကလား၊ ဘယ်ကပါလာတာလဲ၊ ဒါမှမဟုတ် အဲဒီကားက ကားသမားလား။

သူကတော့ ဦးလေးတို့ဝတ္တရားရှိသည်နှင့်အညီ အုပ်ထိန်းသူဖြစ်နေတဲ့ နိုင်ငံ့ ကို ထင်သမျှ မြင်သမျှ ပြောပြလိုက်ပြီဖြစ်၏။ နမ်းလိုက်တာက လွဲရင်ပေါ့။

ရှုပ်ပုပ်ပုပ်မျက်လွှာချနေရင်း အလွန့် မျက်ဝန်းလေးတွေ သူ့ဆီ တစ်ချက်တစ်ချက် ဝေ့၏။ နိုင်ငံခြားက ပြန်ရောက်ရောက်ချင်း လာကြိုဖော်ရသည့် ဦးလေးရယ်လို့ ချစ်ချစ်ခင်ခင် ကြည့်တာတော့ မဟုတ်ပါ။

'လေးလေးထွတ် ချွန်တွန်းကြီး' လို့ အော်နေသလိုကြီးဖြစ်၏။ ဒီကလေးနှစ်ယောက်မှာ မိဘမဲ့လေးတွေမို့ သူတို့မောင်နှမကို ပြန်ပြီး ကြည့်ရှုစောင့်ရှောက်ခဲ့ရသည်။

ဒေါ်ရီဝင်းက သူ့ထက်အကြီး၊ ခုထက်ထိ အပျိုကြီးဖြစ်သည်။ သူကတော့ ကျောင်းမပြီးခင်မှာ မိန်းမခိုးပြေးခဲ့သည်။ ခြောက်လလောက်ပဲ ပေါင်းခဲ့ရပြီး မိဘချင်း အငြိုးအတေးတွေပြိုင်ကြရာမှ ကိုယ့်မိန်းမကလည်း သူ့မိဘနောက် ကောက်ကောက်ပါသွားသည်။

ကိုယ့်ကိုမချစ်လို့ ထားရစ်ခဲ့မှတော့ သွားပေါ့၊ သူကလည်း ဝေဒနာကို





ဘေးချိတ်ထားလိုက်သည်။ လွမ်းလို့မသေနိုင်ဆိုသည့် ကိုယ်ပိုင်အသနှင့် အေးဆေးပဲနေခဲ့၏။

နောက်ကျတော့ သဘောသား ဖြစ်လိုက်သေးသည်။ ဒါလည်း မတည်မြဲပါ။ ခုကျတော့ ဖက်စပ်ကုမ္ပဏီတစ်ခု၏ ကိုယ်စားလှယ်တော်အဖြစ် နိုင်ငံခြားဆိုတာ ဘယ်အရပ်မျက်နှာကိုဖြစ်ဖြစ် ရန်ကုန်နှင့် အိမ်ဦးနဲ့ကြမ်းပြင်လိုဖြစ်နေပါပြီ။

"လေးလေးထွတ် မြင်ခဲ့တာ ဘယ်လိုပုံစံလဲ"

"ဟင် ..."

စိတ်ကူးတွေထဲ နစ်နေဆဲ နိုင်ငံ့အသံကြောင့် ဆတ်ခနဲဖြစ်သွားသည်။

"ဟိုကွာ ဆံပင်ကုပ်ထောက်နဲ့ အရပ်မြင့်မြင့်၊ ခပ်ပါးပါးပဲ၊ လမ်းသရဲပုံပါ။ အဲဒါ ဘယ်ကဘယ်လိုပါလာတာလဲ၊ မင်း ရအောင်မေး"

အမုန်းခံရမယ့်အတူတူ ဘာထူးမှာလဲ။ ဦးဝင်းထွတ် က အလွန့်မျက်လုံးလေးတွေကို ရှောင်လွှဲနေရင်း နောက်ထပ် တွန်းပို့လိုက်သည်။ နိုင်ငံ မတ်တတ်ရပ်နေရာမှ အလွန့် ကို အကြာကြီးစိုက်ကြည့်၏။ ပြီးမှ...

"ပြောစမ်းပါဦး၊ အဲဒီကောင်က ဘယ်သူလဲ"

"ညီမလေးတို့ သူငယ်ချင်းတွေထဲကပါ"

"ဒါဆို ရန်ကုန်မှာကတည်းက ချစ်သူတွေပေါ့၊ နင် ကိုကြီးကို မလိမ့်တစ်ပတ်ပြောပြီး ချစ်သူနဲ့ ရှက်လွှင့်တာပေါ့ ဟုတ်လား"

"ဟာ မဟုတ်ဘူး"

နိုင်ငံ လက်သီးဆုပ် အံကြိတ်သံနှင့်မေးတော့ အလွန့် ကိုယ်လေး ကြွခနဲဖြစ်သွား၏။ အဲဒီလောက်ထိ ကိုကြီးကို အလွန် ပမာမခန့် မလုပ်ဝံ့ပါ။ နီရဲနေသော ကိုကြီးမျက်နှာကို မော့ကြည့်ကာ ဘယ်လိုထပ်ရှင်းပြရမှန်းလည်းမသိ။ ဟိုကျမှချစ်ခဲ့ကြတာပါလို့ ပြောတော့လည်း တစ်ပတ်မှာ ရည်းစားတစ်ယောက်ထားခဲ့သလားဟု စောစောကလို ထပ်ဆူဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရင် ဘာလဲ၊ သူငယ်ချင်းဆိုတာရော ဟိုရောက်မှထပ်ရတဲ့ သူငယ်ချင်းလား၊ ဘာလဲ ဘာတွေလဲ၊ ရှင်းရှင်းပြောစမ်း"

"ကိုကြီးကလဲ အလွှန် မှ မရှင်းတတ်တာ"

အလွှန် ငိုမဲ့မဲ့လေးပြောပြီး မျက်နှာကို ပြန်ငုံ့ချသည်။ အစက အလွှန် သွက် အလွှန်အပြောကောင်းသည့် နွှေအလွှန် ဆိုတာ ခု မဟုတ်တော့ ဘူးလား။

"တောက် ..."

နိုင်ငံ တက်ခေါက်၍ တစ်ဖက်ကို ချာခနဲလှည့်ရပ်သည်။ ပြီးတော့ မြန်မြန်လှည့်စောင်းကြည့်ကာ ...

"လေးလေး ဆက်ပြောသလို အဲဒါ နှင့်ရည်းစားဆိုတာ ဝန်ခံပြီပေါ့"

အလွှန် မဝံ့မရဲလေးမော့လာသည်။ ဘာမှမပြောဘဲ ပြန်ငုံ့၏။ နိုင်ငံ သဘောပေါက်သွားသည်။ ရင်ထဲမှာ ပူပြင်းသွားခဲ့၏။ တက္ကသိုလ် နောက်ဆုံးနှစ်အထိ ချစ်သူမထားဘဲနေခဲ့သည့် ညီမလေးအတွက် သူ စိတ်ချခဲ့သည်။ ကျေနပ်ခဲ့၏။

ညီမလေးတာ ဒီလိုလိမ္မာခဲ့သလို သူလည်း အချစ်ရေး အိမ်ထောင်ရေး ဆိုတာကို ခေါင်းထဲထည့်ခဲ့တာမဟုတ်ပေ။ ဒီလိုပြဿနာအတွက် ညီမလေး နဲ့ သူ့ကြားမှာ ဖုထစ်ရှင်းလင်းလာရဖို့ မရှိပါလည်း ထင်ထားခဲ့၏။ ခုတော့ သွားပြီပေါ့။

စိတ်ထဲမှာ နှမြောတသခြင်း၊ မျက်နှာပူအရှက်ရခြင်းဆိုတာတွေနှင့် မွန်းကျပ်လာခဲ့သည်။

"ကောင်းပြီ ဝန်ခံတယ်လို့ပဲ ထားလိုက်တော့၊ သူ ဘယ်သူလဲ၊ ဘယ်ကလဲ"

"ဟို ဆင်ဖြူကျွန်းက ..."

"တောက်... တောကြို့အုံကြား နယ်စွန်နယ်ဖျားသွားပြီးတော့ အရှက်





ကျရာ အပင်ပေါက် ..."

"အို ... တောကြို့အုံကြား မဟုတ်ပါဘူး၊ နယ်စွန်နယ်ဖျားလဲ မဟုတ်ဘူး။ တကယ်ပါ ကိုကြီးရယ် ဆင်ဖြူကျွန်းက အချက်အချာကျတဲ့ မြို့လေးပါ။ သူကလဲ ..."

"ဘာလဲ မြို့မျက်နှာဖုံး သူဌေးသူကြွယ် ဘာညာ ပြောဦးမလို့လား"

အလွှန် ပါးစပ်ကလေးပိတ်သွားသည်။ နှင်းတို့ကို သူမ ဒီလိုပြောခဲ့ဖူးသည်မို့ ကိုကြီး ဒေါသကို မချေပနိုင်ခဲ့ပါ။ ခရီးသွားကြမည်ဆိုမှ အိမ်မှာ အဝင်အထွက်ရှိနေလျက်နှင့် တစ်ခါမှ စကားဟဟ မပြောခဲ့ဘူးသည့် ကိုကြီးက နှင်းကိုခေါ်ပြီး သူကိုယ်တိုင် မေးခဲ့သည်။

"ဆင်ဖြူကျွန်းဆိုတာကို ကိုကြီး ကြားဖူးတယ်၊ မင်းဘူး စလင်း ဆက် လျက်ပဲနော်"

"ဟုတ်ကဲ့ပါ ကိုကြီး"

"အဲဒီကနေရန်ကုန်ထိ လာတက်ရသလား"

"ဩော် ... အဲဒါကလေ နှင်းတို့က ဆင်ဖြူကျွန်းဇာတိပေမယ့် ရှစ်တန်းအောင်တည်းက ဒေါ်လေးနဲ့ အတူလာနေတာလေ၊ ဒေါ်လေး ယောက်ျားက Tutor ကုမ္ပဏီရဲ့ MD တစ်ယောက်ပါ။ ဒေါ်လေးကိုယ်တိုင်လဲ သိမ်ကြီးဈေးထဲမှာ ရွှေဆိုင်ဖွင့်ထားတယ်"

"သူတို့မှာ သားသမီး မရှိဘူးပေါ့"

"နှစ်ယောက်ရှိတယ်၊ အမြွှာညီအစ်မပေါ့၊ ခုမှ ရှစ်တန်းကျောင်းသူ လေးတွေပဲရှိသေးတာ"

ဟု နှင်း ဖြေတော့ ကိုကြီးက အလွှန် ကို စေ့ခနဲကြည့်သည်။

"သူတို့က ညီမလေးကို မွေးစားလိုက်တာလား"

"အဲဒီလိုလဲမဟုတ်ပါဘူး၊ နှင်းတို့က မိသားစု ပိုများတော့ ခွဲခေါ်ပြီး စောင့်ရှော[illegible]ဘဲ့သဘောပါ၊ ဒါပေမယ့် ဒေါ်လေးတို့က နှင်းကို သမီးလိုပါ



www.burmeseclassic.com

www.burmeseclassic.com



ပဲ အရမ်းချစ်ကြတာ၊ ဒီမှာပဲ ကျောင်းတက်တာလေ၊ ရွှေကျောင်းပိတ်ရက်တွေပဲ ဆင်ဖြူကျွန်းမှာ ပြန်နေတာ၊ အခု ကျောင်းပြီးပေမယ့်လဲ နှစ်လ၊ သုံးလပဲနေလို့ရမှာ၊ ဒေါ် လေးကပြန်တောင်လွှတ်ချင်တာမဟုတ်ဘူး။ နှင်းကိုအလိုလိုက်ပြီး သဲ ကိုပါ ခေါ် ထားတာ ဒုတိယနှစ်ကတည်းက၊ သဲ က ရန်ကုန်မှာပဲ ကျောင်းလာတက်တာလေ၊ နှင်းနဲ့ ငယ်သူငယ်ချင်း"

နှင်းကိုမေးမြန်းပြီး ပြန်သွားတော့ ကိုကြီးက သက်ပြင်းချ၏။

"ကြားတယ်နော်၊ လူတစ်ယောက်ဟာ ချမ်းသာဖို့ မျက်နှာဖုံးဖြစ်ဖို့ အဓိက မကျဘူး၊ ဒါပေမယ့် လူနေမှုအဆင့်အတန်းဆိုတာလဲ လူတွေရဲ့ စိတ်ဓာတ်စရိုက်ကို ရုပ်လုံးကြွအောင် ထုဆစ်ပုံသွင်းနိုင်တဲ့ ပညာရှင်လက်တွေပဲ၊ အဓိကမဟုတ်ပေမယ့် အရေးကြီးတယ်၊ ပြီးတော့ လူပြောသူပြောနဲ့ ယုံတတ်တဲ့အကျင့် မထားနဲ့ လူတစ်ယောက်ကို ချမ်းသာခြင်း၊ ဆင်းရဲခြင်း နှစ်ရပ်နဲ့ပဲ မကြည့်နဲ့ ညီမလေး မသိသေးတာတွေ အများကြီးရှိသေးတယ်၊ ဘာဖြစ်ဖြစ် အပေါ် ယံရုပ်ပြေးပြီး မတွေးရဘူး။

အခု ညီမလေးရဲ့ သူငယ်ချင်းက မိသားစုတွေအများကြီးနဲ့ နယ်မှာနေတာ၊ ဟိုမှာ သူ့ မိသားစုဝင်တွေ ဘယ်လိုနေတယ်၊ ဘယ်လိုအဆင့်အတန်း ညီမလေး သိမလား၊ အခု သွားကြလာကြဖို့တွေက စီစဉ်ပြီးနေပြီ၊ ကိုကြီးက လွှတ်မှာပါ၊ စိတ်တော့မချနိုင်ဘူး"

ဤသို့ဤနယ်ရှိခဲ့ဖူးသည့် အလွန့် ဘက်က မသေချာခဲ့ခြင်းတွေကြောင့် သမား ဘယ်လိုအခြေအနေ အဆင့်အတန်းဆိုတာ မြင်ခဲ့ ကြားခဲ့ပါလျက်နဲ့ အာမခံမပေးနိုင်ဘဲ ဖြစ်သွားခဲ့၏။ အလွန် မျက်နှာလေးငယ်သွားတာကို နိုင်ငံ က ခပ်မိန့်မိန့် စိုက်ကြည့်နေ၏။

ဦးဝင်းထွတ်ကတော့ ဘယ်ကိုမှမကြည့်ပါ။ ဘာပဲဖြစ်ဖြစ် မုန်တိုင်းထန်သွားခဲ့သည့်အကြောင်းရင်းက လေဖိအားမညီညွတ်ခြင်းပဲဖြစ်သည်။

အဲဒါက သူ့ကြောင့် ...





"ဖြစ်ခဲ့တာတွေကို ကိုကြီး မပြောတော့ဘူး၊ အခု ပြောမှာကိုနားထောင် ညီမလေးကို အဲဒီလို ဝေးဝေးလံလံထိ ပေးလိုက်ဖို့မပြောနဲ့ ရန်ကုန်မှာ တကယ့်ဟိုက်ဘော့စ်ဆိုတဲ့ ကိုကြီးရဲ့မိတ်ဆွေတွေ သူတို့သားတွေနဲ့ စကားစလာတာတောင် ကိုကြီး လက်ခံခဲ့တာမဟုတ်ဘူး၊ ဒါဟာ အရွယ်ရောက်ခြင်း၊ အိမ်ထောင်ရက်သားနေထိုင်ခြင်းဆိုတဲ့ သဘာဝတရားတို့ အတွက်နဲ့ ဖယ်ချတာမျိုးမဟုတ်ဘူး၊ ညီမလေး ခုမှကျောင်းပြီးတာ၊ အရွယ်ရောက်ခြင်းဆိုတဲ့ဘဝကို ခုမှ စရမှာလို့ ကိုကြီး မြင်တယ်၊ ရည်းစားထားခဲ့တယ်ဆိုတာကို မှားယွင်းမှုတစ်ခုအဖြစ် ထားလိုက်တော့၊ နောက်ထပ် ဘာမှ ထပ်မကြားပါရစေနဲ့"

"ကိုကြီး"

ကျောခိုင်းသွားပြီးမှ နိုင်ငံ တုံ့ခနဲရပ်၏။ အလွန် က ပြေးသွားပြီး နိုင်ငံ နောက် နီးနီးလေးမှာ ကိုယ်ရှိန်သတ်လိုက်ကာ ...

'ဟို ...ဟိုလေ ကိုကြီးကို ညီမလေး ပြောထားတဲ့ UFL တက်ဖို့ကိစ္စ ..."

"ဟုတ်တယ်၊ ညီမလေးပြန်လာရင် တက်ခိုင်းမလို့ အစက စီစဉ်ထားခဲ့တယ်၊ ဒါပေမယ့် အခု မဟုတ်တော့ဘူး"

လှည့်မကြည့်ဘဲပြောပြီး နိုင်ငံက ခြေလှမ်းကျဲကျဲများနှင့် ဆက်ထွက်သွား၏။ အလွန်တောင့်မတ်စွာရပ်ကျန်ခဲ့လေသည်။ ဒီသင်တန်းကို သူမ အလွန်တက်ချင်ခဲ့၏။ တက္ကသိုလ်တက်နေရင်းတောင်မှ ကိုကြီးက ကိုယ်နိုင်ငံကပေးတဲ့ဘွဲ့ကို အရင်ယူရမယ်ဆိုလို့ တက်ခဲ့ရတာဖြစ်သည်။

ဒါပြီးရင် ဟိုဟာတက်မည်ဆိုသည့် မျှော်လင့်ချက်တွေ အများကြီးရှိခဲ့၏။ ရင်ထဲမှာ ဆွေးသွားသည်။ သင်တန်းတက်ချင်သည့်စိတ်က သမားနဲ့ ဒီလိုမြင်သွားလို့ ဖြစ်ရတာဆိုသော နောင်တပိစိကွေးလေးလည်း ဝင်ခဲ့သည်။

ချစ်တာကချစ်တာပဲ၊ အားလုံးထက်တော့ မပိုသေးပါ။ သမား ကို အလွန် ခေါင်းညိတ်ခဲ့မိ၏။ ဒီအပေါ်မှာ နှစ်နှစ်ကာကာ ချစ်ခြင်း၊ မချစ်ခြင်းက မသေချာ။

သူ့ကိုယုံကြည်တာ၊ မယုံကြည်တာတွေလည်း မဆုံးဖြတ်ရသေးပေ။ ဒါပေမယ့် ချစ်ခဲ့မိသည်။ အချစ်ဟာ ဘာမှန်းမသိခဲ့သော်လည်း ပထမဆုံး မြည်းစမ်းခဲ့ခြင်းမှာတော့ ခါးသက်သက်ရယ်။





## အခန်း (၁၂)

"ဘာ ... ဘယ်လို"

ဖုန်းထဲက ဆောင့်ထွက်လာသံကိုကြားတော့ အလွန် စိတ်မကောင်းဖြစ်သွားမိသည်။

"တကယ်ပြောတာ၊ ဖုန်းကို ကိုကြီးက သိမ်းပစ်လိုက်ပြီ၊ သူ့ဆီရောက်နေတဲ့ဖုန်းကို သမား ဆက်ရင် သိသွားမှာပေါ့၊ အဲဒါကြောင့် မဆက်နဲ့နော်၊ သင်တန်းတက်ရဖို့လဲ မဖြစ်နိုင်တော့ဘူး၊ အဲဒါကြောင့် ..."

"အဲဒါကြောင့်တွေ များနေပြီ အလွန်၊ မရဘူး၊ ဆင်ဖြူကျွန်းကိုပဲ ပြန်ခဲ့တော့ဆိုတဲ့စကား လုံးဝထပ်မပြောနဲ့၊ မင်းနောက်လိုက်လာတာ တောင်းခန်ပြီး နှုတ်ဆက်လှည့်ပြန်ဖို့ မဟုတ်ဘူး၊ ငြိမ်းချမ်းရေးနဲ့အတူ သိမ်းပိုက်ဖို့ပဲ၊ ခင်းနဲ့ကိုယ် ငြိမ်းချမ်းရေးဖြစ်နေရင် ရပြီ၊ ခဏထွက်ခဲ့ကွာ၊ မင်းအိမ်နားမှာ တို့ ရှိတယ်"

"အို... ဘာလုပ်နေတာလဲ၊ သမား ကလဲ ခက်တော့တာပဲ၊ လေးလေးဒွတ်က သမား ကို သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မတတ်နိုင်ဘူး လာမေးရင်ဖြေလိုက်ရုံပဲ၊ အရွယ်ရောက်နေတဲ့ အပျို လူပျို ချစ်ကြိုက်ကြတာ ပုဒ်မတပ်လို့ရသလား"

"မရပေမယ့် သမားရယ် ခရီးသွားတာ ချစ်သူ့ရှုလာတယ် ဆိုတော့..."

"အဲဒါ ဘာဖြစ်လဲ အလွှန်း ခရီးသွားတုန်း ရည်းစားမထားရဘူးဆိုတဲ့ သဘ်မှတ်ချက်ထားတာ ရှိလား၊ ကျွတ် ... မင်းရဲ့စကားတွေထဲမှာ တို့ကို ဆောရီးလုပ်လိုက်ဖို့ တွေဝေနေပြီဆိုတဲ့ဂိတ်ကို ပြတ်နေတယ်၊ အက်စစ်နဲ့ မိုးရေ မညီမျှလို့ကတော့ သွားမှာပဲ၊ မင်း ကိုယ့်ဘက်မှာမရှိချင်တာလား ပြောစမ်းပါ"

"သမား ရယ်"

"မင်းအတွက် တို့ စွန့်စားခဲ့တယ်၊ နောက်ထပ် ဘယ်လိုပဲစွန့်လွှတ် စွန့်စားရပါစေ၊ မင်းကို ပိုင်ဆိုင်ဖို့အတွက် ဒီကောင်က အဆင်သင့်ပဲ၊ နု ဘာလုပ်မှာလဲ၊ တို့က ဘာလုပ်ရမှာလဲ"

"လောလောဆယ် ဘာမှ ..."

"မင်း အခု ခဏဖြစ်ဖြစ် ထွက်ခဲ့"

"ဟား ... သမား က ဖွတ်ပဲကွာ"

"မင်း သိပါတယ်၊ တို့လဲသိတယ်၊ ခုနက မင်းအစ်ကို ကားနဲ့ အပြင် ထွက်သွားတယ်၊ အထဲမှာ ဘယ်သူရှိနေသေးလို့လဲ၊ ထွက်ခဲ့ကွာ၊ ဒါပဲ"

"သမား ..."

ဖုန်းကို နားကခွာလိုက်ပြီး စိတ်ပင်ပန်းစွာ ကြည့်မိသည်။ ပြီးတော့ 'ခုကွာပါပဲ'ဟု ရေရွတ်ရင်း ပြန်ချလိုက်၏။ ထိုစဉ် ဒေါ်ရီဝင်း ခြံထဲကနေ တက်လာတာကို မြင်လိုက်သောကြောင့် ဖုန်းနားက ကမန်းကတန်း ခွာ နေလိုက်ရ၏။

"လွန်းလေး ကြီးကြီးကို ဟိုဘက်ခြံက လူမမာအတွက် ဆေးဘူးလေး သွားပို့ပေးစမ်းကွယ်"





"ဟာ ကြီးကြီးကလဲ အဲဒီမှာ ခွေးတွေနှစ်ကောင်တောင်မှ"

"သြော် မနက်ဘက်ကြီး ခွေးတွေ လွှတ်ထားပါ့မလားကွယ်၊ ညနေ စောင်းမှ ဒလဝမ်နဲ့ ကျောင်းခိုင်းတဲ့ဥစ္စာ၊ ဘေးကကူးမသွားနဲ့လေ၊ ခြံရှေ့ ကပဲသွား၊ သွားပေးလိုက်ပါကွယ်၊ အဲဒီဆေးကောင်းတာတွေ ပြောပြတော့ လူမမာက သောက်ချင်လို့တဲ့"

အလွှန်း ဖျတ်ခနဲ သူ့ကိုတွေးမိသွားသည်။ အပြင်ထွက်ဖို့အကြောင်း သက်သက်ရှာစရာမရှိလို့ဘဲ၊ အဆင်ပြေသွားပြီဖြစ်၏။ ထို့ကြောင့် ...

"ပေးလေ ဘယ်မှာလဲ"

"အေး အေး ခဏစောင့်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ဆေးဘူးကို အရင်သွားပေးလိုက်ပြီး ပြန်အထွက်မှာ မျက်လုံးဝေ့မိသည်။ ဒီကနေ လမ်းကြားလေး၏ထိပ်ဝနှင့် ဟိုဘက်လမ်းမကြီးအခြမ်းကို လှမ်းမြင်ရ၏။ အလွှန် ဒီဘက်ကို ကူးဝင်သွားတာမြင်လိုက်ပုံရှိသည့် သမား က လမ်းကြားဘက်ကို ကူးလာနေပြီဖြစ်၏။

အလွှန် ကို မြင်တော့ လက်ပြပြီး ပြေးလာသည်။ သူ့နောက်မှာ ခပ်နွဲ့နွဲ့ ပြေးလိုက်လာသည့်ပုံစံကိုလှမ်းကြည့်ကာ ယောက်ျားလား၊ မိန်းမလား အလွှန်ရှုးစိုက်ခွဲခြားနေမိ၏။

"တော်သေးတယ်ကွာ၊ လာသာလာနေရတာ ဒီလမ်းဆိုတာပဲ သိတယ်၊ ဘယ်ခြံမှန်းမသိဘူး၊ အနားကပ်ကြည့်ရင်လဲ မင်းရဲ့လေးလေးထွက် မှတ်မိသွားမှာလေ"

အနားရောက်လာသည်နှင့် အမောတကောပြောသည်။ အလွှန် က တော့ သမား ပြောတာကို ဂရုမစိုက်အားသေးဘဲ နောက်ကတစ်ယောက် ကိုပဲ သဲမဲကြည့်သည်။





အနားကပ်လာတော့မှ မှတ်မိသွားကာ ...

"ဆင်ဖြူကျွန်းမှာ က နေတဲ့ နတ်ကတော်ပဲ၊ သမား နဲ့ ဘယ်လိုတွဲမိသွားတာလဲ၊ ရန်ကုန်မှာ ..."

အလွှန် မျက်မှောင်ကြုတ်မေးတော့ သမား က အပြစ်ရှိသည့်မျက်နှာနှင့် ဆံပင်တစ်ချက်ဖွပြီး ရယ်သည်။ ထို့ပြင် မျက်နှာခပ်လွှဲလွှဲဖြစ်သွားပြီးမှ ပြန်လှည့်ကြည့်၍ ...

"သူတို့ ဟိုမှာပြီးတော့ ရန်ကုန်ကို တန်းပြန်လာတာတဲ့၊ သူနဲ့ မိုးမိုး က ရန်ကုန်သားလေ"

အလွှန့် မျက်နှာမှာ သံသယတွေ တစ်ထွေးကြီးနှင့်ညိုနေ၏။ ကိုယ့်ပြဿနာကိုတောင် မေ့လျော့သွားမိတဲ့အထိပင်။

"ဘယ်လိုမျက်နှာကြီးလဲကွာ၊ လာ ဟိုအုတ်ခုံလေးနား သွားရအောင်၊ လမ်းထိပ်ကဖြစ်ဖြစ် မင်းရဲ့အိမ်ကဖြစ်ဖြစ် မြန်းခနဲ လှမ်းကြည့်လို့မမြင်ရဘူး"

သမား က အလွှန့် လက်ဖျားလေးကိုဆုပ်ကိုင်ပြီး မယ်ဇလီပင်နှင့် အုတ်ကျိုးပုံကြီးရှိနေသော ခြံတံတိုင်းကြီးတစ်ခုထောင့်က အုတ်ခုံလေးဆီ ကို သွားသည်။

မိုးမိုး ဆိုသည့် ဟိုမရောက် ဒီမရောက် ပုဂ္ဂိုလ်ကတော့ ပါလာပေမယ့် ခပ်လှမ်းလှမ်းမှာပဲ ရပ်နေခဲ့သည်။

သူလည်း မကြည်လင်တာကို ရိပ်မိပုံပေါ်ကာ မျက်နှာတော့ ကောင်းရှာပါ။

"သမား ..."

သူ ဆုပ်ကိုင်ထားသည့်လက်ကို ရုန်းပစ်လိုက်ပြီး အလွှန် က မိုးမိုး ကို လှမ်းကြည့်၏။

သမား က အလွှန့် လက်ကို ပြန်ဆွဲ၍ ဆုပ်ကိုင်ထားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တိုက်တိုက်ဆိုင်ဆိုင် ရန်ကုန်မှာ ပြန်ဆုံမိတာပါ အလွန် ရယ်၊ တမင်တကာ ချိန်းထားတာမဟုတ်ဘူး၊ တကယ်၊ ရည်းစားလေးကြောင့် တို့ရန်ကုန်ကိုကောက်ကောက်ပါလာတဲ့ကိစ္စမှာ တခြား ဘာအကြောင်းမှ အပိုမပါဘူး၊ သူတို့နဲ့ခေါ် ပြောရင်းနှီးနေတာလဲ ပျော်ရလို့ပါ၊ အလွန် ကတို့ကို ဆင်ဖြူကျွန်းမှာ ဖွဲ့တဲ့စကားမျိုးတွေနဲ့ ပြန်ဖွဲ့ချင်လို့လား"

"မဟုတ်ဘူး၊ ဒါပေမယ့် ..."

"ပြောပါ၊ ဆက်ပြော"

"စိတ်ထဲမှာ ထိုင်းမှိုင်းသွားတာပဲ၊ ဖြစ်နိုင်ခြေနှစ်ခုရှိနေတယ်လေ"

"ဘာတွေလဲ"

"ခု မဟုတ်ဘူးဆိုတာ အလွန် ယုံတယ်၊ ဒါပေမယ့် ဒီလိုရင်းနှီးသွားကြမယ်ဆိုရင် နောက် ဟုတ်လာဖို့တွေရှိတယ်"

"ကွိုင်ရှာပြီ"

"ပြီးတော့ ချက်ချင်းကြီး ပြောင်းလဲပြီး သမား က အလွန် နောက်ပါလာတာ၊ အလွန် ကလဲ ချက်ချင်းပြန်ချစ်ပစ်ခဲ့တာလေ၊ အဲဒီ 'ချက်ချင်း' ဆုံးဖြတ်ချက်တွေကို အလွန် စိုးရိမ်နေခဲ့တာ သိလား၊ ခုထိ ဘာကြောင့်မှန်းမသိဘူး၊ ဒါပေမယ့် ခု ..."

"ခု သိပြီလို့ ပြောချင်တာလား၊ ဆက်ပြောကွာ"

ပြုံးနေသည့် သမား မျက်နှာ သုန်မှုန်ခြင်းတွေ စတင်လာ၏။ ဒါ မဟုတ် စိတ်မရှည်တတ်တာလား၊ လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်၊ တစ်ဖက်ထုတ်ပြီး ဆံပင်တွေ ဆွဖွလိုက်၊ အလွန် က ဂရုမစိုက်ပါ။

"သမား ကို လူတွေ ဒီကိစ္စနဲ့ ကဲ့ရဲ့စွပ်စွဲနေကြလို့ 'ငါယောကျ်ား' ဆိုတဲ့ သက်သေတစ်ရပ်ထူဖို့အတွက် အလွန့် ကို မရမက ရည်းစားလုလိုက်တာလား"





"ဟာ တော်ပြီ တော်ပြီ အလွန်၊ အဲဒါ မင်း မတည့်အောင်ပြောတာ၊ ဘာမှမဆိုင်ပါဘူးလို့ ဒီလောက်ရှင်းပြနေတာကိုကွာ ...၊ လုံးဝ အဓိပ္ပာယ်မရှိဘူး၊ ဒီမှာ ပြောမလို့ စုဆောင်းထားတဲ့ စကားတွေတောင် ဘယ်ရောက်ကုန်မှန်းမသိတော့ဘူး"

"မသိလဲ မပြောနဲ့တော့၊ အလွန် ရင်ဆိုင်နေတာတွေ အားလုံးကလဲ ရည်းစားထားမှုကြောင့်ချည်းပဲ၊ ကိုယ် ဒီလောက် စိတ်ရော ကိုယ်ရော ဆင်းရဲခံပြီး ရှင့်ကိုချစ်ကြိုက်နေရတာ၊ ရှင်က အသုံးချတာသက်သက်နဲ့ဆိုရင် ..."

"အလွန် နော် မင်း ..."

သမားက မလိမ္မာခဲ့သော သူ့ရာဇဝင်အတိုင်း သည်းမခံတတ်ခြင်းကခေါင်းပြု၏။

အလွန့် လက်ဖဝါးလေးကို ခပ်ဆတ်ဆတ်ခါပစ်လိုက်ပြီးမှ တင်းတင်းစေ့သွားခဲ့သည့်နှုတ်ခမ်းတို့ကို ပြန်လျှော့ချသည်။

"မဟုတ်တာတွေ ဘာလို့လျှောက်တွေးနေတာလဲ၊ တို့အတွက်မှာ တစ်သက်လုံးလွတ်လပ်သလိုနေတယ်၊ လုပ်ချင်တာလုပ်တယ်၊ အဲဒီ လမ်းကြောင်းမှာ အဖေ အမေ ဆူမှာလဲ မကြောက်ခဲ့ဘူး၊ ဘယ်သူတွေ ဘယ်လိုဝေဖန်မယ်ဆိုတဲ့ စိုးရိမ်ကြောင့်ကြလဲ မရှိခဲ့ဖူးဘူး၊ မင်း ပြောသလို လူတွေယုံအောင် ရည်းစားထားပြဖို့က အဝေးကြီးပဲ"

လေသံတွေ မာသွားတာကို ပင့်သက်နှင့်အတူ ဖြေလွှတ်လိုက်ပြီ။

"မင်း သိရဲ့သားနဲ့ အလွန် ရယ်၊ ရည်းစားထားဖို့အတွက်နဲ့ မင်းနောက်ကို ဒီထိလိုက်လာစရာရော လိုလို့လား၊ မိန်းမ ဒီလောက်ခေါင်း မရှားဘူးဆိုရင် တို့ ပြောတာ အပိုမပါဘူးဆိုတာ မင်း နားလည်မှာပါ၊ ဒီလောက်ထိချစ်နေတဲ့ကောင်ကို စော်ကားရက်လိုက်တာ"

"မသိဘူး ဖယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ရှင်းပြတာကို လက်ခံမိပေမယ့် ကိုယ့်အပေါ် ဒေါသကြီးပြလိုက်တဲ့အတွက် အလွန် ရင်ခံသွားသည်။

လက်ကို ဆောင့်ခါပစ်လိုက်ကာ မျက်နှာလေးကိုတင်းပြီးမှမော့၍—

"စော်ကားတယ်ဝဲ ထားလိုက်တော့၊ သမား ကိုယ့်အမှန်တရားနဲ့ ကိုယ် နေလေ၊ အလွန် က ကျိုင်ရှုရတာ ဝါသနာပါတယ်၊ ရှေ့ဆက် မတည့်ကြဖို့ပဲရှိတယ်"

"ဘာ ... ဘယ်လို"

"အို... လွှတ်စမ်းပါ၊ တစ်ယောက်ယောက်မြင်သွားလိမ့်မယ်"

သမား က အံ့ဩ၍ ဒေါသဖြစ်ချင်လာသည့်မျက်နှာနှင့် အလွန် ကလည်း ခွင့်မလွှတ်မိအောင် သူ့မျက်လုံးများနဲ့မဆုံဖို့ တစ်ဖက်လှည့်ထားရင်း ရုန်း၏။

"အလွန် မင်း ... မင်း မဟုတ်သေးဘူး၊ ချက်ချင်းကြီး ဘာဖြစ်သွားတာလဲ၊ ဘာမှမဟုတ်တဲ့ကိစ္စကို ပုံကြီးချဲ့ပြီးတော့ ... တောက် ..."

"ရှင် တက်မခေါက်ပါနဲ့"

ချစ်သူနဲ့ ကြည်နူးကြရဖို့မှာ အဖြစ်တို့က ပြောင်းပြန်ဖြစ်ကုန်၏။

"ဟဲ့ ဟဲ့ ဖိုးခွားလေး ဟိုမှာ ကားတစ်စီးလာနေတယ်၊ ဘယ်ကကားလဲ"

ရုန်းရင်းဆန်ခတ်ဖြစ်နေတုန်းမှာ သမား နောက်ကို ဖျတ်ခနဲလှည့်ကြည့်ပြီး အာရုံပြောင်းသွားစဉ် အလွန် က ရုန်းထွက်သွားခဲ့၏။

"အလွန် ..."

သမား ပြေးလိုက်မိသေးသည်။ ဒါပေမယ့် တုံ့ခနဲပြန်ရပ်၏။

"မင်းကွာ ..."

နောက်ကလာပြီး ဘေးကကပ်ဖြတ်မောင်းသွားတာ ဘယ်သူ့ကားလဲ၊ ကားထဲမှာ ဘယ်သူလဲ၊ ဘာမှ သူ မသိတော့ပေ။





ခြေထောက်အောက်မှာ၊ ရှေ့မှာ ဘာမှမရှိဘဲ ဒေါသဖြစ်ဖြစ်နှင့် ရှုပ်တိုက်လှဲကန်နေမိသည်။

သက်သက် အဓိပ္ပာယ်မရှိ စိုးစွက်ထွန်းရှာသွားတာ၊ မရဘူး အလွန်ခါချပစ်ခဲ့တိုင်း ပြုတ်ကျကျန်ခဲ့ရအောင် မင်း ချွေးသုတ်တဲ့တစ်သျှူးတစ်စ မဟုတ်တာ၊ ပြန်ဆုံနိုင်မယ့် အခွင့်အရေးက ငါ့လက်ထဲမှာ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"မင်းကလဲ မင်းပဲ"

"ဘာ မင်းကလဲ မင်းပဲလဲ"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့ မိုးမိုးတွေ၊ စိုးစိုးတွေနဲ့ သွားရတာလဲ၊ တိုက်ဆိုင်တာကလဲ နတ်ကတော်တွေနဲ့မှ ..."

အဝေးပြေးကွင်းထဲမှာ ညဘက်မြင်ကွင်းက သိပ်မလှပါ။ ဒါပေမယ့် မျက်လုံးက ရှေ့တူရူမှာပဲရပ်တန့်ကာ အာရုံတွေကတော့ ရောက်ချင်ရာ ရောက်နေသည်။

ည လှတာ၊ မလှတာ မျက်လုံးထဲမှာမရှိဘဲ ဝင်းနုလှပသည့် မျက်နှာလေးတစ်ခုသာ မင်းမူနေခဲ့သည်။ ချစ်မိလာပြီဆိုမှ အချစ်အတွက် လေးနက်ချင်တာတွေ၊ ပီပြင်ချင်တာတွေ ကိုယ့်မှာဖြစ်လာခဲ့သည်။

အဲလွန် မျက်နှာလေးထက်မှာ သူ့အတွက် လေးနက်သောချစ်ခြင်း ရှိမနေဘူးလား၊ တားပေါ်မှာ ဖွတ်လိုက်၊ ဖွတ်ကပ်ကာ တောင်းလို့ရခဲ့တဲ့





ချစ်တယ်ဆိုသည့်အဖြေစကားဟာ ပြီးစလွယ်ခေါင်းညိတ်ခဲ့ခြင်းလား၊ အပြီးသတ်နှုတ်ဆက်ခြင်းလား။

"ကျွတ်"

ဆံမြင်တွေ ဖွပစ်ကာ ဒရိုင်းဘတ်ဒ်ပေါ်ကနေ ထရပ်လိုက်မိသည်။ စီးကရက်ဘူးကိုင်၍ထွက်လာသည့် ကိုထွန်း က သူဖြစ်နေတာကို လိုက်မော့ကြည့်၍ ...

"ပြန်ထိုင်စမ်းပါကွာ၊ ဂနာမငြိမ်ဘူး၊ မိန်းမခိုးကာနီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတာ ကျနေတာပဲ၊ ရည်းစားစိတ်ကောက်တာ ပြန်လမ်းမရှိတဲ့အရပ်ကို သွားတာမှမဟုတ်တာ"

"သိပ်မှမထူးတာ၊ ချောဖို့ ရှင်းဖို့ဆိုတာ သူနဲ့တွေ့မှဖြစ်တာ၊ ဘယ်လိုစောင့်ဖမ်းလို့မှကိုမရဘူး။ ချိန်းပါလား၊ ခိုးပါလား ဆိုတာလဲ သူကိုယ်တိုင် စွန့်စားမှ၊ ကျွန်တော့်ရှေ့ရောက်မှ၊ သူ့ပုံစံက ကျွန်တော့်လော်ကမဖြစ်တာ သေချာတယ်၊ ဒီမှာ ရေရေလည်လည် ဟုတ်ထိနေတာ"

"အဲဒီတော့လဲ မထိသလို ကိုယ်လဲနေပေါ့ကွာ၊ မင်းကို ငါက လူတွေပြောတာကိုမခံချင်လို့ ရည်းစားကောက်ထားပစ်လိုက်တယ် မှတ်တာ၊ ဖြစ်နေလိုက်တာ တကယ်ပဲ"

"ဘာ ... ဘာပြောတယ်"

သမား အနားပေါ် တုတ်ကျသလို အော်သံကြီးထွက်လာ၏။ ဟိုဘက်ကွမ်းယာဆိုင်လေးထဲကလူတွေ လှမ်းကြည့်ကြ၏။

"ဟိုတစ်ယောက်ကလဲ ကျွန်တော့်ကို ရမယ်ရှာသွားတာ အဲဒီပြဿနာပဲ၊ နေပါဦး၊ ကျွန်တော့်ပုံစံက တော်တော့်ကို အခြောက်ရုပ် ပေါက်နေသလား၊ သေချာကြည့်"

မျက်နှာကို တကယ်ကပ်ပြပြီး ရှေ့မှာ ခါးထောက်တော့ ကိုထွန်း က ရယ်သည်။ ဂိတ်မှူး ဦးကျော်မောင် က ကားပါကင်မှာ ဖြည်းသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေရာကနေ လှည့်ကြည့်၏။ ပြီးတော့ ဂိတ်ထဲကိုဝင်လာကာ...

"ဘာတွေဖြစ်နေတာလဲ ဖိုးခွား"

"အဲဒီနာမည်ကိုလဲ စွန့်လွှတ်လိုက်တော့၊ တစ်ခါကြားရတိုင်း ကိုယ့်ကိုယ်ကို ပုခက်ထဲ ပြန်ပြန်ရောက်သွားသလိုပဲ၊ နုစေ ငယ်စေချင်တော့လဲ သူတို့ပဲ၊ နုနွဲ့နေတော့ အခြောက် တဲ့၊ မကြိုက်ဘူး မခေါ်နဲ့ ပြောတော့ ခံပြောတယ်၊ ခံဆိုတယ် ဖြစ်ပြန်ရော၊ ဒီပြဿနာတွေ စခဲ့တာကိုက အဲဒါတွေကြောင့် ..."

သမား တကယ်ဒေါပွနေပြီမှန်းသိတော့ ကိုထွန်း မရယ်ရဲတော့ပေ။ ဦးကျော်မောင် ကို 'ဘယ်လိုလုပ်မလဲ' ဆိုသည့် မျက်လုံးနှင့် လှမ်းကြည့်၏။ ပြီးမှ ပြန်လှည့်၍ ...

"ဘယ်သူလဲ ဖိုး ... အဲ ... သမားရဲ့၊ သူတို့ဆိုတာ ငါတို့လား"

"မဟုတ်ဘူး ဖေဖေတို့ မမတို့ကိုပြောတာ၊ ကိုထွန်းတို့လဲ နောက်ကို သမား လို့ပဲ ခေါ်ဗျာ"

"အေးပါ ဟုတ်ပါပြီ၊ မင်းကောင်မလေးနဲ့ ခု ငြိခဲ့တဲ့ပြဿနာက မိုးမိုးနဲ့ တွဲသွားတာကို မကြိုက်လို့ဖြစ်တာ မဟုတ်ဘူးလား"

သမား တော်တော်နှင့်မဖြေ။ ဂိတ်မှူးစားပွဲရှေ့မှာ ဆောင့်ခနဲထိုင်ချလိုက်ပြီးမှ အလွန် စွပ်စွဲတဲ့အကြောင်းတွေကို ပြောပြ၏။ နားထောင်လိုက်မိကာမှ အလွန် ပြောသည့်စကားတိုင်း သူ ပြောလိုက်တာကို သိကာ ကိုထွန်း စိတ်မကောင်းဖြစ်သွားခဲ့သည်။

"ဆောရီးကွာ၊ ငါ တကယ် နောက်လိုက်တာပါ၊ အဲဒါလဲ မင်းကိုချစ်လို့ အမှတ်တမဲ့ဖြစ်သွားတာ၊ ဘာဖြစ်လဲ၊ ကိုယ် တကယ်ချစ်နေတာကို ကိုယ်သိတယ်၊ သူလဲ နောက်တော့ အမြင်ရှင်းသွားမှာပါ"

"နောက်ဆိုတာ ထပ်ရှိသေးရင် ဟုတ်တာပေါ့၊ ခုပဲ ဖေဖေက ခေါ်လိုက်၊ မမက ဖုန်းဆက်လိုက်၊ သူကလဲ ထွက်မလာဘူး၊ ကျွန်တော်





လဲ ပြန်ရတော့မှာ၊ ဘာမှလုပ်လို့မရတော့ဘူး၊ တောက် ... သူ့ဘက်က လေးနက်မှုမရှိတာတွေပဲ၊ တကယ်ပဲ ကျွန်တော့်ကိုယ်ကျွန်တော် အဲဒီလို တစ်ဖက်သတ်ကြိုးပေးဆပ်ရလိမ့်မယ်လို့ လုံးဝ မထင်ခဲ့ဘူး"

"မဟုတ်သေးပါဘူးကွာ၊ မိန်းကလေးဘက်က ဒီလိုတော့ရှိတတ်ပါတယ်၊ မင်းတို့ပဲ ခုကြည့်လေ၊ ဘာဖြစ်ဖြစ် မင်းက ယောကျ်ားလေး၊ မရမက လိုက်မယ်၊ လိုချင်ရင် ရအောင်ယူမယ်၊ မိဘက တားနေလဲ လှမ်းတဲ့ခြေထောက်ကို ပြန်မရုပ်ဘူး၊ မိန်းကလေးကျတော့ အကျဉ်းအကျပ်ရင်ဆိုင်ရတာတွေ များမှာပေါ့၊ ရည်းစားသက်တမ်းနည်းနည်းလေးမှာ ကိုယ့်ကိုယ်ကို ရည်းစားထားခဲ့တယ်ဆိုတာတောင် မှတ်မှတ်ရရ ရှိချင်မှရှိမှာလေ"

လာပြန်ပြီ ဒေါသပြေဖို့ ဖြေဆေးထိုးမှပဲ၊ သမား မျက်လုံးတွေ စူးခနဲဖြစ်သွားကာ ...

"ဘာလို့ မှတ်မှတ်ရရ မရှိရမှာလဲ၊ ရည်းစားသက်တမ်းဆိုတာရော ဘာနဲ့တိုင်းတာထားလို့ရသလဲ၊ ဘာမှ ဖြစ်ရာမရှိဘဲ ဒီရင်ဘတ်ထဲ ဝင်နေတဲ့ သယံဇာတတွေလေ အဆိပ်တွေဆိုရင်တောင်မှ သူ တစ်ခွက် ကိုယ် တစ်ခွက်ကိုင်ပြီး မျက်နှာချင်းဆိုင်သောက်ခဲ့ကြတာ၊ သေရင် အတူတူ သေရမှာပဲ"

လူငယ်ပီသစွာ ဖွတ်တိုးပြောနေသည့်သမားကို ကိုထွန်း က ပြုံးကြည့်နေပြီး ပခုံးကို ဆုပ်ဖျစ်လိုက်၏။ သမား က ဖယ်ချပစ်သည်။

"သူ့ကြောင့် ကျွန်တော် တမ်းတမ်းစွဲ ရူးသွပ်နေရတာ၊ သူတစ်ဝက် လောက်တော့ ဖြစ်သင့်တာပေါ့၊ ဟိုကအဖြစ်တွေကို ဖုံးဖိချင်လို့ သူ့ကို ရည်းစားလုပ်တယ်ဆိုတာလဲ အပြစ်ရှာတာလို့ပဲ ကျွန်တော် ထင်တယ်၊ အချစ်ဆိုတာ နောက်ကျောမှာရှိတာမဟုတ်ဘူး၊ မျက်လုံးထဲမှာ နောက်ကို ပြန်ကြည့်ပြီး အပြစ်တင်စွပ်စွဲတာ ဘာအဓိပ္ပာယ်ရှိလို့လဲ၊ လုံးဝကိုတင်းတယ် တကာယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးခွားရေ ဖုန်းမြည်နေတယ်၊ မင်းအိတ်ထဲက"

နောက်ဖေးက ဒရိုင်ဘာ လှမ်းအော်မှ ဒေါသတွေ၊ တင်းတာတွေ တစ်ခန်းရပ်သွားခဲ့သည်။ ကိုထွန်းကပဲ သွားယူလာကာ၊ သူ့လက်ထဲ ထည့်၏။

သမား က ယူကြည့်တော့ လိုက်ငုံ့ကြည့်၍ ...

"ဘယ်ကလဲ၊ မင်းအဖေလား"

"မဟုတ်ဘူး"

ခေါင်းခါပြီး ဖွင့်နားထောင်လိုက်၏။

"ဟဲလို ..."

"မားလေးရေ တို့ပါ"

"ဩော် ... မိုးမိုး ပြော"

"တို့ အဝေးပြေးကွင်းထဲရောက်နေပြီ၊ မာမီတို့လဲပါတယ် သိလား၊ ဒီညနေ တို့အဖွဲ့ ဆုံမိကြတာလေ၊ အခု မားလေးဆီကို လာကြတာ"

"လာလေ၊ ဂိတ်မှာ ကျွန်တော် ရှိတယ်"

"အမယ်လေး မလာရဲပါဘူး၊ နေ့လယ်က တို့ ဖုန်းဆက်တာတောင်မှ အဲဒီက ဘယ်ပုဂ္ဂိုလ်လဲမသိဘူး မရှိဘူးဆိုပြီး အော်လိုက်တာ ကြောက်စရာကြီး၊ မားလေးပဲ ထွက်ခဲ့ပါ၊ ကွင်းတံခါးနားက စားသောက်ဆိုင်မှာ စောင့်နေကြတယ်"

သမား က ကိုထွန်း ရပ်နေတာကို တစ်ချက်ငဲ့ကြည့်ပြီးမှ ...

"အုပ်စုလိုက်ကြီး ဘာအရေးကြီးတာရှိလို့လဲ၊ ကျွန်တော် ဒီမှာ လောင်နေတာ"

"သိတယ်လေ၊ အဲဒါကိုငြိမ်းဖို့ တို့တွေက ကူညီမှာ"

"ဘာ ..."

"ဒီပြဿနာ တို့တွေနဲ့သက်ဆိုင်နေတယ်လေဟာယ်၊ ဒါကိုကြည့်နေလို့





ဖြစ်မလား၊ ကဲပါ ထွက်လာခဲ့၊ မားလေး မြေလှမ်းတစ်ရာလောက် ထွက်လိုက်တာနဲ့ တို့ကို လှမ်းမြင်ရမှာ၊ လာခဲ့နော်၊ လုံးဝ အကျိုးရှိမယ်ဆိုတာ အာမခံတယ်"

ဖုန်းကိုင်လျက်နှင့် သမား အပြင်ထွက်လိုက်သည်။

"ဘယ်လဲ ဖိုးခွား၊ အဲ... သမား၊ မင်း အဲဒါတွေကြောင့် ညစ်နေရတာနော်"

ကိုထွန်းက အမုန်းခံပြီးတော့ပဲ လှမ်းတားရှာသေးသည်။ သမား က လမ်းပေါ် ရောက်မှ ခေါင်းတစ်ချက်ညိတ်ပြပြီး နှုတ်ဆက်၏။

တစ်ခါတစ်ခါမှာ အဆိပ်က ဆေးဖြစ်တတ်တာပဲ၊ မြေလှမ်းများက မိုက်ရူးရဲဆန်နေဆဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ဒဂုံစင်တာမှာ တစ်ရုံလုံးလျှောက်ပတ်နေသမျှ နောက်ကနေ တကောက်ကောက်လိုက်နေတာကို အလွန် မြင်နေရသည်။ ကြီးကြီးကတော့ ဘာမှဂရုစိုက်မိပုံ မပေါ်ပါ။

အလွန် ဝယ်ခြမ်းသမျှ စိတ်ရှည်လက်ရှည် လိုက်ပေးနေသည်။ သူလိုချင်တာတွေ့လျှင်လည်း ဝယ်သည်။

"ဒါ ဘာလေးလဲ လွန်လေး"

"အဲဒါ ခါးပတ်လေ"

"ဆွဲကြိုးမဟုတ်ဘူးလား၊ ဒီလောက်လှတာ"

ဟိုကိုင်ကြည့် ဒီကိုင်ကြည့်နှင့် အံ့သြစရာရှိလျှင် ပါးစပ်အဟောင်းသားနှင့် ခေါင်းတညိတ်ညိတ်ဖြစ်ကျန်ခဲ့တာလည်းရှိ၏။

"ခေတ်ကိုက ငွေကုန်ပေါက်တွေ အများကြီးဖြစ်နေတာကိုး"

ဟု ရေရွတ်နေတာတွေလည်းရှိသေးသည်။

"ဆင်းရဲတဲ့မိန်းကလေးတွေ အဲဒါကြောင့်ပျက်စီးတတ်ကြတာပဲ၊ လှ





ချင်ပချင်တဲ့အရွယ်မှာ ကိုယ့်ဘဝအခြေအနေကိုသိပြီး ထိန်းသိမ်းနိုင်ဖို့ လိုတယ်၊ ဒီလိုမှမဟုတ်ဘဲ မထိန်းသိမ်းနိုင် မရှောင်ရှဲနိုင်ရင်တော့ သွားမှာပဲ၊ ကြောက်စရာကြီးကွယ်"

သူမက နောက်ကနေ တရားတပေါင်ရှုထောင့်နှင့် ခြေလှမ်းနှေးကျန်ခဲ့တုန်း အလွန် က ရှေ့ကိုရောက်နေတာလည်းရှိသည်။ ထိုအခါ သမားခြေလှမ်းကျဲတာ အလွန့် ဘေးကိုရောက်လာ၏။

"လွန်းလေးရေ ကြီးကြီးကိုစောင့်ဦး"

ဟု လှမ်းခေါ်ပြီး ကြီးကြီး ခြေလှမ်းသွက်လိုက်တော့ မသိမသာ ရှက်သွားကျန်ခဲ့ပြန်သည်။ ကိုကြီးကိုမှဆာပြီး အပြင်ထွက်ခွင့်ရဖို့ကြိုးစားတုန်းကတော့ သူ့ကိုတွေ့ချင်တာလည်းပါသည်။

အိမ်နားမှာ သူ အမြဲရှိနေသည်ဆိုတာကိုလည်း မယုံချင်။ မမြင်တော့လည်း ပြန်များသွားပြီလားဟုတွေးမိပြီး စိတ်မကောင်းသလိုလို။ ဒါပေမယ့် ...

လူကိုရှေ့ထားပြီး ဒေါသပုန်ထ တက်ခေါက်နှင့် ပေါက်ကွဲပြနေသည့် သူ့ကို အလွန် မကျေနပ်ပါ။ ဒီလိုထင်ကြတယ်၊ ဒါ မကြိုက်ဘူးဆို ဆင်ခြင်ခဲ့ယ်၊ မဆင်ခြင်ဘူး ဒါပဲ မဟုတ်ဘူးလား။

လူကို ကိုင်ပေါက်ရိုက်နှက်ချင်လျက်နှင့် မနည်းကြီးထိန်းချုပ်နေရသလိုလို လုပ်ပြတာ အချစ်တွေလား။ လွမ်းလို့သေမယ်ဆိုလည်း သေလိုက်တော့ ...။

"အမယ်လေး"

လက်ကိုဆောင့်ဆွဲခံလိုက်ရသဖြင့် စိတ်နဲ့လူမကပ်ချိန်မို့ အလွန် လန့်သွားမိသည်။

"သမား ... သမား ဘာလုပ်တာလဲ လွှတ်လေ၊ ဟိုမှာ ကြီးကြီး မြင်သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သမား က လုံးဝ မရုမစိုက်ဘဲ အလွန် လက်ကိုဆွဲကာ ကားပါကင် ဘက်ကို ပြေးဝင်လိုက်၏။

"ဖယ်လို့ဆို"

ကွယ်ရပ်လေးရောက်သည်နှင့် အလွန် က ခြေစုံရပ်ပစ်ကာ လက်ကို ရုန်းပစ်လိုက်၏။ မရပါ။ သမား က အလွန် ပခုံးလေးနှစ်ဖက်ကို ဖျတ်ခနဲ ဖိဆုပ်ပစ်ကာ ...

"တို့က ဘယ်လိုနေရမှာလဲ အလွန်၊ ရည်းစားတစ်ခုလပ်လား။ ရည်းစားနဲ့လား၊ တို့ကို စိတ်ကောက်နေတာလား။ မေ့လိုက်တာလား"

"ဘာဖြစ်ဖြစ် မသိဘူး သွား"

"မရဘူး၊ မသွားရဘူး"

"သမား နော် အဲဒီလို ဖွတ်မလုပ်နဲ့"

အလွန် က ရုန်းသည်။ သမား က အတင်းဆွဲထား၏။ မရမကကြီး ဖြစ်လာတော့ သမား က အလွန့်တစ်ကိုယ်လုံးကို ဆွဲဖက်ပစ်လိုက်သည်။

"အို... ဘာလုပ်တာလဲ၊ လွှတ် လွှတ်"

"မလွှတ်နိုင်ဘူး၊ မင်းနဲ့တို့ ချစ်သူတွေမဟုတ်လား၊ အထင်မှား အမြင်မှားဖြစ်ကြရင် ရှင်းခွင့်ရှိရမယ်၊ ပြောသင့်ရင်ပြောရမယ်၊ တို့ အခု ပြန်ရတော့မယ် သိလား။ ဒီလိုပုံစံနဲ့တော့ လုံးဝမပြန်ဘူး၊ မင်း ဘာဖြစ်နေတာလဲ ပြော"

"ဖြစ်နေတာ အဲဒါပဲ၊ နှင့်ရင်ဘတ်ထဲမှာ အချစ်ထက် ဒေါသက အင်အားကြီးနေတာ၊ ကိုယ့်အခွင့်အရေးနဲ့ကိုယ် ကိုယ်ထင်ရာကိုယ်လုပ် နေလိုက်၊ နင်နဲ့ငါ ဘာမှမသက်ဆိုင်ခဲ့ဘူးလို့ မှတ်လိုက်ရင် ပြီးပြီ"

"ဘာ ... ဘာပြောတယ်၊ မင်း အဲဒီလို တကယ်ထားလိုက်တာလား"

"ဟုတ်တယ်"

"အပြစ်က ဘာလဲ၊ ဘာကြောင့်လဲ၊ ဒေါသကြောင့်ဆိုတာ အဓိပ္ပာယ်





ရှိဘူး။ လူတိုင်းမှာ ဒေါသဆိုတာ ရှိတယ်၊ မင်းမုန်နေတာကို တစ်ယောက် က မဟုတ်ကဟုတ်က တပ်အပ်ကြီးစွပ်စွဲရင် ခံနိုင်မလား"

"မသိဘူး မသိဘူး။ ဖယ်ပေးနော်၊ အော်လိုက်မှာ သိလား။ လုံခြုံရေး တွေလက်ထဲမှာ ကားခနဲ့ပါသွားမယ်"

"ဟား ... လုပ်လိုက်စမ်းပါ၊ လုံခြုံရေးမဟုတ်ဘူး တစ်ခါတည်း ကြိုး ဝင်တက်ရလဲ ဂရုမစိုက်ဘူး၊ ဒီမှာ အလွန် ... မင်းကို တို့ပေးခဲ့ဘာ မနည်း ခနော၊ အဲဒီလွှောက်ပြန်မရဘဲ ဘယ်တော့မှ တပ်ခေါက်ပြန်မှာမဟုတ်ဘူး နားလည်လား၊ မင်းနဲ့ကျမှ တို့ ချစ်တတ်ခဲ့တာ၊ လူကို ရူးအောင်လုပ်ပြီး ခင်းက အောင်ပွဲခံတာမျိုး လုပ်ချင်တာ"

အလွန် ထုနက်ရုန်းဖယ်နေတာတွေ ရပ်တန့်သွား၏။ လက်မောင်း ဖိဆုပ်ထားသည့် သူ့လက်ပေါ် ကနေ ထပ်အုပ်ကိုင်ရင်း မျက်လုံးချင်း ငြသွားမိသည်။

"မင်းကို သိပ်ချစ်တယ်"

ချစ်တဲ့စကားကို အံကြိတ်ထားရင်း ပြောပုံက နူးညံ့မှုတွေ ပျောက်ဆုံး နေ၏။

"နှလုံးသားဒဏ်ရာဆိုတာ ထိခိုက်ရုနာတာမျိုး၊ ဘယ်လောက် ပြင်း ထန်နက်ရှိုင်းတယ်ဆိုတာ မရှိဘူး အလွန်၊ စုစည်းသိမ်းဆည်းခဲ့တဲ့ ခံစား ချက်တွေနဲ့ပဲ ဆိုင်တယ်၊ အချိုးအဆမရှိပေမယ့်လဲ သိပ်သည်းမှုတွေ အများကြီးရှိတယ်"

အလွန် မျက်နှာလွှဲကာ သူ့လက်တွေ ပြုတ်ကျသွားအောင် တွန်းချ သည်။ သမား က ပိုတင်းအောင်ဖိဆုပ်ပစ်လိုက်ပြီး ...

"ပြောသွားလိုက်ပါ။ နင့်ကို ငါ လုံးဝမချစ်ခဲ့ဘူးလို့၊ တမင်ညာပြော တာလို့"

"ဘာဖြစ်လို့ပြောရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ခနဲပြောလိုက်မိ၏။ သူ့နှုတ်ခမ်းမှာ ပြုံးရိပ်ထင်မှ အလွန် မျက်နှာလေးနီသွားသည်။ သူ့လက်တွေလည်း ပြေသွားခဲ့ပြီး လက်နှစ်ဖက်ကို ဖောင်းဘီအိတ်ထဲ သေချာထည့်၏။

"ရပြီ အလွန်၊ သွားတော့"

ကိုယ့်စကားနဲ့ကိုယ် မျက်နှာပူကာ အလွန် ချက်ချင်းလှည့်ထွက်လာခဲ့သည်။

"အလွန်"

သူ့ခေါ်တော့ မရပ်တန့်မိပေမယ့် ခြေလှမ်းတွေက သိသာစွာ အရှိန်လျော့ကျသွား၏။

"ခင်ဗျာ"

သူ လိုက်လာပြန်ပြီထင်ကာ နောက်ကို ပြန်လှည့်ကြည့်လိုက်မိသည်။ သမား က ထိုနေရာမှာပဲရပ်နေလျက် ...

"တို့ မပြန်သေးဘူး"





အခန်း (၁၆)

၁.

"မောင်လေးရော ဟင်"

ပန်းက ဆလင်းဘာက်ဒ်နှင့် လက်ဆွဲအိတ်လေးကိုပင်မချနိုင်၊ ပန်းတော်ဝင်က ဂိတ်ရုံးထဲ လှမ်းဝင်မိတာနှင့် သမား ကို မေးသည်။

ဂိတ်မှူးတွေရော တာဝန်ခံတွေပါ မျက်စိမျက်နှာပျက်ကုန်ကြ၏။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး ပြိုင်တူ မော့ကြည့်ကြ၏။

"ပြောလေ၊ မောင်လေး ဘယ်မှာလဲလို့"

"သူ မနက်ကတည်းကထွက်သွားတာ ခုထိ လုံးဝ ပြန်မလာဘူး"

"ဟင် ..."

ပန်းတော်ဝင် စိတ်ဆင်းရဲသွားလေသည်။ ဒီရက်ပိုင်းမှာ ဘာတွေဖြစ်နေမှန်းမသိ။ ဒရိုင်ဘာတွေက ပြဿနာရှာ၊ ဖေဖေက မနေနိုင်အောင်သည်း၊ သမား တို့က ကဲလို့ကောင်းတုန်း။

"ထိုင်ပါဦး သမီးရဲ့၊ လူငယ်ဆိုတာ လည်တာပတ်တာရှိမှာပေါ့၊ ဖုန်းဆက်လိုက်လဲရတာပဲဟာ"

ဦးကျော်မောင်က လေပြည်ထိုးကြည့်၏။ ပန်းတော်ဝင် မျက်မှောင်



www.burmeseclassic.com

www.burmeseclassic.com



ကြွတ်နေတာမပြောဘဲ ခုံတန်းလေးမှာ ဆတ်ခနဲထိုင်ချလိုက်ကာ ဖုန်း
ထုတ်သည်။

"တောက်... ဝင်နေတာကို မကိုင်ဘူး"

ဟု ခပ်ကြိတ်ကြိတ်ပြောသံထွက်လာတော့ ကိုထွန်းက ဦးကျော်
မောင်ကို မသိမသာလှမ်းကြည့်သည်။ ပြီးတော့ ...

'ဝင်နေတာ တော်သေးတာပေါ့'ဟု စိတ်ထဲက ပြောနေခဲ့၏။ ထမင်း
စားချိန်ကတည်းက သူတို့ခေါ်နေတာ သမား ကိုင်မှမကိုင်ဘဲ။ ညနေပိုင်း
ကျတော့ ဖုန်းတောင်ပိတ်ထားလိုက်သေးသည်။ သူတို့ တွေးနေတုန်း—

"မောင်လေးလား"

"......"

"ဟုတ်တယ်၊ မမ အခု ဂိတ်ထဲရောက်နေပြီ"

"......"

"ဟုတ်တယ်လေ၊ မင်းနောက်လိုက်လာတာပေါ့၊ ဖေဖေ ပြန်ခေါ်နေ
တာ လေးရက်ရှိပြီ၊ မင်း ဘယ်လိုလုပ်နေတာလဲ မောင်လေးရယ်၊ အခု
ဘယ်ရောက်နေသလဲ၊ ပြန်လာခဲ့၊ ပြောစရာတွေရှိတယ်"

"......"

"အို... မပြန်ချင်လို့ဖြစ်မလား၊ နတ်မောက်တစ်လိုင်းဆွဲနေတဲ့ကားမှာ
ဒရိုင်ဘာ စည်းကမ်းမရှိလို့ အခု ပြဿနာတက်နေတယ်၊ အရေးအကြောင်း
ရှိလို့ သွားလာဖြေရှင်းတော့မယ်ဆို ဖေဖေ့မှာ တစ်ယောက်တည်း၊ သား
ယောက်ျားလေးရှိလို့ ဘာမှအားမကိုးရဘူး"

"......"

"မမက မိန်းကလေးလေ၊ ယောက်ျားလေးလို နေရာတကာ သင့်
တော်မလား၊ ဒရိုင်ဘာက အရက်တွေသောက်ထားပြီး လူတက်ကြိတ်





ဘာတဲ့၊ အင်း... ဟုတ်တယ်၊ သူကတော့ သူနဲ့မဆိုင်ဘူးပြောနေတာပဲ၊
ဒါပေမယ့် သူ့ကိုယ်မှာ အရက်ရေချိုးထားသလို နံစော်နေတဲ့ဥစ္စာ၊ ဘာမှ
သဲ အတိအကျမရှိဘူး၊ ဘယ်လိုငြင်းမလဲ၊ အဲဒီကိစ္စကြောင့် ဖေဖေလဲ
ရန်ကုန်ကိုလာရမှာပဲ၊ ဖေဖေ လာရင် မင်း ပိုဆိုးလိမ့်မယ် မောင်လေးရယ်၊
အခု ပြန်ခဲ့ပါ၊ မမတို့ တိုင်ပင်ရအောင်လေ"

"......"

"ဘာ... တစ်လ ဟုတ်လား၊ အို... မဖြစ်ဘူး မောင်လေး၊ မိုးခွား ...
မောင်လေး... ဟာလို"

ပြောနေတာကို နားလည်းစွင့် ကြည့်လည်းကြည့်နေပြီးမှ ပန်းတော်ဝင်
နှန်းချလိုက်တော့ ဦးကျော်မောင်တို့ ကပျာကယာ မျက်နှာလွှဲကြ၏။

ပန်းတော်ဝင်က မရမ... ပြန်ခေါ်ဖို့ စိတ်ကူးနှင့် ဖုန်းပြန်ဖွင့်သ...

"တောက် ..." ...င် မသိ

ဆယ့်ငါးမိနစ်လောက်ကြာမှ ဖုန်းကို အိတ်ထဲ ထိုးသိပ်သွင်းသည်။
ဘာ ... ... သုံး

"လူကြီးမင်းနဲ့ချည်းပဲတိုးနေတယ်၊ ဘယ်တော့မှပြန်ဖွင့်ကြည့်မ...
သိတဲ့ဥစ္စာ၊ အသံသွင်းထားလိုက်ပြီး ဘာလုပ်မှာလဲ"

တစ်ယောက်တည်း ဒေါ်တွေဖွပြီး ချက်ချင်း ပြန်ထရပ်၏။ ထို့နောက်
ကားပေါ် ပြန်တက်တော့မှ ...

"ဦးကြီး ဘယ်ကိုလဲ၊ ခြောက်နာရီတောင်ထိုးတော့မှာ"

"ထိုးလဲမတတ်နိုင်ဘူး၊ ဒီကောင်လေးကို တွေ့ရမှဖြစ်မယ်"

ဦးကျော်မောင် ခေါင်းတယမ်းယမ်းကျန်ခဲ့လေသည်။

ဘယ်မှာလိုက်တွေ့မှာလဲ၊ ရှမ်းသမ်းပြီးတော့ .....



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ဒုက္ခပါပဲ၊ ဘာဖြစ်သွားလဲမသိဘူး"

ကားက မောင်းနေရင်း နှစ်ချက်,သုံးချက်တုံ့သွားပြီး ရပ်ဆိုင်းခြင်းသို့ရောက်လေသည်။ လမ်းမလယ်ကောင်မှာ မဟုတ်လို့ဘဲ တော်သေးသည်။

ဆင်ဖြူကျွန်းကနေလာတုန်းက ဒရိုင်ဘာနဲ့ပါ၊ ဒီရောက်မှ ဒရိုင်ဘာနောက်ဖေးဇင်သွားတုန်း ကိုယ့်ဘာသာ မောင်းထွက်လာခဲ့ခြင်းဖြစ်သည်။

ဟိုကနေ ကြားထားသည့်သတင်းအရ မောင်လေးက နတ်ကတော်တွေနဲ့တွဲနေသည်တဲ့။ ထို့ကြောင့် လိပ်စာလည်းစုံစမ်းခဲ့သည်။ ဘယ်လိုသွားရမယ်ဆိုတာလည်း သိသည်။ ဒရိုင်ဘာကိုခေါ် နေဖို့မလိုဟု တွက်ခဲ့မိတာ သိပ်လည်းမဝေးလို့ပါ။

ပန်းတော်ဝင် ကားပေါ် ကဆင်းကာ ဘွန်းနစ်ကိုဖွင့်ကြည့်လိုက်သည်။ မိန်းမကိုင်ဓာတ်မီးငယ်နဲ့ လျှောက်ထိုးကြည့်တော့ အထဲမှာ မီးခိုးအဖြူငွေ့ငွေ့လေးတွေ ထွက်နေတာ တွေ့ရ၏။





သူမ ကားမပြင်တတ်ပါ။ မောင်းတာတောင်မှ ဆင်ဖြူကျွန်းမှာဆိုဒက်ဘီးနဲ့ပဲ အသွားအလာများတာမို့ ဟိုနားဒီနားလောက်ကို ကား သိပ်မမောင်းဖြစ်ပေ။

ဒါကြောင့်လည်း အပြင်ထွက်ပြီဆို အနီးအဝေး ဘယ်ဖြစ်ဖြစ် ဒရိုင်ဘာပါရင်တောင် သူမကိုယ်တိုင်ပဲမောင်းခဲ့တာ များသည်။ ခုကျမှ ဒရိုင်ဘာကိုထားခဲ့မိတာ မှားပြီဟု နောင်တကြီးစွာဖြစ်မိသည်။ နယ်ကားတွေမောင်းနေတဲ့သူတွေမို့ သူမတို့ ဒရိုင်ဘာတွေအားလုံး ကားပြင်တတ်ကြသည်။ ခု ဘယ်လိုလုပ်မလဲ။

"ကား ဘာဖြစ်လို့လဲ ညီမ"

"မင်းကလဲ ရေလိုနေတာဖြစ်မှာပါ"

"ဆီပါကွ၊ ဖြည့်ပေးလိုက် ကုသိုလ်ရအောင်"

လူသုံးယောက် ကိုယ့်နားရောက်လာတာတောင် ပန်းတော်ဝင် မသိလိုက်ပေ။ အသံကြားမှ ထိတ်ခနဲဖြစ်သွားကာ လှည့်ကြည့်လိုက်မိသည်။ စပို့ရှပ်ခပ်နွမ်းနွမ်း၊ ဘောင်းဘီရှည်တွေနှင့် နှုတ်ခမ်းမွေးတွေလည်း သုံးယောက်လုံးမှာရှိသည်။

စုတ်ချွန်းချွန်း၊ ရှည်မျောမျောရုပ်တွေက ဇပ်ဖြဲဖြဲ၊ ရွံစရာ။

ဟိုဒီ မျှော်ကြည့်တော့ သွားမယ့်ရှေ့မှာစည်စည်ကားကားရှိနေသည်။ မှောင်ရီပျိုးစပေမယ့် မီးရောင်တွေလည်း ဝင်းထိန်နေ၏။

ဖြစ်ချင်တော့ သူမ ကားပျက်သည့်ပတ်ဝန်းကျင်က ခြောက်သွေ့နေ၏။ ကားတွေ တစ်စီးပြီးတစ်စီး ဖြတ်သွားနေကြတာကိုကြည့်ကာ ပန်းတော်ဝင်က မှန်တွေတင်ကာ ကားကို အားလုံး လော့ခ်ချပစ်လိုက်၏။

"ညီမကလဲ မာနကြီးလိုက်တာကွာ"

"အေးလေ၊ တို့က ကူညီမလို့ဟာကို၊ ဟဲ ... ဟဲ"

"ကားထားခဲ့ပြီး သွားတော့မလို့ထင်တယ်ကွ၊ သနားပါတယ်၊ ဒီနားမှာ



www.burmeseclassic.com

www.burmeseclassic.com



ကားမှတ်တိုင်မရှိဘူး”

သူတို့ကို လှည့်မကြည့် ဂရုမစိုက်ဘဲ လက်ကိုင်ဖုန်းကိုထုတ်၍ ကွင်းထဲက ကိုယ့်ဂိတ်ကိုပဲ ပြန်ခေါ်ရသည်။

သူတို့က တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ကာ တစ်ယောက်က ပန်းတော်ဝင်၏လက်တစ်ဖက်ကို ဖျတ်ခနဲဆွဲသည်။

အို ... ဘာလုပ်ကြတာလဲ၊ ဖယ် ... လွှတ်”

“ချစ်မလို့ပါ”

“လူယုတ်မာတွေ ဖယ်နော်”

တစ်ယောက်က ဖရိုဖရဲပြုတ်ကျလာသည့် လက်ကိုင်အိတ်ထဲက ကားသော့ကို ထုတ်ယူလိုက်၏။

“ဟိတ်ကောင် မြန်မြန်လုပ်၊ တံခါးဖွင့်”

“ဟား သိပ်မြန်တာပေါ့”

“လွှတ်နော်၊ ဟောဒီမှာ လာကြပါဦးရှင်”

“ဟား ဟား ဟား သနားပါတယ်ကွာ”

သူတို့က အားရပါးရရယ်သည်။ သို့သော် ရယ်သံမဆုံးမီမှာပဲ ကားတစ်စီးကို လှမ်းမြင်လိုက်ရ၏။ ကားက လင့်ခရီဇာအနက်ရောင်ဖြစ်ကာ မျက်နှာချင်းဆိုင်အရပ်မှ လာတာဆိုတော့ ဟိုဘက်လမ်းဘေးမှာ ဖြစ်သည်။

ဒါပေမယ့် ဒီဘက်ကို ဦးတိမ်းလာပြီး မီးနှစ်လုံးကို စူးခနဲဖွင့်၏။

“ဟိတ်ကောင် နေဦး”

ကားသော့ကို ဘယ်သော့မှန်းမသိသဖြင့် တစ်ချောင်းပြီးတစ်ချောင်း ထိုးထည့်နေသည့်လူက တစ်ယောက်က သတိပေးမှ ကမန်းကတန်း ပြန်ရပ်၏။

ထိုအချိန်မှာ လင့်ခရီဇာက ဒီဘက်ကို ဝေါခနဲဝိုက်ကပ်လာပြီး ထိုးရပ်





သွား၏။

ဘာမှန်းမသိ၊ ဘယ်သူလာလာ သူတို့တွေလက်ကလွှတ်သည်နှင့် ပန်းတော်ဝင် က လင့်ခရီဇာဆီ ပြေးကပ်လိုက်၏။ ကားပေါ် ကဆင်းလာသူက နိုင်ငံ ဖြစ်သည်။

“ဩော် ... ဟော် မင်းသားကိုးကွ၊ ဒါပေမယ့် ဒါ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး”

“မနာချင်ရင် ကိုယ့်လမ်းကိုယ်သွား”

“ရုပ်ရှင်ရိုက်တာမဟုတ်ဘူးဆိုရင်လဲ ရုပ်ရှင်ထဲကလူကြမ်းတွေပြောတဲ့စကားမျိုး ဘာလို့ပြောနေတာလဲ”

နိုင်ငံ က ပြန်မေးပြီး သူ့ပခုံးတစ်ဖက်နောက်မှာ လာကပ်နေတာ မိန်းကလေးကို ငုံ့ကြည့်၏။ မိုးချုပ်တော့မှာပေမယ့် အလင်းရောင်ကျ သေးသည်မို့ မီးခိုးရောင်ပေါ်မှာ အဖြူပွင့်တွေရှိသည့် ပါတိတ်ဝင က ထင်းနေသည်။ စ်ဘူး

ဆံပင်ရှည်တွေက ကျောနောက်မှာ ပြန့်ဝဲနေကြ၏။ ဆံမြိတ်ကို ချ မထားသည့် နဖူးပြေပြေလေးက ကကြီးပုံလေးဝင်းနေတာကိုလည်း မြင်နေရသည်။

သူမက သူ့ ထားရစ်ခဲ့မှာစိုးသလို မျက်နှာငယ်လေးနှင့်မော့ကြည့်ကာ ပျာပျာသလဲ တောင်းပန်၏။

“ကျွန်မ ကားပျက်လို့ ဒီနားမှာ ဆင်းကြည့်နေတာ သူတို့ လာနှောင့်ယှက်ကြတာပါရှင်၊ ကူညီပါနော်၊ ကျွန်မကို ကူညီပါ”

“ဟိတ်ကောင်၊ မင်းသွားမှာလား၊ မသွားဘူးလား”

သုံးယောက်ထဲမှ တစ်ယောက်က ရှေ့တိုးလာသည်။ နောက် တစ်ယောက်က အောင်းဘီအိတ်ထဲကို နိုင်ငံ မြင်အောင် တမင်နှိုက်ပြ၏။ သေနတ်ပါသလိုလို၊ ဓားပါသလိုလို။



www.burmeseclassic.com

www.burmeseclassic.com



နိုင်င် က စူးစိုက်ငေ့ကြည့်ကာ ...

"ရုပ်ရှင်ရိုက်နေတာမဟုတ်မှန်းသိလျက်နဲ့ လမ်းမလယ်ကောင်မှာ ရဲတင်းလှချေလား၊ ဒါ ရှုတင်နေရာမဟုတ်ဘူး။ မသမာတဲ့လူက သွားရမှာ"

"မာကွာ"

"ကျွတ်"

နှစ်ယောက်က ဘေးဘီကို လိုက်မျှော်ကြည့်ကာ စိတ်မရှည်ပုံလည်းပေါ်၏။ ဒေါသတွေလည်းဖြစ်လျက် အားလုံးကို မျက်စပစ်၏။

သုံးယောက်စလုံး တစ်ခါတည်းပြေးဝင်ကာ ကန်တာရော ထိုးတာ ရာ စုံသွားသည်။ ရုတ်တရက်ကြီးမို့ ကန်ကျောက်ထိုးနှက်တာတွေကို တားမနည်းလွှတ်အောင်ရှောင်နေရသည်။

"မှိုင်းခံပညာ အနည်းအကျဉ်းလောက်တော့တတ်ထားပေမယ့်"

"ပွဲတိုက်ခိုက်သတ်ပုတ်မှုးတာ ဒါ ပထမဆုံးပင်ဖြစ်၏။

ပိုဆိုးသွားတာက တစ်ယောက်သည် သူ့ ကန်ချက်ကြောင့် ကုန်းကွ ယိမ်းထိုးသွားပြီးမှ ပြန်၍မတ်မတ်ရပ်လိုက်တော့ လက်ထဲမှာ ဓားနှင့်။

"ဖောင်း"

"အ ..."

ဓားရောင်လက်ခနဲဖြစ်သွားသည့်ဆီ အာရုံရောက်သွားသဖြင့် နား ထင်တစ်ဖက်ကို ကန်ချက်တစ်ချက်ရုပ်ထိသွား၏။ တကယ် ထိထိမိမိ မဟုတ်သော်လည်း မျက်လုံးထဲမှာ ပြာသွားသည်။

"မလုပ်နဲ့၊ မလုပ်နဲ့နော်၊ အစ်ကို ... အစ်ကို့နောက်မှာ ဓားကြီးနဲ့"

ဝန်းတော်ဝင် ဓားကိုမြင်လိုက်သဖြင့် သေလုမြောပါးအော်သည်။ သူ လည်းနောက်ကိုလှည့်လိုက်တာတွေ့၏။ ဒါပေမယ့် လုံးဝ လွတ်မသွားခဲ့ ဘဲ ဓားက သူ့ ကျောနောက်ကို ပြေးဝင်သွား၏။

"အား ..."





အော်လိုက်သံသဲ့သဲ့ထွက်ပေါ်လာသည်။ ပန်းတော်ဝင် မျက်ဝန်းလေး ပြူးသွား၏။ ကျောပြင်မှာ နီရဲသောသွေးတွေကို မြင်လိုက်သည်နှင့် ခေါင်း ထဲမှာ မိုက်ခနဲဖြစ်သွားကာ ကိုယ့်ကိုယ်ကို ဘာဖြစ်သွားမှန်းမသိတော့ပေ။

"ဟိတ် ... ဒီမှာ ဟိတ် ..."

"ဟာင် ..."

လှုပ်နိုးနေတာကို သိနေလျက်နှင့် ရုတ်တရက် သူမ နိုးထဖို့ကို မေ့နေ၏။ ပြီးတော့မှ ဆတ်ခနဲဖြစ်သွားကာ လူးလဲထ၏။

"အား ..."

"ဟာင် ... ရှင် ..."

လမ်းဘေးပေါ်မှာ မှဆိုးဒူးထောက်ထိုင်ရင်း သူမကို နိုင်င်က ပွေ့ထားတာ ဖြစ်သည်။ ကမန်းကတန်းရုန်းလိုက်တော့ လူကို တွန်းသလိုဖြစ်သွားကာ နိုင်င် ထံမှ ညည်းညူသံထွက်လာ၏။

"ရှင် ... ရှင့်ကို ဓားထိသွားတယ်မဟုတ်လားဟင်၊ ရှင် ဘာမှမဖြစ်ဘူး လား"

ဘေးဘီကိုငေ့ကြည့်ရှာဖွေရင်း မေးလည်းမေး၏။ နိုင်င် က ရှုံ့မဲ့မဲ့နှင့် ကြည့်ကာ ...

"ဖြစ်တာပေါ့ကွ၊ မင်းက ငါ့ထက် အရင်ဖြစ်နေတော့ ..."

"ကျွန်မ ..."

ကိုယ့်ရင်ဘတ်လေးကိုဖိကာ လမ်းမကြီးပေါ်မှာ လဲကျမေ့မြောသွား ခဲ့တာကို မနည်းပြန်စဉ်းစားရသည်။ တကယ်ပဲ ကိုယ့်ကိုယ်ကို ဘာဖြစ် သွားခဲ့မှန်း မသိ။

"ဟိုလူတွေရော ဟင် ..."

သူမ မေးလိုက်ရင်း လမ်းဘေးတောဘန်းလေးတွေဘက်ထွက်လာ ကြသည့် သူ့အုပ်ကို လှမ်းမြင်လိုက်ရသည်။ ထိုအခါကျမှ ခပ်လှမ်းလှမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ထားသည့် အဲကွန်းဘတ်စ်ကားကြီးကို သတိထားမိလိုက်၏။

"လွတ်သွားတယ်ကွ၊ တစ်ကောင်မှကို မမိဘူး"

"ညီလေး တော်တော်ထိသွားသလား"

"ဘာဖြစ်ကြတာလဲ"

ဘတ်စ်ကားပေါ် ကဆင်းလာကြသဖြင့် ဒရိုင်ဘာနှင့် စပယ်ယာအပြင် ခရီးသွားတွေလည်းပါသည်။ ကားပေါ် မှာလည်း ခရီးသည်တွေကို လှမ်းမြင်နေရ၏။ နိုင်ငံ လက်ပြင်မှာ သွေးတွေထွက်နေသဖြင့် အခြေအနေက ရုတ်ရုတ်သဲသဲတွေဖြစ်ကုန်သည်။

"ရတယ်၊ ကျွန်တော့်အစ်ကိုက ဆရာဝန်ပါ၊ ဒီနားတင်ပဲ၊ ဘာမှမပူပါနဲ့"

မျက်နှာမှာ ဝေဒနာခံစားနေရပေမယ့် စကားပြောပုံက အခြေအနေ ဆိုးသေးသည်မို့ လူတွေ ကားပေါ်ပြန်ရောက်ကုန်ကြသည်။

တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုကြရင်း ကားကြီး သူတို့နားကနေထွက်သွား၏။

"သွားမယ်လေ"

"ဘယ်ကိုလဲ"

"ရှင့်အစ်ကိုဆေးခန်းကို"

အရေးထဲမှာ ဒီမိန်းကလေးပြဿနာကို ဘယ်လိုရှင်းရမှန်းမသိ၊ ကျောကလည်းနာနေပြီမို့ အသံမထွက်မိအောင် ပါးစပ်ပိတ်ထားလို့ရပေမယ့် မျက်နှာပြင်မှာတော့ ရှုံ့ရှုံ့မဲ့မဲ့တွေဖြစ်လာခဲ့၏။

"ရှင် သိပ်နာနေပြီလား၊ သွေးထွက်လွန်နေဦးမယ်"

ဟု ပြောကာ နိုင်ငံ့ကျောပြင်ကိုကြည့်ဖို့ လှည့်သည်။ သို့သော် ဆတ်ခနဲတွန့်သွားပြီး ချက်ချင်း ပြန်လှည့်လာလျက် ...

"ကျွန်မ အဲဒီသွေးတွေ မကြည့်ရဲဘူး"

"မကြည့်ပါနဲ့ မင်း ဒီတစ်ခါ သတိမေ့သွားရင်တော့ မထူနိုင်ဘူး။





ဒီတိုင်းထားခဲ့မှာ"

ပြော၍ နိုင်ငံ က သူ့ကားဆီ လျှောက်ထွက်သွား၏။ နောက်ကနေ ဝန်းတော်ဝင်က ပါသွားရင်း ...

"ကျွန်မ ကားသော့လဲ ဘယ်ကိုလွင့်ထွက်သွားသလဲ၊ သူတို့နောက်ပဲ ပါသွားပြီလား၊ ဘယ်ရောက်သွားမှန်းမသိတော့ဘူး"

"မင်း ငါနဲ့လိုက်မလို့လား"

"အင်းလေ၊ ရှင့်ကို ဆေးခန်းထိလိုက်ပို့မှာပေါ့၊ ကားကို သူတို့တွေ့ရင် ဖွင့်ပါအောင် ကြံဖန်လုပ်ကြလိမ့်မယ်၊ ပြီးရင် ဘယ်ကိုလာခေါ်လို့ ဖုန်းဆက်လို့ရပါတယ်"

နိုင်ငံ က ခေါင်းညိတ်လိုက်ပြီး ဘောင်းဘီအိတ်ထဲက ကားသော့ထုတ်ပေး၏။ ကားပေါ် ရောက်တော့ နိုင်ငံ က ကူရှင်မှာ မှော့လှန်ထားကာ နှတ်ခမ်းတွေကိုစေ့ထားသဖြင့် ...

"ရှင် သိပ်နာနေမှာပဲ၊ ကျွန်မ ဘာလုပ်ပေးရမလဲဟင်၊ ဟို ..."

"ရတယ်၊ မောင်း ..."

"ရှင် ကျွန်မကိုကူညီလို့ဖြစ်ရတာ၊ စိတ်မကောင်းလိုက်တာရှင်၊ ဆေးခန်းက ဝေးသေးလားဟင်"

ကားမောင်းရတာလည်းမဖြောင့်ပါ။ ဒဏ်ရာဖြင်းလို့များ သွေးထွက်လွန်ပြီး ဒုက္ခရောက်သွားလျှင် ခက်မည်။ ခက်သည်က သွေးသံရဲရဲကို သူမ မကြည့်ရဲ။

"ရှေ့ကအကွေ့မှာပဲရှိတယ်၊ မင်း အဲဒီထဲကို ဝင်လို့မရဘူး၊ ဒီဘက်မှာ ပဲရပ်လိုက်"

"ဟင် ... ဒါဆို ရှင် လမ်းကူးရမှာပေါ့၊ သွေးတွေ လူမြင်ကုန်မှာပေါ့၊ ဘယ်လိုလုပ်မလဲ"

"ရတယ်၊ နောက်ခန်းထဲမှာ ဂျာကင်ရှိတယ်၊ အဲဒါ ယူပေးပါ"



www.burmeseclassic.com

"ဟုတ်"

ပန်းတော်ဝင် ပျာပျာသလဲခေါင်းညိတ်ကာ ကားကို သူပြောသည့်နေရာမှာပဲ သေချာရပ်၏။ ပြီးတော့ ဂျာကင်ကိုလှမ်းယူလိုက်ပြီး သူ့ကိုပေးသည်။ နိုင်ငံ က ကျောကော့မှီနေရာမှ တွန့်ခနဲဖြစ်သွားလျက် ခပ်ဖြည်းဖြည်း ကိုယ်ကိုမတ်သည်။

'သူ့ဒဏ်ရာက နာနေတာ ဘယ်လိုလုပ်ဝတ်မလဲ' ဟု တွေးလိုက်မိကာ ပန်းတော်ဝင် သူ့ပေါင်ပေါ် တင်ပေးပြီးဖြစ်သည့် ဂျာကင်ကို ပြန်ဆွဲယူလိုက်၏။

"ဟို... ကျွန်မပဲ ဝတ်ပေးမယ်နော်"

ပြောလိုက်ရင်း အနားကိုတိုးသည်။ ဒီဘက်ကိုစွပ်ပေးလိုက်ပြီး ဟိုဘက်ကျတော့ သူ ပင်ပန်းမှာစိုးသောကြောင့် သူမပဲ နေရာပြင်၍ ဟိုဘက်လက်ကို နောက်ကနေကျော်ပြီး လှမ်းလိုက်သည်။

နိုင်ငံ ကလည်း သူမကို အားနာသောကြောင့် 'ရတယ်'ဟု ပြောကာ နေရာပြင်လိုက်ရာ တစ်ယောက်က ရှေ့တိုး၊ တစ်ယောက်က ဒီဘက်အလှည့်နှင့် ...

"အို..."

"ဟာ ဆောရီး"

ပန်းတော်ဝင်၏ နုအိတင်းပြည့်သော မျက်နှာလေးကို နိုင်ငံ နှာခေါင်းချွန်ချွန်က နမ်းပစ်လိုက်သလိုဖြစ်သွား၏။

"ရှင် ... ရှင်ကလဲ ..."

ကြွနေသည့် ပန်းတော်ဝင်ကိုယ်လေး ဆတ်ခနဲတုန်ကာ နောက်ပြန်ထိုင်ကျသွား၏။ နိုင်ငံ လည်း ရှိန်းဖိန်းထူပူလျက် ရုတ်တရက် ဓားဒဏ်ရာကြီးကိုပင် မေ့သွားခဲ့သည့်အထိပင်။

"ကိုယ် မင်းကိုအားနာလို့ပါ၊ ဆောရီး"





ဟု ထပ်တောင်းပန်မိသည်။ မတော်တဆဆိုတာကို ပန်းတော်ဝင် သိသည်။ ထို့ကြောင့် ရှက်ပေမယ့် ခေါင်းလေးညိတ်ကာ မျက်နှာမမော့တဲ့ဆိုဖာပေါ် မှာ ဒူးထောက်လေးပြန်ထ၏။

"ရပါပြီ၊ လွှတ်လိုက်"

"မဟုတ်တာရှင်၊ ဟိုဘက်လက် နည်းနည်းမြှောက်လိုက်ပါ"

သူမကိုယ်က သနပ်ခါးနံ့လေးက ရေမွှေးနံ့လား၊ တကယ့်သနပ်ခါးလားတော့ မသိပါ၊ နိုင်ငံ မလိုလားခြင်းကင်းစွာ ရှူရှိုက်မိတာတော့ မှန်၏။ ပြီးတော့ စိတ်ပူပန်သည့်မျက်ဝန်းလေးတွေ၊ ကြင်နာတတ်သည့်စကားလေးတွေ ...

"မင်း ဘယ်ကိုသွားမလို့လဲ"

ဟု ဂျာကင်ဝတ်ပြီးတော့ မေးလိုက်မိသည်။

"ကျွန်မမောင်လေးကို လိုက်ရှာနေတာ၊ လာလေ ရှင် ရရဲ့လား"

သူမေးတာကို ပန်းတော်ဝင် က စိတ်ဝင်တစားဖြေတာမဟုတ်ဘဲ အောက်ကို အရင်ဆင်းကာ သူ့ကို ဆင်းခိုင်းနေ၏။ ဆေးခန်းထဲကိုရောက်တော့ ပြဿနာက တစ်မျိုး။

"ဟား ဘာလဲ၊ မဒ္ဒလက်တွေလား"

ညီအစ်ကိုမတော်ပါ၊ လူတွေ စိတ်ချသွားအောင်ပြောလိုက်တာဖြစ်သည်။ တကယ်တော့ ဒေါက်တာမျိုးသန့်က တစ်လမ်းတည်းအတူနေခဲ့သည့် သူငယ်ချင်းအရင်းတွေဖြစ်၏။ အိမ်ထောင်ကျသွားကာမှ မြောက်ဥက္ကလာကိုပြောင်းသွားခဲ့တာဖြစ်သည်။

သူတို့နှစ်ယောက် တွဲဝင်လာတာမြင်သည်နှင့် သွားအဖြီးသားနှင့် ဆင်ရာစွတ်ပြောတော့သည်။

"မင်း တိတ်တိတ်ကြိတ်လုပ်လိုက်တာလား ဟိတ်ကောင်၊ ခုမှ ငါ့ကိုသာကြွားတာလား'



www.burmeseclassic.com

www.burmeseclassic.com



"မျိုးသန့် ..."

"ပြုံးပြုံးမနေပါနဲ့ လူကိုများ လက်ဖွဲ့မပါဘဲ အလကားလာစားမယ့်လူ ကျနေတာပဲ၊ ဟွန်း ..."

"ဒီကောင်ကွာ ဘာတွေလျှောက်ပြောနေတာလဲ"

"တော်တော်လုပ်ပါတယ်၊ ငါ့မိန်းမထက် အများကြီးကိုပိုတာ၊ ဟဲ ဟဲ မင်း အမြဲတမ်းပြောပြောနေတာလေ၊ ငါက အပြောကြီးတဲ့ကျွဲ မော်ဒယ် ပိန်ကပ်ကပ်လေးနဲ့ကို တွေ့ဦးမှာလို့ ကြိမ်းထားတာ၊ ခုတော့ မင်း တော် တယ် နိုင်ငံ စိတ်ကူးနဲ့လက်တွေ့ တစ်ထပ်တည်းကျအောင်လုပ်ပြနိုင်တာ မင်းပဲ"

ပြောချင်တာတွေစွတ်ပြောနေသဖြင့် နိုင်ငံ ရှေ့သထွက်လာသည်၊ တစ်ဖက်က တစ်လွဲတွေထင်ပြီး စော်ကားမော်ကား လှည့်ပြန်သွားလျှ ခက်ဦးမည်။

ဆရာဝန်ကြီးတစ်ယောက်ဖြစ်နေပြီ ဒီကောင် ဒီလောက်ထိ အလိုက် ကမ်းဆိုးလည်း မသိ။

"ဒေါက်တာက ဘာတွေပြောနေတာလဲ၊ ကျွန်မနဲ့ သူ ဘာမှမပတ် သက်ဘူး"

"ဟာင် ..."

"ကဲပါရှင် အဲဒါတွေ နောက်မှပြောလို့ရတယ်၊ ဒော်ရာကိုကြည့်ပေးပါ သူ ရန်ဖြစ်လာလို့"

ထပ်ကာထပ်ကာအံ့သြရင်း မျိုးသန့် မျက်လုံးကြီးပြူးပြူးနှင့်ပဲ ဒဏ် ရာကို လှန်ကြည့်၏။

"သိပ်တော့မနက်ပါဘူး၊ နည်းနည်းများတယ်၊ အပေါ်ယံရှပ်ထိသွား တာ"

ဟု ပြော၍ ဆေးထည့်၊ ပတ်တီးစည်းလုပ်ကာ ဆေးနှစ်လုံးထိုးပေ





သည်။ ထိုစဉ် ဖုန်းသံလေးမြည်လာသဖြင့် ပန်းတော်ဝင်က ဖုန်းထုတ်ကာ ဆေးခန်းအပြင်ကိုထွက်သွား၏။

"ဆောရီးကွာ၊ ငါက မင်း မိန်းမရလာပြီထင်တာ"

"ကျွမ်းနှစ်ပတ်လောက်လိမ့်ထိုးပြီး သေလိုက်"

ဒဏ်ရာနှင့်လူနာက ဆရာဝန်ကို 'သေလိုက်' လို့ ပြောသဖြင့် မျိုးသန့် က ပြုံးသည်။ ပြီးတော့ ထ,ထိုင်တော့မို့လုပ်နေသည့် နိုင်ငံ ကို သူက ပြန်ဖိထားကာ ...

"မထနဲ့ဦး၊ သွေးထွက်ထားတာ များတယ်၊ မင်း တစ်နာရီလောက်နား ဖြစ်မယ်"

"မဖြစ်ဘူးကွ၊ မိုးသိပ်ချုပ်ရင် သွားမှာ ပြန်မှာနဲ့ ငါ အိမ်ပြန်ချိန် ညဉ့် နက်မှာ"

"ဘယ်သွားမလို့လဲ"

"အဝေးပြေးကွင်းထဲကို"

"ဒါနဲ့ မင်းတို့စက်ရုံက မန်နေဂျာတစ်ယောက် ကားတိုက်ခံရပြီး ဆုံး တယ်ဆို"

"ဟုတ်တယ်"

နိုင်ငံ က ဖြေပြီးမှ မျက်မှောင်ကြုတ်၍ မော့ကြည့်သည်။

"ဒါကျတော့ သိနေပြီး လူပျိုစင်စစ်ကို မိန်းမရနေပြီလို့ ထင်တာကျ တော့ ..."

"ဒါတော့ မင်းနဲ့ငါ မတွေ့တာကြာပြီပဲကွ၊ အန်တီမြင့်တို့ လာတဲ့အခါ အကြောင်းမေး ဒီအကြောင်းမေးနဲ့ စပ်မိစပ်ရာလေးတွေတော့ သိတာ ပေါ့"

"ငါ မိန်းမရနေနိုင်တာကိုတော့ စပ်မိစပ်ရာလေးထဲမှာ မပါဘူးလား"

"ဟား ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



မျိုးသန့်က သံပြာကြီးနဲ့ ရယ်လိုက်ပြီးမှ အပြင်မှာ မိန်းကလေးရှိ တာကို သတိရသွားပြီး ပါးစပ်ကို လက်ခုံနဲ့ ကပ်ပိတ်လိုက်၏။

ပြီးတော့ တိုးတိုးကပ်ကာ ...

"မင်းနဲ့ တကယ်လိုက်တယ်ဟာ၊ နုနုဖတ်ဖတ် ယဉ်စစလေး၊ ကြင်ကြ နာနာလဲရှိပုံပဲ၊ ဘယ်လိုပုံစံနဲ့ငြိခဲ့တာလဲ၊ ပြောစမ်းပါ ဘယ်ကလဲ"

"မသိဘူး"

"အံမယ် ရုပ်ကြီးက၊ မင်း သူ့ကို ဟီးရိုးလုပ်ခဲ့တာလေ၊ ခုနက ကော မလေးပြောတာ"

"ဘာဖြစ်လဲ"

"အေးလေ၊ ငါက ရမ်းသမ်းပြောလိုက်တာပဲထား၊ မင်းတောင် ဒီ ပြောရ သက်သာသေးတယ်"

"တော်ပါကွာ၊ ဖယ်ပေး၊ ငါ ရပြီ"

နိုင်ငံ က မျိုးသန့် မဆွဲခင် သူ့ဘာသာ ထ,ထိုင်သည်။ ကျောထဲ အောင့်ခနဲတော့ဖြစ်သွားသေးသည်။ မျိုးသန့် မသိအောင် မျိုသိပ်ပြီး ခုတ ပေါ်က ဆင်းလိုက်တာပေမယ့် မတ်မတ်မရပ်နိုင်ဘဲ ယိုင်သွား၏။

"အို ... လုပ်ပါဦး"

တိုက်ဆိုင်စွာ အခန်းထဲပြန်ဝင်လာသည့် ပန်းတော်ဝင် မြင်သွား ပါးစပ်ကလည်းပြော၍ သူမပဲ ပြေးတွဲ၏။ မျိုးသန့် က နီးနီးလေးမှာပဲ လျက်နှင့် လက်ပြင်ရုံနှင့် ကျန်ခဲ့သည်။

"ရပြီလားဟင်၊ သူ ထလို့ရပြီလား ဒေါက်တာ"

မျိုးသန့် မျက်နှာကြီးက ရယ်ချင်တာကို မျိုသိပ်နေရတာ အကြောင်းသိဖြစ်နေသဖြင့် နိုင်ငံ က သိနေသည်။

"မရသေးဘူးလေ၊ အဲဒါကို ဒီကောင် ဇွတ်ထ,နေတာ၊ ထ,လို့ရအော လုပ်ပေးနေတာ၊ ငြိမ်ငြိမ်မခံဘူး၊ ဒီလိုလူနာကိုကုရတာ နာမည်ပျက်တ





ပြောချင်ရာပြော၍ ဟိုဘက်လှည့်ပစ်သည်။ နိုင်ငံ မျက်နှာကြီး နီရဲ သွား၏။ ဝဲစား ...၊ ဒေါသဖြစ်ဖြစ်နှင့် ကျိန်ဆဲခြင်းက နှုတ်ခမ်းသားတို့ အတွင်းမှာ မချိမဆံ့ပျောက်ကွယ်၏။ ဘာတွေ ဘယ်လို ဖွင့်အံ ဖုံးဖိနေကြ န်း ပန်းတော်ဝင်က မသိပါ။

သူမပုံစံက မျက်နှာတွေပေါ် ကစာကို ဖတ်ချင်တာမဟုတ်ဘဲ ဒဏ်ရာ လူနာကိုပဲ စိတ်ဝင်စားနေတာဖြစ်သည်။

"ရှင်က တခြားအရေးတာကြီးကိစ္စ ရှိနေလို့လား၊ ဒီက ဒေါက်တာက ဲ သူ့စိမ်းတွေမှမဟုတ်တာ၊ မဖြစ်သေးဘူးဆိုရင် ခဏလောက်နားလိုက် လားရှင်"

နိုင်ငံ က ပန်းတော်ဝင်မျက်နှာလေးကို စူးစမ်းကြည့်သည်။ တကယ့် ို ရိုးရိုးရှင်းရှင်းလေး ဖြစ်သည်။

မျက်တောင်ကော့ကော့၊ နှာတံချွန်ချွန်လေးနှင့် မျက်နှာပေါ်မှာ တချို့ ာစ်ပိုင်းပျက်နေပြီဖြစ်သည့် ပါးကွက်လေးနှစ်ဖက်က ထင်ကျန်နေဆဲ။

ထိုသူမသည် စကားပြောတိုင်း 'ရှင်'ဆိုသည့် တစ်လုံးကိုတော့ ရှေ့ တပ်၊ နောက်ကထည့်နှင့် လေသံကလည်း တကယ့်မိန်းမကြီးလေသံ တိုင်း။

ဘယ်လိုအယူအဆ၊ စိတ်ဓာတ်ရှိသော အမျိုးအစားလေးလဲ။

ပြောတာကိုပြန်မပြောဘဲ စူးစူးရဲရဲကြည့်နေတာကိုမြင်မှ ပန်းတော်ဝင် က်ခုံးလေးတွေတွန့်သွားသည်။ ထိုအခါကျမှ နိုင်ငံ မျက်ဝန်းတွေကို ခြားသို့ရွှေ့ဖယ်ပစ်၍ ...

"မဖြစ်ဘူး၊ မြို့ထဲကိုပြန်ရမှာ အရမ်းညဉ့်နက်နေမှာစိုးလို့"

ဟု ဖြေရင်း တွဲထားသည့် သူမလက်တွေကို အသာလေး ဖယ်ချပစ် က်၏။

"ဒါဆိုလဲ တန်းပြန်တော့ကွာ၊ မင်း ဟိုကိစ္စကို မသွားနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလဲ မဖြစ်ဘူးကွ၊ သွားမှဖြစ်မှာ၊ ရပါတယ်၊ အဝေးပြေးဝင်းက ဒီနားတင်ပဲ"

"ဟင် ... အဝေးပြေးဝင်းထဲကိုလား၊ ကျွန်မနဲ့ကြုံမှာပါ၊ တစ်ခုခုလူကြုံ ပါးလို့ရတာမျိုးဆိုရင် ကျွန်မ ကူညီပါ့မယ်"

သူ လှည့်ကြည့်တော့ သူမက ဘယ်လိုအတွေးပေါက်သွားသည်မသိ။

"ရှင် ကျွန်မကြောင့် မဆီမဆိုင် ဒုက္ခရောက်သွားခဲ့တာမို့လို့ ကူညီမယ် လို့ ပြောတာပါ၊ ရှင့်ကိစ္စကို စပ်စုချင်လို့မဟုတ်ဘူး၊ ပြီးတော့ ရှင့်မှာလဲ ဒဏ်ရာကြီးနဲ့၊ ကျွန်မနဲ့လဲ လမ်းကြုံတယ်"

"မင်းက အခု အဲဒီဘက်ကထွက်လာတာမဟုတ်ဘူးလား"

"ဒါပေမယ့် ပြန်သွားရမှာလေ"

ဘယ်သူကမှ ကိုယ့်ကိုယ်ကို မိတ်မဆက်ဖြစ်ခဲ့ပေ။ အခြေအနေက ဝုန်းခနဲထဖြစ်ပြီး အနာတရတွေတန်းဖြစ်ကုန်တာမို့ မိတ်ဆက်ခြင်းက အဓိကမဟုတ်ခဲ့တာထင်သည်။

နိုင်ငံ က ခေါင်းညိတ်လိုက်ပေမယ့် သူမကို တစ်စုံတစ်ရာ အကူအညီ တောင်းဖို့တော့ မဟုတ်ပါ။

"ကျေးဇူးတင်ပါတယ်၊ မင်းကိုလဲ စပ်စုတယ်မထင်ပါဘူး၊ လူကြုံပါး ရမယ့်ကိစ္စမဟုတ်လို့ နေပါစေတော့၊ ငါလဲ မသွားတော့ဘူး"

သူ အပြင်ထွက်လာတော့ မျိုးသန့်လည်း လိုက်ပို့သည်။

"ငါက ဆေးခန်းပြောင်းထားတယ်လေ၊ ဒီနေ့မှ ဆေးခန်းအသစ်က ပြင်လို့ပြီးတာ၊ မင်း ကံကောင်းလို့ ငါ နားတဲ့ရက်နဲ့ လာတိုးတာ မဟုတ်ရင် ဒီဒဏ်ရာကြီးကို ဘယ်ဆရာဝန်ကမှ အေးအေးဆေးဆေးလက်ခံရမှာ မဟုတ်ဘူး"

တစ်ခုခုပြောချင်ပေမယ့် မပြောနိုင်။ ဒေါသဖြစ်ဖို့ ရယ်ဖို့ထက် ဒဏ်ရာ က နာသည်။ ခေါင်းထဲမှာနောက်နေ၏။ ပြီးတော့ သူမက ဘယ်ကိုပြန်





မှာလဲ၊ ကိုယ့်ကားပေါ် ကို တက်ခါနီးတော့ သူမကို ပူပင်စိတ်လေး ဝင်လာ သည်။ ဒါပေမယ့် သူ ဘာမှမပြောရသေးပါ။

"ရှင် ဘယ်လိုလုပ်ကားမောင်းမှာလဲ၊ မြို့ထဲကို အဝေးကြီးသွားရဦး မှာ"

ဟု ပြော၍ တစ်ဆက်တည်းပဲ မျိုးသန့်ဘက်ကိုလှည့်ကာ ...

"ဒေါက်တာ ဒီနေ့ အားတယ်ဆိုရင် ဟိုလေ ... လိုက်မပို့နိုင်ရင်တောင် တစ်ခုခု စီစဉ်ပေးလို့ရမယ်ထင်ပါတယ်၊ သူ ဒီတိုင်းမောင်းလို့ မဖြစ်လောက် ဘူး"

"ဟင် ..."

လော်ကလောက်လားလား မာမာချာချာကြီးမြင်နေတော့ မျိုးသန့် က ဒါကို မစဉ်းစားခဲ့ပေ။ ဒဏ်ရာကြီးတာတော့ မှန်သည်၊ ဒါပေမယ့် သူတောင်မှ ထ,နိုင်လို့ထ,သည်၊ မောင်းနိုင်လို့ပဲ ကားပေါ် ရောက်တော့မှာ မဟုတ်ဘူးလား။

ပန်းတော်ဝင်၏စကားကို ဘယ်လိုပြန်ပြောရမှန်းမသိဘဲ မျိုးသန့် က နိုင်ငံ့ကို အကူအညီတောင်းသလိုကြည့်၏။ နိုင်ငံ မျက်ဝန်းတွေမှာ ရယ်မြူး ခိုင်တို့ ထင်သွားလျက် ...

"တို့က ဖြစ်ပါတယ်၊ မင်း ဘယ်လိုပြန်မှာလဲ၊ ရှေ့ကိုသွားမှာလား၊ နောက်ပြန်လှည့်မှာလား"

မေးလိုက်တော့ ပန်းတော်ဝင်ကလည်း 'ရှင် ပူစရာမလိုပါဘူး' ဆိုသည့် မျက်ဝန်းလေးတွေ လက်ခနဲဖြစ်သွား၏။

"ကျွန်မ ဒီနားမှာရှိတာ ဖုန်းဆက်ထားတယ်၊ ရှင့်ကိုယ်ရှင်ပဲ ဂရုစိုက် သွားပါ"

"နိုင်ငံ ငါ လိုက်ပို့ရမလား"

ပန်းတော်ဝင် က နိုင်ငံ့ကို ပြောရင်း သူ့ဘက်ကို ဝေ့ကြည့်လိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မျိုးသန့် မနေသာတော့ဘဲ မေးလိုက်ရသည်။ နိုင်ငံ က ခေါင်းခါပြီး ကားပေါ် ကိုတက်လိုက်၏။

ပြီးတော့ တံခါးမပိတ်သေးဘဲ ပြန်လှည့်ကြည့်ကာ ...

"မင်းနာမည်လေး မပြောချင်ဘူးလား"

"ကျွန်မ ..."

ဟု သူမကိုယ်သူမ ဆိုလိုက်သလို မျက်လွှာလေးပင့်၍ ပြန်မေးသည်။ မျက်တောင်နှစ်ချက်မျှခတ်လိုက်ပြီးမှ ...

"ကျွန်မနာမည်က 'ပန်းတော်ဝင်' "

"ပန်းတော်ဝင် တဲ့လား"

နိုင်ငံ သံတူလိုက်ဆိုကြည့်ပြီး ခေါင်းညိတ်၏။

"သွားမယ်နော်၊ ကိုယ့်နာမည်က 'နိုင်ငံ'၊ နောက်ထပ်တွေ့ဖြစ်ကြတဲ့အခါ နာမည်ကိုမမေ့သေးရင် နှုတ်ဆက်လို့ရတာပေါ့"

တံခါးကို ဆွဲကပ်ပိတ်လိုက်သည်။ ဒါပေမယ့် ချက်ချင်းပြန်ဖွင့်လိုက်ပြန်ကာ ...

"မျိုးသန့် သူ့အိမ်ကလာမခေါ် ခင် မင်း ဂရုစိုက်လိုက်ပါ"

"အေးပါ ပူမနေနဲ့၊ ဒီက တစ်ခါပြန်ပူနေဦးမယ်၊ မင်းတို့နှစ်ယောက် အပြန်အလှန် အပူတွေများပြီး ရောဂါဖြစ်နိုင်တယ်"

နိုင်ငံ က ပြုံး၍ ပန်းတော်ဝင် ကို မျက်လွှာတွေစင်းချကြည့်၏။

ဒေါသဖြစ်သွားတာလား၊ ရှက်သွားတာလား မသိပေမယ့် သူမ၏ မျက်ခုံးတွန့်တွန့် မှုန်ကုတ်ကုတ်လေးပြန်ကြည့်သော မျက်ဝန်းလေး တစ်ချက်ကို ရင်ဘတ်ထဲထည့်လိုက်သည်။

စူးစူးနစ်နစ်ပျော်ဝင်တာကြီးတော့မဟုတ်၊ ထည့်ကြည့်တာ ...





## အခန်း (၁၈)

"တွေ့လား"

"မတွေ့ပါဘူး"

စိတ်တိုတိုနှင့်ဖြေရင်း လာကြိုသည့်ကားပေါ် ဝင်ထိုင်စဉ် တံခါးပိတ်သံကတော့ ကြမ်းသွား၏။ ပြီးတော့ သတိတရ လှည့်ကြည့်၍ ...

"ကိုထွန်းတို့က ကျွန်တော်မကို လှောင်နေတာလား"

"ဗျာ.. ဟာ.. မဟုတ်တာ"

ပျာပျာသလဲငြင်းတာက အလုပ်ရှင် ပြုံငြင်တာကို မခံရဲလို့ဖြစ်မှာပါ။ မလုံမလဲဖြစ်သွားသည့်မျက်လုံးတွေက ညာလို့မရ။

"ဟုတ်တယ်လေ၊ ကျွန်မ ထွက်သွားတာနဲ့ ကားပျက်တယ်၊ အခု ဒီမှာ ကိုထွန်းတို့ လာခေါ် ရတာပဲ၊ ဘာဖြစ်လို့ 'တွေ့လား' လို့မေးတာလဲ၊ မောင်လေးကို ကျွန်မ ရှာမှမရှာရသေးတာ"

ကိုထွန်းက ကားကို ဘက်ခ်ဆုတ်နေရင်း ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ မတွေ့နိုင်ဘူးဆိုတာကို ညီမ ထွက်သွားကတည်းက တွေးမိတာပါ၊ ဒါပေမယ့် အဝေးကြီးကနေတောင်လာရတာဆိုတော့ အရေးတကြီးတွေ့ဖို့ကိစ္စရှိနေတာကိုလဲသိတယ်လေ၊ ဖြစ်နိုင်၊ မဖြစ်နိုင်တာထက် နှုတ်ဆက်လိုက်တဲ့သဘောပါ"

ပျာပျာသလဲရှင်းပြရင်း ပန်းတော်ဝင် ကျေနပ်ရဲ့လားဆိုသည့် မျက်ဝန်းများနှင့်လည်း အကဲခတ်သည်။

"မောင်လေး ဖုန်းဆက်သေးလား"

"မဆက်ဘူး၊ ညီမဆီက ဖုန်းလာတော့ ဦးကျော်လဲ တော်တော် စိတ်ပူသွားတာ၊ ခရီးဝေးကတက်လာတဲ့ကားကို ဒီတိုင်းပြန်မောင်းထွက်သွားတာကို ဖုန်းဆက်တော့မှ သတိထားမိတာလေ"

ပန်းတော်ဝင် က ဘာမှပြန်မပြောတော့ပါ။ အဝေးပြေးကားဝင်းဘက်ကိုနီးလာလေ လမ်းက ပို၍မှောင်လာလေဖြစ်၏။ ရန်ကုန်မှာ ကိုယ့်လုပ်ငန်းတွေရှိပေမယ့် ရန်ကုန်ကိုရောက်လာတိုင်း ညဘက်ရောက်တာပဲများကာ ဂိတ်ထဲမှာပဲအိပ်ဖြစ်ခဲ့သည်ပင်။

မိုးလင်းမှ ဖေဖေနဲ့ ဆက်သွယ်ကာ ပွဲရုံကိုဆင်း၊ လိုအပ်တာလုပ်၊ ဒီတစ်ခေါက်မှာတော့ လာခဲ့သည့်ရည်ရွယ်ချက်တွေအားလုံး တစ်ခုမှ ကောင်းတာမရှိ၊ အေးချမ်းတာမပါ။ နယ်မှာ ကားတိုက်မှုဖြစ်သည့် သေဆုံးသူပိုင်ရှင်က ရန်ကုန်မှာဖြစ်ကာ မိန်းမခိုးသွားသလိုလို၊ နှုတ်ကတော်လုပ်စားတော့မလို့ ဘဝကူးသွားပြီလိုလို သတင်းချန်ခဲ့သည့် မောင်ဖြစ်သူကိုလည်း တွေ့ရမှဖြစ်မည်။

ဟိုလူနှင့်လည်း မတွေ့ရသေး၊ မောင်လေးလည်း ဘယ်ဆီဘယ်ဝယ် ရောက်နေမှန်းမသိ။ စိတ်ညစ်စရာအကြောင်းတွေထဲမှ ကိုယ့်ကြောင့် ဒဏ်ရာအနာတရဖြစ်သွားခဲ့သော နိုင်ငံ ဆိုသည့်လူကိုလည်း ရောထည့်နေမိသည်။





ထိုစဉ် ဖုန်းမြည်သံက တိတ်ဆိတ်ခြင်းထဲမှာ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"ဟဲလို"

" 'သမာဓိ'ပွဲရုံလုပ်ငန်းပိုင်ရှင် ဒေါ်ပန်းမြတ်ထင်ပါတယ်နော်"

"ရှင် ဟုတ်ကဲ့၊ ဟုတ်ပါတယ်"

မေမေ မဆုံးခင်က ပွဲရုံလုပ်ငန်းအားလုံးကို မေမေပဲ လုပ်ခဲ့တာဖြစ်သည်။ ထို့ကြောင့် လူသာသေသော်လည်း နာမည်က မသေ။ နောက်ပိုင်းမှာ ဖေဖေရော သူမရော ဒီနာမည်နဲ့ပဲ လက်ခံခရီးဆက်နေခဲ့ကြတာ၊ တမင်တကာတော့မဟုတ်ပါ။

ဖေဖေကလည်း ဒီနာမည်လေးနဲ့ အလွမ်းဖြေသည်။ သူမတို့မှာလည်း မေမေ့နာမည်ကျန်ရစ်တာကို ကျေနပ်နေခဲ့၍ဖြစ်သည်။

တစ်ဖက်ကယောကျ်ားသံကိုနားထောင်ကာ ဖုန်းနံပါတ်ကိုရော ဒီအသံကိုပါ သူမ မရင်းနှီးခဲ့မှန်း တွေးလိုက်မိ၏။

"ဘာကိစ္စများလဲ ပြောပါရှင်"

"ကိစ္စက နတ်မောက်က ကားအက်ဆီးဒင့်ကိစ္စပဲ"

"ဟင် ... ဩော်... နေဦး၊ ရှင် က 'တိုင်းနိုင်ငံ' ခရီးသွားကုမ္ပဏီက ..."

"ဟုတ်တယ်"

ပန်းတော်ဝင် စကားမဆုံးသေးဘဲ ဖြတ်ချပစ်လိုက်ပုံက စိတ်မရှည်သည့်ဒေါသသံ။

"ကျွန်တော် အရေးတကြီးကိစ္စပေါ်လာလို့ ဒီည ဆွေးနွေးဖို့မဖြစ်တော့ဘူး၊ နောက်မှ ဖုန်းဆက်မယ်၊ ဒါပဲ"

အံမာ ... ပြောသွားတဲ့ပုံက ...၊ ပန်းတော်ဝင် ဖုန်းကို မကျေမနပ်ပြန်ကြည့်မိ၏။ တောင်းဝန်မှ ပြောင်းဆန်နေသည်၊ ကိုယ့်ဘက်ဘာကယ်ကျူးလွန်ခဲ့တာ ဟုတ်၊ မဟုတ် မသေချာသေးတာတောင် ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



က ဒီအမှု အကြီးအကျယ်မဖြစ်အောင် တောင်းပန်ဆွေးနွေးတဲ့ဘက်မှာ နေခဲ့သည်။ သူတို့က လက်မခံ။

သမား ရန်ကုန်ရောက်သွားပြီဆိုတော့ စိတ်မချတာလည်းပါသည်။ ပြီးတော့ ကားအက်ဆီးဒင့်ကိစ္စ တစ်ခါတည်းပြေလည်သွားရင်လည်း တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘောဖြစ်ရအောင် ဖေဖေက ဖုန်းဆက်ထားခဲ့တာ ဖြစ်၏။

"ဖေဖေ ဖုန်းဆက်ချိန်းပြီးပြီ သမီး ဟိုရောက်ရင် ဖိုးခွားကို အရင်ရှာ၊ ဒီကောင်လေး ရန်ကုန်ရောက်တာနဲ့ ငြိမ်ငြိမ်နေမှာမဟုတ်ဘူး ဖေဖေ သိတယ်၊ တခြားမဟုတ်ဘဲ နှုတ်ကတော်တွေနဲ့ လုံးထွေးနေလို့ကတော့ တစ်ခါတည်း ရိုက်သတ်ပစ်ခဲ့တော့"

"သားဖြစ်သူအတွက် ဖေဖေက ကရုဏာဒေါသတွေဖြစ်နေတာ သနားဖို့မင်ကောင်းနေသေးသည်။ လူကြီးမို့ ထိန်းသိမ်းနေရတာဖြစ်သည်။ ဒီသားတစ်ယောက်ကို အားကိုးမျှော်လင့်နေတာတော့ရှိမှာပေါ့။

"'တိုင်းနိုင်ငံ' ကုမ္ပဏီက သူဌေးကို စကားပြောတဲ့အခါ တတ်နိုင်သမျှ သမီးက စကားအောက်ချပြောရမယ်၊ တို့ဘက်မှာ စိတ်ညစ်ရသလို သူတို့မှာလဲ သေတဲ့လူအတွက် ရှင်းလင်းပေးရမှာတွေ ရှိမှာပေါ့၊ ဒီမှာ သမီး ဒေါသဖြစ်ဖြစ်နဲ့ပြောသလို 'သူတို့သွေးသားလဲမဟုတ်ဘဲနဲ့' ဆိုတာမျိုးတွေ မပြောမိစေနဲ့ ကြားလား၊ အလုပ်ရှင်နဲ့ အလုပ်သမား တာဝန်ကလဲ သေးတာမဟုတ်ဘူး"

ဟု ကားပေါ်ရောက်တဲ့အထိ မှာသည်။

"တတ်နိုင်သမျှ ပြေလည်အောင်ပြောနော် သမီး"

ဆိုသည့် အမှာစကားကို ကြားယောင်ကာ တက်ခေါက်မိဖို့ဟာ မျိုသိပ်နေလိုက်ရသည်။ နေပါစေပေါ့၊ သူ ဖုန်းဆက်လာမှာကိုပဲ စောင့်ဖို့ရှိတော့သည်။





တွေ့ကြပြီဆိုရင်တော့ ဖေဖေမှာတာက မှာတာပဲ၊ ကောင်းကောင်းဆွေးနွေးလို့မရရင် သွားပေါ့၊ နားထဲမှာ ဖုန်းထဲက လေသံမာမာကို ဖျောက်လို့မရ။

သူ့မှာပဲ ပြဿနာရှိတာလား၊ နှစ်ဖက်ငြိကြပြီဆို နှစ်ဖက်စလုံးမှာ နစ်နာမှုတွေရှိကြတာချော့ နားမလည်ဘူးလား။ ပန်းနဲ့တန်ရင် ပန်းနဲ့ပေါက်မည်၊ မြားနဲ့ခွင်းဖို့လိုလျှင် မြားနဲ့ခွင်းရမှာပဲဖြစ်၏။ လိုအပ်လျှင် အဆိပ်ရည်လူးရဖို့ရှိသေးသည်။ ဘာဖြစ်လဲ .....



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ဘာဖြစ်ရမှာလဲ၊ ပြဿနာက ကြီးထွားသွားမှာပေါ့"

ဦးဝင်းထွတ် မျက်နှာကြီးပျက်လျက် အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ ဒေါ်ရီဝင်းကတော့ ဘာမှမပြောပါ။

သူမက အမြဲအတူနေရသူမို့ နိုင်ငံတို့မောင်နှမအကြောင်းကို ဦးဝင်းထွတ်ထက် ပိုသိသည်။ ဘယ်လိုနေရာမျိုးမှာ ပြောမရတတ်တာ၊ ဘယ်လိုကိစ္စဆို နားမဝင်တာက အစ အားလုံးကို သိနေသဖြင့် ဘာမှမပြောတော့ဘဲနေတာဖြစ်၏။

အနားမှာ ဒဏ်ရာကို ဆေးထည့်ပေးတိုင်း မျက်ရည်လည်တတ်သည့် အလွန် ကလည်း တာဝန်ကျေသည်။

"ကိုကြီးရယ် နောက်ကို ညမှုညတာ အပြင်ထွက်ရင် ဒရိုင်ဘာ ခေါ်သွားပါ၊ ဒဏ်ရာက သိပ်မနက်လို့ အကျက်မြန်တာ၊ မဟုတ်ရင် မတွေးရဲဘူး"





ဟု ပြောရင်း ငိုသံလေးပါလာသည်။ ပြီးတော့ နိုင်ငံ့ လက်ဖဝါးကို သူမလက်ကလေးနှစ်ဖက်နှင့် ပွေးထပ်ဆုပ်ကိုင်ကာ ...

"တစ်လောကလုံးမှာ သွေးသားရင်းချာဆိုလို့ ညီမလေးနဲ့ ကိုကြီး နှစ်ယောက်ပဲရှိတော့တာ၊ ကိုကြီး တစ်ခုခုဖြစ်သွားရင် ညီမလေး ဘယ်လိုနေရမလဲ၊ ကိုကြီး ဂရုမစိုက် မဆင်ခြင်သမျှ ညီမလေးလဲ ဘဝပျက်ရမှာပဲ၊ ပြောတာကို နားထောင်ပါ ကိုကြီးရယ်၊ နောက်ကို ညဘက် တစ်ယောက်တည်း မသွားနဲ့နော်"

"အတွန်း"

နိုင်ငံ က အလွန့် ခေါင်းလေးကို ဖိအုပ်ကိုင်၍ပြုံးသည်။ ပခုံးလေးကို ဖွဖွဖက်၍ ...

"ဟုတ်ပါပြီ ကဲ ... ညီမလေးကရော ကိုကြီးစကားကို နားထောင်မှာလား"

"ထောင်နေတာပဲဥစ္စာ၊ ညီမလေး လိမ်လိမ်မာမာနေတယ်လေ"

နိုင်ငံ မျက်လုံးတွေ ဒေါ်ရီဝင်းဆီ ဖျတ်ခနဲဝေ့၏။ ဒေါ်ရီဝင်း က ပြုံးပြုံးကြီး မျက်နှာလွှဲ၏။

"ဟိုကောင်လေးလို့ထင်တာပဲ၊ အပြင်ထွက်တာနဲ့ ကပ်ကပ်ပါနေတယ် သိလား၊ လွန်လေးကတော့ သိပ်ဂရုမစိုက်ပါဘူး" တဲ့။

ဒေါ်ရီဝင်း က ပြန်ပြောသည်။ ထို့ကြောင့် နေရာတကာ မပြောချင်ဘာနှင့် ညီမလေးကို သူ ဘာမှမမေးတော့ဘဲ မသိသလိုနေခဲ့တာပါ။ ဒီဒဏ်ရာနှင့်ပြန်ရောက်သည့်ညက အလွန် သူ့ကိုဖက်၍ တအားငိုသည်။

တစ်ညလုံး အနားကမခွာဘဲ သူ့ဘေးမှာပဲ ငုတ်တုတ်ငိုက်ရင်း ပြုနေ၏။ ထိုအခါ ကလေးဆန်ဆန်တွေးမိသည်က ညီမလေး ဟိုကောင်လေးကို စိတ်ကစားခဲ့ရုံသက်သက်ပဲ ဖြစ်မှာပါဟု၊ ဘာဖြစ်လို့လဲဆိုတော့ သူ ကြားဖူးသည်" ချစ်သူကြင်ဖက်တွေ့ပြီဆိုလျှင် အဖေအမေထက်လည်း

www.burmeseclassic.com



ချစ်သည်၊ အစ်ကိုအစ်မတွေထက်လည်း ပို၏။ ချစ်သွဲ့ကိုမဆိုထားနှင့် အောင်သွယ်တော်ကိုတောင် ညီအစ်ကို ညီအစ်မထက်ပိုချစ်သည်ဟု လူကြီးတွေ ပြောဖူးကြသည်။

ဒါကြောင့် ညီမလေးကတော့ မိဘမောင်ဘွားထက် ပိုချစ်ရမယ့်သူ မတွေ့နိုင်သေးဘူးဟုပဲ တွက်ယူလိုက်၏။

"ကဲ ပြောတာကတခြား၊ ရောက်သွားတာက တခြားဖြစ်ပြန်ပြီ၊ နိုင်ငံ မင်းကို ငါ မေးနေတာ အမှုကိစ္စ ဘယ်လိုလုပ်မှာလဲဆိုတာ ..."

မောင်နှမ အလွမ်းသည်နေတာကို ဦးဝင်းထွတ် က စိတ်မရှည်၊ ဒီထက်အရေးကြီးတာကို ဒီလောက်အရေးကြီးသည် မထင်သလို ဂရုမစိုက်ဘဲနေကြ၏။ လူငယ်တွေကြောင့်လည်း ခက်ပါသည်။ နိုင်ငံ က ပြုံးနေသည့်မျက်နှာ မှုန်တေတေဖြစ်ခဲ့လျက် ...

"ဘာလုပ်ရမှာလဲ၊ လေးလေးထွတ်ကို ပြောပြီးပြီလေ၊ ဖြစ်ခဲ့တာကို ဖြစ်ခဲ့တဲ့အတိုင်း ဆက်လုပ်ရုံပဲ၊ တိုက်မိရင် တိုက်မိတယ်၊ သေရင်သေတယ် ပေါ့၊ ကားကြိတ်မိတာ ပခုံးတစ်ဖက် ကြေမွနေတဲ့ဥစ္စာ"

ပြောနေရင်း နိုင်ငံ့ မျက်နှာ တင်းလာ၏။ မန်နေဂျာ ဆိုပေမယ့် သေသွားခဲ့သည့် ကိုထွေး တို့ကတော့ ကျောထောက်နောက်ခံ သိပ်မရှိ။ ချမ်းလည်းမချမ်းသာရှာပါ။

ထို့ပြင် ဦးဆောင်ရှာဖွေသူ ဆုံးသွားပြီမို့ နောက်မှာကျန်ခဲ့သည့် မိသားစု၏ အနာဂတ်အရေးက ရင်လေးဖွယ်ပင်။ ဒါကို စိတ်မကောင်းဖြစ်မိတိုင်း ဟိုဘက်က ကာကွယ်ဖို့ကြိုးစားတဲ့လူတွေကို မကျေနပ်နိုင်။

လူတစ်ယောက်သေလျှင် နောက်မှာ ဘယ်နှစ်ယောက်လောက် ဘဝပျက်ရတယ်ဆိုတာ နားလည်ဖို့ကောင်းသည်။

တိုက်မိတာ တိုက်မိတယ်ပေါ့။ ဒီလူနှင့်ပတ်သက်၍ ကျန်ခဲ့သည့် မိသားစုတွေအပေါ် တာဝန်ကျေဖို့ဆိုတာ သိရမည်။ အပြစ်တစ်ခုကို





ပေါ့ဆကျူးလွန်မှုအပေါ် တာဝန်ကျေဖို့ထက် သေကျေပျက်စီးရသူဘက်ကို ပိုမငဲ့သင့်ဘူးလား။

မကျေနပ်ချက်တွေပေါ် လာတိုင်း ကျေနပ်လိုက်ဖို့မရှိနိုင်သည့် အကြောင်းတွေ တန်းစီပေါ်လာခဲ့သည်။ ဘယ်တော့မှ လျှော့မပေးဖို့က လည်း ခိုင်လုံနေခဲ့၏။

ဦးဝင်းထွတ် ကတော့ သူ့လိုမြင်တာမဟုတ်။

"မင်းက သနားတဲ့ဘက်ကချည်းပဲ တရားသေ စွဲကြည့်မနေနဲ့လေ၊ ကိုအောင်ထွေး ဆိုတဲ့ မန်နေဂျာအကြောင်း ငါ သိသလို မင်းရဲ့လူကို မင်း အစောကြီးကတည်းက ငါ့ထက် ပိုသိတာပဲ၊ ဒီလူက အသောက်အစားကြတယ်၊ လူချမ်းသာတာမဟုတ်ဘဲနဲ့တောင် မိန်းမရှုပ်နေတာ နာမည်ကြီး၊ ဘာပဲဖြစ်ဖြစ် ဒီလိုလူဟာ လူမှန်းများတာပဲ၊ သူ့ကိုနယ်လွှတ်တိုင်းလဲ တစ်ယောက်တည်းသွားတာ မဟုတ်ဘူးတဲ့ ..."

"လေးလေးထွတ်က ဘာလဲ၊ ကိုထွေး လွှမ်းကြံခံရတာလို့ ပြောချင်တာလား"

"ဖြစ်နိုင်တာကို တွေးတာပါ၊ အလောင်းက သေပြီးမှ ကားကြိတ်ခံရတာလို့ ဆရာဝန် ထွက်ချက်ရှိတယ်ဆို၊ ဒါက ဖြစ်နိုင်တယ်"

"ဖြစ်နိုင်ရင် တင်ပြပေါ့၊ ဒီထွက်ချက်ရှိရင် သူတို့ ဒီထိလာပြီးစေ့စပ်ဆွေးနွေးဖို့ကို မလိုဘူး၊ ပြဿနာဖြစ်တာကို သူတို့က အရင့်အုပ်မိတာ၊ အလောင်းကို ဖျောက်ဖျက်ဖို့ကြိုးစားကြတာ၊ ငွေအင်အားသုံးတာကို ကျွန်တော် အဲဒါ မခံနိုင်ဘူး"

ဦးဝင်းထွတ် မအီမလည်ကြီးကြည့်နေပေမယ့် ဘာမှလည်း ဆက်မပြောနိုင်။ အားလုံးကို နားထောင်နေသည့် အလွန် က ...

"ဟုတ်တယ် ကိုကြီးရဲ့၊ မနက်က ကိုကြီးကို လူနာလာမေးတဲ့ မန်နေဂျာကြီးတစ်ယောက်ကလဲ ပြောသွားတယ်၊ ဒီကိစ္စ သေချာစုံစမ်းသင့်တယ်

www.burmeseclassic.com



တဲ့၊ ကိုယ့်ဘက်က နိုင်ပြီးမှ ရှုံးသွားရင် ပစ္စည်းဥစ္စာရော သိက္ခာတွေပါ ကျကုန်မှာတဲ့၊ ပြဿနာသွားသွားရှင်းနေတဲ့ခရီးကပဲ နီးတာမှမဟုတ်တာ”

နှမဖြစ်သူ ပြောတော့ နိုင်ငံ နားထောင်ဖော်ရသည်။

“မန်နေဂျာက ညီမလေးတို့ရဲ့အလုပ်ကိစ္စနဲ့သွားတာဆိုပေမယ့် သူက ခရီးသိပ်ထွက်ချင်တာတဲ့၊ အဲဒီလိုသွားလာနေတုန်းမှ သူက ထင်သလို ရှုပ်ပွေလို့ရတာတဲ့၊ သူ့အရှုပ်ထုပ်တို အရင်စုံစမ်းရမှာ တဲ့”

“အဲဒါတွေ ညီမလေးနဲ့မဆိုင်ပါဘူးကွာ၊ ခေါင်းထဲမထည့်နဲ့”

စကားဆုံးတော့မှ မျက်နှာတည်တည်ကြီးနှင့် ပိတ်ပြောသည်။ ပြီးတော့ ဒေါ်ရီဝင်းကို ကြည့်၍ ...

“ဘယ်က ဖုန်းလာသေးလဲ”

“ကုမ္ပဏီက နှစ်ခါလာတယ်၊ သိပ်တော့အရေးမကြီးပါဘူး၊ ဒါပေမယ့် ကြီးကြီး စာအုပ်ထဲမှာ ရေးမှတ်ထားလိုက်တယ်၊ သွားဖတ်ကြည့်လေ”

ဒေါ်ရီဝင်း က သဘောမှေ့ဘတ်လွှန်းသည်။ သူမကိုယ်တိုင် စိတ်ဝင်တစားမဟုတ်တဲ့ကိစ္စ၊ နာမည်တစ်ခုခု၊ ဘာဖြစ်ဖြစ် ဘယ်လောက်ရင်းနှီးပါစေ မေ့တတ်တာ။ တစ်ခါတလေ ဒေါသဖြစ်စရာကောင်းလောက်အောင်ပင်။ ထို့ကြောင့် တူဖြစ်သူနှင့် ခဏခဏပြဿနာတက်ရတာလည်း ဖြစ်လျက်၊ ဖုန်းလာပြီဆို ဘာအကြောင်းနဲ့ပဲလာလာ ဘယ်သူဘယ်ဝါ ဘာအကြောင်းဆိုတာကို ရေးမှတ်ထားရတော့သည်။

“ဟိုနေ့ညက မင်း အဲဒီနားရောက်မှ ပြန်လာရတာပေါ့”

“ဟုတ်တယ်၊ ခြောက်ကွေ့ ဆိုတာနဲ့ အဝေးပြေးဝင်းရဲ့ကြားထဲမှာ လမ်းက လူနည်းနည်းပြတ်တယ်”

“မင်းနဲ့ယ်ကွာ ...”

ဦးဝင်းထွတ်က ခုချိန်ထိ မကျေနပ်ဖြစ်နေတုန်း။

“ဧည့်သည်နဲ့တွေ့ဖို့ချိန်းတာများ။ ပြီးတော့ ကိုယ့်ကို သူတို့ကတွေ့ချင်





တာ ကိုယ့်နယ်ပယ်ထဲကို ချိန်းပါလားကွာ၊ မြောက်ဥက္ကလာထိပဲ သွားရတယ်လို့၊ ငါဖြင့် ဒီအသက်အရွယ်ရှိပြီ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ လုံးဝ မရောက်ဖူးဘူး”

“ကျွန်တော်က တခြားကိစ္စနဲ့သွားတာ၊ ဟိုရောက်နေမှ ဖုန်းဝင်လာတာနဲ့ တစ်ခါတည်းတွေ့လိုက်မယ်ဆိုပြီးတော့ ...”

“ဒီလောက် မကျေနပ် ဒေါသတွေထွက်နေပြီး တွေ့ဖို့သွားတာလဲ စိတ်ဝင်စားစရာပဲ၊ မင်းပဲ ဒီပြဿနာကို လုံးဝ မပြီးလိုက်နိုင်ဘူးဆို”

“ဘယ်သူက ပြီးလိုက်ဖို့သွားတာလဲ”

နိုင်ငံ က မကြည်မလင်ပြန်မေးသည်။ ဦးဝင်းထွတ် ပါးစပ်ပိတ်သွားပြောလိုက်တာက နိုင်ငံ စိတ်ထဲမှာ ဒီပြဿနာကို ရှင်းလင်းဖို့စိတ်ကူးလေးများရှိနေမလားလို့ သိချင်တာဖြစ်သည်။

မန်နေဂျာက ကိုယ့်လူဆိုပေမယ့် ကိုယ့်အရေးပ်ဒေသမှာ ဖြစ်တာလည်းဟုတ်၊ ဒါကို ကိုယ်တိုင် ဦးဆောင်ဖြေရှင်းဖို့ရော လိုလို့လား။

တရားတာ၊ မတရားတာ ထား၊ မှန်တာ၊ မှားနေတာလည်း မတတ်နိုင်၊ ဟိုဘက်က ဖြေရှင်းကြရအောင်ပါဆိုတာ ရှင်းလိုက်ကြပြီးတာပဲ မဟုတ်ဘူးလား။ အမိကက မန်နေဂျာရဲ့ မိသားစုတွေအတွက် နှစ်ဦးစလုံးဖက်က ထိုက်သင့်တဲ့အတိုင်း နစ်နာကြေး ပေးလိုက်ကြဖို့ပဲဖြစ်သည်။

နောက်ဆုံး ကိုယ့်မှာလည်း စီးပွားရေးက တစ်ဖက်၊ ဟိုဘက်ကို ညှိနှိုင်းဖို့ ခရီးအတိုင်းအတာအရ အခက်အခဲဖြစ်လာရင်တောင် ကိုယ့်ဘာသာပဲ ဖြေရှင်းဖို့ရှိသည်။

ခုတော့ ကိုယ့်ဘက်က တောင်းပန်ပါသည်၊ ဖြေရှင်းကြမည် ဘယ်လိုပြောပြော ကိုယ်တော်ချောက ပြဿနာရှာဖို့ အမိက တဲ့။

“လေးလေးထွတ် က ဘယ်တော့ပြန်မှာလဲ”

“ဟာင် ...”



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းထွတ် မျက်မှန်ကိုပင့်ကြည့်ကာ နိုင်ငံ က နှာခေါင်းတစ်ချက် ရှုံ့၍ …

"ဝါဝါလဲမဝါဘဲနဲ့ မျက်မှန်ကြီးက အိတ်ထဲမှာ ချွတ်ထားလိုက်စမ်းပါ။ ကြီးကြီးနော် … ကြီးကြီးမောင်ကို ကြည့်လဲထိန်းဦး၊ မိန်းမမရှိဘူး ဆိုပြီးတော့ သူ့ကိုယ်သူ လူပျိုလေးကျနေတာပဲ၊ အသက်က လေးဆယ်ကျော်နေပြီ"

"အံမာ အံမာ ခွေးစုတ်လေး၊ မင်းက ငါ့ကို နေရာတကာဝင်ပါတယ်ဆိုပြီး မြန်မြန်ပြန်အောင်ပထုတ်နေတာပေါ့ ဟုတ်လား၊ ဆက်ပြောပါဦး၊ မင်းစကား မကုန်သေးဘူး၊ ယရစ်နဲ့ပြုနေတာတို့ လူမသိ သူမသိ အိုနေတဲ့ လူပျိုသိုးကြီးတို့ …"

နိုင်ငံ က မဲ့တဲ့တဲ့ပြုံးလျက် ရှပ်အင်္ကျီကြယ်သီးတွေ ငုံ့တပ်နေ၏။ အလွန် ကလည်း ကြယ်သီးတွေ ဝိုင်းကူတပ်ပေးရင်း ရယ်သည်။ ဘာပဲဖြစ်ဖြစ် မိုးပြာရောင်လဲ့နေသည့်မျက်မှန်ကိုတော့ ဦးဝင်းထွတ် ချွတ်လိုက်ပြီဖြစ်၏။ ဒေါ်ရီဝင်းက မောင်ဖြစ်သူကို မျက်စောင်းရွယ်လျက်ကြည့်ကာ..

"ကလေးတွေပြောတာ လွန်လို့လား၊ မင်းမှာ …"

"မမကြီးကလဲ ကျွန်တော် လူပျိုပဲဟာ"

"ဟွန်း … ပျိုပဲပျိုချင်ပလေ၊ ဟိုမှာ နိုင်ငံ တောင် မင်းလောက် ပျံလန်မနေဘူး"

"နိုင်ငံရပ်ခြားမှာနေတာ ဒီလောက်တော့ရှိမှာပေါ့"

"ဟုတ်ပါတယ် ကြီးကြီးရယ်၊ လေးလေးထွတ် က ရုပ်သိပ်မချောတာလေးပဲရှိတာ၊ နှာခေါင်းနည်းနည်းပွပြီး မျက်နှာမလှတာလေးကလွဲရင် အရုပ်ပုတာလေးက ကြည့်ပျော်ရှုပျော်ပါပဲ"

"မိလွန်းလေး တော်ပြီလား ခင်ဗျား"

ဦးဝင်းထွတ် မျက်လုံးပြူးကြီးနှင့် အော်သည်၊ အလွန် က နိုင်ငံ လက်





မောင်းမှာကွယ်၍ ရယ်နေ၏။ စောစောက ငိုမဲ့မဲ့လေးဖြစ်နေလျက် ခုတစ်ခါ ရယ်နေပြန်သည့် ညီမငယ်ကို ချစ်စနိုးကြည့်ကာ နိုင်ငံ က မေးဖျားလေးကို လက်သီးနှင့်ကပ်၏။

ရည်းစားနဲ့ကွဲလို့ လွမ်းဖျားလွမ်းနာကျပြီး အခန်းအောင်းစိတ်ကောက်မနေတာဘဲ တော်လှပြီ။ ဪ … ခရီးသွားရင်း ရည်းစားထား၊ ပြီးတော့လည်း ပျောက်သွားပြီထင်သည်။

ဒါပေမယ့် ဒါလေးပဲကောင်းပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

နိုင်ငံ ထွက်သွားပြီး သိပ်မကြာခင်မှာ အိမ်ရှေ့က လူခေါ်ဘဲလ်သံကြောင့် ဒေါ်ရီဝင်း အပေါ်ထပ်တက်ခါနီး ခြေလှမ်းကတုံ့ခနဲဖြစ်သွားသည်။

"မနီရေ အပြင်မှာ ဧည့်သည်ထင်တယ်၊ သွားကြည့်စမ်း"

မနီက ကိုင်ထားသည့်ကြက်မွေးတံလေးကို ချထားခဲ့ပြီး အိမ်ရှေ့ထွက်သွား၏။ ဧည့်ခန်းမှာ ဦးဝင်းထွတ်လည်းရှိနေသဖြင့် ပုတီးစိပ်ဖို့ အချိန်နောက်ကျနေမှာစိုးကာ ဒေါ်ရီဝင်းက အပေါ် ကိုပဲတက်သွားခဲ့၏။

"ဦးဦး မမလေးရဲ့ သူငယ်ချင်းတွေ တဲ့"

"ဟင် ... လာပြန်ပြီ"

မနီ က တံခါးမဖွင့်သေးဘဲ သတင်းအရင်လာပို့သည်။ ဦးဝင်းထွတ်မျက်နှာကြီးကိုတင်းထားပြီးမှ တံခါးနားဆီ ထ,သွားခဲ့သည်။

မိန်းကလေးချင်း ဝင်ရထွက်ရလွယ်တယ်ဆိုပြီး ရုံးပုံရုံးပန်းလေးနဲ့ လာကြပြီးတော့ တိတ်တိတ်ကြိတ်ပြီး အောင်သွယ်လုပ်သွားကြတာကွ၊ ဒါမျိုးတွေက ရိုးနေပါပြီ။ ဟိုခေါ်မယ်၊ ဒီခေါ်မယ် ဘာမှ စကားမစ,ရဲအောင် ဦးဝင်းထွတ် က မျက်နှာကြီးကို အစွမ်းကုန် ရှုံ့တွစူပုပ်ထား၏။

"ဘယ်လဲဟော့"





"ဪ ... လေးလေး၊ အလွန်နဲ့ရဲ့ လေးလေးတွတ် မဟုတ်လားဟင်၊ နိုင်ငံခြားကပြန်ရောက်နေတယ်ဆိုတာ၊ အဟွန်း ခုမှပဲမြင်ဖူးတော့တယ်၊ ရုပ်ရှင်မင်းသား ကိုလူမင်း အတိုင်းပဲ တကယ်၊ နှာခေါင်းလေး နည်းနည်းပဲကွာတယ်"

ဒေါသတွေက သူ့ထက်ငါ ကျော်တက်ဖို့ ဦးတည်လိုက်သည့် လိုင်းကားတွေလို အားရပါးရ ဆွဲလှည့်လိုက်ပြီးမှ ရှေ့ကပိတ်၊ နောက်ကပိတ်နှင့် လမ်းကြောင်းမလွတ်လို့ ဒီတိုင်းရပ်စောင့်နေရတာမျိုး။

ဘာပြောမလဲ၊ ဘာလုပ်ဖို့မှန်း သတိမေ့ကာ နှာခေါင်းကိုပဲ ကွဲရဲ့ ခရကာမှ နည်းနည်း သတိပြန်လည်သည်။

ဒါပေမယ့် ကိုလူမင်းနှင့်တူသည်ဆိုတာက အားတုံ့အားနာ ဖြစ်ရဖို့ရှိလျက် ...

"ဆို ... ဘာကိစ္စ"

"ဪ.. သမီးက မိုးမြင့်မြင့်မားပါ လေးလေး၊ သူက သီတာစိုးချစ်တဲ့၊ ဒီကိုလာတော့ အဖော်မပါတာနဲ့ ခေါ်လာတာ၊ သူက ပြန်မှာပါ"

"သူကပြန်မှာဆိုတော့ မင်းက ..."

"သမီးက ဒီမှာတည်းမှာလေ၊ မကွေးကနေ အလည်လာတာ"

"ဘယ်လို"

ဧည့်သည်သံကြားတာနှင့် မျက်မှန်တပ် စတိုင်လ်ထုတ်ထားပြီး ဖြစ်သည်မို့ အံ့ဩသွားတော့လည်း ဒီမျက်မှန်ကိုပဲ ဟန်ပါပါပင့်ဘင်၏။

"အပွန်ကောဟင်၊ အလွန်နဲ့ ကိုခေါ်လိုက်ပါဦး လေဖလေးရယ်၊ မှားဆိုရင် သူ ဝမ်းသာသွားမှာ"

"မှား ..."

ဟု သံယောင်လိုက်ဆိုရင်း ရှေ့ဆံပင်နှံကျပ်ကျပ်၊ ရှည်အကျီလက်တိုပွပွလေးနှင့် ဆံပင်ကုပ်ထောက်ပျော့ပျော့နက်နက်လေးတွေရှိသော ချာတိတ်



www.burmeseclassic.com

www.burmeseclassic.com



မလေးကို သေချာကြည့်မိသည်။

မျက်ခုံးတန်းသွယ်သွယ်လေးတွေရော၊ မျက်ဝန်းဖြာပြာ၊ မျက်တော
ရှည်ကြီးတွေ ကော့ညွှတ်နေလျက် နှုတ်ခမ်းသားလေးတွေက စေ့စေ
မကြည့်ရဲအောင်လှသည်။

ထို့ပြင် ထောင့်ချိုးလေးတွေပေါ် လွင်အောင် ပုလဲရောင် နှုတ်ခမ်
ဆိုးဆေးတင်ထားသဖြင့် လက်ဖျားခါချင်မိသည်။

ကိုယ့်တူမလေးကို လှလွန်းလို့ သူ့မှာ အရိပ်တကြည့်ကြည့်ရယ
ကိုယ့်တူမထက် မသာရင်တောင် ဒီလိုလှနိုင်တဲ့ မိန်းကလေးမျိုး ထပ်
သေးတာကို အံ့လည်းအံ့ဩသည်။

မနှာလိုသလိုလို၊ သဘောကျသလိုလို မျက်လုံးကတော့ မခွာနိုင်တ
သေချာ၏။ တော်တော်လှတဲ့ ချာတိတ်မလေးဟု အထပ်ထပ်ရေရွတ်ရ
စိတ်ထဲမှာ မူမမှန်ချင်။

"ဦးဦး ကျွန်မ ဖွင့်ပေးလိုက်ရမလား"

"ဟင် ... အေး အေး ဖွင့်လိုက်ပါ၊ ကိုယ့်ဆီမှာတည်းမယ့်ဟာကို"
နားလည်မှုတွေ ချက်ချင်းဖြစ်သွားခဲ့၏။ ဒီမှာတည်းမှာဆိုတော့ အ
ကို ကူးလူးဆက်သွယ်မယ့်လူမျိုးမဟုတ်နိုင်ဟု တွက်မိတာဖြစ်သည်

မား က လေယာဉ်ကွင်းမှာလျှောက်သလို ခရီးဆောင်သေတ္တာ
ကြမ်းခင်းပေါ်မှာ လက်ကိုင်ကနေဆွဲ၍ ကြော့ကြော့မော့မော့လေး
လာ၏။

ဦးဝင်းထွတ် သူ့နောက်မှပါလာပေမယ့် မျက်လုံးတို့က မား ၏ လ
ကြော့ရှင်းသည့် ကိုယ်လုံးသွယ်သွယ်လေးထက်မှာ ဝေ့ဝဲနေခဲ့သည်။
စဉ် ...

နောက်ဖေးကထွက်လာသည့် အလွှန် နှင့် မျက်နှာချင်းဆိုင် ဆုံမိ
ကြ၏။





"အလွှန် နင်ကလဲဟာ ဖုန်းဆက်ထားတာတောင်မှ လာမကြိုဘူး၊
တကယ်နေနိုင်တယ်"

မား က ဦးအောင်ရန်တွေ့သည်။ အလွှန် မျက်လုံးလေးပြူး၍ မော့
ကြည့်နေတာကို လက်မောင်းလေးတစ်ဖက်ကနေ ခပ်ဖိဖိဆုပ်ကိုင်လှုပ်
ကာ ...

"အလွှန် တို့ရယ်၊ အမူအရာမပျက်နဲ့နော်"

ဘုရား ...၊ အလွှန် မျက်ဝန်းလေးတွေ ပို၍ဝိုင်းစက်သွား၏။

သမား ... သမား ဆိုတာ ဘယ်လိုမှကို သံသယမဝင်ခဲ့မိပေ။ နားနား
ကပ်၍ သူ့အသံကို တကယ်ကြားလိုက်ကာမှ ရင်ဘတ်ထဲမှာ ဒိန်းခနဲ
ပစ်ဆောင့်၏။ သမား က အလွှန် မျက်လုံးပြူးနေတာရော အမူအရာပျက်
နေတာပါ၊ အားလုံးကို ဦးဝင်းထွတ် မမြင်အောင် သူ့အရပ်မြင့်မြင့်ကြီးနှင့်
မရအရ လိုက်ကွယ်ထား၏။

"နင် မကြွေးကို လာတယ်ဆို၊ ငါက တောင်ကြီးရောက်နေတာလေ၊
အဲဒါကြောင့် ပြန်လာတော့ မတွေ့လိုက်ရတာနဲ့ ဒီထိလိုက်လာတာ၊ ဘာ
လဲ ငါ့ကိုရှောင်နေတယ်ထင်ပြီး စိတ်ဆိုးသွားတာလား"

အလွှန် ရုတ်တရက် ဘာပြောရမှန်းမသိဖြစ်နေ၏။ သူက ဒီလောက်
ရဲရဲတင်းတင်းလုပ်ချလာပေမယ့် အလွှန် ခြေဖျားလက်ဖျားတွေပင် ချက်
ချင်းအေးလာ၏။

လေးလေးထွတ်ရှေ့မှာ ဟန်မပျက် ရောသောပြောလိုက်ရမည်လား၊
ဒါက မိန်းကလေးမဟုတ်ဘူး၊ ကျွန်မ ပြောတဲ့ သမား ဆိုတဲ့ ကျွန်မချစ်သူ
လို့ပဲ ဖွင့်ချပြောလိုက်ရမည်လား။

"ကဲဟာ နင်တို့သူငယ်ချင်းကလဲ စိတ်ကောက်မပြေကြရင် နောက်မှ
ကောက်ကြပါ၊ ငါက ရပ်နေပေးရဦးမှာလား၊ ပြန်ရမှာလား"

နောက်က အဖြူရောင်ဂါဝန်ရှည်နှင့် မိုးပေါက်တို့လို ဆံပင်မျိုးရှိသော



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က အခြေအနေကို ဝင်ထိန်းသလိုပြောလိုက်၏။ အလွန်က သူမကိုလည်း လှမ်းကြည့်သည်။

ဘယ်သူတွေလဲ၊ သူမကတော့ မိန်းကလေးအစစ်ဖြစ်နေတာ သေချာပေမယ့် အလွန် မသိပါ။

"မမလေး ညှိသည်နေဖို့ အခန်းကိုရှင်းရင်း ဒီအိတ် ယူသွားလိုက်မယ်နော်"

"ဪ ... အင်း အင်း ယူသွား"

အရေးထဲမှာ မနီက တာဝန်ကျေနေပြန်သည်။ လေးလေးထွတ် ကလည်း ခပ်လှမ်းလှမ်းကနေ ရပ်ကြည့်နေဆဲဖြစ်သည်။ မိန်းကလေးလို ပြင်ဆင်ပြီး ဒီလောက်ထိစွန့်စားရောက်လာတာကို ဖြုန်းခနဲ သိလိုက်ရတော့ ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရသည်။

သူ့ကို သနားသွားသလိုလို၊ အဆက်ဖြတ်ပြီး ပြတ်တောက်စွာနေခဲ့မိတဲ့ ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်ရတော့မလိုလို၊ ဒါပေမယ့် လူတွေပြောနေကြသလို သူက ဒီပုံစံမျိုးကြီး အပီအပြင်လုပ်ချလာတော့ စေ့စေ့ကြည့်မိရင်း အလိုမကျခြင်းက ဒွန်တွဲပါလာခဲ့၏။

ထို့ကြောင့် သူ ခင်းပေးလိုက်သည့်စကားလမ်းအတိုင်း လိုက်၍ ...

"ကိုယ့်ကိုကျတော့ တာဝန်ကျေရမှာစိုးလို့ ပတ်ပြေးနေပြီးတော့ ဘာလာလုပ်တာလဲ၊ ပြန်တော့"

မျက်နှာတင်းတင်းလေးကို သမား က စိုက်ကြည့်ပြီး ပြုံးသည်။ လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်ပြီး ပါးလေးတစ်ဖက်ကို ဖျတ်ခနဲ ငုံ့နမ်းလိုက်သည်။

"အယ် ..."

အလွန့်မျက်နှာ အထိတ်တလန့်ဖြစ်သွားတာကို သမား က အပြုံးမပျက်ကြည့်၍ ...





"သူငယ်ချင်းရယ် ဒီက စတက်လာကတည်းက တောင်းပန်ပြီးရင်း တောင်းပန်နေတာပါ။ အဲဒီလို ကောက်ချိတ်သွားမှန်းသိလို့ကိုပဲ ဒီထိ လိုက်လာတာ၊ ကျေနပ်တော့နော်"

ပခုံးကိုဖက်လိုက်၊ မေးဖျားကို ဆွဲဖျစ်လှုပ်လိုက်။ ကိုယ်က သိနေသဖြင့် ထိတ်လန့်ချောက်ချားနေရသလောက် သူက အခွင့်အရေးတွေ ရနေ၏။

"ကဲ ကဲ သူငယ်ချင်းတွေ ခရီးပန်းလာမှာပေါ့၊ အထဲခေါ်သွားလေ"

"သမီးက ခုပဲပြန်မှာပါ၊ ကဲ မား ... နင် ဖြစ်တယ်နော်၊ ငါ ပြန်ခဲ့တော့မယ်"

သူတို့ အထာနဲ့နှုတ်ဆက်ကြတာထင်သည်။ ဦးဝင်းထွတ် ကတော့ သဘောတွေကောင်းကာ ကောင်မလေးကို တံခါးဝထိတောင် ပြန်ပို့ပေးလိုက်သေးသည်။

အခန်းထဲကိုရောက်လာတော့ မနီ က အိပ်ရာခင်းပြင်ဆင်ခြင်းကို ကပျာကယာ လက်စသတ်ကာ ပြန်ထွက်သွား၏။ သမား က တံခါးကို ဆွဲပိတ်ပြီး အထဲကနေ လော့ခ်ချပစ်လိုက်ကာ ...

"ဟောက် .. အိုက်လိုက်တာကွာ"

"အို ... ဘာ ... ဘာလုပ်တာလဲ"

အိုက်လိုက်တာဟုညည်းကာ သေတ္တာကို ဆွဲဖွင့်၍ ဘောင်းဘီရှည်ထုတ်ယူသည်။ ထုတ်ပြီးတော့ အဝတ်စားလဲဖို့ သူ ပြင်၏။

ဘာလုပ်မလို့မှန်းမသိ၍ လိုက်ကြည့်နေပြီးမှ အလွန် ပြူးပြူးပျာပျာဖြစ်သွားရင်း ဖျတ်ခနဲကျောခိုင်းလိုက်ရသည်။

"ခဏလေး"

ရယ်သံသဲ့သဲ့နှင့်ပြော၍ သမား က ဘောင်းဘီလဲဝတ်သည်။ ကျောခိုင်းထားရင်း လေးလေးထွတ် အမှတ်တမဲ့ တွေ့သွားမှာစိုးရိမ်တာကာ..



www.burmeseclassic.com

www.burmeseclassic.com



"ဒီတိုင်းပဲနေရမှာကို ဘာဖြစ်လို့ လဲ၀တ်နေတာလဲ၊ လူကြီးတွေ သိ
ကုန်ရင် ခက်တော့မှာပဲ"

"တံခါးပိတ်ထားတာပဲကွာ၊ ဘာမှမဖြစ်ပါဘူး၊ ပြီးပြီ၊ ဒီဘက်လှည့်"

ပြောလဲပြော၍ အလွန့် လက်မောင်းလေးကို နောက်ကနေ သူ့ဘက်
ဆွဲလှည့်ပစ်လိုက်သည်။

"လွမ်းလိုက်တာ အလွန်ရာ၊ မင်း တကယ်နေနိုင်တယ်"

"ဘာနေနိုင်တာလဲ၊ သွားပါဆိုလို့မရ၊ ဖယ်ပါဆိုလို့ မဖယ်၊ သမား
ရန်ကုန် စ,ရောက်ကတည်းက လူကြီးတွေ သိကုန်တာလေ၊ အဲဒါ ဘယ်သူ
အနေအထိုင် မဆင်ခြင်တာလဲ"

အဝေးပြေး၀င်းထဲကအဖြစ်ကို အလွန် က ရည်ရွယ်ပြောသည်
လေးလေးထွတ် ကိုမြင်လိုက်သဖြင့် ကိုယ်က အမှုအရာမပျက်ဖို့ ကြိုးစ
သည်။

သူက လက်ကို ဆွဲလားနမ်းလားလုပ်ပစ်၏။ သူ့ကြောင့် ကိုကြီး
မျက်လုံးတွေရှေ့မှာ အလွန်အရှက်ရခဲ့သည်။ လွှတ်လပ်ခွင့်တွေ၊ ဟို နည်း
နည်း ဒီနည်းနည်းပိတ်ပင်ခံရ၏။ တစ်ခုတော်နေသေးတာက တချို့ အစ်
မောင်တွေလို အတွက်ကြီးကြီး၊ ဒေါသကြီးကြီးနှင့် ကိုကြီးက ပြင်းပြင်းထ
ထန် တင်းကျပ်ချုပ်ချယ်ခဲ့တာ မရှိ။ ထိုပြင် နတ်ကတော်နဲ့ တတွဲတွဲ
ရောက်လာပြီး ကိုယ့်ကို ဒေါသတွေ သူပဲကြီး၊ သူပဲအော်၊ အလွန် က
နှုတ်ခမ်းလေးကို တင်းတင်းစေ့ထားလျက် ...

"ဒီလောက်ထိ ရဲရဲတင်းတင်း၀င်လာရဲတာကို ဘယ်သူ ပြင်ဆင်
မြှောက်ပေးလိုက်တာလဲ"

"မိုးမိုးလေ၊ နတ်ကတော်"

"ဘာ ..."

"ရှူး"





"ဖယ် ... ဖယ် လွှတ်"

"လွှတ်ပါ့မယ်၊ ဘာဖြစ်လို့ တအားအော်လိုက်တာလဲ"

"မုန်းလွန်းလို့ ဖယ်"

သမား က ပခုံးလေးကိုဆွဲဖက်လိုက်ကာ အလွန့်နှုတ်ခမ်းလေးတွေ
ပေါ်မှာ လက်ဝါးနှင့်ဖိကပ်ပိတ်ထားသည်။ အလွန် က အတင်းရုန်းကန်
ဖယ်ချပစ်၍ ...

"ရှင် က အလွန့်ကိုရွဲ့တာပေါ့ ဟုတ်လား"

"ဘာကိုရွဲ့ရမှာလဲ၊ မင်းပဲ တို့ကို နားလည်တယ်ဆို၊ နတ်ကတော်နဲ့
တွဲတိုင်း အခြောက်ဖြစ်ရောတဲ့လား ပြောပါဦး၊ လူကို အဲဒီလောက် ပြတ်
ပြတ်တောက်တောက်နေပစ်လိုက်တာ မိုးမိုးနဲ့လာတာကို မကြိုက်တာ
လား၊ အော်မိ ပြောမိတာကို တင်းသွားတာလား"

"နှစ်ခုစလုံး"

ဒေါသတွေထပ်ဖြစ်ပြရင်း သမားရဲ့ မျက်တောင်ရှည်တွေကိုလည်း
စူးစိုက်ကြည့်မိသည်။ မာစ်ကာရာ နည်းနည်းလေးသုံးလိုက်ရုံနှင့် အပေါ့
တပ်ထားသလားထင်ရလောက်အောင် မျက်တောင်တွေက ကော့ညွှတ်
နေတော့ နဂိုကတည်းက ထောင့်ချိုးလေးတွေပေါ် လှနေသည့်နှုတ်ခမ်း
မှာ နှုတ်ခမ်းနီဆိုးလိုက်တာနှင့် သမားတစ်ယောက် ဘာပြောင်းသွားတာ
တကယ်ကို ပိပိရိရိရှိနေသည်။

ဒီမျက်နှာ ဒီပုံစံကို နတ်ကတော်တွေ လိုလိုလားလား အရောဝင်နေ
ကြတော့ သိပ်တော့မဆန်းပါ၊ ဒါပေမယ့် ကိုယ်က ရောယောင်သာယာနေ
ရာလား။

ဘေးလူမြင်တော့ မိန်းမလျှာပုံလိုလိုနှင့် စိတ်ဓာတ်ကျတော့ စိတ်တို
စိတ်ဆတ်၊ သူပြောတာမှ အကောင်း။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ကပ်တွေနှင့်မျက်နှာကို အလွန် က မျက်စောင်းထိုးပြီးမှ တစ်ဖက်လှည့်၏။ သမား က ပြုံးစိစိနှင့်မျက်နှာရှေ့မှာ လိုက်ရပ်ကာ ...

"နှစ်ခုစလုံးကို တို့ပြောမယ်၊ မိုးမိုးတို့က အခု ကူညီလိုက်ပေမယ့် တို့မိဘအသိုင်းအဝိုင်းကရော ချစ်သူကပါ သူတို့ကို လုံးဝ မလိုလားမှန်း သိတယ်"

"သိဦးမှပဲ"

"အဲဒါကြောင့် ဒါတွေပြင်ဆင်ဖို့ကို တမင်တကာကူညီပေးလိုက်တာပါ၊ နောက်ဆို သူတို့ကို လမ်းတွေ့ရင်တောင် နှုတ်မဆက်ပါနဲ့ ရပါတယ်တဲ့"

အလွန် က နှုတ်ခမ်းမဲ့နေဆဲပါ။

"နောက်တစ်ချက်ကတော့ ကိုယ့်ချစ်သူလေး စိတ်မဆိုးဖို့ ကိုယ်ဘယ်တော့မှ ဒေါသမကြီးမိအောင်နေမယ်"

"မရဘူး၊ ရှင် ဘယ်လိုနေနေ ဒီမှာ ဒီလိုနေလို့ ဘယ်လိုမှမဖြစ်ဘူး၊ ဒီတစ်ညပဲအိပ်ပြီး မနက်ဖြန် ပြန်ပါ၊ ကိုကြီး သိသွားရင် အလွန် သေမှာသိလား"

"ကိုကြီးထက်အသက်ကြီးတဲ့ လေးလေးဆိုတာကတောင် မသိဘဲနဲ့ကွာ၊ လူကို နှင်လွှတ်မနေစမ်းပါနဲ့ ဒီမှာ အလွန် ..."

အလွန့် လက်မောင်းလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး သမား က စူးစိုက်ကြည့်သည်။

"ချစ်သူတွေသာဆိုတယ် အလွန့် ကို တို့ တစ်ဖက်သတ်ချစ်နေရသလိုပဲ၊ ပြောစမ်းပါ၊ မင်း တို့ကို ချစ်သေးရဲ့လား"

ချစ်တာပေါ့လို့ ဖြေမိတာက စိတ်ထဲမှာပဲဖြစ်သည်။ ဒါပေမယ့် ဘာကြောင့်မှန်းမသိဘဲ သမား ကချည်းပဲ ကိုယ့်ကို အနိုင်ယူနေသည်လို့ ထင်နေမိတဲ့ ခံစားချက်တွေက စွဲနေသည်။





ဒါမှမဟုတ် သူ့ကို ကိုယ်က စပြီးသဘောကျခဲ့ဖူးတာကို မလုံမလဲ သား၊ သူ့ကိုကြိုက်နေတဲ့ မိန်းကလေးတစ်ယောက်ဆိုသည့်အသိနှင့် နှုတ်အဖြေတောင်း၊ နှုတ်ပဲ အနိုင်ယူ။

"ဘယ်လိုမျက်လုံးနဲ့ကြည့်နေတာလဲကွာ၊ ပြဿနာပဲ၊ ဘာလဲ တို့ချစ်တာကို မယုံကြည်တာလား၊ ဒါမှမဟုတ် ချစ်တယ်လို့ဖြေခဲ့ပြီး ကျောင်းလိုက်တဲ့နောက်ပိုင်းမှာ တစ်ခါတည်းထားခဲ့လိုက်တာလား"

"အဲဒီလိုဟုတ်တယ် ဆိုရင်ရော ..."

"ရမလား"

"အား ..."

လိုက်ခနဲရင်နင့်သွားခြင်းကြောင့် ရင်ဘတ်ချင်း ဆွဲကပ်ပစ်လိုက်တာဖြစ်သည်။ ဒါပေမယ့် အလွန် က အော်လိုက်သဖြင့် အသံကို ပျောက်စေလိုသာစိတ်က နှုတ်ခမ်းလေးတွေဆီသို့ ...

သူ့အနမ်းများမှာ အလွန် မေ့မူးသွားခဲ့သည်လား။ အချစ်သည် မှိုတက်တူသော ဂုဏ်သိက္ခာမျိုးလည်းရှိနေခဲ့သည်ဆိုလျှင် မီးနဲ့တွေ့၍ အရည်ပျော်သွားတာမျိုးဖြစ်နိုင်လေသည်။

မေ့လိုက်တော့မည်၊ ထားလိုက်တော့မည်ဟု မမြင်ကွယ်ရာမှာ ဆုံးဖြတ်ချက်တွေ အကြိမ်ကြိမ်ချခဲ့၊ သေချာနေခဲ့သည်။ တကယ်တမ်းကျတော့ ...

"တို့ကိုချစ်လားဟင်"

"အင်း"

"ထာဝရနော်"

"အင်း"

"အလွန့်ကို စတွေ့လိုက်တုန်းက တို့ မကြိုက်တဲ့စကားကိုပြောတဲ့ နောက်ရော အရမ်းချစ်ဖို့ကောင်းနေတဲ့ မထိတထိအပြုံးလေးတွေကိုရော



www.burmeseclassic.com

www.burmeseclassic.com



တို့ရင်ထဲမှာ ထင်ကျန်ရစ်ခဲ့တာ အများကြီးပဲ၊ မကျေနပ်တာနဲ့တူပေမယ့် ဖွဲ့လမ်းနေတာမျိုး မင်းမျက်နှာကိုပဲမြင်နေတာ"

ပြင်ပေးထားသည့်အိပ်ရာ၏ခေါင်းစွန်းမှာ အတူထိုင်မိကြတော့ အလွှန် ခပ်တွန့်တွန့်လေးဖြစ်ကာ အိပ်ရာကိုပြန်ကြည့်သည်။ သမား က သဘော ပေါက်သဖြင့် ဖက်ထားတာကို လွှတ်လိုက်ပြီး လက်ဖဝါးလေးကိုပဲ ဆုပ် ကိုင်ထား၍ ...

"မကြောက်ပါနဲ့ တို့ အဲဒီလောက်မမိုက်ရိုင်းဘူး ပါးလေးတွေနဲ့ နှုတ် ခမ်းလေးကိုပဲ ပုံအပ်ထားရင် ရပြီ"

"သမားနော်"

"ချစ်လို့ ဇ,တာ"

"မစနဲ့"

"ဒါဆို အတည်နော်"

"ကြည့်ပါလား ... သွား"

မျက်နှာကြီးငုံ့ကျလာတော့ အလွှန် က မေးဖျားကနေ တွန်းဖယ်ပစ် လိုက်၏။

"သွားပါ သမား ရယ်၊ မိန်းကလေးလိုပဲ ဝတ်ထားစမ်းပါ၊ တော်ကြာ မနီ ရောက်လာချင်လာမှာ၊ လေးလေးထွတ်ကလဲ လာတာပဲ၊ ကမ္ဘာပတ် လာတဲ့သူ သိလား"

"ဒါပေမယ့် သူ အထာမနပ်သေးတာ သေချာပါတယ်၊ တို့ကို လုံးဝ မရိပ်မိဘူး"

"မရိပ်မိလဲ အကြာကြီးနေလို့မရဘူး၊ အလွှန် ကြောက်တယ်"

"အင်းပါ၊ မင်း တို့ကို ထားရစ်ခဲ့ပြီမှတ်လို့ ထန်းခေါက်ဖာလေးပိုက်ပြီး မပြန်နိုင်လို့ စွန့်စားခဲ့ရတာ၊ မိတ်ကပ်၊ နှုတ်ခမ်းနီတွေနဲ့ ဒီမှာလဲ ဘယ် လောက်ထိ စိတ်ပျက်ရတယ်မှတ်လဲ"





"တစ်ခါမှမလိမ်ဖူးဘူးလား"

"ဘယ်ကလာ လိမ်ဖူးရမှာလဲ၊ နတ်ပွဲတွေမှာ နတ်ကတော်တွေ ဟို ဟာတိုက်၊ ဒီဟာတိုက်နဲ့ ပွဲထဲဆွဲခေါ် က,ခိုင်းတာတွေ အများကြီးပဲ၊ ဒီတိုင်း ပဲ ဟိုခုန် ဒီခုန် လုပ်လိုက်တာ၊ လူကို အခြောက်လို့ တကယ်ထင်နေသလား မသိဘူး၊ ခက်တော့တာပဲ"

သမား ရှုံ့မဲ့ညည်းတော့ အလွှန် က ရယ်သည်။ ရယ်နေတာကို သမား က ခပ်ချဉ်ချဉ်မဲ့ကြည့်လိုက်ပြီး ...

"ဒီတစ်ခါ ဘုရားမှာထက် ပိုအဖြစ်ဆိုးမှာနော်၊ သိပ်သဘောကျမနေ နဲ့ မိန်းမလျာ, အခြောက်လို့ထင်နေတာကို ရှိသေးရင် ပြော၊ တစ်ခါတည်း ဖြေရှင်းပြမယ်"

"သွားနော်၊ ဒါလေးနဲ့ပဲ အနိုင်ကျင့်ဖို့အတွက် ထွင်နေတာ၊ ဟွန်း ..."

"ဘယ်ကလာ အနိုင်ကျင့်ရမှာလဲ၊ ချစ်တာ"

"နောက်မှချစ်ပါ၊ သွား နှုတ်ခမ်းနီပြန်ဆိုး၊ အဝတ်အစားလဲ"

"နောက်မှပဲ"

"ဘာ နောက်မှပဲလဲ"

"နှုတ်ခမ်းနီဆိုးစရာလား၊ မင်းရှိနေတဲ့ဟာ"

"ဘာ ..."

"ခဏခဏ ပြန်ဆိုးနေရမှာပေါ့၊ အပြင်ထွက်ခါနီးမှ ..."

"သမား နော်၊ ဟင့်အင်း ..."

အချစ်ဟာ နှုတ်ခမ်းပါးလေးတွေဆိုလျှင် အနမ်းတို့က ပျားရည်စက် ဖြစ်၏။



www.burmeseclassic.com

## အခန်း (၂၁)

မနက် လက်ဖက်ရည်ဝိုင်းမှာ လူစုံပြီဆိုတော့ နိုင်ငံ နှင့် သမား မျက်နှာချင်းဆိုင်လို့ မရတော့ပေ။ စားပွဲထိပ်မှာ နိုင်ငံ က ထိုင်လျက် ညာဘက်မှာ အလွန် ထိုင်သည်။

ဒါက ပုံမှန် အမြဲတမ်းဖြစ်ပြီး ဒေါ်ရီဝင်းကတော့ ကြုံသလိုပဲ ဝင်ဝင်ထိုင်တတ်ကာ အတူမထိုင်ဖြစ်တာက များပါသည်။

ဒီနေ့တော့ လူစုံတက်စုံ ထိုင်ဖြစ်ကြ၏။ သမား က နိုင်ငံ နှင့် စားလွယ်ခုတ်နေရာလောက်မှာမို့ နိုင်ငံ က ကြည့်တော့ မျက်တောင်ကော့တို့ကို တစောင်းအနေအထားနှင့် ထင်းနေအောင်မြင်ရ၏။

ဆံနွယ်ပျော့ပျော့နက်နက်များသည် ပခုံးထောက်ရုံလေးမို့ မျက်နှာ ဝန်းဝန်းမှာ ရှေ့ကိုပြုဆင်းနေကြ၏။

"ညီမလေးသူငယ်ချင်းတွေကို တို့ သိတယ်၊ မင်းကို တစ်ခါမှ မမြင်ဖူးဘူး"





နိုင်ငံ က ဤသို့ စ၍ပြော၏။ အလွန် မျက်နှာလေး ပျက်သွားပေမယ့် သမား က ခပ်တည်တည်ပဲမော့ကြည့်ကာ ...

"ဟုတ်ကဲ့၊ ညီမလေးက နှင်းတို့လို မဟုတ်ဘူးလေ၊ အဆောင်မှာနေရတာ၊ အဆောင်က စည်းကမ်းအရမ်းကြီးတော့ ကျောင်းချိန်ပြီးမှ အပြင်ထွက်လည်ပတ်တာတွေ လုပ်လို့မရဘူး၊ ဒါပေမယ့် တစ်ခါ၊ နှစ်ခါတော့ ဒီကိုလာဖူးပါတယ်၊ ကိုကြီးနဲ့ မဆုံဖြစ်တာ"

နိုင်ငံ က ခေါင်းညိတ်လိုက်ပေမယ့် တွန့်ကုပ်နေသည့် မျက်ခုံးလေးနှစ်ဖက်က ပြေပြစ်ခြင်းသို့ မရောက်ခဲ့ပေ။ တွေးနေတာလား၊ သမားကို သံသယရှိနေတာလား။

ကော်ဖီသောက်နေရပေမယ့် အလွန် ရင်တွေခုန်နေ၏။ နိုင်ငံ က လက်ဖက်ရည်ကို လက်စသတ်လိုက်ပြီး ပါးစပ်သုတ်လိုက်သည့် လက်သုတ်ပဝါကို ကိုင်ထားလျက်နှင့် စားပွဲပေါ်မှာ လက်ပြန်ချကာ ...

"ဒါဆို ရန်ကုန်မှာနေခဲ့တာတော့ သေချာတာပဲ"

"ဟင် ..."

နားရှုပ်သွားသဖြင့် 'ဗျာ' လို့ မေးလိုက်မိတော့မလို့ လက်မတင်လေးပဲဖြစ်၏။ နိုင်ငံ ဘာကိုဆိုလိုတာမှန်းမသိတော့ သမားနှင့် မျက်လုံးချင်းဆုံသွားကြ၏။ နိုင်ငံ က အလွန့် ကိုပါ လှည့်ကြည့်ကာ ...

"ဒီလို ...၊ ဧည့်သည်ဆိုတော့ ရန်ကုန်ရောက်လာရင် ဟိုလိုက်ပို့ပါ၊ ဒီလိုက်ပို့ပါ ဆိုတာ ရှိလာမှာလေ၊ ဟင့်အင်းလို့ခေါင်းခါရင် အိမ်ရှင်ကတွေ့ရားမကျော့ဘူးဖြစ်မယ်၊ နောက်တစ်ချက်က မင်းကို မကွေးကဆိုလို့မှာ ကောင်းကောင်းမွန်မွန်လက်ခံခဲ့တာ၊ ဆင်ဖြူကျွန်းက အပေါင်းအသင်းတွေဆိုရင် ချက်ချင်း ဆွဲထုတ်ပစ်ဖို့လဲရှိသေးတယ်"

"ဟင် ... ဟို ... နှင်းတို့၊ သဲတို့ကို ပြောတာလား"

နိုင်ငံ က စပ်စုတာကိုကြေကြိုက်သည့်မျက်နှာနှင့် ခေါင်းမညိတ်ချင်

www.burmeseclassic.com



ညိုတ်ချင် ဖြစ်သွားပြီး ကိုင်ထားမိသည့် ယက်ကိုင်ပဝါကို လက်ကြွလိုက်ပြီးမှ အခေါက်လိုက် ပြန်လွှတ်ချ၏။

"ဟုတ်တယ်။ မိတ်ဆွေ၊ အပေါင်းအသင်း၊ သူငယ်ချင်း အမျိုးမျိုး ခေါ်စဉ်တာပ်ပြီး ခင်မင်နေကြတာ အတူတူပဲလို့ထင်ရပေမယ့် မတူဘူးကွ မိတ်ဆွေ၊ သူငယ်ချင်းဆိုတာမှာ ဖြူစင်တဲ့ ဂုဏ်ကျက်သရေတွေရှိတယ်၊ အပေါင်းအသင်းကျတော့ ဂုဏ်ကျက်သရေမဲ့တယ်၊ နွေလေရူးမှာပါလာတဲ့ သစ်ရွက်မှိုက်တွေနဲ့လဲတူတယ်၊ ကိုကြီးက ညီမလေးအတွက် အပေါင်းအသင်းမလိုချင်ဘူး၊ သူငယ်ချင်းရင်း၊ မိတ်ဆွေစစ်ကိုပဲ လိုချင်တာလေ၊ အပေါင်းအသင်းလို့ သတ်မှတ်ထိုက်တဲ့လူတွေကို ပျူငှာဖို့မှမလိုတာ မဟုတ်ဘူးလား"

သမား ကော်ဖီသောက်ရင်း လည်နင်သွား၏။ ဒီယောက်ဖ မလွယ်ပါလား။

"ဘာပဲဖြစ်ဖြစ်ကွာ သူက ခရီးဝေးက လာရတာပဲ၊ တစ်ရက်တလေတော့ သွားလာကြပါစေ၊ လေးလေး ရှိတာပဲဟာ"

ဦးဝင်းထွတ်က မိန်းမလှလေး အနေခက်သွားတာကို မကြည့်ရက်တဲ့သူ ဖြစ်၏။ မိုးဖြင့်ဖြင့်မား ဆိုသည့် မိန်းကလေး မျက်နှာလေးဖုံ့သွားတာကို သနားလို့မဆုံးနိုင်။

ဒီကောင် နိုင်ငံ ကန်းများကန်းနေပြီလား။ ဒီလောက်ညှို့တဲ့မျက်ဝန်းလေးတွေကို တည့်တည့်ကြီးကြည့်ပြီး သူမို့ ပြောထွက်သည်။

နိုင်ငံ့ မျက်လုံးတွေကလည်း ဦးဝင်းထွတ်ဆီကိုပဲ စူးခနဲရောက်၏။ ပြီးတော့ ...

"တစ်ရက်တလေမှမထွက်ရဘူး၊ လေးလေးထွတ်ဘာသာ သွားချင်တဲ့နေရာ သွားပါ၊ ကလေးတွေကို မခေါ်ပါနဲ့"

ပြောပြီး ပျူငှာခြင်းကင်းသည့် မျက်ဝန်းတို့က သမားထံပြန်ရောက်





ကာ ...

"ညှော်သည်ဆိုတာ အိမ်ရှင်အတွက် အပန်းမကြီးအောင်နေတတ်ဖို့လိုတယ်၊ မင်း နေတတ်ရင် တို့တွေက မရိုင်းပါဘူး"

တော်သေးတာပေါ့ဟု စိတ်ထဲကပြောပြီး မျက်နှာကို ဆပ်ပြာနဲ့ ပြေး၍ဆေးချပြီး ...

"ဟောဒီမှာကြည့် ဆင်ဖြူကျွန်းသားစစ်စစ်"ဟု မျက်နှာရှေ့ထိုးပြလိုက်ချင်သည်။

"မင်းကောင်းရင် ငါမဆိုးဘူး"ဆိုတဲ့ ခပ်ရွတ်ရွတ်မာနမတွေ ကျွန်တော့်မှာလည်းရှိတယ်လို့ အားရှိပါးရှိ ပြောပြချင်၏။ ဒါပေမယ့် ...

"ဟုတ်ကဲ့ပါ ကိုကြီး"

စကားပြောတော့ ယောကျာ်းသံလိုလို၊ တမင်တကာ ညှုစွဲပြောတဲ့ အခြောက်သံလိုလို နားထဲမှာ ထော်လော်ကန့်လန့်ကြီးဝင်၏။ မျက်နှာလေးနဲ့တော့ တခြားစီ။

ထို့ကြောင့် စကားပြောလိုက်တိုင်း သမား ကို နိုင်ငံ မျက်မှောင်ကြုတ်နှင့်ကြည့်မိခဲ့ခြင်းဖြစ်သည်။ ဘေးကနေ နိုင်ငံ့ မျက်နှာကိုပဲ ရင်တထိတ်ထိတ်ကြည့်နေခဲ့သည့် အလွန် မှာတော့ ကော်ဖီတွေ ဘယ်လိုကုန်သွားမှန်းမသိ။

မုန့် ဘယ်နှစ်ခုလောက်မျိုချမိသလဲ သတိမထားနိုင်။ ဒီဝိုင်းကနေတစ်ယောက်ယောက်ကို ထ,စေချင်ပါပြီ။ ထိုစဉ် ဟန်းဖုန်းက အသံမြည်လာ၏။

နိုင်ငံ က ကုလားထိုင်မှာ ခပ်တောင့်တောင့်မှီလိုက်ပြီး ထုတ်ကိုင်သည်။

"ဟဲလို ..."

"တိုင်းနိုင်ငံကုမ္ပဏီပိုင်ရှင် ဟုတ်ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ပြောပါ"

"ကျွန်မက 'သမားစီ'က ဒေါ်ပန်းမြတ်ပါ"

"ဩော် ... အင်း ... ပြော"

"ဘယ်လိုလုပ်ပြောရမှာလဲ၊ ကျွန်မတို့က ရှင်နဲ့တွေ့ဖို့ ဆင်ဖြူကျွန်းကနေ လှမ်းပြီး ကွန်တက်လုပ်ထားတာ၊ ရှင်လဲ လက်ခံခဲ့တာပဲ"

"ဘာ ... ဆင်ဖြူကျွန်း ... ဆင်ဖြူကျွန်း ဟုတ်လား၊ ခင်ဗျားတို့က နတ်မောက်က မဟုတ်ဘူးလား"

ရုပ်ပျက်ဆင်းပျက်ကြီးမေးလိုက်ပြီး သမား တို့ဆီ မျက်လုံးဝေ့ကာ နေရာမှ ထ,ရပ်လိုက်၏။ ကိုယ့်အတွင်းရေးကို လူမကြားစေချင်တာမျိုးပါ

"ကျွတ် ... ဆင်ဖြူကျွန်းနဲ့မှ ဘာဖြစ်လို့ လာလာခလုတ်တိုက်နေရတာလဲ၊ စိတ်ပျက်စရာ"

ဖုန်းကိုင်ရင်း မကျေမနပ်ပြော၍ အပြင်ထွက်သွားသည်။

"ဟုတ်ပြီ၊ ပြောပါဦး"

အပြင်ရောက်မှ ပြန်ဆက်ပြောသည့် စကားသံသဲ့သဲ့ကို နားစွင့်နေရင်း သမား က အလွန် ကို လှမ်းကြည့်သည်။ အလွန် ကလည်း ကြည့်၏။ ထိုနှစ်ယောက်လုံးကို မြင့်ငေးကြည့်နေသည့် ဦးဝင်းထွတ်၏မျက်လုံးထဲမှာ ကောင်မလေးကို အဆမတန် အားနာသနားခြင်းတွေ ဖြစ်ပေါ်နေကာ...

"စိတ်မကောင်းမဖြစ်ပါနဲ့ ချာတိတ်၊ ဒီကောင်က လေသံဆိုးတာပါ စိတ်ရင်းကကောင်းပါတယ်၊ ဒီခွေးစုတ်လေး နို့နံ့မစင်သေးဘဲ ရည်းစားထားလိုက်လို့ ပိုဆိုးသွားတာ၊ အဟွန်း ... မုန်တိုင်းအဖျားခတ်တာပါကွာ"

"သမီး နားလည်ပါတယ် လေးလေးရယ်"

သမား မသက်မသာပြောလိုက်ပြီး မအီမလည်ပြုံးသည်။ ပြောလည်း ပြောစရာပါပဲ။ ဘယ့်နှယ် နိုင်ငံ ဆိုသည့်လူကြီးနဲ့ကျမှပဲ 'ဆင်ဖြူကျွန်း' က ဘာဖြစ်လို့ နောက်ထပ်ပတ်သက်နေရတာလဲ။





'ဆင်ဖြူကျွန်း'ဆိုတာ တစ်ခါထည့်ပြောတိုင်း မျက်နှာပူနေရသည့် အဖြစ်ကြောင့် ဒီလောက်တိုက်ဆိုင်နေတာကို မကျေနပ်ချင်၊ ဒီကြားထဲမှာ လေးလေးထွတ် ဆိုတာကြီးက ...

"ချာတိတ် သစ်ခွခြံဘက်ကို လိုက်ကြည့်မလား၊ လေးလေးနဲ့လိုက်ခဲ့လေ" တဲ့။

ပြောလိုက်တဲ့ရုပ်ကြီးကို အားနာပြုံးနှင့် ခေါင်းပဲခါပြလိုက်ရသော်လည်း ...

အခြောက်ကိစ္စကို ဝါသနာမပါဘူးလို့များ ပြောပေးလိုက်လျှင် အဆိပ်တက်လာနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

ချိန်းထားသည့်နေရာကို သွားဖို့ထွက်လာတာပဲဖြစ်သည်။ ဒါပေမယ့် မထင်မှတ်ဘဲ ကိုယ်မှတ်မိနေသောကားတစ်စီးကိုမြင်လိုက်သဖြင့် ထိုကား နောက်ကိုလိုက်ရင်း ရည်ရွယ်ချက်က ပြောင်းသွား၏။ ဒါပေမယ့် ကပ် လိုက်ခဲ့ရင်းနဲ့ပဲ နည်းနည်းလေးပြန်ကွာသွားတော့ ကားကို မျက်ခြည်ပြတ် သွားသည်။ ကားက ပန်းတော်ဝင်ရဲ့ကား။ ကားပေါ်မှာလည်း သူမကို လှမ်း မြင်လိုက်သည်။ ဟိုညက အချိန်ကြာကြာ အတူရှိနေခဲ့ကြပေမယ့် သူမ ဘယ်က ဘယ်ကိုသွားမယ်၊ ပြန်မယ် ဘာမှကို မမေးဖြစ်ခဲ့ပါ။

သူမကလည်း ဒဏ်ရာကိုပဲစိုးရိမ်နေခဲ့တာဖြစ်ပြီး နာမည်လေး မေး လိုက်ဖို့တောင်မှ သူ သတိရလိုက်လို့ သိခဲ့ရတာဖြစ်သည်။ ထို့ပြင် အဝေး ပြေးဝင်းထဲကို သွားမှာဆိုသည့်စကားကြောင့် သူမကို နောက်ထပ်တွေ့ရ မရှိတော့သည့်အတွေးမျိုးလည်း ဝင်ခဲ့သေးသည်။

စိတ်ထဲမှာ စွဲစွဲလမ်းလမ်းကြီးမဟုတ်ပေမယ့် ဒဏ်ရာကိုကိုင်မိတိုင်း သတိရတာတော့ ရှိခဲ့၏။ ခုလို မထင်မှတ်ဘဲမြင်လိုက်ရသဖြင့် အံ့သြတာ





ရော နောက်ထပ် တွေ့ဆုံခေါ်ပြောချင်သောစိတ်က တစ်ပါတည်းဖြစ် လျက် မျက်ခြည်ပြတ်သွားတော့ မချင့်မရဲဖြစ်သွားမိ၏။ ထိုစဉ် ဖုန်းဝင်လာ သဖြင့် ကားကို လမ်းဘေးကြောလွတ်အောင် ဘေးချရပ်လိုက်သည်။

"ဟဲလို"

"ဦးတိုင်းနိုင်ငံ"

"ကျွတ်"

အသံမထွက်ပေမယ့် စုတ်သပ်လိုက်တာတော့ အမှန်ပင်။ 'တိုင်းနိုင်ငံ' ကုမ္ပဏီက သူဌေးလားဟု မေးနေရာမှ ဦးတိုင်းနိုင်ငံဟု အလွယ်တကူ ခေါ်လိုက်ပေမယ့် ဒီအသံကို သူ မှတ်မိနေပါပြီ။

"ဒေါ်ပန်းမြတ် ကျွန်တော် ကျန်းမာရေးသိပ်မကောင်းသေးလို့ဗျာ အမှုအခင်းကိစ္စတွေ မဆွေးနွေးချင်သေးဘူး။ ခင်ဗျား ဖုန်းဆက်ချိန်းထား တာကိုလဲ ..."

"အိုရှင် ... ကျန်းမာရေးမကောင်းဘူးဆိုတော့ အားနာပေမယ့် ကျွန်မ တို့က နယ်ကနေ တကူးတကလာခဲ့ရတာ၊ ဒီကိစ္စကြောင့်ပဲ ရှင် နေမကောင်း ရင်လဲ စကားပြောရုံလေးတော့ ဖြစ်မှာပါ၊ ဘယ်လိုလာခဲ့ရမလဲ၊ ဥပမာ ရှင့်ရဲ့အိမ်ဖြစ်ဖြစ်"

"မဖြစ်ဘူး၊ ပြောရမယ်ဆို ဒါက ကိုယ်နဲ့ပတ်သက်ပေမယ့် ဒီလောက် ထိ အကျယ်တဝင့် ပါဝင်ဖြေရှင်းဖို့ကို ကျွန်တော့်ဘက်က လူကြီးတွေက မကြိုက်ဘူး ဒီလိုလုပ်ဗျာ၊ ခင်ဗျားတို့က ဒီအမှုတွဲကို ရုံးကြီးထိ မရောက်စေ ချင်တာမို့လား၊ တစ်နည်းနည်းနဲ့ ရှင်းလို့ရအောင် ကျွန်တော် စဉ်းစားပါ့ မယ်၊ ရပြီနော်"

"အို နေပါဦး။ အဲဒီလိုဆိုတော့ ကျွန်မတို့က ရန်ကုန်မှာ ဘယ်လောက် ကြာကြာနေရမှာလဲ၊ ရှင် စဉ်းစားမှာက ဘယ်ထိလဲ၊ ထွက်လာမယ့်အဖြေ



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်လိုဖြစ်လာမလဲ၊ ဘာမှမရေရာတာကြီးကို အချိန်အကန့်အသတ်မရှိ စောင့်ရမှာ၊ ကျွန်မတို့ဘက်ကိုလဲ ပြန်ကြည့်ပါဦး၊ ကျွန်မသဘောကတော့ ညှိနှိုင်းမရလို့ နောက်ဆုံး စားခွဲ တုတ်ခွဲတိုက်ရပါစေ တစ်ယောက်နဲ့တစ်ယောက် ပြောဆိုဆွေးနွေးပြီးလို့ လုပ်သင့်တဲ့အတိုင်းလုပ်ကြရတာပဲ ဖြစ်ချင်တာ၊ ရှင် စဉ်းစားကြည့်လေ၊ ရန်ကုန်နဲ့ဆင်ဖြူကျွန်းက နီးလို့လား။ အဲဒီကလူနှစ်ယောက် ပြဿနာဖြစ်ခဲ့တာက နတ်မောက်မှာ၊ ဖြစ်ခဲ့တဲ့ တြိဂံနယ်မြေကို ...”

“ဒေါ်ဝန်းမြတ် သောကြီးဗျာ၊ ကျွန်တော် အချိန် သိပ်မရဘူး၊ ကျေးဇူးပြုပြီး ဖုန်းထပ်မခေါ်ပါနဲ့”

ရှိုင်းတယ်လို့ထင်ရင်လည်း မတတ်နိုင်။ ဖုန်းပြန်သိမ်းပြီး ကားကို လမ်းပေါ်ပြန်တင်လိုက်သည်။ မူလအစီအစဉ်အတိုင်း အလုပ်ကိစ္စ ချိန်းထားသည့်ဆီကို ဦးတည်လိုက်စဉ် ...

ဓ ❖ ဓ





## အခန်း (၂၃)

ဘယ်လိုလူစားမျိုးတွေလဲ။ ဒီအချိန် ဒီနေရာမှာချိန်းထားတာကို လက်ခံခဲ့ပြီးမှ မလာနိုင်ပါဘူး တဲ့။

ဖုန်းပြောနေကတည်းက ‘ကျွန်တော် အချိန်ရရင် လာခဲ့ပါမယ်’တဲ့။ ဒီလို အခြေကြီးထားခဲ့တော့ ခု မလာနိုင်ဘူးလို့ မာရေကျောရေပြောသွားတာကိုလည်း ခံလိုက်ဦးပေါ့။ အာလူးဖုရိစားနေရင်း မဆလာစော် ပိုနံလာသလိုလို၊ ငံကျိကျိဖြစ်နေသလိုလိုနှင့် အရသာလည်း မရှိတော့ပေ။

မကုန်သေးဘဲ လက်စသတ်၍ ပိုက်ဆံရှင်းပေးလိုက်သည်။ အပြင်ထွက်လာခဲ့တော့ မပြန်ချင်သေးတာနှင့် ဝင်းထဲကိုဖုန်းဆက်မလို့ ကားသောမှာပဲ ရပ်နေလိုက်၏။

ထိုစဉ် မီးပွိုင့်လွှတ်လိုက်သည့်ကားတန်းထဲမှာ နိုင်ငံ သာသာလေး လိမ့်ပါလာရင်း မျက်လုံးတစ်ချက်ဝေ့လိုက်မိလျှင် ...

“ပန်းတော်ဝင်”

အံ့သြရပြန်ပြီ။ နာရီဝက်သာသာလောက်ပဲရှိဦးမည်၊ ဟိုနေရာကနေ ဒီမှာ လာတွေ့ရသဖြင့် မယုံနိုင်။ ကားကို လမ်းကြောပြန်လွှဲ၍ ဖုန်းဆက်မပြီးခင် သူမနားကိုရောက်ဖို့ လုံးပမ်းလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ရှိနေသည့် 'ကောင်း'စားသောက်ဆိုင်ကြီး၏ကားပါကင်မှာ နိုင်ငံ က တဖြည်းဖြည်း ဘက်ခ်ဆုတ်ဝင်ရပ်လိုက်ပြီး ...

"ပန်းတော်ဝင်"

သူမက ဖုန်းပြန်ပိတ်ရင်းမှ ဖျတ်ခနဲမော့ကြည့်၏။

"ဟင်"

'ဟင်' ဆိုသည့် မျက်ဝန်းလေးတွေက ခင်မင်ဖို့ကောင်းနေသည်။ 'ရှင်' ဟု နှုတ်ခမ်းလေးလှုပ်သွားပေမယ့် အသံမထွက်ခဲ့ပါ။

သူ ကားပေါ်ကဆင်းလိုက်ပြီး ပန်းတော်ဝင်ရဲ့ကားထဲကိုကော ဘေးကိုပါ ဝေ့ကြည့်၍ ...

"တစ်ယောက်တည်းပဲလား၊ သူတွေကတော့ မခေါ်ဘူးနော်"

သူမက ပြုံး၍ ခေါင်းညိတ်သည်။

"ကိုယ့်ဇာတိ မဟုတ်ပေမယ့် မကြာမကြာတော့ရောက်ပါတယ်။ ကား တစ်ခါပျက်ဖူးတာကို တစ်ဘဝစာမှတ်ပြီး အရိုးစွဲနေလို့လဲ မရဘူး လေ၊ စီးပွားရေးဆိုတာ ထမင်းဟင်းချက်သလို ဆီ၊ ဆား၊ အချိုမှုန့် အားလုံး စုံအောင် ဘေးမှာထားပြီး စိတ်ကြိုက်မွှေနှောက်ဖန်တီးသွားလို့ ရတာမျိုး မှမဟုတ်ဘဲ"

"ဪ ... ဪ ...၊ ဒါဆို ပန်းတော်ဝင် က စီးပွားရေးလုပ်ငန်းတွေ လုပ်နေတာပေါ့"

သူမက ခေါင်းခါလိုက်ပြီး မျက်မှောင်လေးကြုတ်၏။ သူ့ကိုကြည့်နေပြီးမှ ...

"ကျူညီတာလောက်ပါပဲ၊ ဖေဖေက အသက်အရွယ်ထောက်လာပြီ လေ၊ မောင်လေးကလဲ ငယ်သေးတော့ မခိုင်းရက်ဘူး၊ ဒါနဲ့ ကိုနိုင်ငံ ဒဏ်ရာ သက်သာနေပြီလား"

သူမအကြောင်း နောက်ထပ် မစပ်စုစေလိုသည့်သဘောမျိုး စကား





ဖြတ်လိုက်တာနှင့်တူပေမယ့် ဒီဒဏ်ရာကြောင့် သတိတောင်လစ်ခဲ့ရှာ သည့် သူမ၏စိုးရိမ်တတ်မှုကို သိထားခဲ့သောကြောင့် နိုင်ငံ က နားလည် သည်။

"သက်သာနေပါပြီ၊ ဒီဒဏ်ရာကို ဆေးထည့်ရတိုင်း မင်းကို သတိရမိ သေးတယ်"

သူ တမင်တကာရိုလိုက်တာမဟုတ်ပါ။ မရည်ရွယ်ဘဲ ပြောမိသွား တာဖြစ်၏။ ပန်းတော်ဝင် မျက်နှာလေးမှာ ဖျတ်ခနဲအရောင်ပြောင်းသွား ပေမယ့် ခဏလေးပဲဖြစ်ကာ ...

"ဟုတ်တယ်၊ ညကြီးမင်းကြီးဆိုတော့ သွေးရဲ့ရဲ့ သံရဲ့ရဲ့ ပိုပြီးကြောက် စရာကောင်းတယ်လေ။ ကျွန်မတို့ စကားလဲမပြောဖြစ်ခဲ့ကြဘူး၊ ပြန် ရောက်သွားတော့ ကျွန်မလဲ တွေးမိတာပဲ၊ ကိုယ့်ကြောင့်ဖြစ်သွားရတာ ဆိုတော့ ပိုပြီးစိတ်မကောင်းဖြစ်မိတယ်"

"အဟွန်း"

နိုင်ငံ က ခပ်သဲ့သဲ့ရယ်သည်။ ဘာရယ်မဟုတ်ဘဲ တစ်ယောက်ကို တစ်ယောက် စူးစိုက်ကြည့်မိကြ၏။ ပန်းတော်ဝင်ကပဲ အကြည့်တို့ကို စတင် လွှဲဖယ်ပစ်လျက် ...

"ကိုနိုင်ငံ ဘယ်ကိုလာတာလဲမသိဘူး"

"ဪ ... ဟို ..."

ကိုယ့်ကိုယ်ကို ဘာကိစ္စမှန်းတောင် ပြန်စဉ်းစားလိုက်ရသည်။ ရည် ရွယ်လာခဲ့တာက တစ်လမ်း။

"မိတ်ဆွေတစ်ယောက်ရဲ့ မင်္ဂလာဆောင်လေ၊ အဲဒါ မသွားနိုင်တာနဲ့ သွားမယ့်သူကို လက်ဖွဲ့ လှူကြုံပါးမလို့ ထွက်လာတာ"

"ပေးလိုက်ပြီလား"

"အင်း ပေးလိုက်ပြီ၊ ဒါနဲ့ ပန်းတော်ဝင် ဆိုင်ထဲကထွက်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ နပဲသွားတော့ခလို့လေ၊ ဟိုညနေက ကူညီလိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်နော်၊ အဲဒီညက မပြောဖြစ်လိုက်တဲ့အတွက် တွေးမိတိုင်း ရင်ထဲမှာ ကြွေးတင်နေသလိုပဲ"

နိုင်ငံ က ခြေဦးထိပ်ကို အမိပွာယ်မဲ့ ငုံ့ကြည့်နေရင်း ပြုံးလိုက်၏။

"အခု ကိုယ်က တမင်တကာ လာနှုတ်ဆက်ပြီး ကျေးဇူးတင်ကြောင်း ပြောခံရသလိုပဲနော်"

"ရှင် ..."

"ဒါပေမယ့် ကြွေးတင်နေတယ်ထင်ပြီး မင်း စိတ်မဆင်းရဲရတော့ဘူးဆိုတော့ ကျေနပ်ပါတယ်"

ပန်းတော်ဝင် ကြောင်အမ်းအမ်းလေးဖြစ်သွား၏။ ဒီလိုသာမဆုံမိရင် ကျေးဇူးတင်စကား ပြောဖြစ်ဦးမှာလားဆိုသည့် သဘောမျိုးနဲ့ ရိလိုက်တာလား ...

ဒါမှမဟုတ် မျက်နှာကိုမြင်လိုက်လို့ ခရီးသွားဟန်လွှဲ ပြောရက်လေခြင်းဆိုပြီး အခုအခံဖြစ်သွားခဲ့သည်လား။

"ရှင် ကျွန်မကို ရိလိုက်တာလားဟင်"

သူ ထပ်ပြုံးလိုက်တော့ ဝန်ခံလိုက်သလိုဖြစ်သွားသဖြင့် သူမ မျက်နှာလေးပျက်လျက် ...

"ကျေးဇူးတင်ထိုက်သူကို ကျေးဇူးတင်ကြောင်းပြောရတာ လိုက်လုံတဲ့ခံစားမှုတစ်ခုပါ။ ဒါပြောဖို့အတွက် ကျွန်မဘက်က ဝန်လေးစရာမှမရှိတာ၊ ဒဏ်ရာကိုပဲ အချိန်မီကုသဖို့ စိုးရိမ်စိတ်တွေနဲ့ တခြားစကားပြောဖို့မေ့သွားတာ တကယ်ပါ၊ အဲဒါ ... အဲဒါကို ကျွန်မ ဒီထက်တော့ ပိုမပြောတတ်တော့ဘူး"

ရိုးသားစွာ ပျက်ယွင်းနေရှာသည့် မျက်နှာလေးကိုကြည့်ကာ နိုင်ငံ့ မျက်လုံးထဲမှာ သူမ၏ အမူအရာလေးက စွဲထင်သွားခဲ့၏။ အူတူတူ အတ





ဘပုံမျိုးမဟုတ်ဘဲ ပကတိရိုးစင်းနေတာဖြစ်သည်။ ရိုးရိုးလေးပေမယ့် ခေတ်နောက်ကျနေပုံလည်းမဟုတ်။

"တို့က ခင်လို့နောက်လိုက်တာပါ။ တို့ကလဲ အမြင်မတော်လို့ ကူညီခဲ့တာ၊ မင်းကလဲ ခင်းကြောင့်လို့ခွဲပြီး စိုးရိမ်စိတ်တွေဖြစ်ခဲ့တယ်၊ အားလုံးက ရိုးရိုးလေးရယ်၊ ဘာကိုရိစရာရှိလို့လဲ"

ဟုတ်ရဲ့လားဆိုသည့်မျက်ဝန်းလေးတွေက ဘဝင်ကျသွားပုံ မရှိသေးပေ။

"ဒါပေမယ့် တစ်ခုလောက်တော့ တောင်းဆိုချင်တယ်"

"ဟင် ဘာလဲ ပြောလေ"

"အခုက ဘာအရေးအခင်းမှမရှိတော့ဘူးဆိုတော့ စကား အေးအေးဆေးဆေးပြောလို့ရပြီလေ၊ ဝန်းတော်ဝင် အချိန်ရရင် အထဲကို ခဏပြန်ဝင်ပါလား။ စားသောက်ပြီးပြီဆိုရင်လဲ အပူဖြစ်ဖြစ်၊ အအေးဖြစ်ဖြစ် တစ်ခုခုသောက်ရင်းပေါ့၊ ဘာမှမသောက်ချင်လဲ ထိုင်နေပေးရုံပဲ"

ပန်းတော်ဝင် ရုတ်တရက် စကားမပြောနိုင်။ တစ်ခါမှ သူစိမ်းယောက်ျားတစ်ယောက်နှင့် နှစ်ယောက်တွဲမသွားခဲ့ဖူးပါ။ စားသောက်ဆိုင် အတူထိုင်ဖို့က အဝေးကြီး။ ဒါပေမယ့် နိုင်ငံ ဆိုတဲ့လူက ဗရုတ်သုတ်ခလူစားမျိုးတော့ မဟုတ်နိုင်တာ သေချာသည်။

ခဏအတွင်းမှာ ခေါင်းညိတ်ခက်၊ ငြင်းရခက်။ ပိုဆိုးတာက ဆိုင်ထဲဝင်ဖို့ပင်။ နနကပဲ ချိန်းထားသည့် 'တိုင်းနိုင်ငံ' သူဌေးကို သူမ စောင့်နေခဲ့တာ အကြာကြီး။

အဲဒီလို စားပွဲတစ်လုံးမှာ တစ်ယောက်တည်း ထိုင်ရဲသော်လည်း နှစ်ယောက်စုံတွဲတော့ မထိုင်ရဲတာ အမှန်။

ထို့ပြင် ရန်ကုန်သူ ရန်ကုန်သားတွေတော့ မသိ။ နယ်သူ နယ်သားတွေအဖို့မှာ မိန်းကလေးနဲ့ ယောက်ျားလေးတို့၏ ခြားနားမှုက ရှေ့ဆုံး



www.burmeseclassic.com

www.burmeseclassic.com



အစဉ်အလာအတိုင်း တခမ်းတနားရှိနေဆဲဖြစ်၏။ သူမလည်း ဒီတိုင်းပဲ သေဝပ်စွာကြီးပြင်းခဲ့တာမို့ အကျင့်က ဖျောက်လို့မရ။

"ရပါတယ်၊ မင်းဘက်က အခက်အခဲသိပ်ဖြစ်နေရင် ကိုယ် ဖိတ်ခေါ်မိတာကို ရုပ်သိမ်းပါတယ်"

"ဟိုလေ ..."

"ကိုယ် နားလည်ပါတယ်။ မင်းကိုခင်မင်စိတ်ဖြစ်ခဲ့မိတာလဲ ဒါကြောင့် ပျက်မသွားပါဘူး၊ နောက်တော့ ဆုံဖြစ်ကြဦးမှာပဲ၊ ဖုန်းနံပါတ်တော့ ပေးနိုင်တယ်မဟုတ်လား"

"အင်း ရပါတယ်၊ ကျွန်မကို စိတ်မဆိုးပါနဲ့နော်၊ ရန်ကုန်မှာ ကျွန်မက ဧည့်သည်ပါ။ အဲဒီလို နှစ်ယောက်တွဲ သွားလာစားသောက်တာမျိုးလဲ မလုပ်ခဲ့ဖူးတော့ ..."

စကားမဆက်နိုင်ဘဲ လည်ပင်းလေးပွတ်၍ မျက်လွှာချ၏။

အထင်လွဲမှာလည်းစိုးကာ တည့်တည့်ကြီးရှင်းပြလိုက်ဖို့လည်း အားနာပုံရ၏။ ပန်းတော်ဝင့် ပုံစံလေးကိုကြည့်ရင်း သူ သဘောကျနေမိ၏။ မိနစ်ပိုင်းလေးအတွင်းမှာပဲ နှစ်သက်လက်ခံခြင်းတွေ တိုးပွားလာခဲ့၏။

နူးသားရောင် ပါတိတ်ဝတ်စုံလေးနှင့် ဆံပင်ရှည်တို့ကို ကျောထက်မှာ ရိုးရိုးလေးစည်းချထားသည်။ ဟိုတစ်ညကလို ပါးကွက်လေးနဲ့မဟုတ်ပေမယ့် သနပ်ခါးပဲလိမ်းထားတာက သေချာသည်။

နက်မှောင်သွယ်ရှူးသောမျက်ခုံးတန်းလေးတို့အစပ်မှာ သနပ်ခါးလေးတွေကိုမြင်နေရ၏။ ပြီးတော့ ပါတိတ်ဝတ်စုံလေးတွေနဲ့ပဲ မရိုးအောင် လှနေတာက သူမ၏ဖွေးနုသော ရွှေလည်တိုင်မှ အရိုးအဆစ်မထင်ဘဲ ပြေပြစ်ဝင်းမွတ်နေသည့် ရင်ဘတ်လှလှလေးကြောင့် ဖြစ်ပေမည်။

ခက်ပြီ။ သူမ၏ ယဉ်တစ်ကိုယ်လုံးလား ဘယ်ကိုပဲ မျက်လုံးရွေ့ကြည့်ကြည့် ရင်ထဲမှာ Full mark ဖြစ်နေ၏။ ဒါက နှစ်ကြိမ်မြောက် တွေ့





ခြင်းဖြစ်ကာ နောက်တစ်ခါဆုံမိလျှင် ဘယ်လိုခံစားချက်တွေ ဖြစ်လာမလဲ။

နိုင်ငံ့စိတ်တွေ ယိမ်းယိုင်လျက် ပန်းတော်ဝင်ကို သတိလက်လွတ်သည်။ တမင်တကာမဟုတ်ဘဲ မျက်ဝန်းထဲမှာ စကားတွေ အများကြီးဖြစ်သွား၏။

ပန်းတော်ဝင် ရှက်သွားတာကိုတောင် သတိမထားခဲ့မိဘဲ စူးစိုက်သည်။ ဖုန်းနံပါတ် ရေးပေးခဲ့ရင်း သူမ စိတ်တော့မကောင်းပါ။ ကြံ့ခိုင်မောသော နိုင်ငံ ဆိုသည့် သည်ယောက်ျားကို စ၍ဆုံစည်းစဉ်ကရော ယခုထိ သူမစိတ်ထဲမှာ အထင်တကြီး တလေးတစားပါပဲ။

နောက်ထပ်ဆုံစည်းကြဖို့ အခွင့်အရေးတွေ ဒီမှာပဲ ကုန်ဆုံးသွားခဲ့တာတော့ ကံတရားနဲ့ပဲ သက်ဆိုင်၏။

လိုက်လျောပျူငှာတာတွေ သူမ မတတ်ပေ။ စိတ်ရင်းအမှန်ကိုက ယောက်ျားလေးတစ်ယောက်နှင့် တရင်းတနှီးနေထိုင်သွားခြင်းကို သရုပ်ဖော်ခြင်းလို့ပဲမြင်၏။

ဒါကြောင့် ဒီမှာပဲ ပြီးစေတော့ရယ်လို့ ဂိတ်ထဲက ဖုန်းနံပါတ်ကိုပဲ ပေးလိုက်သည်။ ဒါကိုဖတ်ကြည့်ပြီး သူ့ မျက်ဝန်းတွေ ညို့ခနဲဖြစ်သွားတော့ ပန်းတော်ဝင် မမြင်ချင်ဟန်ဆောင်လိုက်၏။ လက်ကိုင်ဖုန်းနံပါတ်ကို တောင်းတာမှန်းသိပေမယ့် ...။

နောက်တစ်ခါလည်း မဆုံချင်တော့ပါ။ အချိန်တန်လျှင် ကိုယ်က ပြန်ရမယ့်သူ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

နက္ခတ်တော့လည်း ဒီကောင်မလေး ပြန်သွားမှာတောင် စိုးမိသေးသည်။ အလုပ်ကပြန်ရောက်တာနှင့် ဒေါ်ရီဝင်းက အားပါးတရ ပြောပြသည်။

"အရင်လို ဟိုသွားမယ်၊ ဒီလာမယ်တောင် မပြောတော့ဘူး၊ ခြံထဲမှာ ဆင်းနေလိုက်၊ စာကြည့်ခန်းထဲမှာ ထိုင်လိုက်နဲ့ အဆင်တိုပြေနေတာပဲ သားရယ်၊ မား ဆိုတဲ့ကောင်မလေးကလဲ မင်းကို တော်တော်ရှိန်နေပုံရတယ်၊ ဘယ်သွားမယ်လို့မှမပြောဘူး၊ သူတို့ တော်တော်ခင်ကြတာပဲ" တဲ့။

ဒီလောက်ခင်မင်ကြတာတောင် ဒီသူငယ်ချင်းကို အိမ် သိပ်ခေါ်မလာခဲ့တဲ့အဖြစ်ကိုလည်း တွေးမိသေးသည်။ ဒါပေမယ့် အဆောင်ကထွက်ရတာ မလွယ်လို့ပါဟု မား ပြောထားခဲ့တာကို သတိရပြီး ထိုအတွေးက ပျောက်သွားခဲ့၏။

ပြီးတော့ ဒေါ်ရီဝင်း က တိုးတိုးတိတ်တိတ် ဆက်ပြောသေးသည်။





"လွှန်လေးတင်မကဘူး သိလား၊ ကမ္ဘာပတ်နေပြီး အထာမနပ်ဘူးပြောလဲ မကြိုက်တဲ့ ဟိုပုဂ္ဂိုလ်ကြီးကလဲ ခုမှ အိမ်မြဲနေတယ်"

"ဘယ်လို ..."

သူ့မှာ အံ့သြလို့မဆုံးနိုင်။ လေးလေးထွတ် နှုတ်ဖျတ်လတ်နေသေးတာ မှန်သည်။ အိမ်ထောင်မရှိ၊ အလုပ်အကိုင်နဲ့ စီးပွားဥစ္စာနဲ့ အားလုံးအဆင်ပြေနေတာလည်း မှန်ပါသည်။

ဒါပေမယ့် ကိုယ့်တူမလေးရဲ့သူငယ်ချင်းကို ...၊ ဒါကိုတော့ သူ ပြောမှဖြစ်မည်မို့ ဦးဝင်းထွတ်ကို ချက်ချင်းရှာသည်။

"လေးလေးထွတ်"

"ရှတ် ... ဘာလဲ"

မှန်ရှေ့မှာ လေလေးတချွန်ချွန်နှင့် ဆံပင်တွေကို ဂျယ်လိမ်းနေ၏။ သူ တံခါးဝကနေ ခဏရပ်ကြည့်ပြီး အထဲဝင်လိုက်သည်။ ဦးဝင်းထွတ်က ဘော်ဒီစပရေးနှင့် တရှူးရှူးမန်းမှုတ်လျက် ...

"ဘာတုန်းကွ"

"အဲဒါကြီး ချလိုက်စမ်းပါ လေးလေးထွတ်ရာ၊ တစ်ခန်းလုံး မွှန်ထွက်နေပြီ"

"မွှန်ပေ့စေကွာ၊ မွှေးအောင်လုပ်တာပဲဟာ"

ပြောနေရင်းနဲ့ မရပ်တော့ နိုင်ငံက ဆွဲယူပြီး မှန်တင်ခုံပေါ် လှမ်းတင်လိုက်၏။

"ဟာ... ဘာလဲ ဖိုးနိုင်၊ ဒီမှာ မပြီးသေးဘူး"

"ပြီးလိုက်တော့၊ ပုပ်ပွနေတဲ့ကိုယ်မှမဟုတ်တာ၊ ဒီလောက်ဆို ရပြီ"

"သြော်...၊ မင်းက ငါ့ကို လူသေကောင်ကို မနံအောင် ရေမွှေးဖျန်းနေတာမျိုး ပြောတာလား"

နိုင်ငံ က မတည်မပြုံးမျက်နှာနှင့် ပြန်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လူသေကောင်လဲ အဲဒီလောက်မဖျန်းရပါဘူး။ ပုပ်ပွအောင်ထားကြတာမှမဟုတ်တာ၊ သေတာနဲ့ မီးသင်္ဂြိုဟ်စက်ထဲ ရောက်မှာပဲ"

"ကြည့်စမ်း"

ဦးဝင်းထွတ် မျက်နှာကြီး လင်ပုပ်ဖမ်းသွားသလိုပင်။ ဒီလိုပဲ တရင်းတနှီးပြောဆိုနေကျမို့ သူ့မျက်နှာ ဘယ်လိုဖြစ်သွားတယ်ဆိုတာကို နိုင်ငံကလည်း ဂရုမစိုက်။

တစ်ယောက်အိပ်ခုတင်ကို ခပ်မဲ့မဲ့စိုက်ကြည့်ပြီး ဝင်ထိုင်သည်။ ပြီးတော့ ဦးဝင်းထွတ်၏တစ်ကိုယ်လုံးကို သေချာမော့ကြည့်၏။

နက်မှောင်သော ရှားရင့်ရောင်သောင်းဘီရှည်နှင့် ကော်ဖီရောင်နှင့် အဝါစပ်ကျား စပို့ရှပ်ကို ဝတ်ထားတာ အကျအနသိမ်းဖြီးထားသည့်ဆံပင်ပုံနှင့် စမတ်ကျကျပါပဲ။

လူကလည်း နုပျိုချောမောနေတုန်း။ ဒါပေမယ့် ...

"လေးလေးထွတ် ဘယ်သွားမလို့လဲ"

"ဘာလုပ်မလို့လဲ"

"ကျွန်တော်မေးတာ အရင်ဖြေလေ"

"ဘာဖြေရမှာလဲ။ ဘယ်မှမသွားတော့ ရေမွှေးမဆွတ်ရဘူးလား၊ ငါအမြဲတမ်း ဒီလိုပဲ သန့်ရှင်းသပ်ရပ်အောင်နေတာ ဘာတွေထူးဆန်းလို့လဲ"

"ဆန်းနေတာပေါ့၊ ခြေထောက်မှာဖွေပေါက်နေသလားမသိပါဘူး ဆိုပြီး လေးလေးထွတ် အိမ်မကပ်လို့ ကြီးကြီး အမြဲဆူနေတာ"

"အဲဒီတော့ ..."

"အိမ်ကပ်ဖြစ်သွားတဲ့အကြောင်းကို အမှန်အတိုင်းဝန်ခံဖို့ ပြောချင်တယ်"

"အံမာ ..."

လေသံရှည်ကြီးနှင့် ဒေါ်ပွသွားသလို ပြောလိုက်ပေမယ့် ဦးဝင်းထွတ်





မျက်နှာက မရှိုးသားစွာ နီမြန်းလျက် ...

"မင်းက ဘာများပြောချင်သေးလို့လဲ၊ ငါ့အိမ်မှာ ငါနေတာ ကပ်ချင်ကပ်မယ်၊ ခွာချင်ခွာမယ် ဘာဖြစ်လဲ"

"ဘာမှမဖြစ်ဘူး"

ဟု ပြောပြီး နိုင်ငံက ထရပ်လိုက်သည်။ ရေမွှေးပုလင်းတွေ၊ ဂျယ်ဘူးတွေကို ခပ်စူးစူးစေ့ကြည့်ကာ ...

"လေးလေးထွတ် အပြင်မှာ ဘာလုပ်လုပ်နေ၊ အိမ်ထဲမှာတော့ ပြဿနာမရှာနဲ့ မား ဆိုတဲ့ ကောင်မလေးက ညီမလေးနဲ့ရွယ်တူ"

နိုင်ငံ က တည့်တည့်ပဲပြောချလိုက်၏။ ဦးဝင်းထွတ်ကလည်း မျက်နှာကြီးတင်းသွားပြီးမှ ခပ်လွှဲလွှဲဖြစ်၏။ ပြီးတော့ ပြုံးလက်စနှင့် လက်ဝါးချင်းပွတ်တိုက်ရင်း ...

"ဘာတွေလျှောက်ပြောနေတာလဲ၊ ငါက မင်း အပြောဆိုးထားတာရှိလို့ ကောင်မလေးကို သနားတာပါ"

ပြောပုံက ယယ်မူယယ်သွေးပြန်ချင်သည့် မချိုမချဉ်အပြုံးနှင့် မဟုတ်ဘူး ပြောပြီး ဝန်ခံလိုက်တာပဲဖြစ်သည်။ ဦးလေးဖြစ်နေသည်မို့ ဒီထက်ပိုပြောပြန်လျှင် မသင့်တော်တာတွေ ဖြစ်တော့မည်။

နိုင်ငံ မျက်ဝန်းတွေမှာ ဒေါသကြောင့် မိုးတွေမှုန်နေ၏။ ဒါကို ဦးဝင်းထွတ် က ချစ်စနိုးမျက်လုံးများနှင့်ကြည့်၍ တဟားဟားရယ်ပစ်လိုက်သည်။ ပြီးတော့ သူ့ပခုံးကို ဖျန်းခနဲရိုက်ကာ ...

"နိုင်ငံ ... နိုင်ငံ ...၊ မင်း အဲဒါကြောင့် ဒီအချိန်ထိ လူပျိုကြီးဖြစ်နေတာ၊ လေးလေးက ကိုယ့်အတွက်ရည်ရွယ်တာမဟုတ်ဘူး၊ မင်းအတွက် နားလည်လား"

"ဘယ်သူက ပွဲစားအပ်ထားလို့လဲ"

"ဟား ဟား ... ကိုယ့်တူပေမယ့် သားပဲကွ။ မိဘဝတ္တရားရှိလို့ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ယောက်ျား ဘယ်လောက်အရွယ်ကျကျ ဓနီးမယားဆိုတာ န
သစ်မှု၊ အိပ်ရာဝင်၊ အိပ်ရာထ၊ အလုပ်သွား၊ အလုပ်ပြန် ဘယ်အချိန်ကြ
ကြည့် လှနေရမှာ”

“အဲဒါ လေးလေးထွတ်ဘာသာ ကြိုက်တဲ့နေရာ သွားရှာလေ
ကျွန်တော်တို့ မျက်နှာပျက်ရအောင်တော့မလုပ်ပါနဲ့”

“ဟာ ... ငါ့အတွက်မဟုတ်ပါဘူးဆိုမှ ...”

“လေးလေးထွတ်”

နိုင်ငံ့မျက်နှာ တင်းသွား၏။ မပြောချင်လို့ မကြားချင်သလိုနေလိုက်
တာလည်း မရ။

“မေတ္တာသက်ဝင်ခြင်းဆိုတာ အရေပြားကလာတာမဟုတ်ဘူး
ယောက်ျားနဲ့မိန်းမ ဆိုတဲ့ ဆန့်ကျင်ဘက်အလယ်မှာ ထိတွေ့ခံစားဖို့ တစ်
တည်းပဲရှိသလား”

“ကဗျာဆန်မနေပါနဲ့ကွာ၊ အရေပြားက မျက်လုံးမှမရှိတာ၊ ရှိတဲ့
မျက်လုံးကရော မိန်းကလေးတစ်ယောက်ကို မြင်လိုက်တာနဲ့ လှတာ၊ မလှ
တာကိုပဲ ကြည့်ရှုခံစားတာမဟုတ်လား၊ ဘာပဲဖြစ်ဖြစ် လိုရင်းတိုရှင်းပေါ့

ဦးဝင်းထွတ်နဲ့နိုင်ငံ စကားပြောရင်း ဘယ်ဘက်ကမှ အဆင်မပြေ
အောင်ဖြစ်လာသည်။ ကိုယ့်ဦးလေး ဆိုပေမယ့် ကာလတာရှည်စွာ အတူ
နေဖူးတာ သိပ်မရှိတော့ ဟိုတုန်းက ဒီဦးလေး ဘယ်လိုနေထိုင်၊ ဘယ်လို
ယူဆတယ်ဆိုတာတွေကိုလည်း မသိ။

နောက်ပိုင်းမှာ ဘာတွေဖြစ်ပျက်နေတာလဲ စိတ်မဝင်စားခဲ့ပေ
ပြဿနာပါလာ၏။ စိတ်ပျက်ခြင်းများစွာဖြင့် ကျောခိုင်းထွက်ခဲ့သည်။ ဦးဝင်း
ထွတ် ကတော့ ဘီးကိုပြန်ယူသည်။ ဖြီးပြီးသားကို ထပ်ဖြီးလိုက်ပြီး လေချွန်
ခြင်းကို ဆက်၏။

ဘီးကိုချပြီးတော့လည်း လက်ဖဝါးချင်းပွတ်ကာ ဘေးနှစ်ဖက်က





ဆံပင်တွေကို ဖွဖွကပ်ဖိလိုက်သေးသည်။ ပြီးမှ အခန်းထဲက ထွက်တော်မူ
လေသည်။

“ဘာရမလဲ နိုင်ငံ ... ခွေးကောင်လေး၊ မင်းကို မမကြီးချွန်ပေးလိုက်
တာ ငါက မသိဘူးမှတ်လို့လား”

ရှေ့ကိုလျှောက်ခဲ့ရင်း နိုင်ငံ ထွက်သွားသည့်ဘက်ကို ပြန်၍ စောင်းငဲ့
ကြည့်ကာ မဲ့ရွဲ့ပြောလိုက်မိသည်။ ချစ်တာပဲ ဘယ်လိုချစ်ချစ် ဘာဖြစ်လဲ၊
ရင်ထဲကဖြစ်လာတဲ့အတိုင်း ချစ်မည်၊ လိုချင်တာကို ဖန်တီးမည်။

သာယာမှုကို မကြိုက်တတ်တာ ဘယ်သူရှိလဲ။ တူမရွယ်၊ သမီး
အရွယ် ဆိုတာတွေကို လိုက်ရှောင်နေတော့ရော ကိုယ်လိုတာနဲ့ ရှိနေတာ
ဘယ်လိုလုပ် တိုက်ဆိုင်တော့မှာလဲ။

သူ ကျေနပ်စွာပြုံးလိုက်မိသည်။ ကိုယ့်စိတ်ကူးကတော့ အမြဲတမ်း
ကိုယ့်ဘက်မှာရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"ဟိုမှာ လေးလေးထွတ် ကြည့်နေတယ်"

"ကြည့်တော့ ဘာဖြစ်လဲ၊ မသကာလို့ကြည့်နေတာမဟုတ်ဘူး၊ မ

ဦးလေး ကိုယ့်ကိုရှိုးနေတာ"

သမား က နှုတ်ခမ်းမဲ့၍ လှည့်ကြည့်လိုက်စဉ် ဦးဝင်းထွတ် က နီ

လေးမှာရောက်နေပြီမို့ ပြင်ဆင်ချိန်မရသည့်နှုတ်ခမ်းကို ရှေ့သို့စူထုတ်

လိုက်ရကာ ...

"ဟင်း ... ဟင်း ..."

ဦးဝင်းထွတ် ကို အသံပေးသလိုလုပ်၍ သူ့နှုတ်ခမ်းကို လက်ညှိုးပြ

ထိုးပြကာ ...

"ဒီကနှုတ်ခမ်းကို မလှဘူးတဲ့၊ သိလား လေးလေးထွတ်"

"ဟုတ်လား၊ ဘယ်သူကလဲ"

"သူပေါ့၊ လွန်လေး ..."





"အလွန် က ဘာလို့ပြောတာလဲ၊ ကြည့်စမ်းပါဦး နှုတ်ခမ်းနီမဆိုးဘဲ နေတာတောင် ဒီလောက်ရဲပြီး ပုံကျနေတာ"

ပြောပြီး ဦးဝင်းထွတ် ပြုံးပြုံးကြီးလျှောက်လာတော့ ဒီဘက် ဖျတ်ခနဲ လှည့်ကာ သမား မျက်နှာရှုံ့မဲ့သွား၏။ အလွန် က ရယ်ရင်း သမား ဒုက္ခ ရောက်သွားတာကို မတတ်နိုင်ဘူးဆိုသည့် မျက်နှာရိပ်လေးပြ၍ လှည့် ထွက်သွားသည်။

ရက်စက်ပါပေ့ ချစ်သူ ...။

"မားလေး"

ဘာတုံးလို့ထူးကာ ဖိလင်တွေကကို လက်ပစ်ဖုံးလုပ်ပြီး အဲဒီမျက်နှာ ကြီးကို တအားလွှဲပေါက်ပစ်လိုက်ရလျှင် အသက် ဘယ်ကထွက်သွားမှန်း မသိ ဖြစ်သွားနိုင်၏။ ဒါပေမယ့်လည်း ...

"ပြောလေ လေးလေး"

လေသံသည် နူးညံ့ညင်သာနေပေမယ့် ဒီဘက်ပြန်လှည့်လိုက်သည့် မျက်နှာမှာ စိတ်ပျက်ခြင်းတို့ကြောင့် ရှုံ့တွနေ၏။ ခြေလှမ်းတွေက ကျဲနေ သေးသည်။

"နေပါဦး ချာတိတ်ရယ်၊ ဟိုကောင်မလေး အလိုက်ကမ်းဆိုးမသိလို့ တစ်အိမ်တည်းနေပြီး တစ်ခါမှ စကားအေးဆေးမပြောရဘူး"

စ,လာပြီထင်သည်။ ဒီက မိန်းကလေးနဲ့တူအောင် တမင်တကာကြီး ညှစ်ထုတ်နွဲ့ ပြောနေရသည်။ ဒါကို ဒီပုဂ္ဂိုလ်ကြီး ဘယ်လိုဖိလင်တွေ ထည့် ပြီး မိတ္တူကူးနေသည်မသိ။

ခြေလှမ်းကိုနှေးချလိုက်ပြီး ပြုံးလည်းပြုံးကာ ပြန်လှည့်စောင့်လိုက်ရ ပေမယ့် ရင်ဘတ်ထဲမှာ ချုံခိုပဋိပက္ခတွေက ပြင်းထန်နေပြီ။ ကိုယ့်ကို မဟုတ်မဟတ် အပြောခံခဲ့ရစဉ်က အပြုံးမပျက်ခဲ့ပေ။ အခြေအေးလို့ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ရင်တောင် ထိုးမယ်ကြိတ်မယ်အထိ ပေါ်တင်ပဲစိန်ခေါ်ခဲ့ဖူး၏။

နကျတော့ ဘယ်သူ့ကိုစိန်ခေါ် တိုက်ခိုက်ရမလဲ။ ဒီမှာ ယောက်ျားစ စ်ကြီး' လို့ ဟန်ဆောင်ပြင်ဆင်ထားတာတွေ ဖယ်ချပြီး ရှင်းပစ်ချင်သည်

ဘာတစ်ခုမှလည်းမဖြစ်နိုင်။ ဒီလိုနည်းနဲ့ ခဏဝင်ပြီး ကိုယ့်ချစ်သူကို စည်းရုံးဖို့ ကြံစည်ခဲ့သမျှမှာ 'ချစ်တော့ချစ်တယ်၊ ဒါပေမယ့်ပေါ့" ဆိုတာ မျိုး။

အလွှန့် ကို သူ ဘယ်လိုနားလည်ရမှန်းမသိတော့ပါ။ ကိုယ့်ကို ချစ် တယ်ဆိုတာ ခံစားမိသည်။ သို့သော် ...

သူ ဘာပြောပြော သူမက မယုံကြည်သလိုကြည့်သည်။ ဆုံးဖြတ် ချက်တစ်စုံတစ်ရာ ဘာကိုမေးမေး သူမ ဆုံးဖြတ်ရဲတာ ဘာမှမရှိသေးဘူး ဆိုတာနဲ့ပဲ တုံ့ပြန်၏။

အစ်ကိုတွေ မောင်တွေထက် ပိုချစ်ပါတယ်ဆိုတဲ့စကားတွေ ဘယ်မှာ လဲ။ မိဘတွေထက် အားကိုးပါတယ်ဆိုတာတွေက အလကားလား။

သူမ ပါးစပ်ထဲမှာ အမြဲရှိနေသည့် ကိုကြီးဆိုသည့်နေရာမှာ သူ ဘယ် လိုမှရပ်တည်ခွင့်မရခဲ့သေးပေ။ သူမက ပြောသေးသည်။

"သမားကို အလွှန် စတွေ့ကတည်းက နတော ချောတာနဲ့ပဲ သတိ ထားမိ၊ စိတ်ဝင်စားမိခဲ့တာ။ အလှအပဆိုတာ ခံစားမှုသက်သက်ပဲထင် တယ် သမားရဲ့၊ အလွှန် ကိုကြီးကိုလဲ ချစ်တာပဲ၊ သမားကိုလဲ ချစ်တယ် ဒါပေမယ့် ကိုကြီးရဲ့ရင်ခွင်ရိပ်မှာ တစ်သက်လုံး လုံခြုံစိတ်ချပြီးနေခဲ့သလို သမားကို မယုံကြည်ရဲသေးဘူး။ အဲဒါ စိတ်မဆိုးနဲ့နော်၊ ဒါတွေလဲ မလိုသေး ဘူးမဟုတ်လား၊ အလွှန်တို့နှစ်ယောက်မှာ အတူနေဖို့ ပေါင်းဖက်ဖို့တွေ က လိုပါသေးတယ်" တဲ့။

သူမှ အပြောကောင်း။ ဒုက္ခရောက်နေသည်က ကိုယ်ပဲဖြစ်သည်။





မိတ်ကပ်ရောင်စုံတွေတင်ပြီး ရှော့ပင်ဝတ်ရ၊ ဘော်လီဝတ်ရ၊ ကိုယ့် ကိုယ်ကို မိန်းမပုံကြီးဖမ်းပြီး ရည်းစားကို ဘယ်လိုကြင်နာမလဲ။ ချစ်သူ ရည်းစားလို နေချင်ပေမယ့် နေခွင့်မရ။ ရင်ခုန်လို့မရဘဲဖြစ်နေသည်။

ဒီဒုက္ခကို မခံနိုင်တော့ပါဘူးဆိုပြီး ပြန်မယ်ဆိုတော့လည်း ချစ်တဲ့သူ က 'နောက် ဘယ်လိုတွေ့ကြမလဲဟင်' ဆိုတာမျိုး မလာဘဲ ...

"သမား ကို အလွှန် သနားလာပြီကွာ၊ ပြန်ချင်ပြန်တော့လေ" တဲ့။

အဲဒီလောကတင်းမာခိုင်ခံ့တဲ့သံယောဇဉ်ကြိုးကို ဘယ်လိုယုံကြည်ပြီး ထားခဲ့ရမလဲ။ တကယ်ပါ။ အဟုတ်ပါ။ အလွှန် ဆိုတဲ့ ကောင်မလေးကို တစ်ခါပဲ နမ်းပစ်ခဲ့ဖူးသည်။ သည့်နောက် သူမရဲ့ခြေရင်းမှာ ဗုန်းဗုန်းလဲပြီး ရင်းလဲကာ အစွဲကြီးစွဲနဲ့မိတာ ဖြေဆေးရှာလို့မရ။

သူမနောက်မှာ ကောက်ကောက်ပါလာရတဲ့အထိ ရူးသွပ်ခဲ့ခြင်းဟာ စိတ်ညို့ခံလိုက်ရသူနှင့် တူနေခဲ့၏။

သူမကျတော့ အေးဆေးပါပဲ။

နေနိုင်ပါပေ့၊ 'မွေအလွှန်' ရယ်လို့ သူမမျက်နှာလေးကို စေ့စေ့ကြည့် ပြီး ရင်ထဲမှာ ညည်းမိတာ အခါခါ။ သူမနှင့်အတူ ရန်ကုန်လိုက်တော့မယ် လို့ သူငယ်ချင်းတွေကိုပြောတော့ သူတို့က ကောင်းချီးမပေးခဲ့ပေ။

"မင်းကိုယ်မင်း သိလား၊ မိဘက ဆုံးမ မရလို့ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ရတာကို ရွံ့ချင်ချိတ်ချင်တဲ့စိတ်တွေကြောင့် ငဲကြီးတာ၊ ဝင့်လိုက်တာ"

"ဟုတ်တယ်၊ မင်းကို မိန်းမလျာဆိုပြီး ဒီလောက် လိုက်ဖဲ့နေတဲ့ ဟာလေးက လွယ်လွယ်ကူကူ ပြန်ချစ်မယ်ထင်လို့လား၊ ခုဆို မင်း 'ချစ် ဆေး' ဖော်လိုက်တော့ ပိုတောင်ချစ်နေလိမ့်မယ်၊ မယုံရင်လိုက်ပေါ့" တဲ့။

ကာပေါ်မှာလည်း အဖြေပြန်ပေးတော့ သူ့မှာပျော်လိုက်ရတာ၊

www.burmeseclassic.com



မျောက် အုန်းသီးရတာ ဘယ်လိုမှန်းမသိပေမယ့် အဲဒီထက် အဆများ
သာလိမ့်မည်။ ခုတော့ ဘယ်မှာလဲ ...။

"ဘယ်တော့ပြန်မှာလဲဟင် မားလေး"

"ဟင် ..."

ဗျာလို့ပြောမိတော့မလို့ ပါးစပ်ကို အလျှင်အမြန်ပြန်ပိတ်ရသည်
တွေးချင်ရာတွေးနေဦးဟု ကိုယ့်ပေါင်ကို နာနာလေးထုပစ်လိုက်ရင်း
ကြိတ်ရသည်။

မတော်တဆ 'ဗျာ'လို့ထူးမိလျှင် သွားပြီ။

"ဪ... မားလေး ပြန်တော့မယ်လို့ ပြောသံကြားလို့"

"ဟုတ်ကဲ့ ပြန်တော့မှာ၊ ဒီတစ်ခါလာရတာ ပျော်ဖို့လဲမကောင်းဘူ

စိတ်ညစ်နေတာကို တစ်နည်းအားဖြင့် ရင်ဖွင့်လိုက်ခြင်းဖြစ်သည်
ဦးဝင်းထွတ် က ရေမွှေး ဘယ်နှစ်ပုလင်းလောက် လောင်းချထားသ
မသိသော မွှေးရနံ့တလှိုင်လှိုင်ကြိုင်နေသည့် ကိုယ်ကြီးနှင့် အနားမှာ တ
ပတ်လည်အောင် ပွတ်ကပ်လျှောက်နေ၏။

ပခုံးချင်းတိုက်သွားလိုက်၊ လက်ခုံချင်းငြိသွားလိုက်။

ပြီးတော့ ပန်းပင်တွေကြားထဲမှာ လူသွားလမ်းကလေးက ကျ
သည်။ သမား ရှေ့ဆက်လျှောက်သွားလို့မရတော့အောင် ရှေ့တည့်တ
က ပိတ်ရပ်လိုက်ကာ ...

"ဟုတ်တာပေါ့ ချာတိတ်ရယ်၊ လူငယ်တွေဆိုတာ ဒီလို အိမ်တွ
အောင်းပြီး ဘယ်နေနိုင်မလဲ၊ ဒီလိုလုပ်ပါလား၊ မနက်ဖြန် လေးလေး ခ
ထွက်မှာ"

"ဟင် ... ဘယ်ကိုလဲ"

"ဆင်ဖြူကျွန်းကို"





"ဆင်ဖြူကျွန်း"

ပါလာပြန်ပြီဟု တွေးလိုက်မိကာ ဆင်ဖြူကျွန်းနှင့် နိုင်ငံ ဘယ်လို
ဒြဿနာနှင့် ပတ်သက်နေသည်ကို သေချာမေးကြည့်ဖို့ဆုံးဖြတ်၏။

"လေးလေးကတော့ တစ်ခါမှမရောက်ဖူးဘူး၊ မကွေးကိုပဲ သိတာ
လေ၊ နိုင်ငံ က ပြောတာက မကွေးနဲ့ တစ်ဖက်ကမ်း မင်းဘူးကိုရောက်
ရင် ဟိုဘက် သိပ်မသွားရတော့ဘူးတဲ့"

"ကိုကြီးကရော ရောက်ဖူးလား"

"မရောက်ဖူးဘူး၊ ဒါပေမယ့် လွန်လေးက အဲဒီကိုသွားပြီး ပြန်လာ
တော့ ရည်းစားထားခဲ့တယ်လေ"

"အဲဒါကြောင့် အခု သွားမှာလား"

ဦးဝင်းထွတ် က ခေါင်းခါပြသည်။ ပြီးတော့ မေးတာကိုမဖြေဘဲ
သမား ရဲ့မျက်တောင်တွေ၊ မျက်ဝန်းတွေကို စူးစူးရဲရဲကြည့်၍ ...

"ချာတိတ် မင်းကလေ တစ်ခါတလေ ယောက်ျားလေးလို ဖျတ်လတ်
နေတယ်၊ တစ်ခါတစ်ခါကျတော့ သိပ်လှတာပဲ၊ ပြောချင်တာက ဒီလိုကွာ၊
မင်းရဲ့အလှက ရိုင်းတာ၊ ယဉ်တာ၊ နွဲ့တာ၊ မာတာတွေ ရောနေတယ်၊
အဲဒါကို လေးလေးက အရမ်းသဘောကျတာ၊ တကယ် ဘယ်မှာမှမရှိနိုင်
ဘူး"

လို့ပြော၍ သမား ၏ လက်ကောက်ဝတ်ကို လှမ်းကိုင်သည်။

"ဟာ လေးလေးကလဲ ..."

သမား က လက်ကို ဝုက်ပစ်လိုက်သည်။ မျက်နှာကို ငုံ့ထားလိုက်
တော့ သူ့တော့ ရှက်သွားတာပဲလို့ထင်လိမ့်မည်။ တကယ်က ဒေါသတွေ
ကို ဘယ်လိုထားရမှန်းမသိ၍ အကဲခတ်ရလွယ်သည့်မျက်နှာကို ကွယ်ပစ်
လိုက်ရတာဖြစ်သည်။

ဒီလူကြီး ဟိုကိုင်ဒီကိုင်လုပ်နေတာနှင့် ကိုယ်မှာ ခုခံထားရသည့်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေနဲ့တော့ ခက်ပြီ။ နောက်ပို့ပစ်လိုက်သည့်လက်နှင့် တင်သား တွေကို မသိမသာဖိကြည့်မိ၏။

တင်အတုခံထားသည့်ဖင်ကို တစ်ယောက်ယောက်က ပုတ်လိုက်လျှင် ဖျန်းခနဲမမြည်ဘဲ 'ဘုတ်'ခနဲမြည်သည်တဲ့။ ဒီပုဂ္ဂိုလ်ကြီး ဒါတွေကို ကျွမ်းနေနိုင်သည်။

ဒါတောင်မှ ကိုယ်က အမှုအရာကောင်းကောင်းနဲ့နေလျှင် ပြဿနာ မရှိသေး။ ဒီထက်များ နောက်တစ်ဆင့်တိုးပြီး ရဲတင်းလာရင်း ...

"ဆောရီး။ လေးလေးက အသည်းယားသွားလို့ပါ။ အပျွန်း ပြောတဲ့ စကားတောင် ဘယ်ရောက်သွားမှန်းမသိတော့ဘူး"

သွားအဖြီးသားနှင့် ဦးဝင်းထွတ် က ဆံပင်တွေကို လက်နှစ်ဖက်နှင့် သရင်း ပြုံးနေတာ မပြီးနိုင်။ မလှဲသောမျက်လုံးတွေက သမား ဖြစ်သွားပုံ လေးကို မြတ်နိုးပြီးရင်း မြတ်နိုးနေသည့်ပုံ။

သေလိုက် ...၊ အဲဒီရှေ့မှာ လူးလိမ့်ဖင်ဆောင့်ပြီး သေလိုက်တော့။

စိတ်မကြည်လင်ခြင်းက မျက်နှာမှာ အရောင်တွေပြေးကာ ထင်တိုင်း လည်းမပေါက်တော့။ ပြုံးခြင်း၊ မဲ့ခြင်း နှစ်ရပ်ဟာ ဟိုမရောက် ဒီမရောက် ဖြစ်နေ၏။

မအီမသာဖြစ်နေသည့်မျက်နှာကို ဦးဝင်းထွတ် က ရှက်ကြောက်တတ် လေခြင်းဟု သတ်မှတ်ချက်များနှင့် အမှတ်တွေပေးနေပြန်၏။

"ချာတိတ်က မကွေးကိုပြန်မှာဆိုတော့ အဆင်ပြေနေတာပဲ၊ လေး လေးနဲ့လိုက်ခဲ့လေ၊ အားလုံး စရိတ်ငြိမ်းသွားမယ်၊ လုံးဝ စိတ်ချ"

စိတ်ချလက်ချ စရိတ်ငြိမ်းသွားမှာပါ။ သိတယ်၊ စိတ်ထဲက ပြောဖြစ် သော်လည်း ...

"ဆင်ဖြူကျွန်းကို ဘာသွားလုပ်မှာလဲဟင်၊ လွန်လေးရဲ့ရည်းစား အကြောင်း သွားစုံစမ်းဖို့လား"





"အင်း ... အဲဒီလိုလဲမဟုတ်ပါဘူး။ ပြဿနာလေးတစ်ခုလဲ ရှိလို့လေ၊ အဲဒါက ..."

"လေးလေးထွတ် ကြီးကြီး ခေါ်နေတယ်"

ရှေ့ဆက်မည့်စကားက ဒီမှာပဲပြတ်သွားသည်။ သမား ခုမှ သက်ပြင်း ချနိုင်၏။

ဘာပဲဖြစ်ဖြစ် ဒီအချိန်လေးမှာ ချစ်သူက ကျေးဇူးရှင် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"နေမကောင်းဘူးဆို ဘာဖြစ်တာလဲ"

လာစေချင်တဲ့လူက မလာဘဲ မလာစေချင်တဲ့သူက ရှေ့က ရောက်လာ၏။ နိုင်ငံ မျက်နှာက တည်နေပေမယ့် ရည်ရည်မွန်မွန်တော့ရှိပါသည်။

ရောက်စတုန်းကလိုမဟုတ်ဘဲ ပြုံးပြုံးရယ်ရယ်ဆက်ဆံလာခဲ့တာလည်းရှိ၏။ သမား အိပ်ရာထဲမှာလှဲနေရာကနေ ကပျာကယာ ငုတ်တုတ်ပြင်ရင်း စောင်ကို ဒူးကွေးခြင်းနှင့်အတူ ရော၍ ပခုံးထိဆွဲခြုံပစ်လိုက်သည်။

ရုတ်တရက်ကြည့်လျှင် အလွန် အရှက်အကြောက်ကြီးသော မိန်းကလေးမို့ ယောက်ျားလေးသူစိမ်းတစ်ယောက်ရှေ့မှာ မနေတတ်မထိုင်တတ်ဖြစ်နေတာမျိုး။

ဒါပေမယ့် သမား ကိုယ့်ကိုယ်ကိုသိသည်။ ဒီစောင်နဲ့မှ အချိန်မီ မကာကွယ်နိုင်လျှင် ရင်ဘတ်ကြီး ပြားချပ်ချပ်ကို နိုင်ငံ မြင်သွားတော့မှာမို့လို့...

"ဘာမှမဖြစ်ပါဘူး ကိုကြီးရဲ့၊ အဟွန်း ... အလွန် က ပြောတာလား။ အဲဒီမိန်းမ အလကား လူကြီးစိတ်ပူအောင် ..."

အဲဒီမိန်းမလို့ခေါ်ပြီးပြောလိုက်ရတာ အားပါးတရရှိလှသည်။ ဘယ့်





နှယ် သူ့ကို စိတ်တိုလို့ နေ့လယ်စာထွက်မစားဘဲနေလိုက်တာကို တကယ်ဆို လူနာ လာမေးပါတော့လား။

ကိုကြီးကိုလွှတ်ပြီး သက်သက် ဒီကောင် ဒုက္ခရောက်အောင် ချွန်တာ၊ ကမန်းကတန်း ဟိုဟာဆွဲ၊ ဒီလိုကွယ်နှင့် သမား ပုံစံပျက်သွားတာကို နိုင်ငံကလည်း မျက်နှာပူသွားပုံပေါ်သည်။ ရောက်သည့်နေရာမှာပဲ ခြေလှမ်းရပ်သွား၏။ ပြီးတော့ မျက်နှာခပ်လွှဲလွှဲဖြစ်သွားကာ ...

"နေထိုင်မကောင်းရင် ဆရာဝန်ခေါ်လေ၊ ဖင်မလိုဒေါက်တာ ရှိတယ်၊ လိုအပ်တာ ညီမလေးကိုပြောပါ"

"ဟုတ်ကဲ့ပါ"

နိုင်ငံ ထွက်သွားသည်နှင့် ဟဲ့ခနဲ လေပူလုံးကြီးမှုတ်ထုတ်ကာ ဒူးနှစ်လုံးပေါ်ထောင်၍ ဆွဲခြုံပတ်ထားသည့်စောင်ကို ဆွဲခွာချပစ်လိုက်တာ ခုတင်အောက်ထိ တိုက်ရိုက်ကျ၏။ ထို့နောက် ခေါင်းအုံးထက်သို့ လက်ကြီးနှစ်ဖက်မြှောက်ရင်း ဒိုင်းခနဲ ပက်လက်လှန်လှဲချပစ်လိုက်၏။

နွေအလွန် မင်း ဒီတစ်ခါ လာကြည့် ...

"ဒေါက် ဒေါက်"

"ဟာမ်"

"မမ မိုးမြင့်မြင့်မား"

"ဒေါက် ဒေါက်"

ခြေသလုံးမွေးရှည်များနှင့်ခြေထောက်ကို အရင်ဖုံးပြီး အနားစကို ခြေများနှင့်ဖိလိုက်သည်။ ဒါမှ တစ်ဖက်စကိုကိုင်ပြီး ပက်လက်လှန်လိုက်တော့ အံကိုက်။ ပြီးတော့မှ စောင့်ခြုံထားသလို လက်ပိုက်၍ ရင်ဘတ်ကို မသိမသာကွယ်ကာ ...

"မနီ ဝင်ခဲ့လေ"

မော့လိုက်တာ။ ဘယ်သူမှမကြားအောင်ညည်းညူရင်း လည်ပင်း



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲမှာ ရွေးပြန်သွားတာကိုလည်း လက်တစ်ဖက်နဲ့ ပွတ်သပ်ပေး လိုက်သည်။

ကျေးဇူးရှင် မနီလေးရယ် 'မမမိုးမြင့်မြင့်မား'လို့ 'မ'တွေတစ်တန်းကြီး စိတ်ရှည်လက်ရှည် ခေါ်ပေးတဲ့အတွက် အထူးကျေးဇူးတင်လိုက်ပါပြီ။

ဒီနာမည်ကို နှစ်ခါခေါ်ရင်း စောင့်နေရင်းမို့ သူ သေလုမြောပါး လှ ရှားချိန် ရလိုက်တာ။

"မမလေးက ထမင်းမစားချင်ရင် ဘာစားမှာလဲတဲ့၊ စားချင်တာကို အခန်းထဲ ပို့ပေးလိုက်မယ်တဲ့"

"ဟွန်း"

သမား က နှာခေါင်းတစ်ဖက်တွန့်၍ ဟိုဘက်လှည့်ကာ ...

"အခန်းထဲမကလို့ ပါးစပ်ထဲ လာထည့်လဲ မစားဘူး၊ ပြောလိုက် သွား သေလဲအေးတာပဲလို့"

မနီ က သူ့ကိုကြည့်ပြီး အံ့သြသလိုလေးဖြစ်သွား၏။ ပြီးတော့ ပြုံးစိစိ လေးနှင့် ပြန်ထွက်သွားလေသည်။ သူ ထင်တာက ကိုယ် မထွက်လွှန်း မကမထွက်လျှင် အလွန် ရောက်လာမှာပဲဟု ...၊ ဒါပေမယ့် ညနေခင်းကို ရောက်သွားတာတောင် အလွန် တ ပေါ် မလာပါ။

မနေနိုင်တဲ့အဆုံးမှာ တွေ့ချင်တဲ့သူပဲ အပြင်ထွက်လာခဲ့ရ၏။

"မနီရေ ဒီမှာ ပန်းတွေညှိုးနေပြီ နှင်းဆီအငုံလေး လေး၊ ငါးဖူးလောက် သွားခူးပေးပါ"

"ဟုတ်ကဲ့ မမလေး"

သူ ခြေလှမ်းတုံ့၍ နားစွင့်လိုက်တော့ မီးဖိုခန်းဘက်ကနေ မနီ ထွက် လာတာကိုမြင်လိုက်ရသည်။ လက်ထဲမှာ ကတ်ကြေးလေးကိုင်လျက် ခြံထဲဆင်းသွားလေသည်။

သူ ဆက်လျှောက်ခဲ့ပြီး အလွန့် အခန်းတံခါးလေးကို သာသာလေး





ဖိကြည့်လိုက်၏။ တံခါးပွင့်သွားတော့ သူ အသံမပေးတော့ဘဲ အထဲကို ဝင်လိုက်သည်။

"ဟာ ..."

အသံတိတ် ပါးစပ်ဟသွားရင်း ချက်ချင်း ကျောခိုင်းပစ်လိုက်မိ၏။ အလွန် ကတော့ ဘာမှမသိဘဲ အခန်းထဲမှာ တစ်ယောက်တည်းရှိနေသည် ထင်ကာ အေးအေး အင်္ကျီလဲနေ၏။

"ဟင် ... အမယ်လေး"

နောက်က အော်သံလေးကြားလိုက်တော့ သမား ပြုံးသည်။

"ပြီးပြီလား လှည့်ပြီနော်"

"ဟင့်အင်း"

ခေါင်းခါလိုက်ပေမယ့် သူက ဖျတ်ခနဲလှည့်လာသဖြင့် ကြယ်သီး မတပ်ရသေးသည့်ရင်ဖတ်အင်္ကျီစကို ကပျာကယာဆွဲစေ့ လက်ပိုက် လိုက်၏။

"သမား ... သမား ဘာလုပ်တာလဲ၊ ဘာလို့ဝင်လာတာလဲ၊ သွားကွာ မြန်မြန်ထွက်"

"မထွက်နိုင်ပါဘူး၊ မပြီးသေးရင် ဆက်လုပ်၊ သုံးမိနစ် ထပ်စောင့်မယ်"

သမား က ရယ်ချင်သည့်မျက်နှာနှင့် ကျောခိုင်းပြန်ရပ်...

"ခင်ဗျားက ကိုယ့်ဒုက္ခကျတော့ ဒုက္ခမှန်း တော်..."

ကောင် စိတ်တိုနေတာကျတော့ ဖူးနဲဖြေဖော်မရဘူး အခ... သည်။ ပြီးတော့ ဒီလိုလွှတ်နိုး ဘာလဲ သက်သက်ဒုက္ခများပါစေဆိုပြီး

သူ ဘာတွေပြောပြော အလွန် ကိုယ့်ကိစ္စကို ... ပွန့် ဂုဏ်ယ်လေးကို လုပ်ရသည်။ ပြီးသွားပြီဆိုမှ ...

"ဘယ်သူက ကိုယ့်ဒုက္ခကိုယ်ရှာမှာလဲ သမား... မှာ သိလား" ...ဘက်တဲ့ပါးစပ်ကို ... ရင်ဆိုင်နေရသလဲ သိလား"

www.burmeseclassic.com



သူ့လိုပဲ ကိုယ်လည်းစိတ်တိုတတ်သည်။ ပြောနေရင်း ဟိုဘက်လှည့်
ရပ်နေသည့် သူ့ကျောပြင်ကြီးကိုပါ နောက်ကနေ တွန်းပစ်လိုက်မိ၏။
သမား ကိုယ်ကြီး တံခါးရွက်မှာ ရင်ဘတ်နှင့်ပစ်ကပ်သွား၏။ ချက်ချင်
သူ ဒီဘက်လှည့်သည်။

"ပြောပါ ပြောစမ်းပါ။ ခင်ဖျားဒုက္ခကို"

သမား က ခါးနှစ်ဖက်ထောက်၍ အလွန့်ရှေ့မှာ ပြန်ရပ်သည်
ခြေသလုံးတစ်ဝက်ထိ တစ်ဆက်တည်း ရင်ကွဲဂါဝန်အဝါရောင်လေးန
ရေချိုးပြီးစ အလွန့် မျက်နှာလေးက ဝင်းမွတ်နေ၏။

နသစ်ကြည်လဲ့နေသည့်ပါးပြင်လေးတွေက ရင်ခုန်သံတွေကို လဂ
တို့ကျိုစယ်နေကြသည်။ သမား ဖျတ်ခနဲမျက်နှာလွှဲ ရင်ခုန်သံတွေကို ရိုဂ
ချိုးပစ်လိုက်၏။

ချစ်တဲ့စိတ်တွေတဖွားဖွားနှင့် ကိုယ်ကပဲ အလူးအလိမ့် လူပ်ရှာ
ရင်ခုန်နေရသည်။ သူမကတော့ ...

"ပြောလိုက်ရင် မင်းကတော့ နေနိုင်တာကိုး။ ငါချစ်သလိုမှ မချစ်တ
ဒါပဲ။ ရှင် ခွတ်လုပ်လာလို့ ဒီမှာ ဒုက္ခရောက်နေတာကျတော့ ထည့်မပြောဘူ
မအေလွန့်အသံလေး တုန်လာတော့ သမား မျက်နှာလှည့်လာ၏

"မနီရေ သူ့ကို စူးစူးရဲရဲကြည့်၍ ...
သွားခူးပေးပါ" ကျွန်းကနေ လေးလေး ဖုန်းဆက်ရင် ဘာတွေပါလာမ
"ဟုတ်ကဲ့ မမနီး ကိုကြီးဆီ တန်းရောက်မသွားအောင် ဒီက ဖုန်းသ
သူ ခြေလှမ်းတ
လာတာကိုမြင်လိုက်တော့ ဘာဖြစ်လဲ၊ ရောက်တာက ရောက်မှာပဲမဟု
ခြဲထဲဆင်းသွားလေသ ရော ဒီကိုပြန်မလာဘဲနေမှာမို့လို့လား၊ ဆင်ဖြူကျွ
သူ ဆက်လျှောက် ရောက်တော့ ဘာတွေဖြစ်သွားနိုင်သလဲ၊ ကဲ ပြော
ဆောင်လိမ်ညာနေတာတွေ ပေါ်ကုန်မှာပေါ့"





"သူ့နမကိုချစ်လွန်းလို့ ဒီလိုဒုက္ခဆင်းရဲခံပြီး ရောက်လာခဲ့တာ စာနာ
သတ်ရင် တစ်ခါတည်း လက်ထပ်ပေးလိုက်ဖို့ကောင်းသင့်တယ်"

"အို ... တိုးတိုးပြောစမ်းပါ"

"ကျယ်ကျယ်ပဲ၊ သိပါစေ၊ ဒီမှာ ဒီလို ဟိုကြောက်ရ၊ ဒီကြောက်ရနဲ့
ဖိနေရတာ၊ သတ္တိမရှိလို့လို့ မထင်နဲ့၊ ခင်ဗျားကြောင့်"

အလွန် မျက်ရည်တွေဝဲလာ၏။ ဘာပြောလို့မှ နားဝင်မှာတာ မရှိ၊
စ်ယောက်တိုင်ပင်ပြီး ဆွေးနွေးကြဲစည်ဖို့ အဝေးကြီးပင်။ အချစ်ဆိုတာ
ဘယ်မှာလဲ၊ သူ့ဘက်က ရလိုခြင်းတွေပဲရှိနေတာကျတော့ အချစ်တဲ့လား။

သမား ကလည်း စိတ်ရှိလက်ရှိပြောနေရင်း အလွန့် မျက်နှာလေးကို
ကြည့်ဖို့မေ့နေ၏။ ရင်ဝထိတက်ဝတ်ထားသည့် ချည်ချောပုဆိုး၏
အောက်နားစနှစ်ဖက်ကို ထပ်မ,လိုက်သေးသည်။

ဒီရောက်ကတည်းက ပင်ပန်းဆင်းရဲစွာဖုံးဖိနေရသည့် ကြွမ်းရှသော
ခြေသလုံးမွေးများက စိမ်းညို့နက်မှောင်လျက် ဒီအတိုင်း။

"ဒီကြားထဲ လေးလေးထွတ် ဆိုတဲ့ ပုဂ္ဂိုလ်ထူးကြီးက စေတနာတွေ
ချစ်ကမ်းပြီလိုက်နေလို့ ရှောင်ရတိမ်းရ၊ အရှောင်မတတ်လို့ ဟိုထိ ဒီထိ
တွေဖြစ်၊ သေချင်စော်နံ ..."

"သေချင်စော်နံမနေနဲ့၊ သေလိုက်တော့"

"ဘာဖြစ်လို့သေရမှာလဲ။ ခင်ဗျားကိုထားခဲ့ပြီးတော့ ..."

အလွန် က ရွဲ့ပြောပြီး သူ့ကိုယ်ကြီးကိုတွန်းဖယ်သည်။ ပြီးတော့
တံခါးဆွဲဖွင့်၏။ သမား က ဘေးကိုယိုင်သွားပြီးမှ အလွန့် ကိုယ်လေးကို
ဆွဲဖက်ပစ်လိုက်ပြီး ကိုယ်ကိုပြန့်ထိန်းသည်။

"ဖယ်နော် ဖယ်ပေး၊ လက်ကို ကိုက်ပစ်လိုက်မှာ သိလား"

"လုပ်လေ၊ လက်မှာ သွေးထွက်ခံပြီးတော့မှ ကိုက်တဲ့ပါးပြင်ကို ကျကျ



www.burmeseclassic.com

www.burmeseclassic.com



နန ဒဏ်ခတ်ပေးမယ်၊ လုပ် ကိုက်"

အတင်းအကျပ်ဖက်ထားပြီးတော့မှ အလွှန့် ပါးပြင်လေးပေါ်က မျက်ရည်စကို သူ မြင်သည်။ ရင်ထဲက မကျေနပ်ခြင်းများသည် တိုက်စစ်မှသည် ခံစစ်သို့ ပြောင်းလဲရောက်ရှိသွားရကာ ချော့ရပြန်ပြီ သူ ...

"ဆောရီး မင်း ကိုယ့်ဆီရောက်မလာတာကို အရမ်းတင်းလို့ ဆောရီးကွာ၊ နောက် ကိုယ် မအော်တော့ဘူး၊ ကိုယ်က ပြန်ရတော့မယ့်လူပါ အလွှန်ရယ်၊ မင်းရဲ့ဦးလေး ပြန်ရောက်တဲ့အထိတောင် ကိုယ် နေလို့မဖြစ်ဘူး၊ သမား ဆိုတဲ့ကောင်က ဆင်ဖြူကျွန်းမှာ 'မိန်းမလျှာလို့ နှာမည်ကြီးတဲ့ကောင်' လို့ မင်းအစ်ကိုနားထဲရောက်လာတာနဲ့ ကိုယ့်ကို သူ သိမှာပဲ"

"အဲဒါကြောင့်ပြောနေတာ၊ ပြန်ပါလို့ပြောလဲ ဒီက မချစ်လို့နှင်လွှတ်တယ်ပြောတယ်၊ သူ့ကိုပြောမရလို့ ဟိုက သတင်းပို့ရင် သိရအောင် ထိုင်စောင့်နေတော့လဲ သူ ဘာမှမသိတဲ့ ဒေါသတွေထွက် ..."

"အဲဒါကို တောင်းပန်နေတာပဲကွာ၊ မကျေနပ်သေးဘူးလား"

အလွှန့် ပါးပြင်ထက် မျက်ရည်ကြောင်းလေးကိုသုတ်ပေးရင်း သမားက မြတ်နိုးစွာနမ်းသည်။

"မင်းကို ဘယ်လိုချစ်မိသွားမှန်းမသိဘူး အလွှန်ရယ်၊ မင်းနဲ့ကိုယ် ဘာဖြစ်လို့ တစ်မြို့စီ တစ်နယ်စီ ဖြစ်နေတာလဲ"

"တစ်နယ်စီဖြစ်နေတာက ပြဿနာမဟုတ်ဘူး သမား၊ သမားရဲ့ ဟိုအစက မဟုတ်မဟတ်သတင်းတွေကို ကိုကြီး ကြားသွားမှာစိုးတာ၊ ခုလဲ အလွှန် အိမ်တွင်းအောင်းနေတာကို ကိုကြီးက သိပ်ယုံကြည်သေးတာ မဟုတ်ဘူး 'ဆင်ဖြူကျွန်းကကောင်' ရန်ကုန်ပါလာတယ်ဆိုတာ ဘာဖြစ်လို့ ပေါ်မလာတာလဲ၊ ရန်ကုန်မှာလား၊ ပြန်သွားပြီလားနဲ့ ကြိတ်စုံစမ်းနေတာ"





"ယောက်ဖက အဲဒါ ဘာဖြစ်တာလဲ၊ မင်း ကျောင်းလဲပြီးပြီဥစ္စာ၊ ရည်းစားထားတာ ဆန်းလို့လား"

အလွှန် က ပင့်သက်လေးရှိုက်ပြီး သမား ရင်ခွင်ထဲမှာ မှီသည်။ သမားသည် အခန်းနံရံမှာပဲ ကျောကပ်နေလျက် အလွှန့် ကို ခါးလေးကနေ သိမ်းဆွဲ ထား၏။

"ကိုယ် စိတ်ကူးထားတယ်၊ အခု ရန်ကုန်မှာ မမ ရှိနေသေးတယ်၊ မမကို ကိုယ်ခေါ်ပြီး အလွှန်နဲ့ ကိုယ်တို့ တစ်နေရာမှာ ဆုံမယ်ကွာ"

"ဟင် ... ဘာလုပ်ဖို့လဲ"

"လက်ထပ်ဖို့ပေါ့၊ မမကနေ ဖေဖေနဲ့ဆွေးနွေးပြီး မင်းအစ်ကိုဆီမှာ တောင်းရမ်းပေးမှာ"

အလွှန့် မျက်နှာလေး ညိုသွားသည်။ ကိုကြီး သဘောကျမှာ မဟုတ်ပါ။

တစ်အချက်က ခုပဲ သူမကို လေတပ်အင်ဂျင်နီယာတစ်ယောက်နှင့် ဆက်စပ်ပေးဖို့ စီစဉ်နေပြီဖြစ်သည်။ ဒါကိုပြောလိုက်လျှင် သမား ဖွတ်တရွတ်တွေ လျှောက်လုပ်မှာကို တွေးမိနေသောကြောင့် ကိုယ့်ဘာသာ ကြိတ်မှိတ်သည်းခံနေရသည်။

အခြေအနေ၊ အရည်အချင်းတွေထက် ကိုကြီး သဘောကျတာက မြိုင် နုချစ် ဆိုသလို လွယ်လွယ်တွေ့၊ လွယ်လွယ်ဆုံးဖြတ်ခဲ့ကြတာကို ဖြစ်သည်။

"အချစ်ရဲ့ဂုဏ်သတ္တိတွေကို ထုတ်နုတ်ဖော်ပြဖို့ မကြိုးစားနဲ့ ညီမလေး၊ လူအမျိုးမျိုး စိတ်အတွေ့တွေ့ပဲ၊ လူတိုင်း ချစ်တတ်ကြတာချင်း တူမယ်၊ ကိုင်တွယ်သတ်မှတ်ကြတဲ့ ဒဿနတွေကတော့ ကွာတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး နားလည်ထားတဲ့အချစ်က ညီမလေးတို့ ကိုးကွယ်ထားသလို မဟုတ်ဘူး၊ အဲဒါကြောင့် နားလည်မပေးနိုင်ဘူး၊ သစ်ရွက်ကြွေတွေ လွင့်ချင်ရာလွင့်နေတာ နွေသရုပ်မှာပဲလှတာ၊ နွေရာသီကို လှပတဲ့သဏ္ဍာန်တစ်ခုလို ကိုကြီး ဘယ်တုန်းကမှ မခံစားခဲ့ဘူး၊ ထပ်ပြောရရင် အဲဒါကြောင့် နားလည်မပေးနိုင်ဘူး၊ ခုနစ်ရက်တစ်ပတ်တည်းနဲ့ ဖျတ်ဖျတ်လူးချစ်တတ်လာတာ အထင်ကြီးစရာမှမဟုတ်ဘဲ။

အဲဒီအချစ်တွေကို ညီမလေး မေ့ပစ်ရမယ်၊ ကိုကြီး လက်ထပ်ပေးတဲ့သူကိုပဲ စဉ်းစားပါ။ ငွေနဲ့ အရာရာကို မဖြစ်စေနိုင်သလို အချစ်နဲ့ အရာရာကို အကောင်းတိုင်း ဖြစ်စေတယ်ဆိုတာလဲ မဟုတ်ဘူး။ လိုအပ်ဆုံးအရာဟာ ဒါပဲ"

ပြောနေတုန်းမှာ ကိုကြီးက နားထင်ကို လက်ညှိုးကွေး၍ ခေါက်ပြသည်။

"အချစ်ဆိုတာက မိမိတစ်ဦးတည်း ခံစားမှုနဲ့ပဲ ဆိုင်တာ၊ အိမ်ထောင်ရေးအတွက်ကျတော့ မိမိဘဝရယ်၊ မွေးဖွားလာမယ့်ရင်သွေးလေးတွေရဲ့ ဘဝတွေရယ်၊ နောက်ထပ် မနက်ဖြန်တိုင်းအတွက် လှပဖို့ အများကြီးပဲ၊ အဲဒါ ညီမလေး နားလည်တတ်အောင်ကြိုးစားရမယ်"

ရှည်ရှည်ဝေးဝေးပြောပြနေပြီဆို ကိုကြီးက နားဝင်သွားမှ ကျေနပ်သည်။ ပြန်မပြော နားမထောင်ဆိုတာမျိုးကို ခွင့်မလွှတ်တတ်သည့်လူမျိုးဖြစ်၏။

ဆယ်တန်းအောင်ခါစနှစ်ကို မှတ်မိနေပါသေးသည်။ ခြံရှေ့မှာ မဏ္ဍပ်ကြီးထိုးထားကြတာ ဟီးထနေသည်။ ကိုယ့်ခြံရှေ့မှာတောင် ကိုကြီးက ထွက်မကစားရဘူးဆိုတော့ အလွန် ငိုလည်းငိုသည်။ စိတ်ကောက်ပြီး အခန်းအောင်းနေတော့ ခုလိုပဲ ကိုကြီးက ဝင်လာပြီး စကားတွေ အများ





ကြီးပြော၏။

သင်္ကြန်ဆိုတာ ဘယ်လိုစခဲ့တယ်၊ ဘယ်လိုတည်တံ့ခဲ့တယ် စ၍ ပျော်ပါးကြပုံတွေ လွဲနေတာ အဆုံး သင်္ကြန်မှာ လူငယ်တွေ ကဲကြရဲကြတာကို ဥပမာတွေနဲ့ချိုပြီး ဆုံးမ၏။

အလွန် က မျက်လွှာလေးစင်းချပြီး နှုတ်ခမ်းစူနေခဲ့ပေမယ့် ဘာမှ ပြန်မပြောပေ။ ပြဿနာက ဒီမှာတင်မပြီးဘဲ အတက်နေ့မှာ ကိုကြီး လစ်သည်နှင့် အလွန် အပြင်ထွက်ခဲ့သည်။ ရေစိုရွှဲ၍ နိုက်နိုက်တုန်ပြီး ပြန်လာတော့ ကိုကြီးက လက်ပိုက်ကြည့်ရင်းစောင့်နေခဲ့လျက် ...

"ကိုကြီးလဲ ပြောချင်ရာပြော၊ ဆူချင်ရာဆူ၊ ပြီးရင် ငါလုပ်ချင်ရာလုပ်မယ် ဒီလိုလား"

ဒေါသဖြစ်လွန်းနေသည့် ကိုကြီး၏မေးရိုးနှစ်ဖက်က အံကြိတ်နေသဖြင့် တင်းခနဲ တင်းခနဲ ကားနေ၏။ ထို့နောက်တွင် မရိုးအီနိုင်သောလက်သုံးတော်ကြိမ်လုံးနှင့် အလွန် ကို စားပွဲပေါ်မှာ မှောက်ခိုင်းပြီး ရိုက်ပါတော့သည်။

"အမယ်လေး ကလေး သေပါပြီ ... သေပါပြီ၊ တော်ပါတော့၊ နိုင်ငံ ... နိုင်ငံ မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ မင်းညီမကို ကလေးပိစိကွေးလေးများ မှတ်နေသလား၊ ဟဲ့ တော်တော့"

ကြီးကြီး အသံတွေတုန်၍ အသားတွေတုန်ကာ ဟိုပြေးဆွဲ ဒီပြေးဆွဲနှင့်ဘက်မတတ် ချက်မတတ် တားဆီး၏။ ကိုကြီးတို့က ဒေါသကို ထုပ်ပိုးသိမ်းဆည်းထားဖို့ ဝါသနာပါတဲ့သူ မဟုတ်ပေ။

"ကလေးပိစိကွေးလေးမဟုတ်လို့ ရိုက်တာ၊ လူဆိုရင် ပါးစပ်နဲ့ဆုံးမရင် နားလည်တယ်၊ တုတ်ကိုင်ရပြီဆိုတော့ ကိုယ့်ကိုယ်ကို ဘာလဲ ပြန်စဉ်းစား၊ ဒါလေးကို ဒီလိုရိုက်ရလားဆိုပြီး စိတ်နာတတ်ရင် ထွက်သွားလိုက်၊ ပြန်လိုက်မခေါ်ဘူး။ အသေသတ်ပစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောသလိုလုပ်နိုင်သည့် ကိုကြီးမျက်နှာထက်က ဒေါသတွေကို အလွန် အရိုးစွဲအောင်မှတ်မိသွားခဲ့သည်။ စိတ်က ဟိုတုန်းက ကိုကြီးရဲ့ ဒေါသများဆီရောက်သွားစဉ် သမား က တင်းခနဲဖက်လိုက်သဖြင့် လန့်သွားသလိုပင်။

"သမား"

"ဟင်"

"ဘာမှလျှောက်မလုပ်နဲ့ဦးနော်"

"ဘာကိုလဲ"

"လက်ထပ်ဖို့တွေ၊ စေ့စပ်ဖို့တွေပေါ့၊ ကိုကြီးစိတ်ကို အလွန် သိတယ်၊ ကိုကြီးနဲ့ အလွန်တို့မောင်နှမရဲ့အနေအထားကို သမား မသိပါဘူး၊ အဲဒါကြောင့် အလွန် ခေါင်းမညိတ်သေးဘဲ ဘာမှမလုပ်နဲ့နော်"

"မင်းက မင်းအစ်ကိုလွန်ဆန့်ပြီး ခေါင်းညိတ်ဖို့စိတ်ကူးရော ရှိလို့လား အလွန်ရယ်၊ အခု ဒီအိမ်ပေါ်ကနေ ကိုယ် ပြန်ထွက်သွားတာနဲ့ မင်း ကိုယ့်ကို ခေါက်ထားလိုက်မှာ"

"အဲဒီလိုထင်ရင်လဲ ဘာလို့ ချစ်သူလို့သတ်မှတ်ထားလဲ၊ မေ့လိုက်တော့"

အလွန် သူ့လက်တွေကို တွန်းထိုးဖယ်ချပစ်သည်။ သူက ခပ်ကြိတ်ကြိတ်ရယ်လိုက်ပြီး အတင်းဆွဲဖက်ထားကာ ...

"ဒီထက်စိတ်ချမ်းသာအောင်ပြောပေးရင် ဆုချမယ်လေ၊ ဘယ်တော့မှမမေ့နိုင်အောင်၊ ချစ်နေပါတယ်လို့ ... ဟော့ ... ပြောမလား"

"သွား"

သူ့မျက်နှာကြီး တိုးကပ်လာတာကို တွန်းပစ်လိုက်ပြီး အလွန် က မျက်စောင်းထိုးသည်။

"ဘာလဲ အထာမကြည့်တာလား"





"သမား နော် ကြည့်"

သမား က အလွန့် မေးဖျားလေးကို အတင်းမော့ယူသည်။ သူ ဖွတ်ဖြစ်လာတော့ ဘယ်လိုရှောင်တိမ်းလို့မှမလွတ်ဘဲဖြစ်လာ၏။

ထိုစဉ် သီချင်းလေးတအေးအေးနှင့် ဒီဘက်ကိုလျှောက်လာသည့် မနီရဲ့ခြေသံကြားလိုက်ရသည်။ သမား က အလွန့်ကိုဖက်ထားလျက်နှင့် တံခါးဆီ ဖျတ်ခနဲကပ်ကာ လော့ခ်ချပစ်လိုက်၏။

"မမလေး ပန်းတွေရပြီ"

အလွန် သူ့ကိုတွန်းပစ်ကာ အသံပေးမလို့ ဖြစ်သော်လည်း ...

"မမလေး ..."

ဘာသံမှ တုံ့ပြန်သံမကြားသဖြင့် မနီ တံခါးကို တွန်းကြည့်ပုံ ပေါ်သည်။

"မမလေး အပြင်ထွက်သွားတယ်နဲ့တူတယ်"

တစ်ယောက်တည်းရေရွတ်ပြီး ပြန်လည်ထွက်ခွာသွားခဲ့၏။

အလွန် သည် စိုးရိမ်တာရော၊ ရှက်နေတာတွေ စုပေါင်းကာ သူ့ရင်ခွင်ထဲမှာ ရင်ခုန်သံများနဲ့ လဲပြိုရင်း ...

အချစ်ဖြင့် လေးရာသီဖြစ်သည်ဆိုလျှင် အချစ်သင့်ရာသီသာ အမှောင်နိုက်ဆုံးဖြစ်ပေမည်။

ထို့ပြင် အချစ်သည် ဆွံ့အ နားမကြားဘဲ တိုက်ပွဲတိုင်းကို အောင်နိုင်ခဲ့သော စစ်သည်သူရဲကောင်းတစ်ဦးနှင့်လည်းတူ၏။

ထို့ကြောင့် သူနဲ့ ကျွန်မ၏ မဖြောင့်ဖြူးခဲ့သော ချစ်ခရီးလမ်း တစ်လျှောက်မှာ .....



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"လာခဲ့သည့် ဤခရီးလမ်းဟာ ပြန်သည့်အထိ အဆင်ပြေချောမွေ့ရပါလို၏။ ကြံစည်ကြိုးစားထားသမျှ ပြည့်စုံပြီးမြောက်ရပါလို၏"

စိတ်ထဲမှာ ရည်မှန်းဆုတောင်းကာ နေပူခံကျောက်ပြားအတွက် အလှူငွေထည့်လှူလိုက်၏။ ပြီးတော့ အလှူငွေဖြတ်ပိုင်းလေးကိုယူပြီး ဒီဘက်လှည့်လိုက်လျှင် ...

"ဟင် ... ရှင် ..."

နိုင်ငံ နှင့် မျက်နှာချင်းဆိုင်ကြီး တွေ့မိကြပြီး နှစ်ယောက်စလုံး အံ့သြနေကြသဖြင့် ရုတ်တရက် နှုတ်ဆက်ဖို့ပင် မေ့နေကြ၏။

နိုင်ငံ က ပန်းတော်ဝင် ၏ဘေးဘီကို ဝေ့ကြည့်ကာ ...

"အမြဲတမ်း တစ်ယောက်တည်းပဲနော်"

"ရှင်ကရော"

"သြော် ... အပျော်"

ပန်းတော်ဝင်က ရွှေဝါစိမ်းရောင် ပါတိတ်ဝတ်စုံလေးနှင့် အဝါနုရောင် ချည်စောင်လေးကို လက်မောင်းပေါ်မှာ ထင်ထား၏။ ဆံပင်တွေကို





နောက်မှာ ကလစ်နှင့် ဒီတိုင်းညှပ်ချထား၏။ ဘယ်အချိန်ကြည့်ကြည့် နွဲ့နေ ယဉ်နေသည့် သူမကို ဖျတ်ခနဲ ဝေ့ခနဲကြည့်ပြီး မျက်လုံးတွေကို နေရာတကျပြန်ရှိဖို့ တော်တော်ကြိုးစားရ၏။

ဒီရက်ပိုင်းတွေမှာ အပြင်ထွက်တိုင်း သူမကိုပဲ သတိတရ ရှာနေမိတာ ကိုယ့်တစ်ယောက်တည်း မျှော်မှန်းနေသည့်သဘောက ဖြစ်သည်။

သူမ ရန်ကုန်ကမဟုတ်ဘူးဆိုတာထက် ပို၍ ဘာမှမသိခဲ့သောအဖြစ်ဟာလည်း သူမကိုယ်တိုင် တမင်ထုတ်ကာ မပြောချင်လို့ မပြောတာမှန်း ရိပ်မိလာတော့ ပို၍ မစပ်စုရဲဘဲဖြစ်ခဲ့၏။

တကယ်ဆို သူမနဲ့ကိုယ်ဟာ ဒီထက်ပိုမိုသောရင်းနှီးမှုတွေ ရှိနေသင့်တာပေါ့။ ဒါကို မျိုးသန့်ကလည်း ပြောခဲ့ဖူးသည်။ ဒါပေမယ့် တွေ့ဆုံချိန်များမှာ ဒီလိုပဲပြော၊ ဒီလောက်ပဲရှိခဲ့တာက ကံတရားပဲလား။

"ကိုနိုင်ငံ ဘုရားကိုလာတာလား"

"အင်း"

ကိုယ်က တွေးချင်ရာတွေးနေတုန်းမို့ သူမ မေးလိုက်တာနှင့် ခေါင်းကို ညိတ်လိုက်ပြီးသားဖြစ်သွား၏။ ပြီးမှ ဘာမေးလိုက်တာပါလိမ့်ဟု ကမန်းကတန်းပြန်တွေး၍ ...

"မင်းကရော ..."

ပြန်မေးလိုက်တော့ သူမက ပြုံး၍ ...

"ဟုတ်တယ်၊ တမင်တကာ ဘုရားကိုလာရတာ၊ အဆင်မပြေတာတွေများလွန်းလို့လေ၊ အလုပ်ကိစ္စတွေရော၊ မောင်လေး ပျောက်နေတာလဲ ခုထိ အဆက်အသွယ်မရဘူး"

"ဘယ်လို ...၊ ပျောက်နေတယ် ဟုတ်လား"

"အင်း...၊ အဲဒါတွေ အရမ်းစိတ်ညစ်နေလို့ ပြန်လဲမပြန်နိုင်၊ ဘာလုပ်လို့မှလဲမရနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပန်းတော်ဝင် မျက်နှာလေးက တကယ်ကို သောကတွေနှင့် နွမ်းယဲ့နေရှာသည်။ အလုပ်ကိစ္စဆိုတာက ဘာတွေလဲ။ မိန်းကလေးတစ်ယောက်က တစ်နယ်တစ်ကျေးက လာသည်၊ ပြီးတော့ တစ်ယောက်တည်း ရန်ကုန်မှာ အလုပ်ကိစ္စဆိုတာ ဘာတွေလုပ်နေတာလဲ။

ဖွင့်လည်းမမေးချင်ဘဲ မသက်မသာတွေးနေမိသည်၊ ဒီလိုအရွယ် မိန်းကလေးတစ်ယောက်အတွက် စီးပွားရေးလုပ်ငန်းတွေ လုပ်နေသည် ဆိုရင် တောင်မှ တစ်နယ်တစ်ကျေးကနေပြီး တစ်ယောက်တည်း ခုလောက် စွန့်စားဖို့ လိုသလား။ တွေးကြည့်လေ ဘဝင်မကျလေမို့ မေးချင်သည့်စိတ်က ထိန်းမရဖြစ်လာပြီး ...

"တစ်ခုလောက်မေးလို့ရမလား"

"ဟင် ... ဘာမေးချင်လို့လဲ"

မေးလေလို့ ခွင့်ပြုတာမပါဘဲ မေးခွန်းကို စိုးရိမ်မကင်းစွာ ဖြစ်သွားသည့် ပုံစံလေးက သိသာနေ၏။ လူမှုရေးစည်းကမ်းအရ မျိုသိပ်သင့်သည်မှန်း နားလည်လိုက်ကာ ...

"ဘာမှမဟုတ်ပါဘူး။ အခု ပြီးပြီလား။ ဘုရားမှာ ဘာလုပ်ဖို့ရှိသေးလဲ"

ပန်းတော်ဝင် က မျက်တောင်နှစ်ချက်မျှခတ်ရင်း စဉ်းစားသည်။ ပြီးတော့ သူ့ကို မော့ကြည့်လိုက်ပြီး ...

"ရှင်ရော ..."

ဘာပဲဖြစ်ဖြစ် ပြန်ပြန်မေးတတ်သည့်အကျင့်လေးကို သတိထားမိပြီး နိုင်ငံ က ပြုံးလိုက်၏။ ဒါကို သူမကလည်း နားလည်သွားပုံရှိလျက် ...

"ဩော် ... ဟို တစ်မျိုးမထင်နဲ့နော်၊ ကျွန်မက မွေးနေ့ထောင့်မှာ ပုတီးစိပ်ရဦးမှာ၊ အဲဒါကို အခက်တွေ့နေတာလေ၊ တစ်ယောက်တည်း ဆိုတော့ ..."

"ကိုယ့်ကိုစောင့်ပေးစေချင်တာလား"





"ကိုနိုင်ငံ အားမှပါ"

"အားလိုက်လို့ရပါတယ်"

"ရှင် ..."

"ဩော် ... အားပါတယ်လို့ပြောတာ"

သူ့မျက်နှာပေါ် ကအပြုံးကြောင့် ပန်းတော်ဝင် မျက်လွှာချသွား၏။ ခဏ ခဏ ဆုံဖြစ်နေကြပြီး တရင်းတနှီးလည်းမရှိ၊ ဒါပေမယ့် ပါမစ်မဲ့ ရင်ခုန်ခြင်းကတော့ နှိပ်စက်စပြုပါပြီ။

သူမကတော့ ကိုယ့်လိုဖြစ်နေမှာမဟုတ်တာ သေချာနေ၏။

သောကြာနံထောင့်မှာ ပုတီးစိပ်နေတော့ သူ့အနားမှာပဲ ဟိုလျှောက်၊ ဒီလျှောက်နှင့် ဒီကောင်မလေးဟာ ကိုယ့်လူဖြစ်မှန်းသိသာအောင် နေပေးလိုက်သည်။

ဘာရယ်မဟုတ်ပါ၊ အဖော်ရှိနေမှန်းသိတော့ လူရှိန်တာပေါ့။

"နာရီဝက်လောက်ကြာသွားတယ်နော်၊ ကိုနိုင်ငံကို အားနာလိုက်တာ"

ပုတီးကို လက်ထဲမှာလုံးကိုင်ပြီး မတ်တတ်မရပ်သေးခင်မှာဘဲ သူ့ကို မော့ကြည့်ပြီးပြောသည်။ တကယ်အားနာနေမှန်းလည်းသိသာ၏။

ထိုပြင် နေရာမှထရပ်လိုက်စဉ်မှာ ကြာရှည်ထိုင်ထားရတော့ ခြေထောက်ကျဉ်နေသဖြင့် ပန်းတော်ဝင် ယိုင်ခနဲဖြစ်သွား၏၊ နိုင်ငံက သူမ လက်မောင်းလေးကို ဖမ်းဆွဲထားလိုက်သဖြင့် ပုံပျက်ပန်းပျက်တော့ ဖြစ်မသွားပေ။

"ရဲ... ရတယ်၊ ကျေးဇူးပဲနော်၊ အပွန်း"

ပန်းတော်ဝင် ရှက်ရှက်နှင့် သူ့လက်ကို ဖယ်ချရန်းကာ မျက်နှာလေး တစ်ပြင်လုံး နီမြန်းလျက် အသံတွေပါ တုန်ရှာ၏။

ရင်ထဲမှာ သို့လော သို့လော ရှိခဲ့ဖူးသည့်မေးခွန်းတွေက သူမ၏



www.burmeseclassic.com

အရှက်သည်းခြင်းကိုမြင်လိုက်ရမှ ရှင်းသွားသည်။ နိုင်ငံ တစ်ယောက်
တည်းပဲ ပြုံးမိပြန်၏။

သူမ မနေတတ်မထိုင်တတ်နှင့် ရှေ့ကထွက်သွားတာကို မီအော
လိုက်ရင်း ...

"ပြန်တော့မှာလား။ နှုတ်တောင်မဆက်ဘူးကွာ"

"ဟင် ..."

ပြောလိုက်တော့လည်း ခြေလှမ်းတုံ့၍ ပြန်ရပ်စောင့်သည်။ မျက်နှ
လေးကတော့ ငုံ့နေဆဲ။ လက်မောင်းလေးကိုပဲ ကိုင်လိုက်မိလို့ တော
သေးသည်။ စိုးရိမ်လွန်ပြီးတော့များ ပခုံးလေး၊ ခါးလေးတွေကို ထိကို
လိုက်မိလျှင် ဘယ်လိုဖြစ်သွားမလဲ။

"ရှင်က ဘာပြုံးတာလဲဟင်"

ရှက်ရယ်ရယ်သည့်မျက်နှာနီနီလေးနှင့် ပန်းတော်ဝင်က သူပြုံးတာ
ကို ဒေါသဖြစ်သွားသလိုလေး မျက်မှောင်ကြုတ်၏။

"မဟုတ်ပါဘူးကွာ၊ ကိုယ်က မင်းတစ်ယောက်တည်းမို့လို့ အချိန်ပိုင
လေးပဲဖြစ်ဖြစ်၊ ဘော်ဒီဂတ်လုပ်ပေးမလို့ပါ။ အဲဒါ ဒီတိုင်းပဲရပ်ကျန်ခဲ့ရတော
ဘာဆက်လုပ်ရမှန်းမသိတော့လို့။

လိုးလွှဲပြောလိုက်တာကိုသိသည်။ အဲဒီနှုတ်ခမ်းပြုံးစစဖြစ်နေတာကို
ခဏခဏမြင်နေရတဲ့ဟာပဲ၊ ဒါပေမယ့် ကိုယ့်ကို ကူညီခဲ့တဲ့သူ ဖြစ်နေ
ကာ...

"ရှင်လဲပြန်တော့မယ်ထင်လို့ အတူတူပဲဆိုပြီး မမေးဖြစ်တာပါ။ ရှင
မပြန်သေးဘူးလား"

"မင်း ပြန်ဆင်းတော့မှာလား"

"ဟုတ်ကဲ့"

ဒါဆိုလဲ ကိုယ် ပြန်ဆင်းမယ်လေ၊ ကိစ္စက အရေးကြီးပေမယ့် မင်းလ





ကောင်းမှုကုသိုလ်လုပ်ဖို့မဟုတ်ဘူး၊ ကိုယ်တွေ့ချင်တဲ့လူ ဒီအချိန် ဘုရား
ပေါ်မှာရှိတတ်တယ်ဆိုလို့ လာရတာ"

"ဩော် ..."

တွေ့လား၊ မတွေ့ဘူးလား ဘာမှမမေးဘဲ သူမက ဆက်လျှောက်
သွားပြန်သည်။

"ဓာတ်လှေကား မစီးဘူးလား"

လှေကားထစ်တွေကိုနင်းလျှောက်ဖြတ်ဆင်းခဲ့ကြရင်းမေးတော့
ပန်းတော်ဝင် က ခေါင်းခါ၍ ...

"ကျဉ်းကျဉ်းကျပ်ကျပ်လေးထဲမှာ လူတွေတစ်ပြုံကြီးနဲ့ မစီးရဲဘူး"

"ခဏလေးပဲကွာ၊ အမြဲတမ်းလဲမကျပ်ပါဘူး"

"ရှင် လှေကားက မဆင်းချင်ဘူးထင်တယ်၊ သွားစီးလေ"

ဘယ်ရယ်မဟုတ်ဘဲ နှစ်ယောက် မျက်လုံးချင်းဆုံမိကြပြန်သည်။

"ကိုယ့်ဘာသာစီးချင်ရင် အစကတည်းက အဲဒီကိုခွဲထွက်သွားမှာပေါ့၊
အတူတူဆင်းရအောင်ပါလို့ မင်းခေါ် လာတာမှမဟုတ်တာ"

ပန်းတော်ဝင် မျက်နှာလေးက အားနာသွားဟန်နှင့် ရှေ့ပြန်လှည့်
သွားသည်။ နိုင်ငံ က ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ထည့်၍ ပခုံးချင်း
ယှဉ်ဆင်းနေရင်း ...

"ပန်းတော်ဝင် ကျွန်တော့်ကို အနားမှာမရှိစေချင်တာတော့ မဟုတ်
ပါဘူးနော်"

"အို... မဟုတ်တာ"

တော်ပါသေးသည်။ ပျာပျာသလဲ ငြင်းဖော်ရလို့။

"ကျွန်မကတောင် ကျေးဇူးတင်ရဦးမယ့်ဥစ္စာ"

"ဒါဆိုရင်လဲ အောက်ကျရင် အအေးလေးဘာလေးသောက်ပြီး
စကားပြောရအောင်လေ၊ အလိုက်ကမ်းဆိုးမသိပြောရတာက အခွင့်အရေး

www.burmeseclassic.com



ယူတာတော့မဟုတ်ဘူး။ ဒါပေမယ့် နောက်ထပ်ဆုံဖို့က သိပ်မလွယ်ဘူးလေ၊ ခုဆုံဖြစ်နေတာတောင် ဘယ်လိုရေစက်တွေရှိနေလို့ ကြုံဖန်တိုက်ဆိုင်နေတာလဲမသိဘူး။ တစ်ခါ၊ နှစ်ခါ မကတော့ဘူးဆိုတော့ ဒီထက်တော့ ရင်းနှီးသင့်ပြီထင်လို့"

သူမက အကြာကြီးအသံတိတ်နေပြီးမှ ခေါင်းညိတ်သဘောတူသည်။ ဘုရားခြေတော်ရင်းက စားသောက်ဆိုင်လေးရဲ့ ရှေ့ မျက်နှာစာမှာ အတူထိုင်ဖြစ်ကြသည်။ ဘာမှာမလဲမေးတော့ သူမ တမ်းတလိုက်တာ ကြုံကြုံဖန်ဖန် အုန်းရည်သောက်ချင်သည်တဲ့။

ထို့ကြောင့် သူကိုယ်တိုင်ထသွားပြီး အုန်းရည်ရသည့်ဆိုင်တွေထိ ရောက်သည်။

"အားနာလိုက်တာရှင်၊ ကျွန်မ ဒီဆိုင်ကလူတွေပဲမှာပေးမယ်ထင်လို့"

"နီးနီးကပ်ကပ်ရှိနေရင်တော့ မှာပေးမှာပါ။ အခုက အလှမ်းဝေးတယ်လေ၊ အားနာရင် ကိုယ့်ဘာသာ သွားယူလိုက်တာ"

ထိပ်ဖွင့်နေသည့် အုန်းသီးစိမ်းစိမ်းလေးမှာ ပိုက်တံလေးတပ်ထားပေမယ့် သူကိုယ်တိုင် မ,သယ်လာရသည့်အဖြစ်ကြောင့် အဆင်သင့်လေး စားသုံးရမှာကို အားနာနေမိသည်။

"သောက်လေ ပန်းတော်ဝင်၊ ဘာလဲ ကျေးဇူးတင်ရမှာစိုးလို့လား"

"ဟင့်အင်း၊ တကယ်ကို အားနာလို့ပါ၊ ကျွန် ..."

"အားနာရင် သောက်လိုက်ပါ၊ အမောပြေအောင်ပေါ့"

သူက ရိုးရိုးအအေးတစ်လုံးပဲမှာကာ တောင်ဘက်မုခ်မှာ ကားထားခဲ့သည့်အဖြစ်ကိုတွေးရင်း ဘုရားကိုသွားမည်ဆိုတော့ ညီမလေးပြောလိုက်တာကိုလည်း သတိရမိ၏။

"ကိုကြီးကလေ ဘုရားသွားတိုင်း တရားထိုင်ဖို့ ပန်းလှူဖို့ဆိုတာ မပါ





ဘူး၊ ကိုကြီး စိတ်ပါလက်ပါအချိန်ယူပြီး သွားကြည့်စမ်းပါ၊ ဘုရားပေါ်မှာ ကလေး လိုချင်ရင် တောင်းလို့ရတဲ့နေရာ ရှိတယ်၊ တောင်းရင် တကယ်ရတာနော်၊ မပြုံးနဲ့ ကိုကြီးကတော့ ကလေး လိုချင်တာမဟုတ်တော့ တောင်းဖို့မလိုဘူး၊ လိုနေတာက ဖူးစာဖက်လေ၊ ဘုရားမှာ စိတ်ညွတ်ပြီး တစ်ခါတလေ ဆုတောင်းကြည့်လိုက်၊ ကိုကြီးနဲ့ အကြောင်းပါမယ့် ဖူးစာဖက်ကို တွေ့ကိုတွေ့မှာ"

စိတ်ကူးနှင့် သူ့ မျက်ဝန်းတွေက ပန်းတော်ဝင် မျက်နှာလေးဆီ တွန်းခနဲရောက်၏။ အုန်းစိမ်းရေ ငုံသောက်နေသည့် နှုတ်ခမ်းသားလေးတွေက ပိုက်တံလေးမှာ ပုံပျက်ပန်းပျက်မဟုတ်ဘဲ လှလှပပလေး ဖေးတင်နေ၏။

ဝင်းစက်စက် ယဉ်စစပုံစံလေးက အပေါ်စီးကနေ၊ ဘေးကနေ ဘယ်လိုပဲကြည့်ကြည့် ရှုမငြီးဖွယ်။ ထိုစဉ် ပန်းတော်ဝင် မျက်ဝန်းလေးတွေ ပင့်တက်လာ၏။ စူးစိုက်ကြည့်နေသည့် သူ့ မျက်ဝန်းများနှင့်ဆုံမိလျှင် ဖျတ်ခနဲ ပြန်လွှဲသွားသည်။

"ပန်းတော်ဝင်"

"ရှင်"

"နည်းနည်းတော့စပ်စုချင်တယ်၊ စိတ်ဆိုးမှာလား"

လွယ်လွယ်ခေါင်းညိတ်တတ်သည့်အကျင့်လေး ပါလာပြန်သည်။ မျက်တောင်ခတ်တာမဟုတ်ဘဲ မျက်ဝန်းလေးတွေက ဘေးကိုတိမ်းသွားရင်း မေးသည့်လူကို အားမနာ၊ ပါးမနာ စဉ်းစားနေသေးသည်။

နိုင်ငံ က စိတ်မဆိုးသည့်အပြင် အအေးပုလင်းကို ခပ်ဖိဖိဆုပ်ကိုင်ရင်း ပြုံးနေ၏။ ပန်းတော်ဝင် မျက်ဝန်းလေးတွေ သူ့ ဆီ ပြန်ရောက်လာ၍...

"သောရီးနော်၊ ရှင်က မေးချင်တာကိုမေးချလိုက်ရင် ဖြေဖို့ မဖြေဖို့



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်မ ချက်ချင်းဆုံးဖြတ်နိုင်တယ်၊ အခုကျတော့ ...”

“မဖြေနိုင်လောက်ဘူးထင်တာကို မမေးဖို့တော့ ရွေးချယ်ပြီးသား ဒါပေမယ့် မမေးတော့ပါဘူး”

“မဟုတ်ပါဘူး မေးပါ။ ရှင် ကျွန်မကို မေးချင်နေတာတွေ တော်တော်များနေပြီလို့ ကျွန်မထင်တယ်၊ ကျွန်မလဲ ဖြေသင့်ပြီလို့ထင်ပါတယ်၊ ကိုယ်ရေးကိုယ်တာ နိုက်နိုက်ချွတ်ချွတ်တွေ မပါကြေးပေါ့”

နိုင်ငံ က ရယ်သည်။ ရယ်လက်စနှင့် အအေးပုလင်းကို ဘေးကို ရွှေ့ထားလိုက်၏။

“ရှင် တစ်စက်မှလဲမသောက်သေးဘူး၊ ဘာဖြစ်လို့လဲ”

“အအေးမလိုပါဘူး၊ ရင်ထဲမှာအေးနေလို့”

စူးစိုက်ကြည့်နေခြင်းကြောင့် မရိုးသားခြင်းက တိုက်ရိုက်ထိသွား၏။ ပန်းတော်ဝင်တစ်ကိုယ်လုံး ဖျင်းခနဲဖြစ်ကာ အသက်ရှုမှားသွားလေသည်။

“အဟွတ် ... အဟွတ်”

“ဟောဗျာ”

သူ့ကြောင့်မှန်းသိလိုက်ကာ နိုင်ငံ ခြေမကိုင်မိ၊ လက်မကိုင်မိ ထ,ရပ်မလိုဖြစ်ပြီးမှ ပြန်ထိုင်မိသည်။ ဘာလုပ်ရမှန်းလည်းမသိ။

“အဟွတ် ... အဟွတ်”

ချက်ချင်းကြီး ခွက်ခွက်လန်ထသီးတော့ ဘေးစားပွဲကလူတချို့လဲ လှည့်ကြည့်ကြသည်။ ပန်းတော်ဝင် မျက်နှာလေး ချက်ချင်းရဲညိုသွား၏။

သူစိမ်းယောက်ျားတစ်ယောက်ရှေ့မှာ အရှက်တကွဲဖြစ်သွားသဖြင့် ပန်းတော်ဝင် မျက်နှာလေး မော့မလာတော့ပေ။ နှုတ်ခမ်းကို လက်ကိုင်ပဝါလေးနှင့်ကပ်ဖိပိတ်ကာ အကြီးအကျယ်လမ်းကြောင်းမှားကုန်သည့် အုန်းစိမ်းရေကြောင့် ချောင်းမဆိုးအောင် ဘယ်လိုထိန်းလို့မှ မရ။

“ပန်းတော်ဝင် မျက်နှာနည်းနည်းမော့ထားလိုက်ပါ၊ အသက်ရှုရင်း





သိန်းကြည့်လိုက်”

ပြောရင်း သူ အနားမှာလာရပ်တော့ ပိုဆိုးသည်။ ဒီလူကတော့ သူ့ကို ပိုးပန်းပြီး ခြေတုန်၊ လက်တုန်ဖြစ်၍သီးရသည်ဟု ထင်သွားမှာ သေချာသည်။

သူမ တကယ်ပဲ လက်ဖျားအေးလောက်အောင် ရှက်သွားတာ မှန်သည်။ ဒါပေမယ့် ကိုယ့်ဘက်က မရိုးသားစိတ်တွေရှိနေလို့မဟုတ်ပါ။

တစ်သက်နဲ့တစ်ကိုယ် ဒီလိုအကြည့်၊ ဒီလိုစကားတွေအား သူစိမ်းယောက်ျားတစ်ယောက်က မျက်နှာတည့်တည့်ကြည့်၍ အပြောခံရတာ ဒါ ပထမဆုံး။ တစ်မြို့လုံးမှာ အချောအလှဆိုတဲ့ဘွဲ့ကို ရ,ထားပြီးသားမို့ ရိုးမသား ပိုးပန်းသူတွေ အများကြီးရှိသည်။

မကြားတကြား ရိတိတိ ၈,နောက်ဖူးတာ အလွန်ဆုံးဖြစ်၏။ ခုရှိန်ထိ ညည်းစားတောင်မထားဖူးတော့ မောင်လေးက တစ်ခါတလေ ၈,သည်။

“မမကြိုက်တာ ဘယ်တော့မှတွေ့မှာမဟုတ်တဲ့အတူတူ ငိုက်ကြည့် ရွေးချယ်မနေပါနဲ့ မျက်လုံးစုံမှိတ်ပြီး ဖေဖေ ပေးစားတာကို ယူလိုက်တော့ အိမ်ထောင်ရေးဆိုတာ ကံစမ်းမဲတဲ့၊ မနိုက်တယ်လို့ သဘောထားလိုက်” တဲ့။

အိမ်ထောင်ရေးကို အရေးတယူ ခေါင်းထဲမထည့်ခဲ့သေးပေမယ့် ချစ်ချစ်၊ မချစ်ချစ် မိဘပေးစားတာကိုပဲ ယူတော့မယ်ဆိုတဲ့ စိတ်ကူးမျိုးတော့ ထားခဲ့ဖူးပါ။

အချစ်ကိုမရှာဖွေလိုသော်လည်း ချစ်တဲ့သူကိုပဲ ကြည်ဖြူချင်သည်။ အိမ်ထောင်ရေးကို ဝတ္တုရားဆန်ဆန် အနားသတ်မျဉ်းတစ်ကြောင်းနှင့် ပိတ်ပစ်လိုက်တာမျိုး မလုပ်ချင်။

တကယ်တမ်းကျတော့ အချစ်နှင့်ပတ်သက် သက်ဆိုင်သော ခရီးအစလေးမှာတောင် သူမ အသက်ရှုမှားခဲ့၏။ ရှက်ဖို့ကောင်းလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုခေတ်၊ ဒီအရွယ်နဲ့များ ညည်း ဒီလောက်တုံးရသလား ပန်းတော်ဝင်။

"ချွေးတွေထွက်နေပြီ လန်းသွားအောင် အပြင်ထွက်လိုက်ရအောင်နော်"

သူ ပိုက်ဆံရှင်းလိုက်တာ၊ သူပြောသလို အတူတူပြင်ထွက်လိုက်ခဲ့တာ အားလုံး ဘာကိုမှမသိ၊ မမြင်လိုက်သလို ပြန်ပြောဖို့လည်း စကားလုံးရှားနေ၏။

ထိုစဉ် ဖုန်းသံမြည်လာတော့ နိုင်ငံ က နောက်ချန်နေခဲ့ကာ ဖွင့်လိုက်၏။

"လေးလေးထွတ် ပြော"

"....."

"ဟင်... ဘယ်လို"

"....."

"'သမာဓိ' ပိုင်ရှင်က ..."

"....."

"လေးလေးထွတ် သေချာလို့လား"

"....."

အဲဒီကောင်က အခု ဆင်ဖြူကျွန်းကို မပြန်သေးဘူးပေါ့"

"....."

ဖုန်းပြောနေရင်း စိတ်က ကိုယ်မှာမကပ်ဘဲဖြစ်သွားသည်။

"လေးလေးထွတ် နတ်မောက်ကကိစ္စကို တစ်ခါတည်း ဝင်ရှင်းခဲ့လိုက်"

"....."

"မဟုတ်ဘူး၊ လုံးဝကျေအေးဖို့၊ အဲဒီအမှုကို ဘာမှဆက်မလုပ်နဲ့





တော့"

လူမကြား သူမကြား တက်ခေါက်ခြင်းက အောက်မေးများကို တွန့်လှုပ်သွားစေ၏။ နားထဲမှာ လေးလေးထွတ်ရဲ့စကားတွေက ဒီတိုင်းကျန်နေသကဲ့သို့ အားလုံး အစကနေ တစ်ခေါက်ပြန်ပေါ်၏။

"ကောင်လေးနာမည်က 'သမား' တဲ့၊ ဒါပေမယ့် ဆင်ဖြူကျွန်းမှာ နေခွားလို့ အခေါ်များတယ်၊ အခြောက်လိုလို၊ လမ်းသရဲလိုလိုနဲ့ ဗရုတ်သုတ်ခနေတဲ့ကောင်ပါ၊ လွန်လေးနဲ့ တွေ့ကြပြီး အချူးတပြီး ရန်ကုန်ပါလာတာတဲ့။

ဦးကြည်ဇင်ရဲ့ သားဆိုတာ ငါမြင့် လုံးဝမထင်ခဲ့ဘူး။ ကြားလိုက်တော့ ဆော်တော်အံ့သြသွားတာ၊ ကားတိုက်မှုဖြစ်တာလဲ သူ ရန်ကုန်ရောက်လာတဲ့အချိန်ပဲ၊ ဒီမှာပြောနေကြတာတော့ လွန်လေးကို မင်းညီမမှန်း မသိလို့ အမှုကိစ္စအတွက် အဆင်ပြေအောင် ဖိုးခွားကို အသုံးကြီးက ဒီကနေ ကွန်ထရိုးလုပ်နေတာတဲ့။

ငါတို့ကသာ သူ့တို့ကို မသိတာ၊ သူတို့က နယ်ကလူတွေသဘာဝ အတိုင်း အမှုအခင်းဆို ဖင်တုန်အောင်ကြောက်တာကိုး၊ ဒီကိစ္စပြေလည်ဖို့ အတွက် အသေအလဲလိုက်နေတော့ ငါတို့ကိုသိနေမှာပေါ့။ ဦးကြည်ဇင်ရဲ့ သမီးလဲ ရန်ကုန်မှာပဲတဲ့၊ ငါ့အထင်တော့ မောင်နှမ လက်ဝါးရိုက်ပြီး လွန်လေးနဲ့ မင်းကိုလှည့်ပြီး အပိုင်ကိုင်ဖို့ကြံစားတာ၊ လွန်လေးကို မင်း သေချာကရစိုက်"

ရုက်ချင်းကြီး စိတ်အိုက်လာသဖြင့် နဖူးဆံစပ်ကဆံပင်တွေကိုပဲ ထိုးသိပ်တင်နေမိတာ ဘယ်နှစ်ကြိမ်မှန်းမသိ။

ညီမလေးနဲ့လှည့်ပြီး ကိုယ့်ကို အပိုင်ကိုင်ရအောင် ညီမလေးထံမှ ဒီအမှုနဲ့ပတ်သက်ပြီး စိတ်ဝင်တစားမေးမြန်းအကြံပေးတာလည်း မရှိခဲ့ဖူး။

ထို့ပြင် ဒီကောင် ရန်ကုန်ပါလာတယ်ဆိုတာလည်း လေးလေးထွတ်



www.burmeseclassic.com

www.burmeseclassic.com



က ပြောတာပဲရှိသည်၊ ညီမလေးကိုယ်တိုင် ဝန်ခံထားလို့သာ သူ ဒေါပွခဲ့ရသည်။

ဒီနေ့ထိ သူ မြင်လည်းမမြင်ဘူး၊ သိလည်းမသိ၊ ညီမလေးပုံစံကလည်း လွမ်းလွမ်းဆွေးဆွေး အပူတပြင်း ဘာရှိလို့လဲ။

သူ့ ရျက်နှာကြီး သုန်မှုန်နေတာကိုမြင်နေရသဖြင့် ဖုန်းပြောရင်း အဆင်မပြေဖြစ်နေတာပဲဟု ပန်းတော်ဝင် သိလိုက်သည်။

ကိုယ့်ကားနားကို ရောက်နေပေမယ့် တက်မောင်းပြီးပြန်သွားလို့ မဖြစ်။ သူ့မှာ ကားပါသလား၊ ဘယ်နားမှာလဲ။

ဘာပဲဖြစ်ဖြစ် နှုတ်ဆက်မှတော်မည်ဖြစ်၏။ ဘယ်နေရာ၊ ဘယ်လောက်ထိ ကားကြုံလိုက်ဦးမည်ဆိုရင်လည်း မခေါ်လို့မကောင်း။

ထို့ကြောင့် သူ ဖုန်းပြောလို့ပြီးသည်အထိ ဒီတိုင်းပဲ ရပ်စောင့်နေဖို့ဆုံးဖြတ်ကာ ...

လက်လေးဖွဖွပိုက်၍ ကားမှာ နွဲ့နွဲ့ လေးမှီလိုက်စဉ် လက်ကိုင်အိတ်လေးထဲကဖုန်းက အသံပေးလာ၏။ ဖွင့်ကြည့်လိုက်တော့ ဆင်ဖြူကျွန်းကဖြစ်သည်။

"ဟဲလို ဖေဖေ"

"သမီး ဘာဖြစ်နေတာလဲ၊ ဖေဖေ့ကို ဘာမှလဲ မဆက်သွယ်ဘူး"

"ဖေဖေရယ် ဟိုက်ဂျ်လုပ်ဖို့နေနေသာသာ ဖေဖေ့သားလေးကို ခုထိ ရှာမတွေ့ဘူး၊ တဂ်ခါတည်းပဲ မိန်းမခိုးပြေးသွားတာလား၊ နတ်ကတော်တွေနဲ့ နေတော့မလို့ လိုက်သွားတာလား၊ ဦးကျော်တို့ စုံစမ်းပေးတာတော့ နတ်ကတော်တွေနဲ့ ဖိုးခွား အတူတူမဟုတ်ဘူးတဲ့၊ သမီး သူ့အတွက် ရင်တွေပူလွန်းလို့ ညညလဲ အိပ်မပျော်၊ ဘုရားမှာ ယကြာချေနဲ့ ခုထိ ဘာမှ မထူးဘူး"

"ဟိုကိစ္စကို သမီး ဘာမှမလုပ်ဘူးလား"





"ဆက်သွယ်လို့ကိုမရဘူး။ 'တိုင်းနိုင်ငံ'ကို သမီး စိတ်ပျက်တယ် ဖေဖေ၊ မြို့ကကုမ္ပဏီပိုင်ရှင်တွေ ဘယ်လောက်အောက်ခြေလွတ်နေကြသလဲမသိဘူး၊ ဖုန်းဆက်ပြီး ဆွေးနွေးဖို့ချိန်းတာ လုံးဝရောက်မလာဘူး"

"အေး သူက ဒီကို လူလွှတ်လိုက်တာ"

"ဟင် ... ဘယ်လို ဖေဖေ"

"'တိုင်းနိုင်ငံ'ကုမ္ပဏီပိုင်ရှင်ပဲထင်တယ်၊ ဖေဖေ့ဆီကိုရောက်လာသေးတယ်၊ အမှုဖြစ်ထားတဲ့နေရာကို အတူတူသွားကြည့်မယ်တဲ့"

"အို ... ရဲမှုခင်းဖြစ်သွားပြီဥစ္စာ အဲဒီနေရာမှာ ဘာရှိတော့မှာလဲ၊ တိုးတိုးတိတ်တိတ်နဲ့ပြီးစေချင်ပါတယ်ဆိုမှ အလကား အဲဒါ သမီးတို့စိုးရိမ်နေတာသိလို့ ပြူးပြူလာခြောက်တာ၊ ဒီညနေကားနဲ့ သမီး ပြန်ခဲ့မယ် ဖေဖေ"

"နေဦး နေဦး၊ ဖိုးခွားကို ဒီတိုင်းထားခဲ့လို့မရဘူး၊ သမီး ဒီရောက်လာလဲ ခညီသည်နဲ့ သွားဖို့လာဖို့ကိစ္စ ရှိလာရင် သမီးနဲ့မဖြစ်ပါဘူး၊ သားငယ်ကိုတွေ့အောင်ရှာ၊ မိန်းမခိုးသွားလဲ စတ်မြုပ်နေရအောင် သူ ဘာလုပ်စားမှာမို့လဲ၊ ကမ်းနားလမ်းက ပွဲရုံတွေကိုရော မလာဘူးလား၊ သမီးမှာထားလား"

"မှာထားတယ် ဖေဖေ၊ သူတို့က ဖိုးခွား ရန်ကုန်ရောက်နေမှန်းတောင် မသိကြဘူး၊ သမီး အဲဒါကြောင့် စိတ်ဆင်းရဲနေတာပေါ့"

"မဆင်းရဲနဲ့ သမီး၊ ဟိုသွားဒီသွားလျှောက်လုပ်မနေနဲ့ ကိုကျော်မောင်တို့ကို နိုင်း၊ ပွဲရုံကကောင်တွေကိုဖြန့်ရှာခိုင်းပေါ့၊ ဒီကကိစ္စကို ဖေဖေဘာသာစီစဉ်တော့မယ်၊ ဟိုကောင် မျိုးတုံးမယ့်ကိစ္စကိုပဲ သမီး ဂရုစိုက်၊ တော်တော်ခက်ပါတယ်ကွာ၊ တစ်မိပေါက်တစ်ယောက်ထွန်းမို့လို့ပဲ၊ ဒီကောင်မျိုးနှစ်ယောက်လောက်သာထွန်းရင် ရန်ကုန်နဲ့ဆင်ဖြူကျွန်းကို တစ်ဖက်စီခွဲရမ်းပစ်မလားမသိဘူး"

ဖေဖေ ညည်းညူသံနှင့် ဖုန်းချသွားသည်။ နိုင်ငံ့ ကို လှမ်းကြည့်တော့ သူလည်း ဖုန်းပြန်သိမ်းလိုက်တာမြင်သည်။ မျက်နှာချင်းဆိုင်မိကြသည်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ နှစ်ယောက်လုံးမှာ မရှုင်လန်းခြင်းကိုယ်စီနှင့်။

"ကျွန်မ ပြန်တော့မယ်၊ ရှင် ကားပါလား"

"အင်း၊ ဒီကနေ နည်းနည်းပတ်လျှောက်ရဦးမယ်၊ မင်း ကိုယ့်ကိုနှုတ်ဆက်ဖို့ စောင့်နေတာထင်တယ်။ စောင့်နေရင်း ဖုန်းပြောတာမို့လား"

"ဟုတ်ကဲ့၊ ဒီနေ့ ကျွန်မကြောင့် တော်တော်ဒုက္ခများသွားတယ်၊ အားလဲနာတယ်၊ ကျေးဇူးလဲတင်ပါတယ်၊ သွားမယ်နော်"

"ပန်းတော်ဝင်"

တံခါးဖွင့်လိုက်ပြီးမှ သူ့ခေါ်တော့ ပြန်လှည့်ကြည့်မိ၏။ နိုင်ငံ က ဘွန်းနက်ပေါ်မှာ လက်တစ်ဖက်ထောက်၍ ...

"နောက်ထပ်တစ်ခါ ဆုံချင်သေးတယ်၊ ဘယ်လိုဆက်သွယ်ရမလဲ"

ပန်းတော်ဝင် မျက်နှာလေးပျက်သွား၏။ ပြီးမှ အားတုံ့အားနာမော့ကြည့်ကာ ...

"ကျွန်မက ပြန်တော့မှာ"

"သိတယ်လေ၊ ဘာဖြစ်လဲ၊ မြန်မာနိုင်ငံက ဘယ်လောက်ကျယ်တာမှတ်လို့၊ ကိုယ်ပြောတာက အဲဒီအချိန်ထိလဲမဟုတ်ဘူး၊ မင်းသွားတဲ့နောက်ကို လိုက်လာခွင့်ရအောင်ဆိုတာ ဒီထက်မက ရင်းနှီးဖို့လိုသေးတယ် မဟုတ်လား။ နောက်ဆုံး အခု မင်းတည်းတဲ့လိပ်စာကို မပြောချင်ရင်တောင် ပြန်မယ်ဆိုရင် ကိုယ် လိုက်ပို့ချင်တာ"

ပန်းတော်ဝင် သူ့ကို အကြာကြီးငေးကြည့်၏။ မရိုးသားသော၊ မျှော်လင့်သော၊ ညှို့ယူဖမ်းစားခြင်း ဘာမှမပါပေ။ သူပြောနေတာတွေကိုပဲ တူးဆန်းနေသလိုလို၊ ထို့နောက် မျက်ခုံးစပ်လေးမှာ မနေတတ်သလိုလေး ကုတ်ခြစ်ရင်း ...

"အဲဒီလိုပို့လို့လဲ မဖြစ်ဘူးထင်တယ်၊ ဟို ... ဒီလိုလုပ်ပါလား၊ ကျွန်မပြန်မယ့်မနက်ပိုင်း ရှင့်ကို ဖုန်းဆက်မယ်၊ တစ်နေ့နေ့မှာ ရှင်နဲ့ကျွန်မ ဆုံလို့ရပါတယ်၊ ဖြစ်လေလားဟင်"

နိုင်ငံ က ခပ်စူးစူးကြည့်နေရင်း ခေါင်းညိတ်သည်။

"ပြောသလို ကတိတည်မယ်လို့ ကိုယ် ယုံပါတယ်၊ တစ်ခုတောင်းဆိုချင်တာက မင်းနဲ့ကိုယ် မင်းပြောတဲ့ ပြန်မယ့်နေ့မနက်မှာဖြစ်ဖြစ်၊ ဒီကြားရက်မှာ တိုက်ဆိုင်လို့ဖြစ်ဖြစ် တွေ့ကြဦးမယ်ဆိုရင် မင်းဆီက တစ်ခုခု ကိုယ် လိုချင်တယ်"

"ရှင် ..."

မိန်းမသားဘာဝ၏ ခံစားသိမြင်လွယ်ခြင်းအပိုင်းမှာ ခေါင်းလောင်းသံတွေမြည်သွား၏။ သူဆိုလိုသည့်အရာကို သူမ သိလိုက်ပြီ။

"အခွင့်အရေးယူတယ်မထင်နဲ့နော်၊ ကိုယ်တို့အတွက် အချိန်သိပ်မရှိတော့လို့ပါ"

ပြောပြီး ခဏရပ်နေတော့ 'ပြောပါ'လို့ပဲ စကားထောက်ပေးရမှာလား၊ 'ဟင့်အင်း မပြောပါနဲ့တော့'လို့ တားလိုက်ရမှာလား။

ဘာမှလည်းမပြောဖြစ်ဘဲ ပန်းတော်ဝင် မျက်နှာလေးငုံသွား၏။ နိုင်ငံ က ဘုရားခြေတော်ရင်းဆီ ပှမ်းကြည့်လိုက်ပြီးမှ ဒီဘက်ပြန်လှည့်သည်။

ပတ်ဝန်းကျင်ကို စိတ်ဝင်စားလို့မဟုတ်ဘဲ ရင်ထဲကစကားတွေကို အဆင်ချောအောင် ဘယ်လိုသီကုံးပြီး ဘယ်လိုပုံစံ ပန်ဆင်ပေးရမှန်းမသိ၍ဖြစ်သည်။

ကိုယ် နှစ်သက်သလို ရွေးချယ်ပန်ဆင်ပေးပြီးတဲ့၊ ဒီပန်းမျိုးကို မပန်ဆင်လိုပါဟု ငြင်းပယ်လိုက်လျှင် ခက်မည်။ ဘယ်လိုလုပ်ရမလဲ။

စ,တော့စ,မိပြီဖြစ်သည်။ ဒီတစ်ခါ သူမကိုတွေ့လျှင် ချစ်ခွင့်ပန်မည်၊ ဘယ်လိုတောင်းဆိုမည် စသည့် အစီအစဉ်တွေ သူ့မှာ မရှိခဲ့ဘဲ နှကာမှ ချက်ချင်းဖြစ်လာသည့် ပူလောင်လှိုက်ဟာသောခံစားချက်တွေကို ကိုယ်တိုင်လည်း နားမလည်ပါ။






www.burmeseclassic.com

www.burmeseclassic.com



သူမကို သူ ချစ်ရေးဆိုဖို့ သင့်သည်လား၊ မသင့်သေးဘူးလား ပင့်သက်ရှိုက်ရင်း ကြိတ်မှိတ်မျိုသိပ်နေလိုက်ရင်ကော သူမနဲ့ သူ နောက်ထပ်ဆုံဖြစ်ကြဖို့ရှိသေးလို့လား။ တွေးကြည့်လိုက်တော့ 'မဆုံနိုင်တော့ရင်'ဆိုသည့် ဝေးကွာခြင်းကို ဘယ်လိုမှ မနှစ်မြို့နိုင်ဘဲဖြစ်နေ၏။

ချက်ချင်းပဲ ရင်ဖွင့်ဖို့တွေ စိတ်ကူးဖြစ်လာတာပါလည်း ဒီတစ်ခါ သူမကို ကိုယ့်မျက်စိအောက်မှာ ပျောက်ကွယ်သွားမှာကို စိုးရိမ်ခြင်းတွေ ရုန်းကန်ထကြွလာလို့ နှစ်ယောက်အလယ်မှာ တိတ်ကျသွားခြင်းက အနည်းငယ်ကြာသွားသဖြင့် ပန်းတော်ဝင် အနေရခက်ကာ တံခါးကို နောက်တစ်ခါ ပြန်ဖွင့်ဖို့လှည့်လျှင် ...

"ခဏ လေး ... ပန်း ..."

သူ ကမန်းကတန်းတားဆီးရင်း တံခါးကိုပါ လှမ်းကိုင်လိုက်မိသည်။ သူမကလည်း လက်လေးပြန်ရုပ်ပြီး စောင့်နေပါ၏။ ဒါပေမယ့် သူ နောက်ထပ်လည်ကုပ်မှာထောက်နေသည့်ဆံပင်တွေပေါ် ဖိသပ်ချရင်း အားယူနေရသည်။

ချစ်တယ်ဆိုသည့်စကားကို ဒီတိုင်းပြောလိုက်မိလျှင် အကောင်းသား။ ကြားထဲမှာ စကားစပြတ်သွားသဖြင့် ပြန်စဖို့အရေးဟာ ချူကလီးယားဗုံးကွဲတော့မည့်အရေးထက် ကြီးကျယ်သွားခဲ့၏။

ဩော် ... ရည်စားစကားပြောရဲအောင် ဆယ်ကျော်သက်အရွယ်မှာကတည်းက အချစ်ကို ကြိုးစမ်းကြည့်ခဲ့ဖို့ကောင်းသည်။ နကျမှ ...

"ပန်း... ကျွန်တော် ပန်းလို့ပဲ ခေါ်မယ်နော်"

"ဟုတ်"

ပန်းတော်ဝင် အသံလေးလည်း မသိမသာ တုန်ယင်နေခဲ့၏။ ခက်ပါလား၊ ဘုရားခြေတော်ရင်းမှာ ခွဲခွာကြဖို့နှုတ်ဆက်တာမှ သူ ဘာတွေ လာပြောနေတာလဲ။





"ဒီလိုလေ၊ ဟိုကွာ၊ နောက်ထပ်ဆုံတဲ့အခါ မင်းနဲ့ကိုယ် ဒီထက်ရင်းနှီးချင်တယ်"

သူမ မျက်ဝန်းလေးတွေ မရဲတရဲဝင့်တက်လာ၏။ ပြီးတော့ ဘေးကို ရောက်သွားပြန်သည်။

"ရက်ပိုင်းလေးပဲရှိသေးပေမယ့် တွေ့ကြတဲ့အကြိမ်ရေကတော့ ရင်ထဲထိ စွဲစွဲနစ်နစ်သိမ်းယူထားလို့ရနေပါပြီ၊ မင်းကို ကိုယ် ခဏခဏ သတိရတယ်"

"ရှင် ... ရှင် ... ကျွန်မကို ..."

ရည်းစားစကားပြောနေတာလားလို့ မေးမလို့ပေမယ့် အဆုံးမသတ်နိုင်ဘဲဖြစ်နေ၏။ နိုင်ငံ က ရှေ့ကို နည်းနည်းလေးတိုးရပ်ကာ ...

"ကိုယ့်ကို နားလည်တယ်မဟုတ်လားဟင်၊ ကိုယ်ပြောချင်တာကို မင်း နားလည်တယ်ဆိုရင် စဉ်းစားပေးပါ၊ ဒီနေရာမျိုးမှာ ဒီအချိန်လောက်နဲ့ ဖွင့်ပြောလိုက်ရင် အကျည်းတန်သွားမယ်ဆိုတာ ကိုယ် သိတယ်၊ အဲဒါကြောင့် အဲဒီစကားသုံးခွန်းကို ရှောင်ပြီး မရိုးသားစွာ ရင်ဖွင့်နေတာပါ၊ မင်းရဲ့ဖုန်းကို ကိုယ် မျှော်နေမယ်နော်"

ပန်းတော်ဝင် မျက်နှာလေးငုံ့ရင်း ကားထဲဝင်ထိုင်လိုက်၏။ နိုင်ငံ တံခါးပိတ်ပေးလိုက်ပြီး သူမမျက်နှာလေးကို ငုံ့ကြည့်၍ ...

"မင်း ကတိတည်မယ်လို့ ကိုယ် ယုံတယ်"

သူ ပြောပြန့်ပြီ ဒီစကား။ ကားစက်နှိုးပြီး ဘီးတွေရွေ့လျားနေကာမှ နိုင်ငံ က ဘေးကလျှောက်လိုက်လာကာ ...

"စိတ်လှုပ်ရှားနေရင် ကား သတိထားမောင်းနော်"

ပြောရင်း သူ မတ်တတ်ရပ်ကျန်ခဲ့တာကို နောက်ကြည့်မှန်ထဲမှာ မြင်နေရသည်၊ ဒီမှာ ရင်တွေ အကြမ်းပရမ်းလှုပ်ခါတုန်ယင်နေတာကို သူ အကဲခတ်မိနေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဟုတ်တဲ့ ဘာလိုလိုစကားလေးနဲ့ စ,လိုက်တာနဲ့တောင် အ[illegible]
ရေတွေသီးလို့ ဆိုင်ထဲက ထ,ထွက်လာခဲ့ရတဲ့အထိ။

ရည်းစားစကားပြောတာကြီးကို တည့်တည့်ငြိမ်ငြိမ် ဘယ်လိုလုပ်[illegible]
မလဲ။ တံတွေးမျိုချတာလည်း နှစ်ကြိမ်, သုံးကြိမ်တည်းမဟုတ်။ အသ[illegible]
ပြင်းပြင်းရှူသွင်း,ရှူထုတ်နှင့် ကားမောင်းရင်းနဲ့ပဲ ရင်ဘတ်ကြီးကို လျှေ[illegible]
ထုတ်နေရ၏။

ဒီကြားထဲ ကယောင်ချောက်ချား တွေးမိသေးသည်။

အချစ်ဆိုတာ ပိစိကွေးလေးလား၊ ကြီးကြီးမားမားလား၊ ရင်ဘတ်[illegible]
ဘယ်နားမှာလဲ ...၊

ရှူထုတ်လိုက်သည့်လေတွေထဲမှာများ ပါသွားရင် ဒုက္ခ ...။





## အခန်း (၂၈)

"လေးလေးထွတ် ... ဟား ... တော်ပြီ တော်ပြီ၊ လေးလေးထွတ် ပြန်လာခဲ့တော့၊ ကျွန်တော့်ဘာသာ ဖြေရှင်းလို့ရတယ်"

ဖုန်းကို အသံမြည်အောင်ချပစ်လိုက်သည်။ ဒေါ်ရီဝင်းက အနား ရောက်လာကာ ...

"ဘာဖြစ်လို့လဲ သား"

မေးတာကိုဖြေဖို့တောင် ဒေါသက ခုခံနေသဖြင့် ရုတ်တရက် မပြော ချင်၊ နေရာမှ ထ,ရပ်လိုက်ပြီးမှ ...

"လေးလေးထွတ် ဆက်တာလေ၊ ကျွန်တော် သေချာမှာလိုက်တာကို မှာတဲ့အတိုင်းလုပ်လိုက်ရင် ပြီးပြီ"

"ခု ဘာတွေလုပ်လိုက်လို့လဲ"

နိုင်ငံ ဘာမှမဖြေရသေးခင် ဖုန်းက ဆူညံစွာမြည်လာ၏။ ဝင်နေသည့် နံပါတ်ကို ငုံ့ကြည့်ပြီး သူ မကိုင်ဘဲနေတော့မှ ဒေါ်ရီဝင်းက ဝင်ကိုင်လိုက် ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ..."

"မမ နိုင်ငံ မရှိဘူးလား"

ဦးဝင်းထွတ် အသံကြားမှ ဒေါ်ရီဝင်း က နိုင်ငံကို မော့ကြည့်သည်။

"သူ့ကိုပေးလိုက်ပါ မမရာ၊ ဒီကောင် ဒုက္ခပါပဲ၊ အကျိုးသင့်အကြောင်းသင့်ရှိနေတာကို နားမထောင်ဘဲနဲ့ ...၊ မမ နိုင်ငံ ကို ခေါ်လိုက်"

"အေးပါဟယ်"

ဒေါ်ရီဝင်းမှာ တင်းမာနီရဲနေသည့် နိုင်ငံကိုလည်း 'လာပါ၊ ထိုင်ပါ'လို့ မခေါ်ရဲ။ ကိုယ်က အုပ်ထိန်းသူဆိုပေမယ့် လက်ရှိ အိမ်ထောင်ဦးစီးဟာ နိုင်ငံ ပဲဖြစ်သည်။

ဒါပေမယ့် နိုင်ငံ က ရောက်လာပြီး ဒေါ်ရီဝင်းလက်ထဲကဖုန်းကို ပြောင်းယူလိုက်၏။

"ပြော လေးလေးထွတ်"

"အေးလေ မင်း သေချာနားထောင်ဦးမှပေါ့၊ အမှုသွားအမှုလာက သူတို့ထင်သလိုမဟုတ်ဘူးကွ၊ တို့မန်နေဂျာက အရက်သောက်ထားတာ တစ်ခုပဲ ပြောစရာရှိတယ်၊ နဂို ဘာဒဏ်ရာမှမရှိဘူး၊ ကားကြိတ်ခံရလို့ သေတာ ရှင်းနေပြီ"

"အဲဒီတော့ ဘာဖြစ်လဲ"

ဆုံးဖြတ်ပြီးသား၊ ထားလိုက်ပြီးသားမို့ ဘာဆိုဘာမှ မဆက်ချင်တော့လို့ ပြောကိုမပြောချင်။

နိုင်ငံ့ အသံက ဘုဆတ်ဆတ်နှင့် ဦးဝင်းထွတ်ကလည်း စိတ်ဆိုးပုံ မရှိပါ။

"ဒါကြောင့် သားအဖတွေ ခြေတုန်လက်တုန် ဖြစ်နေတာ ကွ၊ ကူညီဖို့ တပြင်ပြင်ဖြစ်နေကြပြီ၊ အခု သူတို့ပုံစံက ဒီအမှုကို ရုံးကြီးမရောက်စေချင်တာ၊ ငွေ ဘယ်လောက်ကုန်ကုန် အမှုပြီးရင် ပြီးရောပဲ"





"လေးလေးထွတ် လိုရင်းကိုပြောဗျာ"

"သြော် ... ဒီလောက်ရှင်းပြနေတာတောင်မှ ဒေါသတွေစွတ်ကြီးနေတာ၊ ခဏလေး သေချာနားထောင်စမ်းပါ"

"ပြော"

"ငါလာတုန်းက ပြဿနာရှာဖို့လေ၊ ဒီရောက်မှ လွန်လေးရဲ့ ကောင်လေးနဲ့ပတ်သက်သွားလို့ မင်းက ထားခဲ့လိုက်တော့ဆိုပြီး ထဖြစ်တာ၊ ငါက စကားတွေလွှန်ကျွံနေပြီ၊ အမှုကို သေချာစုံစမ်းလိုက်တော့ မန်နေဂျာနဲ့ သူတို့ဒရိုင်ဘာက တစ်ညတည်းမှာ တည်းခိုခန်းတစ်ခုကို အတူတူတည်းခဲ့ကြတာ၊ မိုးလင်းရင်တော့ သုံးနဲ့လေးလို ကျောနိုင်းပြီးထွက်ကြမှာပဲ၊ ဒါပေမယ့် အဲဒီညမှာ မန်နေဂျာက သောက်စားပြီး ညဥ့်နက်မှ အိပ်ရာဝင်တယ်တဲ့၊ ဟိုဒရိုင်ဘာက ကားပေါ်မှာ ပစ္စည်းအပြည့်နဲ့မို့လို့ ကားပေါ်မှာတင် အိပ်တယ်၊ မိုးလင်းလို့ စက်နှိုးပြီး ကြမ်းတုံးဖြုတ်မှ မန်နေဂျာက သူ့ကားဘီးအောက်မှာ ပက်လက်ကြီး"

"ဟုတ်တယ်လေ၊ ဒါကို သူ့ကားအောက်မှာပဲ လူသေကောင် လာပစ်ထားသလိုလို အမှုကို လျှော်ပစ်ဖို့ကြိုးစားတာ၊ အမှန်အတိုင်း ဖြစ်သင့်တဲ့အတိုင်းဖြစ်ခဲ့ရင် ခုလောက်ဆို ဒီအမှု ပြီးပြီ"

"သူတို့ကလဲ သူတို့ရဲ့ ဒရိုင်ဘာက တစ်လျှောက်လုံး ရိုးသားတဲ့ဂုဏ်ရှိလာခဲ့တာကို၊ ဘာပဲဖြစ်ဖြစ် ကိုယ့်လူ မနာစေချင်ဘူးပေါ့၊ အမှုက ခုမှ အမှန်အတိုင်း စစ်ဆေးချက်ထွက်လာတာ၊ မန်နေဂျာ ကားအောက်ရောက်နေတာကို ဘယ်သူမှမသိပေမယ့် ကားကြိတ်လို့သေတာက သေချာတယ်၊ ဒါပေမယ့် မန်နေဂျာက အရက်တွေ အလွန်အကျွံမူးနေပြန်တယ်၊ ရင်ဆိုင်ကြပြီဆိုရင် အမှုသွား အမှုလာအရ တော်တော်ကြာအောင် ရှင်းရမှာပဲ"

"လေးလေးထွတ် ...၊ လေးလေးထွတ်ကို ကျွန်တော်က အမှုကို



www.burmeseclassic.com

www.burmeseclassic.com



ရုံးတင်ခဲ့ပါလို့ နိုင်းလိုက်တာမဟုတ်ဘူးနော်၊ အားလုံး ပြီးပြတ်အောင်ဖြတ်ခဲ့ဖို့မှာတာ၊ ဒီက ကျန်ခဲ့တဲ့မိသားစုကိစ္စ ကျွန်တော် တာဝန်ယူရှင်းမယ်"

ဦးလေးပေမယ့်မလည်း ဒေါသဖြစ်တော့ အော်မိ၊ ပြောမိတာတွေ ဖြစ်လာ၏။ ဘာပဲဖြစ်ဖြစ် အပျင်းပြေမျက်လုံးနဲ့ပဲကြည့်တတ်တဲ့အကျင့်ကို သိထားသဖြင့် ကျုကျုနနကြီး ထုတ်နုတ်ဝေဖန်နေတာကို နားမထောင်ချင်။

ပြီးတော့ ညီမလေးကိုတောင် အရှဉ်ဖမ်းဖို့ မိသားစုလိုက်ကြံစည်နေတယ်ဆိုတာ သူပဲ သတင်းပေးတာမဟုတ်ဘူးလား"

"နေပါဦး နိုင်ငံ ရာ၊ စစ်ဆေးရေးလက်ထဲရောက်နေပြီးကာမှ ဒီလောက် လွယ်လွယ်ရုပ်သိမ်းဖို့က မဖြစ်သေးဘူး"

"ဖြစ်တယ်၊ ဘာလို့မဖြစ်ရမှာလဲ၊ လေးလေးထွတ် မတတ်နိုင်ဘူးဆိုရင် တစ်ခွန်းပဲပြောလိုက်"

"ဟာ ဖောင်းပွနှန်းက heat တက်ပါလား။ ဒီမှာကွာ အဘိုးကြီးက တော့ ပြေပြေလည်လည်ရှိနေတယ်၊ သူတို့က တော်တော်လဲချမ်းသာပုံရတယ်ကွ၊ ဆင်ဖြူကျွန်းမှာ ဒီလောက်ချမ်းသာတဲ့လူတွေရှိတာ ထင်တောင်မထင်ရဘူး။ အငေးပြေးကားကြီးတွေ နည်းမှမနည်းဘဲ၊ ရေလမ်းမှာဆိုလဲ"..."

"လေးလေးထွတ် ..."

"အေးပါ မပြောတော့ဘူး။ ငါဆိုလိုတာက မင်းလိုပဲ၊ သူတို့လဲ ငွေကို ဂရုမစိုက်ဘဲ အပူမရှာချင်တဲ့လူမျိုးပဲ၊ သားနဲ့သမီးကိုလဲ တော်တော်ချစ်တာကွ၊ သူ့သားကို ကားတွေ၊ ပွဲရုံတွေမှာ ဦးစီးစေချင်တာ ကြာပြီတဲ့ လူငယ်ပီပီ ပေါ့ပေါ့ပဲ နေတယ်ပေါ့ကွာ၊ သေချာစုံစမ်းကြည့်တော့ ကောင်လေးက မဆိုးပါဘူး။ တကယ်လို့ ဒီအမှုကိစ္စအတွက် လွန်လေးကိုပဲညှိပြီး စည်းရုံးတယ်ဆိုရင်တောင် အမှုမဖြစ်စေချင်တာတစ်ခုကြောင့် ရိုးရိုးသား





သားပဲဖြစ်မှာပါ။ မင်းကလဲ ရန်ကုန်ထိလာပြီး ဆွေးနွေးမယ်ဆိုတာတောင် ဂရုတစိုက် လက်ခံခဲ့လို့လား"

"ဆင်ဖြူကျွန်းရောက်သွားတာ ဘယ်နှစ်ရက်မှမရှိသေးဘူး၊ လေးလေးထွတ်က သူ့လူဖြစ်သွားပြီလား"

"ဖြစ်စရာလားကွာ၊ ငါက မင်းဘက်က၊ မတန်မရာလို့ထင်ပြီး ဒေါသမာနတွေ စွတ်ထွက်နေမှာစိုးလို့ ဖိုးခွားဆိုတဲ့ကောင်လေးက မိဘမျိုးရိုးရော စီးပွားဥစ္စာရော အဆင့်အတန်းသိပ်မနိမ့်ဘူးကွ၊ ငါပြောတာကကွာ ကိုယ့်ညီမကို ပြန်ကြည့်လို့မှ မခွဲနိုင်မခွာရက်ဖြစ်နေပြီဆိုရင် ပင့်သက်ချလိုက်ပါ။ လုံးဝ သဘောမတူဘူးဆိုရင်တော့ အမှုကို ဒီတိုင်းပြီးလိုက်မယ့် အစား ကိုယ့်သားသမီးကို ပြန်ခေါ်ပြီး ထိန်းသိမ်းဖို့ ..."

"ကျွန်တော်က ဒီပြဿနာကိုရှင်းပေးဖို့အတွက် အလဲအလှယ်တွေ လုပ်နေရမှာလား၊ ကိုယ့်ညီမကို မနိုင်နင်းကြောင်း အရှုးလိုလျှောက်အော်ကြေညာရမယ်ပေါ့။ လုံးဝ စိတ်မကူးဘူး၊ တစ်မြေရပ်ခြားကကောင် ဘာကောင်ဖြစ်ဖြစ် ညီမလေးနဲ့ မပေးစားဘူး၊ လေးလေးထွတ် ဘာမှထပ် မပြောနဲ့တော့၊ အဲဒီမောင်နှမ ရန်ကုန်မှာရှိတယ်ဆိုရင် အခု ကျွန်တော် ချိန်းပြီး အပြတ်ရှင်းမယ်၊ အမှုနဲ့ဖြစ်ဖြစ်၊ လူနဲ့ဖြစ်ဖြစ် ဘာနဲ့မှမပတ်သက်ရဘူး၊ ကျွန်တော့်ညီမနဲ့ လေတင်နဲ့လေအောက် ထိုင်ခွင့်မရှိဘူး၊ ဒါပဲ"

ဖုန်းကို ဝွတ်ခနဲချပစ်လိုက်သည်။ သတင်းတွေပေး၊ နှိုက်နှိုက်ချွတ်ချွတ်စုံစမ်းနေတော့လည်း သူပဲ၊ ဆိုးတာတွေ၊ ကောင်းတာတွေ သူပဲ ပြောနေတော့ ဒေါသက သူ့ကိုပဲ ဦးတည်နေမိ၏။

ဒေါ်ရီဝင်း ပါးစပ်တပြင်ပြင်နှင့် ဖျောင်းဖျနားချလိုပုံရှိသော်လည်း ဘာမှမပြောသာဘဲဖြစ်နေ၏။ ထိုစဉ် ခြံထဲကနေတက်လာကြသည့် အလွန် နဲ့ မားတို့ကိုမြင်လိုက်ကာ ဘေးကနေပတ်သွားဖို့ လက်ကာပြရသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်တဲ့သူ ဒေါသထွက်နေတုန်း ဟိုအကြောင်း ဒီအကြောင်း လာမေးလိုက်၊ ပြောလိုက်လျှင် မလွယ်။

အလွှန် ကလည်း ကြီးကြီး လက်ကာပြနေတာကို မြင်သည်။ ဘာဖြစ်လို့လဲ၊ ကိုကြီး ဘာဖြစ်နေလို့လဲ ဆိုသည့် သိချင်စိတ်လေးနှင့် နောက်ကို ပြန်ဆုတ်ပြီး အကွယ်လေးမှာရပ်နေလိုက်သော်လည်း ထွက်မသွားဖြစ်။

ထိုအခါ တက်ခေါက်သံနှင့်အတူ နိုင်ငံ ဒေါသတွေ ဘယ်မှာဖြစ်ဖျားခဲ့လာသည်ကို ကြားလိုက်ရလေသည်။

"ကိုယ်နဲ့မဆိုင်တဲ့ပြဿနာကို ကိုယ့်အလုပ်သမားမို့လို့ ဖြေရှင်းပေးဖို့ ကြားဝင်လိုက်တာ၊ နတ်မောက်မှာဖြစ်တာကနေ ဘာဖြစ်လို့ ဆင်ဖြူကျွန်း ရောက်သွားတာလဲ၊ ကျောင်းပြီးလို့ အလည်သွားတဲ့ ညီမဖြစ်သူကရော ဘာဖြစ်လို့ ဆင်ဖြူကျွန်းကိုမှ သွားချင်ရတာလဲ၊ အဓိပ္ပာယ်ကိုမရှိဘူး။ ဆင်ဖြူကျွန်းဆိုတဲ့အသံ လုံးဝကိုမကြားချင်တာ"

အလွှန့်ကိုယ်လေး မတ်သွားသည်။

နောက်မှာကပ်လျက်ရှိနေသည့် သမား က အလွှန့် ပခုံးလေးနှစ်ဖက်ကို ဖွဖွလေးဆုပ်ကိုင်ထား၏။

ဒီရက်ပိုင်းတွေကျမှ သမား နှုတ်ခမ်းနီတွေ၊ အိုင်းရှဲဒိုးတွေ ဘာမှ မလိမ်းဘဲ အလွှန် ပြောလွန်းလို့ ကရင်မ်ပတ်ဖ်လေးရိုက်၊ မာစ်ကာရာလေး တင် ဒါပဲရှိသည်။

"ဆံပင်တုကြီးတင်ထားတာပဲကွာ၊ မင်းအစ်ကို အမှတ်တမဲ့ လှမ်းမြင်တာလောက်နဲ့ မသိနိုင်ပါဘူး၊ အဲဒါတွေလိမ်းရတာ သေချင်စော်နံလို့"တဲ့။

ကိုကြီး ဒေါသဖြစ်နေတာကိုမြင်တော့ သမား ကို မလုံမလဲပြန်ကြည့်မိ၏။ သမား ကလည်း သိသည်ဟုပြောသလိုမျိုး ပြုံးပြကာ စိတ်မပူဖို့ ခေါင်းခါပြသည်။

ကိုကြီးက မပြီးနိုင်။





"ဘယ်လိုဆုတောင်းနဲ့မှန်းမသိဘူး၊ မမြင်ဖူးပေမယ့် ညီမလေး ရည်းစားထားတတ်လာတဲ့အဖြစ်ကို လက်မခံနိုင်လို့ဘဲ မကြည်ဖြူတာ၊ တောက်... တိုက်တိုက်ဆိုင်ဆိုင် ဒီတစ်ယောက်တည်းနဲ့ သွားငြိရတယ်လို့"

"သားရယ် လွှန်လေးကဖြင့် သူ့အပေါင်းအသင်း သူငယ်ချင်းနဲ့ အေးအေးဆေးဆေးဖြစ်နေပါပြီ၊ သတင်းကြားတိုင်း ဒေါသဖြစ်မနေပါနဲ့၊ ပြီးတော့ ကိုယ့်ကလေးက မေ့မေ့ပျောက်ပျောက်ဖြစ်သွားပြီးမှ အနာဟောင်းကို တူးဆွသလိုဖြစ်ပါ့မယ်"

"မေ့မေ့ပျောက်ပျောက်ဖြစ်နေပြီဆိုတာက ကျွန်တော်သို့ထင်တာ မဖြစ်နိုင်ဘူးလား၊ ကျွန်တော်လဲ အချိန်ပြည့် ကြည့်မနေနိုင်ဘူး၊ ကြီးကြီးလဲ ကိုယ့်အလုပ်နဲ့ကိုယ်၊ ဒီလိုကိစ္စမျိုးဆိုတာ သံကွန်ချာနဲ့အုပ်ထားတာတောင် ရအောင်ဖောက်ထွက်တယ်တဲ့၊ မဖြစ်ဘူး၊ ဒီတိုင်းဆက်ထားလို့ လုံးဝမဖြစ်ဘူး"

"အို... လွှန်လေးကိုတော့ မသေချာမရေရာနဲ့ သွားမဆူနဲ့နော်၊ လူငယ်ဆိုတာ တိမ်းလွယ် သိမ်းလွယ်ရယ်၊ ရှဲပြီး တစ်ခုခုလုပ်သွားမဖြင့် ..."

"ရန်ကုန်မှာရှိနေတဲ့တစ်ယောက်ကို ကျွန်တော် ခုချက်ချင်းခေါ်မယ်"

နိုင်ငံ ဖုန်းကောက်ဆက်တာကို ကြားနေရင်း အလွှန် နဲ့ သမား ချက်နှာချင်းဆိုင်ရပ်ရင်း ငေးငိုင်နေမိကြသည်။ သမား မျက်နှာဘာ ဖြူဝင်းသောအသားရောင်မဟုတ်တော့ဘဲ ကြေးနီရောင်သမ်းနေသည်။

ပါးလျသည့်နှုတ်ခမ်းသားတို့ကို ဖိပိတ်ထားကာ မေးရိုးတစ်ဖက်မှာ တင်းခနဲဖြစ်သွား၏။ သူက အလွှန့်လက်ကလေးကိုဆုပ်ဆွဲကာ ဘေးကတံခါး၍ နောက်ကနေပြန်ဝင်ခဲ့သည်။ အထဲမှာ အရေးအခင်းတစ်ခုထပ်မံဖြစ်ပွားနေသည်ကို နိုင်ငံ ကတော့ မသိပါ။ ဖုန်းခေါ် လိုက်ပြီး စောင့်နေတော့ ...

"ဟဲလို ... 'သမာဓိ'အဝေးပြေးယာဉ်ဂိတ်သရီးပါ၊ အမိန့်ရှိပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းတွေကတော့ ဝန်ထမ်းကောင်းပီသလွန်းနေသည်။ ဒါပေမယ့် ဘယ်လိုပင် ပျူငှာယဥ်ကျေးပေမယ့် မကျေနပ်နိုင်ခြင်းက မပြေ။

" 'သမာဓိ'က သူ့ဌေး ဒေါ်ပန်းမြတ်နဲ့ ပြောချင်တယ်၊ ခေါ်ပေးပါ"

"ဗျာ ..."

တစ်ဖက်က အံ့ဩသော မေးခွန်းဆန်သည့် 'ဗျာ'တစ်လုံး၏နောက်မှာ သူ ဘာမှမဖြေဘဲနေလိုက်တော့ တိတ်ကျသွား၏။

"ဒီမှာခင်ဗျာ ခုပြောနေတာ ဘယ်သူပါလဲ၊ ဒေါ်ပန်းမြတ် ဆိုတာက..."

"ဒေါ်ပန်းမြတ် ကို ပြောလိုက်ပါ။ အခုပြောတဲ့လိပ်စာအတိုင်း ဒီနေ့ရောက်အောင်လာပါလို့၊ 'တိုင်းနိုင်ငံ'ကလို့ ပြောလိုက်ရင်ရပြီ"

လိပ်စာပြော၍ ဖုန်းချလိုက်ပြီး ချက်ချင်းကျောခိုင်းခဲ့လိုက်သည်။

ဆိုဖာပေါ်မှာ စိတ်လွတ်ကိုယ်လွတ် ထိုင်ချပစ်လိုက်ပြီးသည်နှင့် မျက်လုံးတွေကိုမှိတ်၍ နောက်မှီမှာ မျက်နှာမော့တင်သည်။

နောက်ကျိနေတာတွေက မရှင်းနိုး၊ မသိကျွမ်းသည့်ပုံရိပ်တွေဖြစ်၏။ ကိုယ့်လူက ကိုယ်ခိုင်းသည်ကိစ္စကြောင့် တခြားတစ်နေရာမှာ သေဆုံးခဲ့သည်။ ညီမဖြစ်သူက ဒီလူတွေနဲ့ကျမှ ထပ်ပြီးငြိတွယ်လာခဲ့၏။

ရင်ထဲမှာ ခံပြင်းနေခြင်းက လေးလေးထွတ် လာကပ်ပြောခဲ့သည့် အဖြစ်တစ်ခုကြောင့်ပဲထင်သည်။

"ရောက်ရောက်ချင်း ပြောရင် မင်းမျက်နှာပူပြီး ဒေါသဖြစ်ဖြစ်နဲ့ ထကြမ်းမှာစိုးလို့ ငါ မပြောဘဲနေတာ၊ အဲဒီလူသရမ်းလေးက လွန်လေး ငါကိုမြင်ပြီး ရှန်းနေတာတောင်မှ လက်ကိုအတင်းဆွဲပြီးနမ်းတာ သိရဲ့လား ဘယ်လိုကလေကဝလေးလဲမသိဘူး" တဲ့။

မမြင်ဖူးသော်လည်း ညီမလေးကို ဒီလိုပြုမူခဲ့သည်ဆိုတာကို စိတ်မြင်ကွင်းထဲမှာ ပုံရိပ်ထင်နေသည်။ ဘယ်လိုမှ ပြေပျောက်မရနိုင်သော အထင်





မြင်သေးရှုံ့ရှာခြင်းက စွဲကျန်ရစ်၏။

ဘယ်တော့မှမကြည်ဖြူနိုင်။ ဘယ်လိုမှ နီးစပ်ခွင့်မပြု။ တခြားသော ပြဿနာကြီးငယ် ဘာတွေရှိပါစေ အားလုံးကို စွန့်လွှတ်လိုက်ဖို့ထိ ... သူ ... အနာဂတ်ဆိုတာ မြင်ရတာမှမဟုတ်ဘဲလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

နာရီကြည့်လိုက်တော့ ညနေ ငါးနာရီ ငါးမိနစ်။ ဆိုဖာပေါ်မှာ မှေးနေရင်း အိပ်ပျော်သွားခဲ့မိ၏။ မျက်နှာကို တစ်ချက်ပွတ်၍ ခေါင်းကို ဆတ်ခနဲ ခါသည်။

"ဟော နိုးပြီလား။ လွန်လေးက နိုးပြီး အိပ်ရာထဲသွားဖို့ပြောမလို့တဲ့၊ ဇက်မော့ပြီးအိပ်ပျော်နေတော့ ဇက်နာမှာစိုးလို့တဲ့လေ၊ ကြီးကြီးက မနိုးနိုင်းတာ၊ မင်းက နှစ်နှစ်ခြိုက်ခြိုက်ပျော်သွားတာကိုး ..."

ဒေါ်ရီရီဝင်းက အဲကွန်းလာပိတ်ရင်း ရှင်းပြနေသည်။ တကယ်တော့ သူ ဒေါသတွေကြီးပြီး အမောဖောက်သွားတာကို သိလို့ပဲဖြစ်လိမ့်မည်။

"ညီမလေးတို့ရော ..."

"သြော်.. အဲဒါပြောမလို့၊ မားလေးက ပြန်တော့မယ်တဲ့လေ"

"ဘာဖြစ်လို့လဲ၊ နှစ်ရက်,သုံးရက် နေဦးမယ်ဆို"

"မသိဘူးလေကွယ်၊ ခမျာလဲ ဖျင်းရှာမှာပေ့ါ၊ ရောက်လာပြီး ဘယ်မှ မသွားရ၊ မလည်ရကိုး၊ မဇော်ညီမက တားပုံပေါ်ပါတယ်၊ တစ်ယောက်တစ်ခွန်းဖြစ်နေကြလေရဲ့"





သူ့ တားမြစ်ထားသည့်စည်းကမ်းကို လူငယ်တွေမို့ နည်းနည်းလျှော့သင့်ကြောင်း အစကတည်းက ကြီးကြီးက ပြောဖူးသည်။

'ဘယ်မှမသွားရ၊ မလည်ရ'ဆိုသည့် ပြစ်ချက်က ကိုယ့်ကို တိုက်ရိုက်ပြောလိုက်တာမှန်း သူ သိသည်။

ဒါပေမယ့် မတတ်နိုင်ပါ။ အိတ်ထဲမှာ ကျကျနနထည့်ပိတ်ထားတာတောင် အခု ပူပင်နေရပြီ။ ရေချိုးခန်းဆီ ခြေလှမ်းပြင်ပြီးမှ ...

"ဖုန်းလာသေးလား"

"ဟင့်အင်း ဘယ်ကဲဖုန်းမှ မလာဘူး၊ လူလေး ဖုန်းဆက်ချိန်းထားတာကိုကြားလို့ မင်း အိပ်ပျော်နေတော့ ဧည့်သည်ရောက်လာမယ်ထင်ပြီး မနီကိုတောင် သေချာစောင့်ခိုင်းထားသေးတယ်၊ ခြံစောင့်ကိုလဲ မှာထားပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ရေချိုးတုန်း ဧည့်သည်လာရင် လာပြောနော်"

မှာခဲ့ပြီး သူ ထွက်လာခဲ့သည်။ သို့သော် ...

ရေချိုးခန်းတံခါးဆီ လက်ကရောက်ပြီးမှ နားထဲမှာ ပုံမှန်မဟုတ်သော စကားသံတချို့ကိုကြားလိုက်ရသဖြင့် အလိုလိုနားစွင့်ပြီးသား ဖြစ်သွားသည်။

စကားသံက ခပ်သဲ့သဲ့ပါ။ ကြားနေရပေမယ့် နားမလည်၊ ဒါပေမယ့် အလွန် နဲ့ မား တို့ပြောနေတာမဟုတ်ဘဲ စကားသံတစ်သံက ထူးဆန်းနေသဖြင့် ရေချိုးခန်းရှေ့ကနေ သူ ဒီဘက်ကိုလျှောက်လာခဲ့မိ၏။

ပြောနေကြသည့်စကားတွေကို သေချာကြားလိုက်ရသောအခါ ...

"ကိုယ့်ကကျတော့ စကတ်တွေဝတ်ရ၊ ဘောင်းဘီတွေဝတ်ရနဲ့ ဒီမှာ ဆံပင်တုကြီးလဲ အုပ်ထားရသေးတယ်၊ နေ့စဉ် မုသာဝါဒတွေနဲ့ အရှက်မရှိ သရုပ်ဆောင်နေရတယ်၊ မင်းဘက်ကကျတော့ ကိုကြီး ဒီဇလောက်ဒေါသ ကြီးနေတာကို ဖွတ်မလုပ်ရဲဘူး ဟုတ်လား၊ ခဏတော့ ပြန်လိုက်ပါဦး

www.burmeseclassic.com



တဲ့၊ ဟွန်း … အကြွင်းနာတွေ မိုးမြေမကပါပဲ”

အံကြိတ်သံနှင့်ခံစားချက်ကြောင့်ထင်သည့် အသံတွေက တုန်နေ၏။ မကျယ်ပေမယ့် တံခါးရွက်မှာ နားကပ်ထောင်လိုက်တော့ စကားတွေကို သဲကွဲစွာကြားလာရသည်။

နိုင်ငံ၏မျက်လုံးတွေ တံဖြည်းဖြည်း စူးရဲကျဉ်းမြောင်းသွားသည်။ ဒါ တကယ်လား။

သူ ဘယ်လိုမှမယုံနိုင်ပေ။ မာကျောတုန်လှိုက်နေသည့်ယောကျ်ားသံ ဟာ မိုးမြင့်မြင့်မား၏ အသံမှန်း သိနေပေမယ့် သူမ မဟုတ်ဘူးဆိုတာ သေချာနေသည်။

ဒီလိုအဖြစ်တွေ တကယ်ရှိနေသလား။ သူ တကယ်ပဲ စုံလုံးကန်းခဲ့တာလား၊ ဒါမှမဟုတ် သူ သိပ်တော်လို့ ကိုယ် ညံ့ခဲ့တာလား။

“လူငယ်ပီပီ ခပ်ပေါ့ပေါ့နေတာပေါ့ကွာ၊ အခြောက်လိုလို ဘာလိုလိုနဲ့ နတ်ကတော်တွေနဲ့တောင် အပေါင်းအသင်းဖြစ်နေတဲ့ကောင်လေး ဆိုပဲ၊ လွှန်လေးနဲ့ကိစ္စက ရှင်းပါတယ်ကွာ၊ အမှုနဲ့ပတ်သက်နေတာ အသိသာကြီး”

အစက အမှတ်တမဲ့ထားရစ်ခဲ့ပြီးသော လေးလေးထွတ် ပြောခဲ့သည့် စကားတွေကို နားထဲမှာ ပြန်ကြားလာခဲ့သည်။ ဆင်ဖြူကျွန်းကနေ လေးလေးထွတ်တစ်ယောက် သတင်းတွေအမျိုးမျိုးပို့နေခဲ့တာဖြစ်၏။

ပြောနေတုန်းကတော့ ဒီပြဿနာက ခေါင်းထဲမဝင်ဘဲ ရုပ်ပြေးသွား၏။ အမှုဖြစ်သည့်လူတွေဟာ ညီမလေးနဲ့ ချစ်သူဖြစ်သည့်ယောကျ်ားနှင့် အတူတူလာဖြစ်နေတာကိုသာ ဒေါအပွကြီးပွခဲ့သည်။

ခုတော့ သင်းက ဒါကြောင့် ဒီရုပ်ဒီရည်ကို ပိပိရိရိဖျောက်ကွယ်နိုင်ခဲ့ တာကိုး။

“တောက် …”





အထဲက စကားသံတွေက သူ့တက်ခေါက်သံကြောင့် တိတ်ကျသွားခဲ့၏။

“ညီမလေး ဟိတ် … လွှန်လေး တံခါးဖွင့်စမ်း”

“ဒုန်း”

ဒေါသကြောင့် လက်ရော ခြေထောက်ရောပါကာ တံခါးလည်း မသက်သာ၊ အော်ဟစ်ပြောဆိုသံတွေနှင့် ဆူညံသွား၏။

“ဟိတ် … ပြောနေတာ မကြားဘူးလား”

“ဒုန်း”

နောက်တစ်ခါ တံခါးရွက်ကြီးတုန်ခါသွားပြီးသည့်နောက်မှာ ခပ်ဖြည်းဖြည်းပွင့်သွားခဲ့သည်။

တံခါးနားမှာ အလွှန် က မျက်လွှာချရပ်နေလျက် အတွင်းဘက်မှာ သမား …။

ဖိုးခွားဆိုသည့်နာမည်ကပဲ ထင်ရှားစွာကျန်ရစ်ပြီး သမား ဆိုတာကို သိခဲ့ပါလျက်နှင့် မိုးမြင့်မြင့်မား ခေါ် မား ဆိုသည့် နာမည်တု၏ထပ်တူညီနိုင်ခြင်းကို သတိမရ။ ခုကြည့်၊ ခုကျတော့ စပို့ရှပ်ပွပွနှင့် ပါးရှပ်သော ရင်ဘတ်တွေ၊ မိုက်သားတွေက တကယ့်ယောကျ်ား။ ခေါင်းမှာ ကြေးနီရောင် သမ်းသော ကုပ်ထောက်ဆံပင်ပါးပါးကို ခုမှမြင်ဖူးသည်။

မျက်နှာမှာ အနီ၊ အနက် ရောင်စုံတွေမပါဘဲ ရှည်လျားသည့် မျက်တောင်တွေက အံ့ဩဖွယ်ပင်။ နှုတ်ခမ်းပုံက သေသပ်သည်။ နှုတ်ခမ်းတွေ က ပါးလျနီမြန်းနေသည်။

ယောကျ်ားဆိုသည့် ပုရိသစာရင်းဝင်ဖြစ်ခဲ့ပေမယ့် ကုသိုလ်ထူးနှင့် ချောသည့်မျက်နှာ။ သမား ကို စူးစူးစိုက်စိုက်ကြည့်ရင်း တစ်လှမ်းချင်း ရှေ့တိုး၏။

ထို့ပြင် ခေါင်းရင်းစားပွဲထက်မှာ အပုံလိုက်ချထားသည့်ဆံပင်တုပွပွ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို စူးစူးစိုက်ကြည့်ပြီး ...

"မင်း ..."

လက်သီးချက်က ခွပ်ခနဲတန်းဝင်၏။

"ကိုကြီး"

အလွှန် လှမ်းအော်ပေမယ့် ယောက်ျားနှစ်ယောက်က ပူးကပ်လုံးထွေး သွားသည်။ အသည်းခိုက်အောင်နာကျင်ခြင်းနှင့်အတူ နှာခေါင်းထဲမှာ ပူနွေးစွာစီးကျလာသည့်အရာတွေဟာ သွေးတွေပဲဆိုတာ သိလိုက်သဖြင့် သမား ၏သည်းခံနိုင်စွမ်းက ဒီမှာပဲကုန်သွား၏။

"ခင်ဗျား လွန်ပြီနော်"

ခြေတစ်လှမ်းဆုတ်ကာ တရစပ်ဝင်လာသောလက်သီးကို လွတ် အောင်ရှောင်လိုက်သည်။ ပြီးတော့ နောက်ထပ်ဝိုက်လာသည့်လက်ကို ပုတ်ထုတ်ပစ်လိုက်ပြီး သူ့အလှည့်ရောက်တော့ ...

"သမား မလုပ်နဲ့"

အားပြင်းစွာဆုပ်ကျစ်လျက်နှင့် သူ့လက်သီး ခရီးမဆက်နိုင်မီ နားထင်တစ်ဖက်မှာ မီးပွင့်သွားပြန်သည်။

"ကိုကြီး ... ကိုကြီး တော်ပါတော့၊ ကိုကြီးကို သူ ဘာပြန်လုပ်လို့လဲ ဟင်၊ အဲဒီလို တစ်ဖက်သတ်ကြီးအနိုင်ယူတာ ကိုကြီး ကောင်းလား"

ပြောလည်းပြောရင်း ခွေခေါက်ပုံကျသွားသည့်သမား၏ကိုယ်ပေါ် မှာ သူမက အုပ်ကွယ်ဖက်ထားလိုက်ကာ ...

"သမား က ညီမလေးနဲ့တွေ့ချင်လို့ ဟန်ဆောင်ပြီးဝင်လာတာ အပြစ်ရှိပါတယ်၊ ဒါပေမယ့် ကိုကြီး အငြိုးတကြီးဖြစ်နေတာက ..."

"ငါက မဖြစ်သင့်ဘူးပေါ့၊ ဟုတ်လား နွေအလွှန်၊ သူ့မိဘနဲ့ ငါ ဘာတွေ ငြိထားလဲ နင်သိလား၊ ဒီကောင် ဘာအကြံနဲ့လာညာနေတာလဲ၊ အဲဒါရော နင် သိရဲ့လား"





မျက်ရည်တွေ စိုလူးနေသည့် အလွှန့်မျက်ဝန်းလေးတွေ သမား ဆီ ပေ့ခနဲပြန်ရောက်၏။ နှာခေါင်းမှာရော၊ နှုတ်ခမ်းထောင့်မှာပါ သွေးတို့နှင့် မြင်မကောင်းအောင်ဖြစ်နေသော ချစ်သူမျက်နှာကိုမြင်တော့ သူ့မှာ အပြစ် တွေပဲရှိရှိ ဒီဒဏ်ရာအောက်မှာ အားလုံး မျှောပါပျောက်ကွယ်ကုန်ကြ၏။

ခါးထောက်ရပ်နေသည့် နိုင်ငံ့ဘက်ကို ဆတ်ခနဲပြန်လှည့်၍ ...

"ဟုတ်ပါတယ်၊ ညီမလေး မသိပါဘူး၊ ဒါပေမယ့် သူ ညီမလေးကိုချစ် တာ ညီမလေး သိတယ်၊ အစကထက် ခု ပိုသိတယ်၊ ကိုကြီး အရမ်းလွန် တယ် သိလား၊ ဘာမှမမေးမြန်းဘဲနဲ့ ..."

"ဩော် ... ပေါ်၊ မုသာဝါဒတွေနဲ့ထမ်းပိုးပြီး သူခိုးကျင့်သူခိုးကြံနဲ့ ငါ့ အိမ်ပေါ် ကိုလာ၊ ငါ့နှမကိုစော်ကားနေတဲ့ကောင်ကတော့ သိက္ခာပါဝါတွေ ကြီးတယ်ပေါ့"

"ဒါက ..."

"ဘာမှမပြောနဲ့ နှင် ...၊ သမား ဆိုတဲ့ကောင် မင်း ထ လိုက်စမ်း"

သူပြောတော့ သမား ကလည်း ထရပ်လိုက်ပြီးဖြစ်သည်။ အလွှန် က သမားရှေ့မှာ ကိုယ်တစ်ခြမ်းနှင့်ကွယ်ထားဆဲဖြစ်ကာ နှစ်ယောက်ထဲ က ဘယ်သူ့လက်သီး အရင်ကြွတက်လာမလဲဆိုတာကိုသာ စိုးရိမ်တကြီး ကြည့်နေရှာသည်။

ကိုကြီး ဒေါသဖြစ်ထိုက်တာကိုသိပေမယ့် ကိုယ့်ချစ်သူကို ဒီလောက် ဖိနှိပ်ထိုးကြိတ်နေတာကျတော့ မမြင်ရက်နိုင်။

ထို့ပြင် ကိုကြီးကို သူက ပြန်ထိုးပါလား၊ တိုက်ခိုက်ပါလားဆိုတာမျိုး လည်း မဖြစ်စေချင်ပေ။ တစ်သက်လုံးက လေးစားကိုးကွယ်လာခဲ့ရသည့် မိဘလို သဘောထားချစ်ခင်ခဲ့ရသူ ...။

သို့သော် နှစ်ယောက်စလုံး၏မျက်နှာတွေပေါ်မှာ ရာသီဥတုက မသာယာပေ။ သမား က နှုတ်ခမ်းနဲ့နှာခေါင်းကို လက်ဝါးတစ်ဖက်ဖြင့်သည်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဖိကပ်ပွတ်ပစ်သည်။ နှုတ်ခမ်းထောင့်နဲ့ ပါးရိုးတစ်ဖက်မှာ တဖြည်းဖြည်းညိုတက်လာသည့်ဒဏ်ရာတွေနှင့် စူးရဲသောမျက်ဝန်းအကြည့်တို့ဟာ ဘယ်လိုမှ ငြိမ်းချမ်းဖို့မဖြစ်နိုင်တော့ပါ။

"ကျွန်တော် ထ,ရပ်လိုက်ပြီ ခင်ဗျား ထိုးချင်သေးလား ဦးနိုင်ငံ၊ ထိုးပါ။ အလွန် ကို ကျွန်တော်က ချစ်သူလို၊ ဇနီးလို သဘောထားပြီးပြီဆိုတော့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ခင်ဗျားနဲ့ကျွန်တော်က ဆွေမျိုးတော်ကြရမှာပဲ၊ အဲဒီတော့ ..."

"တောက် ... ပြောနေရင်းနဲ့ ခွေးသူခိုးလေး"

"ကိုကြီးနော် မလုပ်နဲ့"

နိုင်ငံ ဖျာခနဲရှေ့တိုးကာ ဒေါသမီးတောက်နှင့် လက်သီးချက်က မိုက်ကန်းစွာပြေးဝင်၏။ အလွန် ကလည်း မျက်လုံးစုံမှိတ်၍ သမား ကို ဝင်ဖက်ပစ်လိုက်သည်။

"ဟာ ..."

"အွန် ..."

"အလွန် ..."

လက်သီးကိုရပ်တန့်ဖို့ကြိုးစားပေမယ့် မရလိုက်ပေ။ နေရာလွှဲကာ ပခုံးတစ်ဖက်သို့ကျရောက်သွားသော်လည်း မိန်းကလေး ဖြစ်နေသောကြောင့် လက်သီး၏အရှိန်ကို ဘယ်လိုမှမခံနိုင်။

အလွန့် ကိုယ်လေး ကော့တက်သွားကာ သမား ကိုဖက်ထားလျက်နှင့် ပျော့ခွေကျသွား၏။

"အလွန် ..."

"ညီမလေး"

"အား... နာ ... နာတယ်"

အလွန် သည် ရှုံ့မဲ့ညည်းညူရင်း မျက်ဝန်းတွေပင် ပွင့်မလာနိုင်။ ဒါပေ





မယ့် ချစ်သူကိုတော့ ဖက်ထားပြီး နိုင်ငံ ပြေးတွဲလိုက်သည့်လက်ကို ဖယ်ချပစ်၏။

"ညီမလေး"

"ဟင့်အင်း ... ဟင့်အင်း"

"အမယ်လေးလေး ဖြစ်ကုန်ကြပြန်ပြီ ဟင်... မင်း ... လွန်လေး ..."

ဒေါ်ရီဝင်း အူယားဖားယားပြေးလာကာ အလွန့် ကို ပုဆစ်တုပ်ထိုင်ပြီး ပွေ့ထားသည့် သမားကိုမြင်လိုက်တော့ တုံ့ခနဲဖြစ်လျက် မျက်လုံးကြီးပြူးသွားသည်။

သမား က အလွန့် ကို ဒေါ်ရီဝင်းလက်ထဲ ထည့်လိုက်ပြီး ပြန်ထ,ရပ်၏။

"ထိုးဦး၊ ကြားဝင်မယ့်သူမရှိတော့ဘူး၊ လုပ်ပါ"

ဒဏ်ရာဗလပွနှင့် သမား မျက်နှာက မြင်မကောင်း။ နိုင်ငံ အံကြိတ်ရပ်ရင်း စိုက်ကြည့်နေ၏။

"ဒီမှာ ဦးနိုင်ငံ ...၊ ကျွန်တော်က လူငယ်၊ ဒေါသတွေ ခင်ဗျားထက် ဆတိုးပွားလို့ရတယ်၊ ဒါပေမယ့် အခု ဒီတိုင်းရပ်နေပေးမှာပါ၊ ထိုးချင်ထိုးဦး"

ပြောပြီး မျက်နှာစောင်းပေးသလိုနှင့် စိန်ခေါ်ကြည့်နှင့် ကြည့်သည်။

"သည်းခံနိုင်လွန်းလို့တော့မဟုတ်ဘူး၊ ချုပ်နှောင်တားဆီးထားလို့မရတဲ့ ချစ်ခြင်းမေတ္တာကို နားလည်စေချင်လို့ ကြိုက်သလောက်ထိုးပါ၊ မထနိုင်ရင် ပိုတောင်ကောင်းသေးတယ်၊ မဟုတ်ရင် ခင်ဗျားညီမကို ခင်ဗျားရှေ့မှာပဲ လက်ဆွဲခေါ်သွားမိမှာ၊ အဲဒါ တကယ်ပြောတာ"

ဒဏ်ရာများနှင့် မာနကြီးနေသေးသည့် သမား မျက်နှာကို နိုင်ငံ က အထင်မြင်သေးစွာကြည့်၏။

"နေဦး သမား၊ မင်းက ဘယ်လိုမိုက်ရိုင်းခွင့်ပါမစ်တွေနဲ့ ငါ့ကိုစိန်ခေါ်နေတာလဲ၊ မင်းတို့သားအဖတွေ ကားတိုက်မှု ပပျောက်ရေးအတွက် ပူး



www.burmeseclassic.com

ပေါင်းကြံစည်ပြီး ဒီအိမ်ပေါ်ကိုရောက်လာတာ၊ ပြန်ပြောစမ်းပါကွာ ဘယ်မှာလဲ ချစ်ခြင်းမေတ္တာ”

သမား ၏မျက်ဝန်းတွေ ပြုံးပြက်လက်သွားသလားထင်ရသည်။ ဒဏ်ရာဗလပွနှင့် ယိုယွင်းပျက်စီးနေသောမျက်နှာမှာ အသားနာခြင်းနှင့် ရင်နာတာတွေ ရောထွေးနေ၏။

ကိုယ် တကယ်စွဲလမ်းမြတ်နိုးနေခဲ့ရသည့်ချစ်သူက မကြင်နာချင်၊ အစကနေ ခုချိန်ထိ ကိုယ်မသိ၊ မပါဝင်ခဲ့ပါဘဲ အစ်ကိုဖြစ်တဲ့သူက ထိုးကြိတ်စွပ်စွဲ၏။

ချစ်၍ဟန်ဆောင်ခဲ့မိခြင်းတစ်ခုဟာ ဘဝပျက်လောက်တဲ့အထိ ပြစ်ဒဏ်ကျသင့်သတဲ့လား ...။ သမား အံကြိတ်ပြီး အလွန့် မျက်နှာလေးကို ပြန်ငဲ့ကြည့်၏။

အလွန့် သည် မျက်နှာမဲ့နေဆဲရှိသော်လည်း ဘေးမှာကောင်းကောင်း ပြန်ရပ်နေပြီဖြစ်၏။ ချစ်သူချင်း မျက်ဝန်းချင်းဆုံစဉ်ခဏမှာ စကားလုံးပေါင်း မြောက်မြားစွာပြောဖြစ်ခဲ့ပြီး သူ ဒီဘက်ပြန်လှည့်၏။

“ဘယ်သူပြောတာလဲ အဲဒီကိစ္စတွေ ...”

ပြန်လှန်မေးခွန်းဟာ ဒေါသတွေ၊ ပြင်းထန်မှုတွေမပါပေမယ့် နာကျင်ကြေကွဲခြင်းကြောင့် တစ်လုံးချင်းအေးစက်နေ၏။

“အဲဒါတွေ ခင်ဗျား အခုပြောနေမှသိရတာ၊ ခင်ဗျားရဲ့စကားထဲက ဆင်ဖြူကျွန်းတွေထပ်နေအောင်ပြောနေတာ ကြားတာတောင် ကိုယ်နဲ့ပတ်သက်နေမှန်းမသိဘူး။ အလွန့် ကို ကျွန်တော် မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့တာ၊ ဒီအိမ်ရောက်အောင်ကြံစည်ပြီးဝင်လာတဲ့အချိန်ကရော၊ မနေ့ကအထိ ဘာပြဿနာမှ လုံးဝ မသိခဲ့ဘူး”

“ကြားလို့ကောင်းတယ်၊ ဒါပေမယ့် အဓိပ္ပာယ်မရှိဘူး။ ဒီမှာ မင်းနဲ့ငါ အဲဒါတွေမပြောချင်တော့ဘူး ဒီတော့ ငါ့အိမ်ပေါ်မှာ လိမ်လည်ဟန်ဆောင်





ပြီး ငါ့ညီမကို ကြံမည်လှည့်ဖြားဖို့ကြိုးစားတဲ့ မင်းနဲ့ မင်းရဲ့နောက်က လူတွေ ...”

“တိုင်းနိုင်င”

သူ့ စကားမဆက်နိုင်အောင် စူးရှစွာထွက်ပေါ်လာသည့်ခေါ်သံကြောင့် နောက်ကို ဖျတ်ခနဲလှည့်ကြည့်မိ၏။

“ဟင် ...”

တံခါးဝအပြင်မှာရပ်နေသူက ပန်းတော်ဝင် ဖြစ်၏။ သူမသည် ဘယ်လိုမှမထင်မှတ်နိုင်သောအရာကို သိမြင်လိုက်ရသကဲ့သို့ ...

ဒီဂရီများစွာ ကမ္ဘာကြီးတိမ်းစောင်းကျသွားသဖြင့် ခြေမမြဲ လက်မမြဲ ကတုန်ကယင်ရပ်နေသူနှင့်လည်းတူကာ ...

“ရှင်က တိုင်းနိုင်ငံပေါ့ ဟုတ်လား”

သူမနှင့်ထပ်တူသော အံ့ဩမှင်တက်ခြင်းနှင့် နိုင်ငံ ပြန်ဖြေဖို့မေ့သွားသည်။ ပန်းတော်ဝင်၏မျက်နှာလေးက တဖြည်းဖြည်း ပြောင်းလဲသွားကာ မျက်ဝန်းတို့ကလည်း အခန်းထဲဆီ ပြန်ရောက်သွား၏။ ပြီးတော့ သူ့ထံ ဖျတ်ခနဲပြန်ရောက်လျက် ...

“ကျွန်မ မထင်ခဲ့ဘူး၊ ဒီမှာ တိုင်းနိုင်ငံ ...”

“ကိုယ့်နာမည် နိုင်ငံ ပါ”

“ကျွန်မတို့ကို ဆက်သွယ်ခဲ့တဲ့နာမည်ကတော့ ‘တိုင်းနိုင်ငံ’ ပဲ”

နိုင်ငံ့ မျက်ဝန်းတို့ ရီဝေသွားကာ ...

“မင်းတောင်မှ ‘ပန်းတော်ဝင်’ကနေ ‘ဒေါ်ပန်းမြတ်’ဖြစ်ခဲ့တယ် မဟုတ်လား။ တမင်တကာ ဖုံးကွယ်ချင်တာတော့မဟုတ်ဘူး၊ ဒါပေမယ့် တော်ရုံကိစ္စကဆို ကုမ္ပဏီနာမည်နဲ့ပဲလာကြတော့ ဒီတိုင်းပဲထားလိုက်တာ”

နိုင်ငံ့မျက်နှာက တင်းနေတာလည်းမဟုတ်၊ လျော့ရိလျော့ရဲဖြစ်ခြင်း

www.burmeseclassic.com



လည်းမရှိပါ။

သူမနဲ့သူ တိုက်ဆိုင်စွာ တူညီမှုတွေ အံ့သြလောက်အောင် ရှိနေခဲ့ခြင်းအတွက် ဖျတ်ခနဲမြင်လိုက်စဉ်မှာ စိတ်လှုပ်ရှားသွားမိတာ မှန်သည်။

ပြီးတော့ ရင်နာခြင်းဖြစ်၏။ နောက်ပြီးတော့ ဥပေက္ခာထားနိုင်ဖို့ ကြိုးစားလိုက်သည်။

သူတို့နှစ်ယောက်၏ ဆုံစည်းခြင်းဟာ မုန်းတီးနာကြည်းစွာ ခွဲခွာခြင်းဖြင့် အဆုံးသတ်ဖို့သာရှိသည်မို့ ...

"မင်းရဲ့မောင်ကို ပြန်ခေါ်သွားပါ"

"သိပ်ခေါ်တာပေ့ါ ဒီမှာဦးနိုင်ငံ၊ ရှင်လဲ ကျွန်မကို ခေါ်ပန်းမြိတ်အဖြစ်ပဲ မှာကျောကျော ဆက်လက်ဆက်ဆံသွားပါ"

ပြောနေရင်း ပန်းတော်ဝင် က အခန်းထဲကို လှမ်းဝင်လာ၏။ နိုင်ငံနှင့် သမား တို့၏ အလယ်ကျကျမှာရပ်လိုက်ပြီး နိုင်ငံ့ ဘက်ကို မျက်နှာချင်းဆိုင်သည်။

"စောစောက ရှင် ကြိမ်းဝါးနေတာ မပြီးဆုံးသေးဘူးထင်တယ်၊ ဆက်ပြောကြည့်ပါဦး၊ မင်းနဲ့ မင်းရဲ့နောက်ကလူတွေ ဆိုတာလေ၊ ဆက်ပြောပါ၊ ကားတိုက်မှု ပပျောက်ရေးအတွက် ပူးပေါင်းကြံစည်တာတွေ၊ ကျွန်မမောင်လေး ဒီကိုရောက်နေတဲ့အပြစ်တွေ၊ အဲဒီအတွက် ဘာဖြစ်နိုင်သလဲ"

နိုင်ငံ တင်းခနဲအံကြိတ်သည်။ အချစ်ဆုံးချစ်သူကို အရှင်လတ်လတ်ရင်ခွဲသတ်ဖို့ ဓားသွားထက်ထက်ကိုကိုင်ပြီး တစ်လှမ်းချင်းရှေ့တိုးနေရသလို နှလုံးသွေးတစ်စက်ကျလိုက်တိုင်း လေးလံစွာ ထုနှက်ရိုက်ပုတ်ခြင်းကြောင့် ရင်ဘတ်တစ်ပြင်လုံးမှာ ဓားစက်၊ လှံစက်သံတွေ ညံနေ၏။

ဒါမှမဟုတ် သူမကပဲ 'မအိုဇာ'လို ကွမ်းတစ်ယာနဲ့ရေတစ်မှုတ်ကို ကိုင်ပြီး ကိုယ်ထံချဉ်းကပ်လာနေတာလား။

သူတို့နှစ်ယောက်၏အခြေအနေကို အကဲခတ်မရဖြစ်နေသည့် သမား





နဲ့ အလွန် တို့ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်မိကြ၏။

ဘယ်တုန်းကရင်းနှီးဖူးခဲ့တာလဲ။ ဖုန်းနဲ့လား၊ လူချင်းတွေ့ခဲ့ဖူးတာလား။ ပြင်းထန်စွာပေါက်ကွဲခြင်းကနေ ညင်သာစွာပေါက်ကွဲခြင်းသို့ ပြောင်းလဲသွားခဲ့သော အခြေအနေတစ်ခုကို နားမလည်စွာဖြစ်နေကြဆဲ။

"ပြောပါ၊ ရှင် ကျွန်မကို အားနာစရာလိုဘူး"

ပြောပြီး ခဏလေးစောင့်နေလိုက်၏။ နိုင်ငံ ပါးစပ်ပိတ်နေဆဲမျက်နှာကို စေ့စေ့ကြည့်လိုက်ကာ ...

"ကျွန်မတို့က ယောက်ျားလေးရှင်ပေမယ့် ရှင့်ညီမကို ရှင်ချစ်သလောက် မပိုရင်တောင် မလျော့နိုင်ဘူး တိုင်းနိုင်ငံ၊ အဲဒါကို ရှင် စာနာပါ။ ကျွန်မမောင်လေးက မရိုးသားစွာ ကြံစည်ခဲ့တယ်ဆိုရင်တောင် ..."

"ကြံစည်ကျူးလွန်ပြီးပြီ ပန်း၊ မင်းရဲ့မောင်က မိန်းကလေးလို ဟန်ဆောင်ပြီး ငါ့အိမ်ကိုလာတယ်၊ ငါ့ညီမကို ..."

"မဟုတ်ဘူး"

ပန်းတော်ဝင်မျက်နှာလေး ရဲခနဲဖြစ်သွားကာ သူ့ဘက်ကိုလှည့်လာတော့ ပြတ်သားစွာငြင်းဆို၏။

အလွန့် ကိုလည်း လှည့်ကြည့်ကာ ...

"ကျွန်တော် အဲဒီလောက်မယုတ်မာဘူး မမ၊ အလွန့် ကို ချစ်လွန်းလို့ ဒီထိမရောက်ရောက်အောင် ကောက်ကောက်ပါလိုက်ခဲ့တာ မှန်တယ်၊ ဟိုလို ဒီလို ဟန်ဆောင်ဖုံးကွယ်နေခဲ့တာတွေမှာ အဲဒီအဆင့်ထိ ကျူးကျော်စော်ကားရလောက်အောင် မရိုင်းစိုင်းဘူး၊ အဲဒါ သူနဲ့ကျွန်တော် အသိဆုံးပါ"

"ဟုတ်တယ် ကိုကြီး၊ အဲဒါ ကိုကြီး အထင်လွဲတာ၊ အလွန်တို့ ဘာမှ မငြိစွန်းခဲ့ဘူး"

အလွန် က မျက်ရည်စတို့ကိုသုတ်ပစ်၍ ပြောလည်းပြော ရှေ့ကိုတိုး



www.burmeseclassic.com

www.burmeseclassic.com



၏။

ဒေါ်ရိဝင်းက အလွန့်လက်မောင်းလေးနှစ်ဖက်ကို နောက်က ဆုံ
ကိုင်ထားလိုက်ပြီး ရွေ့မတိုးနိုင်အောင် ခါးလေးကိုပါ ဖက်ထားလိုက်၏
"သမား နဲ့ ညီမလေး လုံးဝသန့်ရှင်းတယ်၊ ညီမလေး ကိုကြီးပြိုင်ပြ
ကြောက်လွန်းလို့ အစစအရာရာ အများကြီးစောင့်ထိန်းခဲ့တယ်၊ သူ
ဒီလိုပဲ၊ မိုက်ရိုင်းရမ်းခဲ့တာ ဘာမှမရှိဘူး၊ အဲဒီအမှုကိစ္စတွေလဲ ..."
"တိတ်စမ်း"

စူးစူးဝါးဝါးအော်တာမဟုတ်ဘဲ နိုင်ငံ က အံကြိတ်လျက်နှင့်တား
၏။

"ဒီအဖြစ်ကိုဘေးလူသိကုန်ရင် နင့်ကို ဘယ်လိုပြောကြမလဲ၊ ပတ္တမြာ
ဖြစ်ဖြစ်၊ ကျောက်ခဲဖြစ်ဖြစ် ရွှံ့ထဲမှာနစ်နေရင် ရွှံ့ခဲပဲ၊ ပတ္တမြားမှန်ရင်
မနစ်တဲ့ အမှန်တရားကို ဘယ်သူက ဖော်မှာလဲ၊ နွံထဲကမပေါ်မချင်
ပတ္တမြားက ပျောက်ပျက်မှာမဟုတ်ပေမယ့် နင့်ဘဝ ဘာဖြစ်သွားမလဲ"

နိုင်ငံ က ပြောရင်း အသံတွေတုန်လာကာ ပန်းတော်ဝင်တို့မောင်နှ
နှစ်ယောက်ကို ဝေ့ကြည့်၏။

"ထားလိုက်တော့ ပန်း၊ ငါ အားလုံးထားလိုက်နိုင်တယ်၊ ခင်းမောင်
ပြန်ခေါ်သွားပါ။ နတ်မောက်ကအမှုကို ရုပ်သိမ်းဖို့လဲ ငါ ပြောလိုက်ပြီး
အဲဒီအမှုအတွက်နဲ့ မင်းတို့ ယောက်ယက်ခတ်သွားတာမဟုတ်လား"

"ယောက်ယက်ခတ်နေတာကို ရှင် သပ်သပ်တွေးလိုက်ပါ၊ မောင်လေ
နဲ့ အဲဒီပြဿနာ ဘာမှမဆိုင်ဘူး၊ ပြောရမယ်ဆိုရင် ရှင် စိတ်တော့မဆိုး
ပေါ့။ ဒီမှာတိုင်းနိုင်ငံ ...၊ ရှင် ချမ်းသာသလို ကျွန်မတို့လဲ မဆင်းရဲဘူ
ဒီအမှုကို ရက်ရှည်လများရင်ဆိုင်ရဖို့ ရုံးပြင်ကနားကိုကြောက်ခဲ့တာမှန်
မယ့် ရန်ကုန်ကသူဌေးဆိုတိုင်း ကျွန်မတို့က အထင်ကြီးမှာမဟုတ်ဘူ
အသားမည်း သွားခေါ် အကျိုးလား အကန်းလား မသိတဲ့ တိုင်းနိုင်ငံရဲ့ညီ





ဆိုတဲ့ မမြင်မတွေ့ဖူးတဲ့တစ်ယောက်ကို ကျွန်မတို့အချစ်ဆုံး၊ နှလုံးသည်း
ပွတ်ဖြစ်တဲ့ မောင်လေးတစ်ယောက်လုံးထိုးပေးပြီး ကဝ်ငွေယ်စည်းရုံးရ
လောက်အောင် ဒီအမှုက ဘဝနဲ့ချီပြီး အရေးမပါပါဘူး"

နိုင်ငံ့မျက်ဝန်းထောင့်တွေ နီလာ၏။ ပန်းတော်ဝင် မျက်ဝန်းမှာလည်း
မျက်ရည်တွေပြည့်သိပ်နေခဲ့လျက် ...

"ရှင် လူတစ်ယောက်ကို ဘယ်အရပ်ကနေ ဘယ်လိုမျက်လုံးမျိုးနဲ့
ကြည့်တာလဲ၊ ဘယ်လိုအကြောင်းအချက်တွေအရ အပြစ်ယူလိုက်တာ
လဲ"

စကားလုံးတို့ တစ်ခန်းအရပ်မှာ မျက်ရည်နှစ်စက် လိမ့်ဆင်းကျသွား
၏။

"မောင်လေး ရန်ကုန်ပါသွားတယ်ဆိုလို့ စိတ်မချလို့ ကျွန်မက ထက်
ကြပ်မကွာ လိုက်လာတာ၊ ရန်ကုန်ရောက်ကာမှတော့ သေသွားတဲ့လူရဲ့
အလုပ်ရှင်သူဌေးဆိုတာကို ပြေလည်အောင်ဝင်ဆွေးနွေးခဲ့ပါလို့ ဖေဖေက
လဲ ပြောလိုက်လို့ ကျွန်မ ရှင့်ကိုတွေ့ဖို့ ဒီနေ့ထိ ကြိုးစားခဲ့တာ၊ ရှင် သိပါ
တယ်၊ ကျွန်မမောင်လေး ပျောက်နေလို့လို့ ကျွန်မ ခဏခဏ ပြောခဲ့တာ
ကို..."

နိုင်ငံ မျက်နှာလွှဲပစ်လိုက်ပြီး နှုတ်ဆိတ်နေ၏။ ပန်းတော်ဝင် က မဲ့
သည်။

"စိတ်ဓာတ်ပြင်းထန်သူတွေဟာ လုပ်ရဲရင် ခံရဲတယ်၊ မှားတယ်ထင်
ရင် ဝန်ခံရဲတယ်တဲ့၊ ရှင် ဒီပြဿနာတွေကို အစကအဆုံး ပြန်တွေးကြည့်
လိုက်ပါ။ ရှင် မှားနေရင် ဝန်ခံပေါ့"

"မမှားဘူး၊ အိမ်ပေါ်ထိလာပြီး စော်ကားတဲ့လူကို အပြစ်ပေးတဲ့
အတွက် ငါ မမှားဘူး ပန်းတော်ဝင်"

ပန်းတော်ဝင် က စူးစိုက်ကြည့်နေ၏။ ကိုယ်က 'တိုင်းနိုင်ငံ'လို့ ခေါ်

www.burmeseclassic.com



ပစ်လိုက်တာတောင် သူ့ပါးစပ်က 'ပန်း' လို့ခေါ် လိုက်သဖြင့် ရင်ထဲမှာ နင့်ခနဲဖြစ်သွားခဲ့မိသည်။

တစ်ခါထပ်၍ 'ပန်းတော်ဝင်' လို့ မာကျောစွာပြောင်းလဲခေါ် လိုက်ခြင်းကြောင့် သူမနှုတ်ခမ်းမှာ နွမ်းယဲ့သည့်မဲ့ပြုံးလေးတစ်ချက် ထင်၏။ မုန်းကြတာပဲကောင်းပါသည်။

"ဒါဝေမယ့် မင်းရဲ့မောင်ကို ပြန်ခေါ်သွားပါ"

"လက်ဆွဲခေါ် တိုင်းလိုက်ရအောင် ကျွန်တော်က လူမမယ်ကလေးမှ မဟုတ်တာ"

သမား က ဂျစ်တီးဂျစ်ကန်ပြောပြီး အလွန် ဘေးကို ရောက်သွားကာ လက်ချင်းထပ်ဆုပ်လိုက်သည်။

"အလွန် ... မင်းရော ကိုယ့်ကို အထင်လွဲခဲ့တာပဲလား"

"ဟင့်အင်း"

အလွန် က ခေါင်းလေးခါ၏။ အနာတရဖြစ်နေရှာသည့် သမား ၏ လက်ပေါ်ကနေ ထပ်ဆုပ်ကိုင်ကာ နားလည်သည့်မျက်ဝန်းလေးတွေမှာ ဆုံးဖြတ်ချက်တို့ထင်နေ၏။

"ကိုယ်တို့ အဝေးမခံနိုင်ဘူး"

"မောင်လေး ..."

"မပြောပါနဲ့ဗျာ၊ ကျွန်တော် ပေါက်ပြဲသွေးကျအောင်ခံထားရပြီးပြီ၊ ကျွန်တော့်ဘက်မှာ အမှန်တရားရှိနေမှန်းသိရက်နဲ့ အသည်းမှာရော အသားမှာရော နှစ်ခါအနာမခံနိုင်ဘူး၊ ကျွန်တော့်ချစ်သူကို ကျွန်တော် ရမှဖြစ်မယ်"

နိုင်ငံ မျက်လုံးတွေ စူးစူးရဲရဲဖြစ်သွား၏။ မျက်လုံးချင်းဆုံလိုက်သည်နှင့် အလွန် က မျက်နှာလွှဲပစ်သည်။ ကြည့်စမ်း ...

"ညီမလေး နောက်ဆုတ်စမ်း"





အလွန့် မျက်နှာလေး ထိတ်လန့်ဟန်လေးနှင့် လှည့်ကြည့်၏။ ဒါပေမယ့် မနာခံနိုင်သည့်နှုတ်ခမ်းသားလေးတွေ ဖိပိတ်သွားကာ သမား ၏ ခုံးတစ်ဖက်နောက်မှာ ကွယ်ပစ်လိုက်သည်။

မျက်လုံးထဲမှာ ပြာခနဲဖြစ်သွား၏။ ဒေါသလား၊ ရှက်ခြင်းလား မသိ။ ပြီးတော့ ရင်နာခြင်းကို ပိပြင်စွာခံစားလိုက်ရရင်း နိုင်ငံ လက်သီးဆုပ်သည်။

ခရီးသွားရင်း တစ်ပတ်လောက်ဆိုသည့် ကာလငယ်လေးမှာ ချစ်ကြိုက်ခဲ့ကြ၏။ လူငယ်သဘာဝအတိုင်း ညီမလေးလည်း ပျော်ပါးစွာပဲ ရှိခဲ့သည်။ ဟိုဘက် ဒီဘက်ကာလလေးအတွင်းမှာ ဒီလောက်ထိ ချစ်ခဲ့ကြသတဲ့လား။ အချစ်ကို ခံစားလောက်စရာလို့ မမြင်ပေမယ့် ကိုယ့်ဘက်က ဆုံးရှုံးရတော့မည့်ကံကြမ္မာကို နိုင်ငံ နားလည်လိုက်၏။ ထိုအခါ ...

"ချုပ်နှောင်တားဆီးထားလို့မရတဲ့ ချစ်ခြင်းမေတ္တာကို နားလည်စေချင်လို့" ဟူသော ...

"ခင်ဗျားညီမကို ခင်ဗျားရှေ့မှာပဲ လက်ဆွဲခေါ်သွားမိမှာ ..." စသည့်သော သမား ၏ စကားတွေ အကြားအာရုံထဲ ပြန်ဝင်လာ၏။

ပြိုင်ဘက်ကိုအနိုင်တိုက်ရန် လက်နက်ကိုဖြေးဆွဲလိုက်ပေမယ့် ဆုပ်ကိုင်မိလိုက်သည့် ကိုယ့်ဘက်မှာ ဓားသွားဖြစ်နေသည်။

"တောက် ..."

ရှက်သွေးတို့ တရိပ်ရိပ်တက်ကာ နိုင်ငံ မျက်နှာတစ်ပြင်လုံး နီရဲညိုခေါင်းလာခဲ့၏။ ကိုယ်ပေးခဲ့တဲ့ ဒဏ်ရာဒဏ်ချက်က သူ့မျက်နှာပေါ်မှာ... ကိုယ့်ဆီက ပြန်ယူသွားတာကျတော့ နှလုံးသားတစ်ခုလုံး တဲ့ ...။

"ကျွန်မ လာခဲ့တာ ဒီမှာ မောင်လေးရှိမှန်းသိလို့မဟုတ်ဘူး။ ရှင် အမွေရှုပ်သိမ်းလိုက်ပြီဆိုတဲ့သတင်း ဖုန်းရလို့ ပြီးတော့ ရှင်ကိုယ်တိုင် လိပ်စာပြီး လာခဲ့ဖို့ ဖိတ်ခေါ် လိုက်တော့ ကျေးဇူးတင်ကြောင်း ပြောရင်း နှုတ်ဆက်ဖို့ပါ"



www.burmeseclassic.com

ပန်းတော်ဝင် က လှငယ်နှစ်ယောက်ကို လှမ်းကြည့်ပြီးမှ ဒီဘက်ပြန်လှည့်၍ ...

"ပဋိလက်ဆန်တဲ့ တိုက်ဆိုင်မှုတွေကို ရှင် နားလည်မယ်ဆိုရင် နောက်ထပ်ဆက်ဖြစ်လာတာတွေကိုလဲ လက်ခံနိုင်အောင် စဉ်းစားပေးစေချင်ပါတယ်၊ ဘယ်ဘက်ကမှ တမင်တကာမဝါဘူးဆိုတာကိုပေါ့"

"ပန်းတော်ဝင် မင်းတို့သွားပါတော့၊ ငါသိကကြိုက်တာကိုယူသွား၊ မလိုချင်တာကိုထားခဲ့၊ အားလုံး သဘောရှိပါ၊ တစ်ခုပဲတောင်းပန်တယ်၊ စကားတစ်ခွန်းမှ ထပ်မကြားချင်ဘူး"

"သမီး ... လွန်လေး"

သမား က အလွန့် လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်သဖြင့် ဒေါ်ရီဝင်း ထိတ်ထိတ်ပျာပျာလှမ်းခေါ်သည်။ ခြေလှမ်းပြင်သော်လည်း တုံ့ခနဲပြန်ရပ်သွား၏။

မျက်ဝန်းထောင့်တွေနီရဲလျက် အံကြိတ်နေသည့် နိုင်ငံ့အကြည့် တစ်ချက်မှာ ဒေါ်ရီဝင်း နားလည်သွားခဲ့ရင်း ခေါင်းညိတ်သည်။ မျက်ရည်တွေလည်း ပိုးပိုးပေါက်ပေါက်ကျလာကာ ...

"အေးပေါ့လေ အတောင်စုံပြီဆိုတော့လဲ အသိုက်ကိုစွန့်ပြီး ပျံထွက်ကြပြီပေါ့"

ဒေါ်ရီဝင်းက ပန်းတော်ဝင်တို့မောင်နှမကိုပါ ဝေ့ကြည့်ပြီး မျက်ရည်ငုံ့သုတ်၏။

"ကိုယ်က ရတာပဲဖြစ်ဖြစ်၊ ပေးလိုက်ရတာဖြစ်ဖြစ် အစဉ်သဖြင့် တစ်ဖက်သတ်ဆိုတာ မရှိပါဘူး၊ အပေးအယူ၊ အနိုင်အရှုံးဆိုတာ ရှိတယ်၊ ဘာပဲဖြစ်ဖြစ် အားလုံး စိတ်ချမ်းသာကြပါစေကွယ်"

ပန်းတော်ဝင် မျက်ခုံးလေးတွေတွန့်ကုတ်သွားသည်။ တကယ်တော့ ယှဉ်ပြိုင်မှုမဟုတ်ဘဲနဲ့ အရှုံးပေးနေတဲ့သူကို အနိုင်ရလိုက်တာဟာ ဝမ်း





မြောက်ဝမ်းသာဖြစ်ဖွယ်မရှိပါ။

သူမကိုယ်တိုင် ဒီနေရာကိုလာခဲ့တာလည်း ဒီအဖြစ်တွေကို ရင်ဆိုင်ပြီး ဤသို့ အနိုင်နှင့်ပိုင်းဖို့ဆိုတာ မပါ။ မျက်ရည်စက်များနှင့် အံကြိတ်အရှုံးပေးနေသမျှမှာ ကျေနပ်အားရခြင်းမဖြစ်ဘဲ ကိုယ်ပစ်သမျှ ကိုယ့်ဆီ ပြန်လှည့်လာနေသလို ခံစားလာရသည်။

ထိုအခါ မျက်လုံးတို့က သမား ထံသို့ မေးခွန်းများနှင့်

သမား က မသိသလိုနေပစ်ကာ အလွန့် လက်ကို

ခွာဖို့ ခြေလှမ်းပြင်၏။ ခေါ်တဲ့သူက ခေါ်တော့ လိုက်

ဘလဝေ

လား။

ပန်းတော်ဝင် က အလွန့် မျက်နှာလေးကို လှမ်းကြည့်သည်။ မှာ သူမဘက်ကနေ ထားခဲ့ပါလို့ပြောလို့လည်းမရနိုင်၊ နေခဲ့ပါလို့လည်း မပြောအပ်။

ကိုယ့်နောက်ကို ဒီမိန်းကလေးပါလာပြီဆိုရင်ရော ကိုယ် ကျေနပ်နေနိုင်မှာလား၊ ဘယ်လိုသဘောတရား ဆက်နွှယ်မှုတွေမှန်းမသိပါ။ နိုင်ငံ မျက်ထောင့်နီနှင့် အံကြိတ်ကျန်ခဲ့မှာကို သူမ ကျောခိုင်းမသွားခဲ့နိုင်ဘဲ ဖြစ်နေခဲ့၏။

ဘယ်သူတွေမှန်ပြီး ဘယ်သူမှားနေသလဲ၊ အရှုံးအနိုင်ဆိုတာကရော ဘာလဲ၊ ဘယ်သူကပြိုင်လို့ ဘယ်လိုသတ်မှတ်မှာလဲ။

အဖြေတစ်စုံတစ်ရာမရှိသော်လည်း သူမ နောက်ပြန်လှည့်ခဲ့ရပါပြီ၊ နောက်မှာ သမား ရယ်၊ သမား က အလွန့် လက်ဖဝါးလေးကို ဖျစ်ဆုပ်ဆွဲကိုင်ထားသည်မို့ သုံးယောက်သည် ဘီးလိမ့်ထွက်ခွာစပြုနေသော ရထားတွဲနှင့်တူ၏။

အလွန် သည် ဒေါ်ရီဝင်း၏ နှုတ်ဆိတ်သံနှင့်ရှိုက်သံသဲ့သဲ့ကို ကျောခိုင်းခဲ့ပြီး ကိုယ်တစောင်းပါလှမတတ် မျက်နှာလွှဲနေသည့် နိုင်ငံ့ ကျောပြင်



www.burmeseclassic.com

နှာက်ကနေ ဖြတ်ကျော်သွားဖို့မှာ ခြေလှမ်းတုံ့သွား၏။

ာပေကျွာထားလိုက်ပြီဖြစ်သည့် တိတ်ဆိတ်နေသော ကျောပြင်ကျယ်
ပြ က်သံတွေ ဆူညံနေတာထက် သူမရင်ကို နှိပ်စက်၏။ ဆုပ်ကိုင်
ာက်သီးဆုပ်ကို ဖွံ့ကြည့်မိလိုက်လျှင် ဘယ်တာက်ရင်အုံတွင်းမှာ
နောက်ထ သိ။

ချင်ပါတယ်၊ ဒ
ားသည့် သမား ၏လက်ကို ဆုံးဖြတ်ချက်ထက်
"ပန်းတော် က်ပြီးဖြစ်ကာ ...
မလိုချင်တာကို၊

စကားတစ်ခွန်းမှ
" မှတွယ်အားကိုးခဲ့ရသော လေးစားကိုးကွယ်ထိုက်
သ ၏ခါးကို နောက်ကနေ သိမ်းကျုံးဖက်ထားလိုက်မိသည်။

ကပိဖက်ပစ်လိုက်သည့်အရှိန်ကြောင့် နိုင်ငံ ကိုယ်ရှေ့ကို ယိုင်ခနဲ ကျသွား၏။ အလွန် က နိုင်ငံ ကျောပြင်ကို ပါးပြင်လေးနှင့်ပွတ်တိုက် နမ်းရှိုက်ရင်း ရှိုက်ငိုသည်။

"ကိုကြီးကို ညီမလေး ချစ်တယ်၊ ညီမလေးကို ခွင့်လွှတ်ပါ ကိုကြီးရယ်၊ အချစ်ကို ဘယ်လိုဝတ်ရုံကို ခြုံထားမှန်းမသိပေမယ့် ညီမလေး ကိုကြီးကိုသိပ်ချစ်တာပါ၊ နာကျင်နေတဲ့သူကို သနားတယ်၊ ပြီးတော့လဲ သူ့ကိုလဲ ညီမလေး ချစ်ခဲ့မိတယ်၊ ချစ်မိလို့ပါ။ ညီမလေး မှားသွားတယ်ဆိုရင် ရိုက်နှက်ပစ်ပါဦး ကိုကြီးရယ်၊ ရိုက်ပါ ..."

အရောင်မတူချစ်ခြင်းများစွာတို့အနက် မိမိ အလိုရှိသော အချစ်သည်သာ အစစ်ရောင်ဖြစ်၏။ ထို့ကြောင့် .....





## အခန်း (၃၀)

အစကတည်းက ပြည့်ဝသောချစ်ခြင်းကို ကိုယ်မပိုင်နိုင်ခဲ့တာ သိသည်။ ဒါပေမယ့် ကိုယ့်ရဲ့စွဲလမ်းမြတ်နိုးခြင်းဟာ သူမထံမှ ယုံကြည့က်ပြ ချစ်ခြင်းများကို မလွဲမသွေ သိမ်းပိုက်မည်ဟုသာ ယုံထားခဲ့၏။ ခုတော့...

သူ့အဖြစ်က ဘာနဲ့တူသလဲ ..."

အခန်းထဲကိုလှမ်းဝင်လိုက်ပြီးမှ ချက်ချင်း နောက်ပြန်လှည့်တော့ ပွဲရုံ စာရင်းတွေ စစ်နေသည့် ပန်းတော်ဝင် က လှည့်ကြည့်သည်။

ဘေးမှာရှိနေသည့် စာရင်းစစ်နှစ်ယောက်ကို သတိရသဖြင့် လှမ်းခေါ် ၍ပါးစပ်ပြင်ပြီးမှ မခေါ်ဖြစ်။

မရမက ပြန်ဆွဲခေါ် လာပြီးမှ ပွဲရုံကိုပြန်ရောက်ကတည်းက တစ်ချက်ကလေးမှ ဂနာမငြိမ်။ အခန်းအောင်းနေတော့ မျက်လုံးဖွင့်ပြီးအိပ်နေတဲ့သူလို...၊ မတ်တတ်ရပ်နေတော့ ငြိမ်ငြိမ်လေးမရပ်။

မနက်ဖြန် ပြန်ကြရတော့မည်ဆိုတော့ ပိုဆိုးသွား၏။ အလုပ်တွေကို ထားပစ်ခဲ့ပြီး ပန်းတော်ဝင် အပြင်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လေတဖြူးဖြူးနှင့် ဆံစတွေလွင့်နေသော သမား ၏ ကျောနောက်ကနေ လှမ်းကြည့်လိုက်ပြီး ခပ်ဖြည်းဖြည်းပဲ လျှောက်ခဲ့မိ၏။

“ဗိုလ်တထောင်ကမ်းနားလမ်းကို အညိုရောင်သမ်းသွားပြီထင်လား မောင်လေး။ ရည်းစားနဲ့ကွဲတဲ့အဖြစ်အတွက် မင်း ဘယ်လောက်ထိ မျော လွင့်နေချင်လို့လဲ”

သူမ စ ပြောလိုက်တာနှင့် သမား ချာခနဲလှည့်လာ၏။

“ဟုတ်တယ် မျောလွင့်ချင်တာ၊ ဒါပေမယ့် အခု မျောလွင့်စရာကို မရှိတော့လို့”

စကား

“ ကဆံပင်ကို ဆတ်ခနဲခါထုတ်သည်။ လက်နှစ်ဖက်ကို ဘောင်းဘီ

သူ ထဲထည့်လိုက်ပြီး ဝန်းတော်ဝင် မျက်နှာနှင့် ပိုနီးအောင်ငုံ၍ ...

ကပ် ခနဲ့အဲဒီလူ က ချစ်သူတွေလား၊ အဆက်ဟောင်းလား။ ဖြစ်ပျက်ခဲ့ ကျသည့်မယ့် ဖျောက်ဖျက်မလွယ်တဲ့ ဒိုင်ယာရီဟောင်းတွေနဲ့လား၊ ပြောပြ နှမ်းရှိဦးမလား”

မေးခွန်းတွေ ဆက်တိုက်မေးပြီး ဖြေတာကို မစောင့်။

“အချစ်အတွက် သေသေကျေကျေ ရင်ဖွင့်နေခဲ့ကြတဲ့ ကျွန်တော်တို့ ထက် အများကြီးသာတယ်၊ အချစ်ကြောင့် မိုက်ရူးရဲဆန်ရသလား၊ ဒီလို လုပ်ခဲ့ရသလားနဲ့ အပြစ်တွေတင်နေခဲ့ကြပြီး မမတို့ကကျတော့ ဂုဏ်ဝင် အချစ်တွေနဲ့ပါလား”

“ဘာတွေပြောနေတာလဲ မောင်လေး၊ မင်း ...”

“နေပါ၊ မှန်နေတယ်ဆိုရင် ဝန်ခံလိုက်”

“ဘာကိုဝန်ခံရမှာလဲ၊ ကိုယ့်အစ်မတစ်ယောက်လုံးကို မင်းက မလေး မစား ...”

“ကျွန်တော်က ဘာတွေ ရှိင်းစိုင်းနေလို့လဲ၊ ဒါ သက်ကြီးပူဇော်ပွဲ အခမ်းအနား မဟုတ်ဘူး။ ကျွန်တော်တို့ချစ်တယ်ဆိုတာတွေထက် မမတို့





က ပိုနေတာ၊ မျက်ရည်မကျဘဲ လွမ်းနေကြတာ”

ဒေါ်သခြောင်းခြောင်းထွက်ခြင်းဆိုတာ ဘယ်လိုအမူအရာ၊ အပြော အဆိုမျိုးကို ဖော်ညွှန်းမှန်းမသိပေမယ့် ကိုယ့်ထက်ငယ်ရွယ်သည့် မောင်လေး တစ်ယောက်မို့ ကျွမ်းလောင်နေသော ဒေါသ၊ သောကမီးအရှိန်ကို ပန်းတော်ဝင် ခန့်မှန်းမိနေသည်။

“မင်း မမကို မဝေဖန်ပါနဲ့ ဒီလောက်ထိပြောင်းလဲသွားခဲ့တဲ့ မင်းကိုယ် မင်းပဲ နားလည်ဝေဖန်နိုင်အောင်ကြိုးစားဦး”

“ပြောင်းလဲတာကတော့ အမိဝမ်းကကျွတ်တာနဲ့ ပြောင်းလဲလာခဲ့ကြ တာပဲ မမ၊ အရွယ်မရောက်သေးမီ၊ မချစ်တတ်သေးမီ ဆိုတဲ့ ကာလတွေနဲ့ အရွယ်ရောက်လာတာ၊ ချစ်လာကြတာ၊ အားလုံးက ပြောင်းလဲနေတာ တွေချည်းပဲ၊ သတ်မှတ်ချက်၊ ပညတ်ချက်တွေအတိုင်း ပြောင်းလဲသွားတာ ကို လုံးဝကို လိုက်မမီတော့ဘူး”

ကိုယ့်ထက်ငယ်တဲ့သူက ပြတ်တောက်ရင့်သီးစွာ ဝေဖန်သောက်ပြ နေတာကို တော်တော်လေးခံရခက်နေပေမယ့် ပန်းတော်ဝင် ရုတ်တရက် ဘာမှပြန်လည်၍ မချေပနိုင်ပေ။

“ဟွန်း ... ဟိုပုဂ္ဂိုလ်က စစ်ခရာသံတွေနဲ့ချီတက်လာပြီး ဘီလူး တစ် ကောင်လို စားမယ်ဝါးမယ်နဲ့ မမကိုမြင်လိုက်တော့ ခေါင်းငိုက်စိုက်နဲ့ လည် စင်းပေးသွားတယ်”

သမား က ကမ်းနားဘက်ကိုပြန်လှည့်ပြီး ခဏငြိမ်နေ၏။ ပြီးမှ ...

“မမကတော့ တစ်တပ်လုံးကို အနိုင်တိုက်လာခဲ့ပြီး ခေါင်းဆောင်ရဲ့ ခေါင်းကိုဖြတ်ပြီး အောင်ပွဲခံဖို့ကျမှ ဓားကိုလွှတ်ချတယ်၊ အနိုင်ရဖို့တွေ၊ သိမ်းပိုက်ဖို့တွေ၊ အခွင့်အရေးအားလုံးကို ကျောခိုင်းထွက်သွားခဲ့တဲ့ သူ့ရဲ့ ကောင်းကြီးလေ”

ပန်းတော်ဝင် မျက်နှာလေး ရဲခနဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရှုံးပေးတဲ့သူကပေးတယ်၊ အနိုင်မယူရက်တဲ့သူက လက်နက်ချ တယ်၊ ဒီလိုသက်ရောက်ပျော်ဝင်မှုတွေဟာ အချစ်ကြောင့်ဆိုတာ ကျွန်တော် လက်ခံတယ် မမ၊ ဒါပေမယ့် မမက ဘာမှမဟုတ်ပါဘူးဆိုပြီး ခုချိန်ထိ ဝန်မခံဘူး"

"ငါ့ကို မင်းက တရားခံစစ်သလို စစ်နေတာလား၊ ဒါ တွေကို မောင် တစ်ယောက်က အစ်မကို မေးသင့်သလား"

"ကျွတ်"

သမား က ဆတ်ခနဲလက်ခါပြီး ရှုံ့မဲ့သွား၏။ ပြီးတော့ ပြန်လှည့်ကြည့် ကာ ...

"ကျွန်တော့်ကျတော့ မမပဲ စစ်ဆေး၊ မမပဲ အမိန့်ပေးခဲ့တာလေ၊ ငါ အကြီးဆိုပြီး မမမှာ အခွင့်အရေးတွေ မများလွန်းဘူးလား"

"ဖိုးခွား"

ပန်းတော်ဝင် က ရှေ့တိုးကာ သမား ရဲ့ အင်္ကျီရင်ဘတ်စကို ဆတ်ခနဲ ဆွဲကိုင်၍ ...

"မင်း သိပ်ကိုရိုင်းနေပါလားဟင်၊ အဲဒီလိုပြန်လှန်မေးရဲတာ ဆဲဆို ရိုက်ပုတ်တာထက်ဆိုးတယ်၊ မင်းနဲ့ပတ်သက်သမျှ ငါ ရပ်တည်ခဲ့တိုင်း မေတ္တာစေတနာ အပြည့်နဲ့ ..."

"မမကို မဟုတ်မဟုတ်လုပ်နေတယ်လို့ ကျွန်တော် ပြောလို့လား၊ ဒါပေမယ့် ... ဒါပေမယ့် သစ်ပင်ရဲ့အရိပ်ဆိုတာ သစ်ပင်အောက်မှာရပ်နေ တဲ့သူအတွက် အေးမြပေမယ့် နေရောင်ကိုဖြန့်ခံပေးထားရတဲ့ သစ်ကိုင်း သစ်ရွက်တွေဆို ဘယ်လိုနေမလဲ၊ မမနဲ့ နိုင်ငံ ဆိုတဲ့လူ ညီညွတ်မျှတနေ တာတွေက ကျွန်တော်တို့ ရှင်ကွဲကွဲဖို့တွေဖြစ်နေတာ"

"ဘာဖြစ်လို့ မဆိုင်တာတွေ မင်း ပြောနေတာလဲ၊ သူ့အစ်ကိုကို သူ မခွဲနိုင်လို့ မင်းလက်ကိုဖြုတ်ပြီး သူ ချန်နေရစ်ခဲ့တာ၊ ပြီးတော့ သူများအိမ်





ပေါ် ထိသွားပြီး ဟန်ဆောင်လိမ်ညာနေခဲ့တဲ့သူက ငါ့ရဲ့ မောင်အရင်း ဖြစ် နေတယ်၊ ငါက နောက်ထပ်ပြီး အနိုင်နဲ့ပိုင်းရဖို့ ဘာရှိသေးလဲ"

"မမကိုခြင်မှ ဘိတ်ဘိတ်သားလည်စင်းပေးချလိုက်တော့ ဝုန်းဒိုင်း ပေါက်ကွဲပြီး ပျောက်ကွယ်မှုမယ့်အဖြစ်ကနေ မြေပြင်မှာပဲ ညင်ညင်သာသာ လေး ဝပ်စင်းငြိမ်းချမ်းသွားတယ်လေ၊ အဲဒါကြောင့် အလွန် ကျန့်နေခဲ့တာ၊ မမတို့ရဲ့ ပျော်ရွှင်ဆန်ဆန် နှောင်တည်းနေတဲ့မေတ္တာလွှန်ကြိုးတွေကြားမှာ ကျွန်တော်တို့က ခလုတ်တိုက်လဲခဲ့ရတာပဲ"

သမားကို ပန်းတော်ဝင် ဘယ်လိုရှင်းပြလို့မှ မရတော့ပေ။ နှုတ်သီးဖျား တွေ၊ နှုတ်ခမ်းသားတွေ ရဲတွတ်လာသည်အထိ သမား က နင့်သီးစွာခံစား နေခဲ့သည်။

ဒါကိုကြည့်၍ ပန်းတော်ဝင်မှာ ထွင်တိုင်းလည်းမပြောရက်၊ ဒေါသ ဖြစ်လာလို့လည်း ဆူပူကြိမ်းမောင်းဖို့ကို ပါးစပ်က မထွက်တော့ပေ။

မချစ်ဘူးလို့ရှုးတာလား။ စာနာပေးဖို့ကြိုးစားပေမယ့် သူမကိုယ်တိုင် ချစ်တတ်ခဲ့သလား၊ မချစ်တတ်ဘူးလား မသေချာ။

မောင်လေး ပြောသလို သူမ နဲ့ နိုင်ငံ အနေအထားတွေ တကယ်ပဲ ဤလိုပုံစံဖြစ်သွားခဲ့သည်လား။

ဘာမှလည်း မသေချာဘဲ ခြောက်သွေ့ချင်သလိုဖြစ်လာသည့် နှုတ် ခမ်းလေးတွေကို ဖိကိုက်ထားမိသည်။

"ကျွန်တော် အခု အေးစားပြုအတိုက်ခံရတာ မမ အဲဒါ သိလား၊ သတ် ပုတ်တိုက်ခိုက်ကြရင်း ရင်ဝကို ဓားနဲ့ထိုးပစ်လိုက်ရတာ မခက်ခဲဘူး၊ သက် သက် မာယာတွေများပြီး လက်နက်ချသွားတာ၊ ကျွန်တော် ခြေတစ်လှမ်း မှ ဆက်တိုးလို့မရတော့အောင် ပညာသုံးသွားတာ"

"မဟုတ်ဘူး မောင်လေး၊ အဲဒါ မင်း မှားနေတာ၊ သူ့ညီမလေး မင်း ဘက်မှာရပ်တည်နေပြီဆိုတဲ့ နာကျင်မှုနဲ့ သူ့ဘာသာ ဆုံးဖြတ်တာ၊ မမနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဆိုင်ဘူး၊ ခုတ်ထစ်ဖြတ်လို့မပြတ်တဲ့ သွေးသားသံယောဇဉ်ကြောင့် သူ့ညီမကလဲ မထားခဲ့ရက်တာ၊ ဒါတွေမှာ မင်းနဲ့မမတို့ရဲ့ ပယောဂ ဘာမှ မပါဘူး”

“မသိဘူး မမရာ၊ ကျွန်တော် ဆင်ဖြူကျွန်းကို မပြန်ချင်ဘူး၊ နိုင်ငံ ဆိုတဲ့လူနဲ့ရှင်းပြီးမှ ...”

“ဘာ ... ဘာပြောတယ်”

ပန်းတော်ဝင် မျက်ဝန်းလေးတွေ ဝိုင်းစက်သွားတာကို သမား က မှုန်ကုပ်ကြည့်၏။

“ကျွန်တော် အဲဒီလောက်အသိမမဲ့ဘူး မမ၊ သူ့ညီမကို လိုချင်နေရက်နဲ့ သူ့အစ်ကိုကို ခေါင်းရိုက်ခွဲဖို့မကြိုးစားဘူး၊ အစကတည်းကလဲ သူနဲ့ ကျွန်တော် မုန်းခဲ့ကြတာမဟုတ်ဘူး။ သူ့ဘက်က တစ်ဖက်သတ်ထင်ကြေး တွေနဲ့ မုန်းတီးနေရင်တော့ မတတ်နိုင်ဘူးပေါ့၊ အလွန့် ကို ပြန်ရအောင် ကျွန်တော် ကြိုးစားမယ်၊ ကျွန်တော့်ကို သူ တကယ်ချစ်မှန်း အခု ကျွန်တော် သိပြီ၊ မတူညီတဲ့ အချစ်နဲ့မေတ္တာကွန်ယက်ထဲမှာ သူ့အစ်ကိုဘက်ကို တိမ်း စောင်းသွားမယ်ဆိုရင်တောင် နားလည်ပေးဖို့ကြိုးစားမယ်၊ ကျွန်တော့်ကို ခွင့်ပြုပါ၊ သူ့ကိုထားခဲ့ပြီး ဆင်ဖြူကျွန်းကို လုံးဝ မပြန်ဘူးလို့ ဆုံးဖြတ်ထား လို့”

“ခေါ် နိုင်ငံတော့ရော မင်းရဲ့ချစ်သူကို ဆင်ဖြူကျွန်းမှာပဲ ထားလို့ ရမလား။ ဟိုက အသာတကြည်ထည့်ပေးလိုက်သည်ဖြစ်စေ၊ မရမက ခိုးယူရသည်ဖြစ်စေ သူကိုယ်တိုင်က ...”

“သူပျော်မယ့်နေရာမှာ ကျွန်တော် နေမယ်”

စကားတောင်ဆုံးအောင်မပြောရသေးဘဲ သမား ၏ ဆုံးဖြတ်ချက်က ပြတ်သားစွာဝင်လာသည်။

ဪ ...





ကျလည်းကျလောက်ပါရဲ့။ ပန်းတော်ဝင် ခေါင်းတညိတ်ညိတ် ဖြစ် သွားသည်။ အိမ်ထောင်ရေးပဋိပက္ခတွေ အများကြီးရှိကြတဲ့ထဲမှာ သားရှင် သမီးရှင်တို့၏ မောဟမျဉ်းပြိုင်တွေလည်း အများကြီးရှိခဲ့ဖူးသည်။

‘ငါက သားရှင် ဂရုစိုက်စရာလား’ဆိုပြီး လက်မထောင်၍ ချွေးမနှင့် နောက်ကမိသားစုတွေအပေါ် မာချင်တာ၊ ကြောချင်တာတွေ ...။

‘ငါက သမီးမွေးထားတာ၊ ဟော့ ဒီမှာ ယောက်ျားဆိုတာ နွားပဲ၊ ကိုယ့် လင်ဖြစ်လာကာမှ ကိုယ်မပိုင်ရင် ဘာလုပ်မလဲ’လို့ ကြွေးကြော်တာတွေ စုံလို့ပါ။

ဒါပေမယ့် ‘သမီးမိန်းကလေးမွေးရတာများ ကိုယ့်ဘက်က နစ်နာဖို့ ချည်းပါပဲအေ’ဟု ဆိုကာ ‘ငါ့သမီးလေး လင်နဲ့ အဆင်ပြေရဲ့လား။ ယောက္ခမ နဲ့ သင့်မြတ်ရဲ့လား’ စသည် သောကများနှင့် လှည်းပင်းတရှည်ရှည်ဖြစ်ကြ ရသည့် မိဘတွေလည်း ရှိသေးသည်။

ကိုယ့်မောင်တစ်ယောက်လုံးကတော့ ဘယ်လိုအမျိုးအစားထဲမှာ ပါနေသလဲ။ ခွန်းထောက်ဆိုပြီး ငိုချင်းချရမည်လား။

ကိုယ့်ရင်ဘတ်ကိုထု၍ ‘ရင်နာတယ်၊ ရင်နာတယ်’လို့ အော်နေရမှာ လား။ ‘ကျွန်မက သားရှင်’ဟု မော်ကြွားပြီး လက်မထောင်နိုင်ဖွယ်မရှိ သည့်အဖြစ်ကတော့ လုံးဝ အတိအကျသေချာလေသည်။

နောက်ထပ်များမေးမိလျှင် ဒီအဖေနဲ့ဒီအစ်မကို ကိုယ့်ဘဝနဲ့ကိုယ်ပဲ လို့များ ပြောဦးမလား။

ဖြစ်နိုင်ချေက ရာနှုန်းပြည့် ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၁)

"မောင်လေးတစ်ယောက်တည်းမဖြစ်ဘူး၊ မန်နေဂျာမျိုးဇော်ကို ခေါ်သွား"

"မခေါ်ဘူး၊ မမ စိတ်အေးလက်အေးနေပါ၊ ကျွန်တော်က ရန်ဖြစ်ဖို့သွားတာမဟုတ်ဘူး"

"မဟုတ်ပေမယ့် မင်းရဲ့လေသံ၊ အမူအရာတွေနဲ့ မဖြစ်ဘူး"

ပြောရင်း ပန်းတော်ဝင်က သူ့နားလျှောက်လာသည်။ ပြီးတော့ ဘယ်ဘက်ပါးရိုးထက်မှာ ညိုနေဆဲရှိသည့်ဒဏ်ရာကို မော့ကြည့်၏။

"ဟိုကလဲ စိတ်ဆတ်တဲ့သူ၊ မင်းနဲ့ ..."

"ကျွန်တော် ပြောပြီးပြီ၊ ဘာမှမဖြစ်စေရဘူးလို့"

သမား က ခါးပတ်သော့ကိုသေချာချိတ်လိုက်ပြီး ဟန်းဖုန်းကိုဘောင်း ဘီအိတ်ထဲထည့်သည်။ ပြီးတော့ ကားသော့ကိုကောက်၏။

"မောင်လေး"

ပန်းတော်ဝင် က သမား သော့ကောက်လိုက်သည့်လက်ပေါ် ကနေဖိအုပ်ထားကာ ...





"အလွန်နဲ့ အရင်ဆုံးဆွေးနွေးကြည့်ပါ၊ မောင်လေးရယ်၊ မင်းက တလေးတစားပြောမှာပါ ဆိုပေမယ့် နိုင်ငံ က ကောင်းကောင်းမွန်မွန် တုံ့ပြန်မှာမဟုတ်ဘူး၊ ရိုင်းတဲ့လူစားမျိုးမဟုတ်ရင်တောင်မှ နမရှင်ဖြစ်တဲ့ အစ်ကိုမောင် ဆိုတာ ဒီလိုကိစ္စမျိုးမှာ အလွယ်တကူကြည်ဖြူတာ နည်းတယ်"

ဘယ်လိုတားလို့မှမရပါ။ သမား က ကားပေါ်ဖွတ်တက်၍ မောင်းထွက်သွားသည်။

"မမ ဖေဖေ့ကို ဘာမှမပြောနဲ့ဦးနော်"

ဟု လှမ်းအော်ပြောသံက ကားနောက်မှာကျန်ရစ်၏။ အထူးတလည်ပြောသွားကာမှ သတိရသည်။ ဖေဖေ့ဆီကို ဆက်ဖို့မဟုတ်ပါ။ နိုင်ငံ ကိုဖြစ်၏။

သွေးထွက်သံယိုဖြစ်ခဲ့ကြတဲ့ ပြဿနာတွေရှိခဲ့တဲ့ဟာ သူမ ဘယ်လိုလုပ်ပြီး အေးအေးဆေးဆေး ထိုင်နေလို့ရမလဲ၊ တကာယ်တမ်း ဖုန်းဘေးနားပြန်ရောက်လို့ ဆက်ဖို့ပြင်တော့လည်း စိတ်ထဲမှာ လေးနေပြန်သည်။ ထိုစဉ် ...

"မမ သဲ ခဏဝင်ခဲ့မယ်နော်"

စာရင်းစစ်မန်နေဂျာ မေသဲ့အသံကို ကြားလိုက်ရသဖြင့် ...

"အင်း ဝင်ခဲ့လေ မေသဲ"

မေသဲ က စာရင်းဖိုင်အတွဲလိုက်ကိုပိုက်၍ ဝင်လာသည်။ အလုပ်တစ်ခုက မပြီးသေးဘဲ တစ်ခုက ရှေ့ရောက်လာသဖြင့် ပန်းတော်ဝင် စိတ်ညစ်သွား၏။

"ဂျာကြီး မရှိဘူးလား မေသဲ၊ တို့က ပွဲရုံမှာထိုင်တာမှမဟုတ်တာ၊ ဒီအသေးအမွှားလေးတွေကို ညီမတို့ပဲ စစ်လိုက်လို့ရတယ်လေ၊ မမတို့ ရှိနေတယ်ဆိုပြီး ရှိသမျှစာရင်းအင်းတွေ စုဆောင်းတင်ပြစရာမလိုဘူး၊ တို့တွေ လိုအပ်မှ တိုင်ပင်ဆွေးနွေးကြလို့ရတယ်"



www.burmeseclassic.com

"ရှင် ဟုတ်ကဲ့ မမ"

ပန်းတော်ဝင် တည်ငြိမ်အေးချမ်းတာကို အားလုံးသိပါသည်။ ထို့ပြင် ဦးကြည်ဖင်၏ ရှည်မှန်းသေသပ်သော အုပ်ချုပ်ဆက်ဆံရေးကလည်း နာမည်ကြီးပဲဖြစ်၏။

အမြို့မြို့ အနယ်နယ်မှာရှိသမျှ လုပ်ငန်းအားလုံး၏ ဝန်ထမ်းအသီးသီးကလည်း မမှန်မကန် မရိုးသားတဲ့သူ နည်းပါသည်။ မေသဲက ပြုံးပြုံးလေး ထိုင်နေရင်း ပန်းတော်ဝင်ကိုပဲ ကြည့်ကာ ...

"မမက သိပ်ချစ်စရာကောင်းတာပဲ"

"ဟင် ..."

ဘာမှမဆိုင်သလိုပါလား။ မေသဲ ကို အံ့ဩသလိုလေးပြန်ကြည့်၍ ပန်းတော်ဝင် ကြောင်အမ်းအမ်းဖြစ်သွားသည်။ မေသဲက သွားတွေပေါ်အောင်ပြုံးလိုက်ပြီး ဖိုင်တွေကိုရင်ခွင်ထဲမှာ ထည့်ပိုက်၍ ...

"မမကို သဲ က မြှောက်နေတာမဟုတ်ပါဘူး။ ကိုယ်လုံးလေးလဲ အရမ်းလှတယ်၊ ဆံပင်ရှည်ကြီးနဲ့ ယဉ်တယ်၊ မျက်နှာလေးကတော့လဲ လိုက်ဖိတုန်ခါသွားအောင်လှနေတာမျိုးမဟုတ်ဘဲနဲ့ ဆွဲဆောင်မှုရှိတယ်၊ ပြီးတော့ လေ မမ် စကားပြောတာလေးက လေးလေးချွဲချွဲလေးရယ်၊ ချွဲတယ်ဆိုတာ ချွဲပျစ်ပြောတာမျိုးမဟုတ်ဘဲနဲ့ ကရုဏာသံလေးမျိုးပေ့ါ၊ မမက စကားပြောတတ်တော့ စကားနဲ့စည်းရုံးနိုင်စွမ်းရှိတဲ့သူလဲဖြစ်ပြန်ရော"

"မေသဲရယ် အဲဒါတော့ မဟုတ်ဘူးထင်တယ်နော်၊ တို့ ဘယ်လိုပြောပြော ဘယ်လိုမှကို ပြောဆိုမနိုင်တဲ့ မောင်လေးကတော့ ..."

"မမကလဲ ဒါက မဆိုင်ပါဘူး၊ ကိုမား က ရန်ကုန်ကိုရောက်လာပြီဆိုသူ့မှာ ဒီမှာလဲ အပေါင်းအသင်းတွေရှိနေတာပဲ၊ ရောက်တာနဲ့ ဒီလိုပဲ လွတ်လွတ်လပ်လပ်နေတာ၊ မမကျတော့ အဝေးပြေးဝင်းထဲမှာနေလိုက်၊ ပွဲရုံတွေဆီ လာလိုက်၊ အစ်မနဲ့မောင်ငယ် ဆိုတဲ့ သရုပ်ကတော့ ဒီလိုပဲလေ၊





ဟို ... သဲ ပြောချင်တာက ..."

ဟု ဆိုပြီး ဖျတ်ခနဲ မျက်နှာလွှဲသည်။ ပြီးမှ ပြန်လှည့်လာကာ ...

"မမနဲ့ 'တိုင်းနိုင်ငံ'က သူဌေး ..."

မေသဲ စကားရပ်သွားသည်က ပန်းတော်ဝင်၏ မျက်နှာလေး ပျက်သွား၍ဖြစ်၏။

"မမ ကိုမား က 'တိုင်းနိုင်ငံ'သူဌေးရဲ့ညီမနဲ့ ချစ်နေကြတာဆို"

"မေးလေ၊ ဘာမေးမလို့လဲ"

"ဂျာကြီးတို့ပြောနေသံကြားလို့ပါ၊ 'တိုင်းနိုင်ငံ'က မောင်နှမက နာမည်ကြီး မမရဲ့"

"ဟင် ... ဘာနာမည်ကြီးတာလဲ"

"ညီမက အရမ်းလှတယ်၊ အစ်ကိုက ချောတယ်လေ၊ ပြီးတော့လဲ ချစ်မယ့်သူတွေ ဝိုင်းဝိုင်းလည်နေတာကို လုံးဝ ဂရုမစိုက်ခဲ့တော့ အဲဒါက ဘက္ကသိုလ်မှာကတည်းက နာမည်ကြီးတာလေ၊ သူ့အစ်ကိုကလဲ လုယ် စီးပွားရေးလုပ်ငန်းရှင်ဆိုတော့ ချောတာ၊ တည်တာတွေနဲ့ အထက်ပါ အရည်အချင်းများအရ ဒီလိုပဲပေ့ါ"

မေသဲ ပြောပုံကြောင့် ပြုံးမိတော့မလိုဖြစ်သွားပေမယ့် ဖြစ်နေခဲ့ကြသည့်ပြဿနာတွေကို သတိရလိုက်သဖြင့် ပန်းတော်ဝင် မျက်နှာလေး ညိုသွားသည်။

"မမကို အဲဒါပြောချင်တာ သိလား။ သူတို့မောင်နှမနဲ့ မမတို့မောင်နှမ ခုလို ..."

"မဟုတ်တာတွေ မေသဲရယ်၊ မောင်လေးက 'နွေအလွန်'နဲ့ ချစ်သူတွေပါ၊ တို့က ..."

"မမကို သူဌေး သဘောကျနေတာဆို၊ မမတို့ကို ရွှေတိဂုံဘုရားခြေတော်ရင်းက အအေးဆိုင်ထဲမှာ ဂျာကြီးတို့က မြင်ခဲ့တာ၊ 'တိုင်းနိုင်ငံ'

www.burmeseclassic.com



သူဌေး ဖါတို့သူဌေးကို ပစ်ခတ်ကြွနေပြီ ခဏလေး လှမ်းမြင်လိုက်တာနဲ့ သိသာတယ် တဲ့"

ပန်းတော်ဝင် အံ့သြသွားသည်။ ကမ္ဘာကြီးက ကျဉ်းတာလား၊ ရန်ကုန်မြို့က ငယ်နေတာလား၊ တစ်ခါတလေ ဆုံဖြစ်သွားတာတောင် ကိုယ့်ကို သိတဲ့လူတွေရဲ့ မျက်လုံးတွေနဲ့ မလွတ်ပါလား။ လူမသိ သူမသိ ဖုံးကွယ် စရာများ လုပ်ထားမိရင် ဘယ်လိုလုပ်မလဲ။

"မမရယ် ကိုမားတို့ကိုလဲ လက်ထပ်ပေးလိုက်ပါ၊ မမလဲ အဲဒီသူဌေး ကို ရွေးချယ်လိုက်ပါ၊ အရမ်းကိုဖြစ်သင့်ဖြစ်ထိုက်နေတာကို၊ အားလုံးကလဲ ဒီလိုပဲ ..."

"အားလုံး ဟုတ်လား"

"ဟုတ်တယ်၊ မေသဲတို့ပွဲရုံကဝန်ထမ်းတွေ အကုန်လုံး သိတယ် အားလုံးက အဆင်ပြေစေချင်ကြတယ်လေ၊ ဒီထက်ပိုလိုက်ဖက်တာများ ရှိသေးရှို့လား"

မလိုက်ဖက်တာတွေကို သူတို့ မသိကြပါလား။ မေသဲ ပြန်ထွက်သွား တော့ စိတ်က ပိုပြီးနောက်ကျိလာသည်။ မောင်လေးနဲ့ အလွန် ပေါင်း ကြရဖို့ကလည်း မသေချာသည့်ဘက်မှာ ခုနစ်ဆယ်ရာခိုင်နှုန်း ရှိနေ၏။ နိုင်ငံ နဲ့ ကိုယ်ကရော ဘာဆိုင်ခဲ့လို့လဲ။

လူသိရှင်ကြားတွေဖြစ်ခဲ့ရသည့်အတွက် ရင်ထဲမှာ မကောင်းနိုင်တော့ ပေ။ ဒါတွေ ဖေဖေ သိရင် ဘယ်လိုနေရှာမလဲ။ ဖေဖေ့ကိုပဲ အလုံးစုံဖွင့်ဟပြီး ပြောလိုက်ရမလား။ နိုင်ငံကိုပဲ ခြေသလုံးဖက်တောင်းပန်ရတော့မည်လား။

ဖုန်းကိုင်လိုက်မိတော့ နိုင်ငံ့ ဆီကိုဖြစ်သွားခဲ့၏။

ခုလောက်ဆို မောင်လေး ရောက်သွားပြီလားမသိ။ နေရာတကာ ဝင်ပြော၊ ဝင်ပါနဲ့ မကောင်းပေမယ့် ဟိုဘက်မှာ သူက သူ့ညီမဖြစ်သလို ဒီဘက်မှာလည်း ကိုယ့်မောင်လေးဖြစ်နေသည်။





ပြီးတော့ ကိုယ်က ယောက်ျားလေးရှင် ...။

သူနဲ့ကိုယ် ပတ်သက်ခဲ့ဖူးတာကိုဖယ်ထားပြီး ကိုယ့်ဘက်က စတင် ဆွေးနွေးတောင်းပန်ဖို့သင့်သည်ဟု ဆုံးဖြတ်ကာ ဖုန်းခေါ်ပြီး သူ့အသံကို နားစွင့်နေလိုက်၏။

"ဟလို"

"ကိုနိုင်ငံလားဟင်"

တစ်ဖက်က အသံခဏတိတ်သွားကာ ...

"ပန်းတော်ဝင်"

နာမည်သုံးလုံးကို ခေါ်ပုံက ကမ္ဘာမကျေ ရန်သူတော်တစ်ဦးကို မမြင် ချင်ဘဲမြင်၊ မတွေ့ချင်ဘဲတွေ့လိုက်ရတာမျိုး။ ဒါမှမဟုတ် အသံတောင်မှ မကြားချင်တော့တာမျိုးလား။

ကိုယ့်မှာတောင် အမျက်ဒေါသမကျန်ခဲ့ပါဘဲ တကယ်ဆို သူ ဒီ လောက်ထိဖြစ်မနေသင့်ပါ။

"ကိုနိုင်ငံ ... ရှင်နဲ့ကျွန်မ သားရှင်နဲ့ သမီးရှင်လိုပဲ နေရအောင်ပါ၊ ကလေးနှစ်ယောက်အတွက် ..."

"ပန်းတော်ဝင် ... မင်းပြောချင်တာ ဘာလဲ"

"ကျွန်မမောင်လေး ရှင့်ဆီကိုပြန်သွားတယ်၊ အဲဒါ ကျွန်မ စိတ်ပူလို့ပါ၊ ပြဿနာရှိထားတာကို ခဏလေးမေ့ထားပြီး သူတို့ချင်း ဆွေးနွေးခွင့် တော့ ပေးလိုက်ပါနော်"

"ပန်းတော်ဝင်"

"ခဏနေပါဦးရှင်၊ ကျွန်မ ပြောတာကို နားထောင်ပါဦး။ ရှင့်ကို ကျွန်မ တို့မောင်နှမဘက်က မလေးစားတာ၊ ပမာမခန့်တာ၊ စိန်ခေါ်တိုက်ခိုက် ချင်တာတွေ ဘာမှမပါဘူး။ အဲဒါကို ယုံကြည်ပါ၊ သူက သူ့ချစ်သူကို ခွဲခွာ မခံနိုင်တာတစ်ခုပဲဖြစ်သလို ကျွန်မက မိုက်ရူးရဲဆန်ဆန် မောင်တစ်

www.burmeseclassic.com



ယောက်ကို တင်းတင်းကျပ်ကျပ် တားဆီးပိတ်ပင်မထားနိုင်ခဲ့တဲ့ အစ်မ နေရာမှာပါ။ အားလုံးထဲမှာ ရှင့်ကို တိုက်ခိုက်ဖို့လက်နက်တစ်စုံတစ်ရာ စုဆောင်းထားခဲ့တာ ဘာမှမရှိဘူး။ အဲဒီတော့ မောင်လေး ရောက်လာရင်..."

"တော်ပြီ တော်ပြီ မင်းပါးစပ်ကိုပိတ်ပြီး အခု ဆေးရုံကိုပဲ မင်း လိုက်သွားလိုက်"

"ဟင် ... ဘာဖြစ်လို့လဲ"

စကားမဆုံးခင် နိုင်ငံ က ပြောလိုက်တော့ ပန်းတော်ဝင် အံ့သြသွား၏။ ဘာမှန်းမသိသေးဘဲ တစ်စုံတစ်ရာသောအာရုံကြောင့် ကိုယ်ထဲမှာ ဖျင်းခနဲဖြစ်သွား၏။ ထိတ်လန့်စိတ်တွေ အလိုလိုဖြစ်လာကာ ...

"ရှင် ပြောလေ"

"မင်းမောင် ခေါင်းကွဲပြီး ဆေးရုံရောက်သွားတယ်"

"ဘယ်လို ... ဘာဖြစ်တယ်"

ဖုန်းကိုင်ရင်း ဖျတ်ခနဲထရပ်ကာ ချက်ချင်း တုန်ယင်လာသည့်လက်က ဖုန်းကို ဟိုဘက်၊ ဒီဘက် ပြောင်းကိုင်လိုက်တာတောင် ဖိဆုပ်ထားမိသေးသည်။

"ရှင် ... ရှင် ဘာလုပ်လိုက်တာလဲ"

"ဘာလုပ်စရာရှိလို့လဲ၊ သူ့စရိတ်နဲ့သူသွားတာ၊ ကိုယ့်ညီမတောင် အဆစ်ဝါသွားသေးတယ်၊ သွေးထွက်သံယိုတွေဖြစ်လာတော့ အိမ်ထဲမှာ ပဋ္ဌာမြေလူးပုံဖြစ်နေလို့ သွားလိုက်တော့လို့ပြောလိုက်တယ်"

"ရှင်... ရှင် တော်တော် ရက်စက်တဲ့လူ၊ ရှင့်လိုလူကို ... တောက်... ကျွန်မ နုလာမယ်"





## အခန်း (၃၂)

စိတ်လှုပ်ရှားတိုင်း စတီယာရင်ကို ဖိဆုပ်ထားမိသဖြင့် ကားမောင်းနေရတာ အဆင်မပြေဖြစ်လာသည်။ အံကြိတ်နေမိရင်း မျက်ရည်ကြောင့် မြင်ကွင်းက ခဏခဏ မှုန်ဝါးသွား၏။

တောက် ...

နိုင်ငံ ...၊ ရှင်က အဲဒီလိုလူလား၊ ရှင့်ရင်ထဲကခံစားချက်တွေက ဒီလို ခံစားချက်မျိုးတွေလား။ ရင်ထဲမှာ နာသင့်တာထက် ပိုနာသွားသည်။ အံ့သြသင့်တာထက်လည်း ပိုသည်။

ကိုယ့်အပေါ် မှာ ချစ်ပါရစေ၊ ကြင်နာလိုပါသည်ဆိုတာမျိုး တောင်းဆိုမလာခဲ့သေးပေမယ့် သူ ရင်ဖွင့်ခဲ့ပြီးပြီ၊ ခေါင်းညိတ်ခဲ့တာမဟုတ်သော်လည်း ကိုယ်က လက်ခံထားခဲ့ပြီးဖြစ်သည်။ ချစ်ခြင်းမေတ္တာ ဆိုတဲ့ ခံစားချက်ကို သင်း က စာနာမပေးနိုင်ဘူးတဲ့လား။

www.burmeseclassic.com



သူ့ညီမနဲ့ ကိုယ့်မောင် လက်ထပ်ကြမည်ဆိုရင်ရော ဘယ်လောက်ထိ အနိမ့်အမြင့်ကွာခြားနေလို့လဲ၊ မတူညီမှု နစ်နာမှုတွေ ဘယ်ဘက်မှာ ရှိနေနိုင်လို့လဲ။

မျက်နှာကိုတည့်တည့်ကြည့်ပြီး လက်ညှိုးထိုးမေးချင်သည်။ ရင်နှင့်မဆံ့ဖြစ်လာသော နာကျင်မှုတွေ ကျပ်သိပ်ကာ ခဏခဏတက်ခေါက်မိလေသည်။

မောင်လေးကို သူက လူမိုက်တွေနဲ့ဝိုင်းရိုက်ခိုင်းပြီး ခြံထဲကဆွဲထုတ်ခိုင်းလိမ့်မည်။ 'နွေအလွန်'က မကြည့်ရက်တော့ မောင်နှမ အဆင်မပြေဖြစ်ကုန်ကာ နောက်ဆုံးမှာ လိုက်သွားတော့လို့ ဖွင့်ပေးလိုက်ရတာမျိုးပဲ ဖြစ်ပေမည်။

ရှင် သိသွားပြီပေါ့။ အချစ်ဆိုတာ သူ့အင်အားနဲ့သူ ရှိနေတာ ရှင်တတ်နိုင်တဲ့လူသူ လက်နက်အင်အားတွေနဲ့ ဘာလုပ်မလဲ။

မျက်ရည်မကျအောင်ထိန်းချုပ်နေရတာ လည်ချောင်းနဲ့ရင်ဘတ်တွေမှာဆို့ကျပ်လာ၏။ မျက်တောင်တွေ တဖျပ်ဖျပ်ခတ်ထုတ်နေရင်း မျက်ဝန်းတွေအောင့်လာသည်။

မီးပွိုင့်တွေ ခဏခဏမိနေသဖြင့် လောကြီးနေသည့်စိတ်က ဆေးရုံကြီးဘက်ကို အလျင်စလိုကွေ့ချပစ်လိုက်မိ၏။ ထိုစဉ် ...

"ဟင် ... အား ..."

"ဂျိုး ... ဒုန်း"

မျက်နှာချင်းဆိုင်ကြီးတိုက်ပစ်လာသည့်ကားကို ကမန်းကတန်း တိမ်းရှောင်လိုက်ပေမယ့် ချိတ်မိသွား၏။ ပြီးတော့ တစ်ဖက်က ပလက်ဖောင်းအုတ်တန်းကို ဒုန်းခနဲပစ်ဆောင့်ရွေသည်။

ရင်ဘတ်ထဲမှာ စူးခနဲအောင့်သွားသည်။ ခေါင်းတစ်ခုလုံး ပွင့်ထွက်သွားပြီထင်၏။





တဝင်းဝင်းလည်ဝတ်နေသော ရောင်စုံစက်ကွင်းကြီးက ပြာသွားလိုက်၊ နီသွားလိုက်၊ အစိမ်းရောင်၊ အဝါရောင်တွေမျိုးစုံသွားပြီးမှ နောက်ဆုံးမှာ မှောင်အတိနှင့် ပြီးဆုံးသွားသည်။

ထို့ကြောင့် ပန်းတော်ဝင် စတီယာရင်ထက်မှ တအိအိ ခွေခေါက်ပြိုကျလျက် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"မောင်လေး"

"ဟိတ် ..."

"နိုင်င် ... ရှင် ကျွန်မမောင်လေးကို မလုပ်နဲ့ မလုပ်နဲ့နော်"

"ပန်းတော်ဝင်"

ရှုးရှူးဝါးဝါး ထ,အော်တော့ လက်မောင်းလေးကို ဖိဆုပ်ထားလိုက်သည်။ နောက်ထပ် ဗလုံးဗထွေးတွေ ပြောနေတော့လည်း မျက်လုံးတွေ မဖွင့်သေးပါ။

"ဒေါက်တာ ..."

နိုင်င် က ဒေါက်တာ့မျက်နှာကိုကြည့်သည်။ ဘေးမှာ သူနာပြုတွေလည်း ရှိနေကြ၏။

တစ်ဖက်ကနေ သူနာပြုတစ်ယောက်က ပန်းတော်ဝင် ထ,ထိုင်လိုက်မှာစိုးသဖြင့် နိုင်င့် လိုပဲ လက်မောင်းလေးကို ဖိထားပေးသည်။





အားလုံးက လိုအပ်သလိုလှုပ်ရှားလုပ်ကိုင်နေကြတာဖြစ်သည်။ ဒေါက်တာက နိုင်င့်ကို စိတ်မပူပါနဲ့ဟု အားပေးသောအပြုံးနှင့်ကြည့်ကာ..

"သူ သတိရလာပြီ၊ နှိုးကြည့်ပါဦး"

နိုင်င် က ပန်းတော်ဝင်မျက်နှာလေးကို ငုံ့မိုးကြည့်လျက် ...

"ပန်းတော်ဝင်"

နောက်ထပ်မခေါ်ရသေးဘဲ ပန်းတော်ဝင်၏မျက်တောင်ဖျားလေးတွေ လှုပ်လှုပ်ခတ်ခတ်ဖြစ်လာသည်။ သိပ်မကြာလိုက်ဘဲ မျက်ဝန်းတွေပါ ပွင့်လာပြီး ...

"မောင်လေး၊ ဟင် ... ရှင် ..."

ဟိုဒီဝေ့ကြည့်ပြီး နိုင်င့် ကို မြင်လိုက်တာနှင့် မျက်နှာလေး ညိုမှောင်သွားသည်။ နှုတ်ခမ်းကိုဖိကိုက်ကာ ချက်ချင်းထ,ဖို့ ပြင်၏။

"အို... သမီး ထလို့မရသေးဘူး ခေါင်းမှာ ဒဏ်ရာရှိတယ်လေ"

"မထနဲ့ဦး ညီမလေး၊ ငြိမ်ငြိမ်လေးနေ"

ဆရာဝန်နှင့် သူနာပြုတွေ ပျာပျာသလဲဖြစ်ကုန်သည်။ နိုင်င် က မျက်မှောင်ကြုတ်ထားလျက်ရှိကာ သူ ဆုပ်ကိုင်ထားသည့် ပန်းတော်ဝင်လက်ကလေးကို လွှတ်လိုက်၏။

သူမကလည်း ဆတ်ခနဲရုန်းကာ မသတီသလို လက်ကိုပုတ်ခတ်ခါချသည်။

"ရှင်က ဘာဖြစ်လို့ ဒီရောက်နေတာလဲ၊ ကျွန်မမောင်လေးရော၊ ကျွန်မမောင်လေး ဘယ်လောက်ထိ အခြေအနေဆိုးသွားသလဲ၊ မဖြစ်ဘူး၊ ကျွန်မ သွားမှဖြစ်မှာ၊ ဒေါက်တာ ဒီပိုက်တွေ၊ အပ်တွေ ဖြုတ်ပေးပါ၊ ကျွန်မ သွားပါရစေ"

"သွားလာဖို့မပြောနဲ့ ထထိုင်ဖို့ကို မသင့်သေးဘူး သမီး၊ သွေးထွက်လွန်လို့ သွေးသွင်းထားရတာ၊ စိတ်အေးအေးထားပြီး ခဏလေးနားလိုက်

www.burmeseclassic.com



ပါဦး"

ဒေါက်တာက ပြောပြီးသည်နှင့် သူနာပြုလေးနှစ်ယောက်ကို လိုအပ်တာတွေ ညွှန်ကြားခဲ့ပြီး ထွက်သွားသည်။

ပန်းတော်ဝင် မျက်ဝန်းတွေက နိုင်ငံ့ ဆီမှာ ...

"နိုင်ငံ ... ရှင် ကျွန်မရဲ့ ..."

"မင်း ဘာတွေပြောနေတာလဲ၊ ကိုယ်က ..."

"မပြောနဲ့ မပြောနဲ့ ရှင့်အသံကို လုံးဝ မကြားချင်ဘူး၊ ဒါ ဘယ်နေရာလဲ၊ ကျွန်မမောင်လေး ဘာဖြစ်သွားပြီလဲ"

သူနာပြုဆရာမလေးကို လှည့်မေးတော့ သူမက နိုင်ငံ့ ကို တစ်ချက်လှမ်းကြည့်လိုက်ကာ ...

"ညီမရဲ့မောင်လေးကို တို့ မသိဘူး၊ ဒါက ..."

သူနာပြုထံမှ မျက်ဝန်းတွေက နိုင်ငံ့ ဆီပဲပြန်ရောက်သွားခဲ့၏။ နိုင်ငံက ဘာမှမပြောမဆိုချင်တော့သည့်မျက်နှာနွမ်းနွမ်းနှင့် ရှိပေမယ် ...

"သူတို့က ဆေးရုံမှာ၊ ရိုက်မှုဖြစ်တာဆိုတော့ အပြင်ဆေးခန်းမှာ အရေးပေါ် ပြေးတင်ဖို့က ခက်တယ်"

"အဲဒါ ရှင်ပဲလေ၊ ရှင် ရက်စက်တာ၊ ခွေးကိုရိုက်ချင်ရင် ခွေးရှင်မျက်နှာကိုတော့ ကြည့်ဖို့ကောင်းပါတယ်၊ တကယ်ပါ၊ ရှင့်ကို ကျွန်မ အဲဒီလောက် သွေးအေးရက်စက်မယ် မထင်ခဲ့ဘူး"

နှုတ်ခမ်းသားလေးတွေတုန်နေတာကို ခပ်ဖိဖိကိုက်ထား၏။ မျက်ခမ်းစပ်လေးတွေ နီရဲကာ မျက်ရည်တို့က နာသာယ်စပ်မှစီး၍ ဆံနွယ်များကြားမှာ ပျောက်ကုန်သည်။

"မင်းရဲ့မောင်ကို ကိုယ်ရိုက်တာလို့ မင်းထင်နေလား ပန်းတော်ဝင်"

"အတူတူပဲလေ၊ ငါးကိုသတ်ရင် ငရုံကြီးမှာစိုးလို့ လက်ညှိုးထိုးပြပြီး ငါးသည်ကိုသတ်ခိုင်းတာ"





နိုင်ငံ မျက်လုံးစုံမှိတ်ပစ်ကာ မျက်နှာလွှဲ၏။ ပြီးတော့ နေရာမှထ,ရပ်လိုက်ရင်း ...

"လုပ်ပါ၊ မင်းထင်တာတွေ အားလုံးဟုတ်တယ်၊ နောက်ထပ် စိတ်ချမ်းသာသလို ဆုံးဖြတ်လိုက်ဦး"

ဟု ပြော၍ သူနာပြုဘက်ကိုလှည့်ကာ ...

"အစစ အားလုံးပြည့်စုံအောင် လုပ်ပေးလိုက်ပါ ဆရာမ၊ ကျွန်တော် မနက်ဖြန်ကျမှ တစ်ခေါက်လာကြည့်ပါ့မယ်"

"မလိုပါဘူး၊ ကျွန်မက ရန်ကုန်မှာ တစ်ကောင်ကြွက်ပေမယ့် အသိုင်းအဝိုင်းတွေရှိသေးတယ်၊ ရှင် ထပ်မလာပါနဲ့"

"ကောင်းပါပြီ"

ခပ်ငေါ့ငေါ့ပြောပြီး သူ လှည့်ထွက်ခဲ့သည်။ ထိုစဉ် တံခါးမှာ အလွှန်နှင့် ဆုံမိသွားကြ၏။ မောင်နှမနှစ်ယောက် တုံ့ခနဲရင်ဆိုင်မိသော်လည်း အလွှန် က အထဲကို မျက်ဝန်းလေးတွေ လွှဲပို့ရင်း ...

"ကိုကြီး မမပန်းတော်ဝင် ဘယ်လိုနေလဲဟင်"

မျက်နှာကို တည့်တည့်မကြည့်ရဲဘဲ မရဲတရဲမေးသည်။ သမား တစ်ယောက် အမူး၏အလယ်မှာ သွေးထွက်သံယိုဖြစ်နေပြီဆိုတာ သိသည်နှင့် ကိုကြီး တင်းကျပ်တားဆီးနေသည့်ကြားမှ သူမ ဖွတ်ထွက်ခဲ့သည်။

သမား ကိုပွေ့ထူ၍ ဆေးရုံအရောက်ပို့ပေးခဲ့၏။ တစ်နေ့တည်းမှာ မောင်နှမနှစ်ယောက်စလုံး ဒီလိုဖြစ်သွားတာကို ဘယ်လိုမှမယုံနိုင်အောင်ပင်။

ပို၍ထူးဆန်းသည်က ပန်းတော်ဝင်ကို ကိုကြီးကိုယ်တိုင် ဆေးခန်းပို့ပေးခဲ့ခြင်းဖြစ်၏။

ဘာမှပြန်မဖြေဘဲ နိုင်ငံ ရှောင်ထွက်သွားမှ အလွှန် အထဲကိုဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ"

ဘေးမှာဝင်ထိုင်ပြီး ပန်းတော်ဝင် လက်ဖဝါးလေးကိုဆုပ်ကိုင်လိုက်မိ၏။ ပြောရမည်ဆိုလျှင် ဒီမောင်နှမ ခုလိုဖြစ်ကြရတာ သူ့မကြောင့် ဖြစ်သည်။

သမား ကို ဆေးရုံပို့ပြီးကုသစဉ် သမား သတိရလာတုန်း ကိုကြီးဆီက ဖုန်းဝင်လာ၏။ သူ့ရှေ့မှာပဲ ပန်းတော်ဝင် ကားအက်ဆီးဒင့်ဖြစ်လို့ အနီးဆုံးဆေးခန်းမှာ တင်ထားရကြောင်း ကြားရတော့ မျက်လုံးပြူးသွားမိ၏။

သမား ကလည်း ခေါင်းမှာပတ်တီးနှင့် လက်ဖျံရိုးနည်းနည်းထိခိုက်မိသည်။ သိပ်ဆိုးဆိုးရွားရွားကြီးမဟုတ်ပေမယ့် သူ့အစ်မသတင်းကို ရုတ်တရက်မပြောရဲသေးဘဲ စိတ်ချရလောက်သည်ရှိမှ ထားခဲ့ပြီး ဒီဘက်ကို ပြေးလာခဲ့ရသည်။

ပန်းတော်ဝင်မျက်နှာလေးက ပျော့ပျောင်းခြင်းမရှိပါ။ ဒါပေမယ့် အလွန့် ကိုတော့ တင်းမာစွာဆက်ဆံခြင်းမရှိပေ။

မျက်မှောင်ကြုတ်လေးနှင့် လှမ်းကြည့်နေပြီး …

"မောင်လေး ဘာဖြစ်သွားတာလဲ"

"သမား က မစိုးရိမ်ရတော့ဘူး မမ၊ ခေါင်းနဲ့လက်မှာ ဒဏ်ရာတွေရှိပေမယ့် ပြင်းပြင်းထန်ထန်မဟုတ်ပါဘူး။ မမ ကိုယ့်ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ၊ ကိုကြီးကလဲ အလွန့် ကို …"

"မင်းရဲ့အစ်ကို သိပ်ရက်စက်တယ် အလွန်၊ သူ့အကြောင်း ထည့်မပြောပါနဲ့"

"မမရယ် ကိုကြီးက ခွင့်ပြုပေးလိုက်တာပါ၊ တကယ်ဆိုရင်လေ ကိုကြီးအစက ခါးခါးသီးသီးဖြစ်ခဲ့တာ …"

ပြောရင်း ပန်းတော်ဝင်ကို အားနာသလိုလေး ပြန်ကြည့်၍ …





"မမကို ငဲ့ညှာလိုက်တာလဲပါတယ် သိလား"

"မဆိုင်တာတွေ"

"ဆိုင်တယ် မမ၊ သမား ခြံရှေ့မှာ ပြဿနာတွေဖြစ်နေတော့ ထွက်တွေ့ပါရစေလို့ ကိုကြီးကိုတောင်းပန်ရင်း အလွန် ငိုခဲ့ရတယ်၊ ကိုကြီးက ခေါင်းညိတ်ပါတယ်၊ ဆေးရုံကိုပို့တဲ့အထိ ကိုကြီး စီစဉ်ပေးလိုက်တာ"

ပန်းတော်ဝင် မျက်မှောင်ကြုတ်သွားသည်။ ဘေးကသူနာပြုဆရာမလေးကလည်း ထွက်သွားမလို့ ခြေလှမ်းပြင်ပြီးမှ ပြန်ကြည့်၍ …

"ညီမရဲ့သွေးက အောဘီသွေးလေ၊ အရမ်းရှားတယ်၊ စောစောက ထွက်သွားတဲ့မောင်လေးနဲ့သွေးတူနေလို့ သူကလဲပေးတာနဲ့ ညီမကို သွေးသွင်းဖို့ကိစ္စ အဆင်ပြေသွားတာ၊ မဟုတ်ရင် အခြေအနေက အရမ်းဆိုးသွားနိုင်တယ်"

သူနာပြုက ပန်းတော်ဝင်နဲ့ နိုင်ငံ မပြေမလည်ပြောနေကြတည်းက ဒါကို ပြောပြချင်နေပုံရှိသည်။ သေချာရှင်းပြပြီးမှ အပြင်ထွက်သွား၏။

"ဟုတ်ပါတယ် မမရယ်၊ ကိုကြီးကို အထင်မလွဲပါနဲ့"

"အထင်လွဲတာမဟုတ်ဘူး အလွန်၊ မောင်လေးကို လူမိုက်တွေနဲ့ သူ ရိုက်လွှတ်လိုက်တာကို ဘယ်လိုလုပ် …"

"ဟင် … မဟုတ်ဘူး၊ မဟုတ်ဘူး"

ပန်းတော်ဝင် စကားမဆုံးခင် အလွန့် က ခေါင်းခါပြီး ပျာပျာသလဲ ငြင်း၏။

သူမ ဒီလိုထင်နေတာကိုလည်း အလွန့်အမင်းစိတ်မကောင်းဖြစ်သွားသည့်မျက်နှာလေးနှင့် …

"မမ အဲဒါကြောင့် စိတ်ဆိုးနေတာလားဟင်၊ သမား ခြံရှေ့ကိုရောက်နေတာ အလွန် တို့ သိတောင်မသိဘူး မမ၊ ရှေ့ကိုထွက်ခဲ့ဖို့ သူ ဖုန်းဆက်မှသိတာ၊ ကိုကြီးက မသွားရဘူးလို့တားတော့ အလွန် ဘာလုပ်ရမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အဲဒါ ခြံစောင့်က လာပြောမှ လမ်းထဲကလူငယ်တွေနဲ့ သမား ရန်ဖြစ်ပြီး ထိပ်ပေါက်ခေါင်းကွဲတွေဖြစ်ကုန်ကြပြီဆိုတာကို သိရတာ၊ အလွန် ငိုပြီး တောင်းပန်တော့ ကိုကြီး ခွင့်ပြုတယ်၊ ပြီးတော့ ကိုကြီးကိုယ်တိုင် ထွက်လိုက်လာပြီး သမား ကို ဆေးရုံပို့ဖို့ စီစဉ်ပေးခဲ့တာ"

ပန်းတော်ဝင် ဘဝင်မကျနိုင်သေးပါ။

"လူငယ်တွေနဲ့ သူက ဘာရန်ပြီးရှိခဲ့လို့လဲ၊ ညီမနဲ့ ..."

"မဟုတ်ပါဘူး၊ အလွန် နဲ့ မဆိုင်ဘူး၊ သမား ပြောပြတော့ ခြံတံခါးကို ကိုင်လှုပ်ပြီး သူ ခြံစောင့်ကိုလှမ်းခေါ် နေတုန်း နောက်ကနေ ခွေးဝင်ဆွဲတာတဲ့"

"ဟင် ခွေး ... ခွေးကိုက်မိသွားတယ်ပေါ့"

အလွန် က ခေါင်းခါပြလိုက်ပြီး ...

"သူက ကန်ထုတ်ပစ်လိုက်တော့ ခွေးက လွင့်သွားပြီး ချက်ချင်း ပြန်မထနိုင်ဘူးတဲ့၊ အဲဒီမှာ ခွေးနောက်ကပါလာတဲ့ ခွေးရှင်နဲ့ အဖော် နှစ်ယောက်က ဘာမပြော ညာမပြော ဝင်ရိုက်ကြတာတဲ့"

နှုတ်ခမ်းလေးတွေ ပွင့်ဟနေအောင် အံ့သြထိတ်လန့်နေသည့် ပန်းတော်ဝင် ကို အလွန် က ဘာမှဖြစ်မသွားသည့် နှစ်သိမ့်ပြုံးလေးနှင့် လက်ဖဝါးလေးကို ဖျစ်ဆုပ်လိုက်သည်။

"ဟိုထဲကနှစ်ယောက်လဲ တော်တော်နာသွားပါတယ်၊ တစ်ယောက်က သမား နဲ့ အတူတူ ဆေးရုံပေါ် ရောက်လာတယ်"

ပန်းတော်ဝင် က နှုတ်ခမ်းမမဲ့ဘဲ ဟွန့်ခနဲ အသံထွက်လျက် ...

"သူတို့ဘက်မှာ အမှုမကြီးအောင် တမင်လုပ်တာ၊ မောင်လေး အခု သတိရနေပြီလားဟင်"

"ဘာမှစိုးရိမ်စရာမရှိတော့ဘူး မမ၊ မမ ကားအက်ဆီးဒင့်ဖြစ်တာကို





သိသေးတာကလွဲရင် ကောင်းကောင်းထိုင်နိုင်၊ ပြောနိုင်နေပြီ"

စိတ်ထဲမှာ အေးသွားတော့လည်း ကြေးတစ်ခုက တင်ပြန်ပါပြီ။ နိုင်ငံကို သူမ အထင်လွဲကာ ရင့်သီးသောစကားလုံးတွေနှင့် ပစ်ပေါက်ခဲ့ပြီဖြစ်သည်။

"လုပ်ပါ၊ မင်းထင်တာတွေအားလုံး ဟုတ်တယ်၊ နောက်ထပ် စိတ်ချမ်းသာသလိုဆုံးဖြတ်လိုက်ဦး" တဲ့။

ပြန်သွားသည့်မျက်နှာတင်းတင်းကို မြင်ယောင်ကာ မျက်လွှာချရင်း သက်ပြင်းရှိုက်မိသည်။

တောင်းပန်ပါရစေဆိုရင်တောင် ခွင့်ပြုပါ့မလား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"အို ... ဘယ်ဖြစ်မလဲ သမား ရဲ့"

ဆွဲထားသည့်လက်ကို ပြန်ရုန်းလိုက်သဖြင့် သမား မျက်နှာပျက်သွာ သည်။ ခါတိုင်းဆို ဒီဘက်ကမရလျှင် ဟိုတစ်ဖက်က ဝါလာပြီးသားဖြစ်ေ ခုကျတော့ လက်တစ်ဖက်က သိပ်အနှာမပျောက်သေး။

ရှေ့မှာ သဲမဲနေတုန်း နောက်ကနေ ဝင်ရိုက်သဖြင့် အလျင်အမြ လှည့်ကာလိုက်ပေမယ့် ကာသည့်လက်ကို တျကျနနှ ထိသွားသည်။

သွေးထွက်သည့်ဒဏ်ရာက ဘာမှမဟုတ်တော့ဘဲ ဒီလက်က ခုချိ ထိ ဒုက္ခပေးနေတုန်း။

အလွန့် ကို နောက်ထပ်ဆွဲထားဖို့မကြိုးစားတော့ဘဲ ရှေ့ကနေ ဝိ ရပ်ထားလိုက်ကာ ...

"တို့နဲ့ တစ်ခါတည်းနေလိုက်ပါတော့ အလွန် ရာ၊ မင်းအစ်ကို ဒီကာ သဘောထပ်ကောင်းမှာမဟုတ်တော့ဘူး၊ ကိုယ် သိတယ်"





"ကလေးမှမဟုတ်တာ သမား ရဲ့၊ သူ ခွင့်ပြုထားလို့ပဲ သမား နေ ကောင်းတဲ့အထိ အလွန် ဝင်ထွက်သွားလာခွင့်ရနေတာပေါ့"

"မဆိုင်ဘူး၊ အဲဒါက လူနာမေးဖို့ခွင့်ပြုတာ၊ သူ့ခြံရှေ့မှာ ပြဿနာဖြစ် နေလို့ မကောင်းတတ်လို့ ကြည်ဖြူရတာ၊ ခင်းအစ်ကိုပုံစံကို မင်း မသိပေ ယ့် ကိုယ် သိတယ်၊ အခု မမကလဲ အထင်လွဲပြီး ဟိုပြော ဒီပြော ပြော လိုက်သေးတယ်၊ ကျွတ် ..."

"မဟုတ်သေးပါဘူး သမားရယ်၊ သမား ပြောတာ ဘာမှကိုမဖြစ်နိုင် တာ၊ ကိုကြီး အဲဒီလောက် သဘောထားမသေးဘူး၊ မမပန်းတော်ဝင် ကို စိတ်ခုသွားတာဖြစ်ချင်ဖြစ်မယ်၊ ဒါက သူကိုယ်တိုင် ချိုပွေ့ပြီး ဆေးခန်းပို့ ရစိုက်ခဲ့ရတာကို အထင်လွဲခံရတာကို၊ သမား နဲ့ အလွန့် ကို ခွင့်ပြုပေး လိုက်တာက သပ်သပ်"

သမား မကျေနပ်ပေမယ့် ဘာမှ ထပ်မပြောတော့ပါ။ အလွန့် လက် ဝါးလေးကို ဖျစ်ဆုပ်၍ စိုက်ကြည့်သည်။

"သိပ်ချစ်တာပဲ အလွန်၊ ဘာဖြစ်လို့ အဲဒီလောက်ချစ်သွားခဲ့မှန်း မသိ ဘူး၊ မရရင် သေလောက်အောင်ပဲ ပိုင်ဆိုင်ရမယ်ဆိုရင် ဘယ်လိုဖြစ်ဖြစ် ရင်ဆိုင်ချင်တယ်"

"သမား"

ပွဲရုံဆိုပေမယ့် ဒါက အိပ်ခန်းလေးဖြစ်သည်။ ပခုံးကို ပွေ့ဖက်လိုက် တော့ အလွန် အလန့်တကြားရုန်းမိရင်း နောက်ကိုလည်းဆုတ်၏။

"ဘာဖြစ်တာလဲကွာ၊ မရဘူး"

"သမားရယ် တစ်ယောက်ယောက်ဝင်လာရင် မြင်သွားမှာပေါ့၊ ပြီး တော့ ဒါ သမားရဲ့ အိပ်ခန်း"

"ဘယ်က ကိုယ့်အိပ်ခန်းရမှာလဲ၊ ဒါ နားနေခန်း၊ ကိုယ်တို့ရှိနေရင်လဲ ဘယ်သူမှ ဝင်မလာရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



သမား က လက်တစ်ဖက်တည်းနဲ့ပဲ အလွန့်ပခုံးလေးကိုဖက်၍ ရင်ခွင်ထဲမှာပွေ့ပိုက်သည်။ ပြီးတော့ နဖူးလေးကိုနမ်း၏။ ထို့နောက် ပါးပြင်နု လေးမှာ မြတ်နိုးစွာ ဖိနှစ်နမ်းရင်း ...

"ကိုယ်တို့ချစ်ရတာ ဘယ်လိုကြီးမှန်းမသိဘူးကွာ၊ ကိုယ်ကပဲချစ်ရပြီ ရည်းစားဟုတ်သလိုလို၊ မဟုတ်သလိုလို။ ပိုင်ရတော့မှာလား၊ ဆုံးရှုံး တော့မှာလား၊ ဘာမှလဲမရေရာဘူး။ ရှေ့ဆက်ဖို့ နောက်ဆုတ်ဖို့ကျတော့ ဆုပ်ကိုင်အားပြုစရာ လက်ထဲမှာ ဘာမှမရှိနဲ့ အဲဒါဘယ်လိုခံစားချက်မှန်း ကို မသိတော့ဘူး၊ မင်း ကိုယ့်မျက်စိအောက်က ပျောက်သွားတာနဲ့ ထာဝ ဝေးသွားရတော့မယ့်လူတွေလို ကိုယ်ခံစားရတယ်၊ ဘယ်လိုအချစ်တွေ လဲ၊ ဘယ်သူနဲ့မှမတူဘူးထင်တယ်၊ မင်းကို ကိုယ် သိပ်ချစ်တယ်"

သမား က အလွန့် မေးဖျားလေးကို မော့ယူပြီး တစိမ့်စိမ့်ကြည့်သည် ပြီးတော့ ရင်ခွင်ထဲမှာမြုပ်နေအောင်ဖက်ပြီး ဆံစများထဲမှာ သူ့မျက်နှာ ထိုးနှစ်၍ ...

"အားလုံး စိတ်အေးသွားရအောင် မင်းအစ်ကို ကို ကိုယ်ကိုယ်တိုင် တောင်းပန်တော့မယ်"

"မဟုတ်ဘူး သမား၊ သမား တောင်းပန်တာထက် မမနဲ့ကိုကြီး အဆင်ပြေသွားဖို့ပဲလိုတာ"

အလွန့် က သမား ရင်ခွင်ထဲကနေ မော့ကြည့်ပြီး ဆက်ပြောဖို့ကို အကဲခတ်သည်၊ ကိုကြီးနဲ့ မမတို့၏ တွယ်ငြိထားသည့် နှောင်ကြိုးတစ်မျှင် ကို သမား တမင်တကာ မသိချင်ယောင်ဆောင်နေတာလား။

ဒါဟာ သူ့အစ်မနဲ့ သဘောမကျနိုင်တာလား၊ မကျေနပ်ချက်တွေ ခုခံနေတာလား၊ ဘာဖြစ်ဖြစ် ကိုကြီးဘက်က အရင်လိုက်လျှောပေးခဲ့ တာပဲ။

"သမား"





"ဟင်"

"ကိုကြီးက မမပန်းတော်ဝင်ကို ချစ်နေတာ"

သမား မျက်မှောင်ကြုတ်သွားသည်။ ပြီးမှ ပြေကျသွားကာ ...

"ကိုယ် မသိဘူးလေ၊ ဒါပေမယ့် သူတို့ချင်း ပြေလည်ဖို့တော့ လွယ်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲဟင်"

"သူတို့ ပွင့်လင်းကြဖို့မှမလွယ်တာ၊ အထူးသဖြင့် မင်းရဲ့အစ်ကို က ..."

"အို ... သမားကလဲ ကိုကြီးက မာနမကြီးတတ်ပါဘူး၊ သမားနဲ့ အလွန့် တို့ရဲ့ပြဿနာတွေသာ ပေါ်မလာခဲ့ရင် သူတို့ နှလေးကိုဆို ချစ်နေ နိုင်တယ်၊ ကိုကြီးရဲ့ဒိုင်ယာရီကို အလွန့် ရှာပြီးခိုးဖတ်ထားတယ်၊ မမကို သူ ချစ်နေတာ သေချာပါတယ်"

အလွန့် ပြောတာကို သမား က နားထောင်နေသည်။ မမလည်း ဒီနေ့ ပဲ ပတ်တီးဖြေရသည်။ ဒဏ်ဖြစ်တာက သူ၊ သူ့ကြောင့်ဖြစ်သည်။ မမက ဒဏ်ရာပို၍ပြင်း၏။

သွေးလှူခဲ့တဲ့ အလှူရှင်ဟာ တိုင်းနိုင်ငံ ဖြစ်နေကတည်းက အဆင် ပြေဖို့သင့်နေပြီဖြစ်၏။ ဒါပေမယ့် ခုချိန်ထိ ဇာတ်ပေါင်းခန်းကိုမရောက်ဘဲ ရှိနေသည်။ ဘယ် သူ ဘာတတ်နိုင်မှာလဲ။

"အလွန့်ရယ် သူတို့ချင်း ရှင်းလို့မရတာတွေနဲ့ မင်းနဲ့ကိုယ် နောက်ထပ် ဝေးဖို့ဖြစ်လာရင် ..."

"ဘာမှဖြစ်ဖို့မရှိတော့တာကို သမားကလဲ ..."

"ရှိရှိ မရှိရှိ စိုးရိမ်တယ်ကွာ၊ အခု ကိုယ် တစ်ခါတည်းလိုက်မယ်၊ မင်း အစ်ကိုကို ..."

"ဟာ မဖြစ်ဘူး၊ အဲဒီလောက်တော့ ပေါ်တင်ကြီးမလုပ်ပါနဲ့၊ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



က စေ့စပ်ဖို့ လက်ထပ်ဖို့ သဘောတူလက်ခံပြီးမှ ...”

သမား မျက်နှာကြီး ရှုံ့တွသွားပြီး ပခုံးမှာတင်ထားသည့် လက်က လည်း ပြေကျသွား၏။

“မထင်ရဘူး အလွှန်ရာ၊ မင်းက အစ်ကိုကို သိပ်တွယ်တာတာပဲ”

“ဒီအစ်ကိုနဲ့ပဲ မိဘမဲ့ခဲ့တဲ့တစ်လျှောက်လုံးမှာ မှီတွယ်ကြီးပြင်းခဲ့ရတာ သမားရယ်၊ ကိုကြီး မျက်နှာပျက် အရှက်ရအောင် အလွှန် မလုပ်ချင်ဘူး။ ပြီးတော့ တစ်သက်မှ တစ်မင်္ဂလာပဲပြုရတဲ့ အိမ်ထောင်ပြုခြင်းမင်္ဂလာကို ပေါင်းဖက်ကြဖို့အစီကနဲ့ ပြီးစလွယ် မဆုံးဖြတ်ချင်ဘူး၊ အဲဒါလဲ သမား ကို ချစ်လို့ပါ။ အလွှန် ကိုယ့်ချစ်သူရဲ့ ရင်ခွင်ထဲကို သိက္ခာရှိတဲ့မေတ္တာတရား တွေနဲ့ တခမ်းတနားအပ်နှင်းချင်တာ”

“တတ်တယ်ကွာ၊ ဘာပြောရမှန်းကိုမသိတော့ဘူး”

“သမား မယုံလို့လားဟင်၊ တကယ်အရေးကြုံလာရင် အလွှန် သမား ဘက်ကပဲရပ်တည်ပေးခဲ့တာ မဟုတ်လို့လား”

“ဟုတ်ပါပြီ၊ ကဲ အခု ဘာကြောင့် ပြန်မလို့ခြေလှမ်းပြင်နေတာလဲ၊ ကြွပါဗျာ၊ မတားတော့ပါဘူး”

အလွှန် က ရယ်လိုက်ပြီး သမား နှာခေါင်းချွန်ချွန်ကို ဆွဲလိမ်ပစ်သည်။

“အဲဒါ ကလေးလုပ်ချင်ဦး”

“အား နာတယ်ကွ”

“အို ...”

သမား က အလွှန့် လက်ကလေးကိုဆွဲယူကာ တစ်ကိုယ်လုံးကို ပွေ့ ဖက်ထားလိုက်၏။

“ဒီတစ်ခါ ပြန်ရောက်မလာရင် သမား ဆိုတဲ့ကောင် ဘာလုပ်မယ် ထင်လဲ”

“ပြောပြန်ပြီ တွေ့လား၊ အဲဒီလို ဖွတ်တရွတ် ထင်သလိုလုပ်တာတွေ





ခက်ခက်နေတာ”

“ဘာလုပ်မယ်ပြောလို့လဲ၊ ယောက်ဖ ခြေသလုံး ပြေးဖက်မလို့”

“သွား ...”

ရယ်သံလေးတွေနှင့်အတူ အနမ်းတို့က ရှိုနေသည်။ ခါးသက်နေဆဲ က သံသယနှင့် နာကျင်မှုတွေပဲဖြစ်လေသည်။

ခေါင်းကပတ်တီးဖြေချလိုက်ပြီဖြစ်ပေမယ့် ဒဏ်ရာမပေါ်သည့် ရင် ဘတ်ထဲက နာကျင်မှုတွေက ပိုတိုးလာခဲ့၏။ သူမ သတိရလာတဲ့ နေ့ ကတည်းက ပြန်သွားပြီး နိုင်ငံ ပေါ်မလာတော့ပေ။ တကယ်ဆို နိုင်ငံ ဆိုတဲ့လူဟာ စပြီးရင်းနှီးသိကျွမ်းကြကတည်းက လှိုက်လှဲဖော်ရွေမှု နည်း တဲ့သူပါ။ ဒါကိုပဲ အပြောအဆို အနေအထိုင် စည်းကမ်းရှိတဲ့သူလို့ အထင် ကြီးလေးစားမိတာတွေ ဖြစ်ခဲ့မိသည်။ ဖျတ်ခနဲသတိရတိုင်း ရင်ထဲမှာ နွေး ၏။ အဲဒီမှာကတည်းက သူမဘက်က အရှုံးဘက်သို့ ဦးတည်မိခဲ့သည် လား။

သူကမှ ကိုယ့်လိုမခံစားခဲ့ရဘဲ။ ယောကျ်ားနဲ့မိန်းမဘဝဟာ သူတို့ ဘက်ကကျတော့ ချစ်ရင် ချစ်တယ်လို့ ပြောမည်၊ တွေ့ချင်ရင် လာမည်၊ မတွေ့ချင်တော့ မသွားဘဲနေမည်။ အားလုံးက လွတ်လပ်စွာ ချုပ်ကိုင် ရှန်းထွက်ခွင့်တွေရှိနေ၏။ ကိုယ့်ကျတော့ မဟုတ်ပါလား။

ပန်းတော်ဝင် ဆံပင်ရှည်တွေကို ဖြည်းဖြည်းချင်းဖြီးချနေရင်း စိတ်တို့ က ကျွဲလူးအိုင်ထဲကရေတွေလို နောက်ကျနေခဲ့သည်။

“သမီး အဆင်သင့်ဖြစ်ရင် သွားရအောင်”

“ရှင် ... ဟုတ်”

ဂိတ်မှူးဦးကျော်မောင်၏မိန်း ဒေါ်သန်းတင် က ဝင်လာပြီး ပန်းတော် ဝင် ၏ပစ္စည်းတွေကို ခြင်းထဲ အကုန်ကောက်ထည့်သိမ်းဆည်း၏။

မေသဲတို့လည်းရောက်လာကာ သူမ ပြန်ဖို့အတွက် အားလုံးက ဂရု



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်၊ အခု အားလုံးပြီးသွားပြီပဲဟာ၊ ဖေဖေ ဗျာများသွားမှာစိုးလို့"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ဖေဖေလာရင် ကျွန်တော်က အလွန် နဲ့ စေ့စပ်ပေးပါလို့ ပြောမလို့၊ ပြီးရင် ဆင်ဖြူကျွန်းမှာ မင်္ဂလာ ဆောင်မယ်"

"လုပ်ပြီ တွေ့လား"

"ဘာလုပ်ပြီလဲ၊ ခုနေ ဟိုပုဂ္ဂိုလ်ကြီး သဘောကောင်းနေတုန်း ရအောင်ယူရမှာ၊ မမနဲ့ အဲဒီပုဂ္ဂိုလ် အဆင်မပြေသေးဘူးလားဟင်"

"ဘာတွေလျှောက်မေးနေတာလဲ မောင်လေးရယ်၊ ဒါပဲနော်၊ ဒီမှာ ပြန်ဖို့အားလုံးစောင့်နေကြတယ်"

ပြန်ပြောတာကိုမစောင့်ဘဲ ဖုန်းချပစ်လိုက်သည်။ ထိုအခါ ချက်ချင်း ထ,မြည်လာပြန်ကာ ကြည့်လိုက်တော့ နိုင်ငံ ဆီကဘ ဖြစ်နေ၏။

"ဟဲလို"

"ပန်းတော်ဝင် နေကောင်းသွားပြီလား"

"ဟုတ်ကဲ့"

"ကိုယ် နောက်တစ်ခေါက်ထပ်လာဖို့ကြိုးစားပါတယ်၊ ဒါပေမယ့် မင်း စိတ်ညစ်မှာစိုးလို့"

"ကိုနိုင်ငံ"

"လွယ်လွယ်ကူကူ ကိုနိုင်လို့ ခေါ်လိုက်ပါ၊ ဖြစ်တယ်မဟုတ်လား"

သူ့လေသံက ရင်းနှီးသလိုလိုနှင့် အေးစက်စက်ဖြစ်နေ၏။ အနားမှာ ဘယ်သူမှမရှိကြသဖြင့် ပန်းတော်ဝင် ခုတင်ဆီပြန်လျှောက်သွားပြီး ပြန် ထိုင်လိုက်၏။

"ရှင် ဘာပြောမလို့လဲဟင်"

"ပြောသမျှ လုပ်သမျှတွေ မှားတတ်လွန်းလို့ ဘာမှမပြောချင်တော့ ဘူး၊ သတိရနေလို့ ဆက်တာပါ၊ မင်း ကိုယ့်ကိုတော့ စိတ်ဆိုးပြေပြီ ထင်





စိုက်လုပ်ကိုင်ပေးကြသည်။ ဒါပေမယ့် ကိုယ်မျှော်နေတာက သူတို့မှ မဟုတ်တာ။

ကျွန်မ အထင်လွဲပြောလိုက်တာကို ခွင့်လွှတ်ပါလို့ ရင်ထဲမှာ အထပ် ထပ် တောင်းပန်နေမိပေမယ့် သူ့ထံသို့ ဖုန်းဆက်ဖို့လည်း မာနစိတ်နှင့် တင်းခံနေမိသည်။

ကိုယ် တလွဲထင်လို့ ပြောလိုက်မိတာမှန်း သူ သိနေလောက်ပါပြီ။ အလွန် ကလည်း ရှင်းပြပြီးပြီလို့ပြော၏။ ဒါဆိုရင် သူ ပြေသင့်ပြီပေါ့။

"မမ သွားမယ်လေ"

ဆရာဝန်နှင့် သူနာပြုတွေကအစ လာနှုတ်ဆက်သည်။ ချက်ချင်း ကားမောင်းဖို့ မသင့်သေးကြောင်းလည်း ပြောကြ၏။ အားလုံးကို ပြုံးပြ နှုတ်ဆက်ရင်း နေရာမှထွက်ဖို့ ပြင်ကာမှ ...

"မမ ဖုန်းလာနေတယ်"

အိတ်ကိုယူထားပြီး ရှေ့ရောက်နေသည့် မေသဲ က နောက်ပြန်လှည့် လာပြီး အိတ်လှမ်းပေး၏။ ကြည့်လိုက်တော့ သမား ဆီက ဖုန်း။

"မောင်လေး ဘာလဲဟင်"

"မမ ဒီနေ့ ဆင်းမလို့ဆို"

"အင်း"

"ဒါဆို ခဏလေးပဲစောင့်၊ ကျွန်တော် လာကြိုမယ်"

"နေပါစေ မောင်လေး၊ မမ ခုပဲ ကားပေါ်တက်တော့မှာ၊ မောင်လေး နေကောင်းရဲ့လား၊ လက်က ရောင်နေတယ်ဆို"

"သက်သာသွားပါပြီ ကျွန်တော်က ဘာမှမဖြစ်ဘူး၊ မမပဲ ကိုယ့်ကိုယ် ကို ဂရုစိုက်ပါ၊ ဒီညနေ ဖေဖေ ရောက်လာမယ်ဆို"

"မလာပါဘူး၊ ဒီကပြဿနာတွေကို ဘာတစ်ခုမှမသိစေနဲ့လို့ မမ မှာ



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်"

"အဲဒီလိုမေးခွန်းနဲ့ မနိုပ်စက်ပါနဲ့ ကိုနိုင်၊ ရုတ်တရက် မောင်လေး အတွက် စိတ်ပူပြီး ကျွန်မ အထင်မှားခဲ့တာပါ။ အဲဒီအတွက် တောင်းပန်ပါ တယ်၊ ပြီးတော့ ကျွန်မကို အချိန်မီ ဆေးခန်းပို့ပြီး သွေးလှူပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"မင်းဆီက အဲဒါ ကြားချင်လို့ ဆက်တာမဟုတ်ဘူး"

မကြည်လင်သည့်အသံက နည်းနည်းမာသွား၏။ ဒါပေမယ့် သက် ပြင်းချလိုက်သံသဲ့သဲ့နှင့် ...

"မင်း ဒီနေ့ ဆင်းမယ်ဆိုလို့ ဆေးခန်းရှေ့ကို ကိုယ် ရောက်သေး တယ်"

"ဟင် ..."

"ခဏလေးဖြစ်ဖြစ်မြင်ချင်လို့ပါ၊ ဝင်တွေ့ဖို့စိတ်ကူးနဲ့မဟုတ်ဘူး။ ဒါပဲ နော်၊ မင်း ကိုယ့်ကိုကြည်ကြည်လင်လင်တုံ့ပြန်ပေးတဲ့အတွက် ဝမ်းသာ ပါတယ်"

သူပဲနှုတ်ဆက်ပြီး ဖုန်းချသွားသည်။ ဘာကြောင့်မှန်း ကိုယ့်ကိုယ်ကို မသိခင် ပန်းတော်ဝင် မျက်ဝန်းမှာ မျက်ရည်တွေဝေ့နေပြီဖြစ်၏။

သွားမယ်ဆိုရင်လည်း မမြင်အောင်သွားပါလား၊ မခေါ် ချင်ရင်လည်း အသံမပေးနဲ့တော့ပေါ့၊ ရှင် တမင်နှိပ်စက်တာလား နိုင်ငံ။

အထင်လွဲပြီး ပြောဆိုခဲ့မိလေခြင်းလို့ နောင်တတွေကိုပွေ့ပိုက်ပြီး မျှော်နေမှန်းသိလို့ ဒီလိုပုံစံလုပ်ရက်တာလား။

ဖုန်းကို ဖိဆုပ်ပုံကြည့်မိသည့်အခါ မျက်ရည်နှစ်စက် ပေါက်ခနဲ ဆင်း သွား၏။

ဟိုလူ၊ ဒီလူ မြင်သွားမလားလို့လည်း လိုက်ကြည့်မနေနိုင်တော့ပေ။ မျက်နှာလေးငုံ့ပြီး အင့်ခနဲရှိုက်မိသည်။ အပြင်မှာ စောင့်နေကြသည့်လူတွေ





ကို မေ့လျော့ကာ စိတ်ရှိလက်ရှိငိုပြီးမှ ခေါင်းတွေမူးလာတာကို သတိထား မိ၏။

ဆေးခန်းလေးက သိပ်မကျယ်ဝေမယ့် သီးသန့်ခန်းလေးတွေ ဖွဲ့ပေး ထားတာမို့ တစ်ယောက်တည်း စိတ်ကြိုက်လွမ်းခွင့်ရနေသည်။

ရည်းစားပြတ်လို့လည်းမဟုတ်၊ ချစ်လျက်နှင့် ဝေးကွာကြရမှာမို့ ချစ်သူကို မခွဲနိုင်မခွာရက်လွမ်းဆွေးတာရော ဟုတ်လို့လား၊ သူနဲ့ကိုယ် ဘာမှလည်းမဆိုင်ခဲ့တဲ ...

"တီ ..."

အပြင်ဘက် ဟွန်းတီးသံထွက်လာမှ မျက်ရည်တွေကိုသုတ်ပစ်ရ သည်။ ပြီးတော့ ဆလင်းဘက်ခ်အိတ်ထဲက တစ်သျှူးတစ်ထုပ်ယူပြီး ခြောက်သွေ့စေလိုက်၏။

ပြန်ရောက်တာနှင့် မောင်လေးက အလွှက် နဲ့ မင်္ဂလာကို စီစဉ်ပေးဖို့ ပူဆာတော့မည်။ ဖေဖေ့ကို အသိပေးတာ၊ မပေးတာထား၊ နိုင်ငံ ဆိုသည့် လူနှင့် သူမ ဆက်လက်ဆုံစည်းနေရဦးမည်သာ၊ ကောင်းပါတယ်၊ ရှင် ခနဲ့ဖို့၊ ရွဲ့ဖို့တွေ ထပ်ဖြစ်လာတာပေါ့။

ဒီတိုင်းဖြန့်ချထားသည့်ဆံပင်တွေကို စုစည်းထားလိုက်ဖို့ ရှာတာ လက်ကိုင်ပဝါလည်း မပါ၊ ခေါင်းစည်းကွင်းလည်းမတွေ့။ ဒီတိုင်းနဲ့ပဲ ပန်း တော်ဝင် အပြင်ထွက်လာခဲ့၏။

ကိုယ့်မျက်နှာကိုမြင်တာနှင့် ငိုထားမှန်းသိသာနိုင်တာမို့ ခေါင်းငုံ့ လျှောက်ခဲ့ရင်း အပြင်ရောက်တော့လည်း မျက်လွှာတစ်ချက်ပဲပင့်ကြည့် ဖြစ်သည်။

မျက်ဝန်းတို့သည် ကားဘီးတွေဆီမှသာ ဝေ့ခနဲပြန်ဆင်းလျက် အသင့်ဖွင့်ပေးထားသည့် တံခါးကိုဆွဲ၍ ဝင်ထိုင်လိုက်သည်။ ကားလေး ကလည်း သူမ၏ဖုံးကွယ်လိုသောဝေဒနာသိက္ခာကို နားလည်စွာ တိတ်တိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ဆိတ်လေးပဲ ပြေးထွက်သွားခဲ့၏။

အဲဒါကြောင့် သတိထားသင့်တဲ့အချက်ဆိုတာကို နှင်က ပေါ့လျော့တာကို ပန်းတော်ဝင်ရယ်။ အချစ်ဆိုတာ နားလည်ဖို့ကြိုးစားတာနဲ့ ရင်ဘတ်ထဲမှာ မီးသင့်ပြီ။

ဒီလိုကြီး မီးသင့်လောင်ကျွမ်းနေမယ့်အစား မြန်မြန်အရည်ပျော်ပျောက်ကွယ်သွားပါရစေ။





## အခန်း (၃၅)

အခြေအနေတွေအားလုံး အေးချမ်းသွားခဲ့သည်။ ဒီဘက်ကနေ ဖေဖေကိုယ်တိုင် ရောက်လာပြီး အမှုကိစ္စအတွက် ကျေးဇူးတင်ကြောင်း ပြောရင်း ကလေးတွေ မင်္ဂလာကိစ္စကိုပါ စေ့စပ်ဆွေးနွေးခဲ့၏။

ဒါပေမယ့် နိုင်ငံ နဲ့ တိုက်ရိုက်တွေ့ရတာတော့မဟုတ်ပါ။

"ကျွန်မက ကလေးတွေရဲ့ အုပ်ထိန်းသူပါ"ဟု ပြော၍ ဆွေးနွေးဆုံးဖြတ်ပေးသူက ဒေါ်ရီဝင်း ဖြစ်သည်။

ဦးဝင်းထွတ် ကတော့ သမား ကို သူကိုယ်တိုင် ရှိသဲ့သဲ့တွေ ပြောခဲ့ဖူးတာကို မျက်နှာပူတာလား။ တကယ်ကိစ္စပေါ်တာလား မသိပေ။

မင်္ဂလာကိစ္စ လူကြီးတွေစီစဉ်နေတုန်းမှာပဲ နိုင်ငံခြားပြန်ထွက်ဖို့ ပြင်ပြီးဖြစ်သည်။ ဒါက စေ့စပ်တာမို့ လက်ထပ်ပွဲကျမှလာမည်ဟု ဆိုသည်။ နိုင်ငံ ကတော့ အလုပ်ကိစ္စ ခရီးထွက်နေသည်ဟုသာဆိုပြီး မြန်မာပြည်ထဲမှာပဲလား။ နိုင်ငံခြားမှာလား ဘယ်သူမှမသိ။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ညီမကို မတားဆီးချင်လို့ ခွင့်ပြုလိုက်ပေမယ့် နိုင်ငံ က သိပ်ကြည်ဖြူပုံမရှိဘူး"

ဟု ဖေဖေကတော့ စိတ်မကောင်းသံနှင့်ပြောသေးသည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်သားကိုယ်တိုင်က မရမနေ ဖွတ်ဖြစ်နေတော့ စေ့စပ်ကြောင်းလမ်းခဲ့ရသည်။

"လက်ထပ်မပေးသေးရင်နေပါ မမရာ၊ စေ့စပ်ထားပေးပါ၊ အစ်ကိုလုပ်တဲ့သူက နှုချိန်ထိ မကြည်မလင်၊ ညီမက အစ်ကိုမျက်နှာကိုပဲ တကြည့်ကြည့်နဲ့"

ဒါပဲပြောပြီး သမား က ဘယ်သူမှမနေနိုင်အောင် ပူပြင်းနေသည်။ ထို့ကြောင့် ဖေဖေ့ကိုပြောပြပြီး ရန်ကုန်လာဖို့ ခေါ်လိုက်ရခြင်းဖြစ်၏။ ဒေါ်ရီဝင်း ကတော့ ရှည်ရှည်မွန်မွန်ပါ။

"စိတ်ကသိကအောက် မဖြစ်ကြပါနဲ့ရှင်၊ 'နှမလင်နေ မောင်ဖင်ကျိန်း' ဆိုတာလို မျက်နှာပူတာမျိုးပါ။ သူ့ညီမလေးကို အိမ်ထောင်ချထားပေးဖို့ လေသံတောင်မဟခဲ့ဖူးဘူး၊ မိန်းကလေးမို့လို့ နားလည်ပေးပါ" တဲ့။

ဖေဖေကလည်း ကျေနပ်ခဲ့သည်။ ရန်ကုန်မှာ ကိုယ့်ဘက်ကလည်း အသိုင်းအဝိုင်းတောင့်တာမို့ စေ့စပ်ပွဲလေးဆိုတာတောင် ခမ်းနားစိုပြည်သွားခဲ့၏။

ဒါပေမယ့် တခြားလူတွေ ဘယ်လိုတွေးခေါ်ခံစားကြသည်မသိပါ။ သူမ သိနေသည်က စေ့စပ်ပွဲကို မလိုလားစွာ ရောဝင်ထွက်နေခဲ့သည့် နိုင်ငံ၏ ပြုံပြင်မှုကြောင့် ဒီပွဲက မဂ်လာမဲ့နေခဲ့၏။ သမား ကတော့ အလွန်ကို တရားဝင်သက်ဆိုင်ခွင့်ရပြီးမို့ ကျေနပ်သွားသည်ထင်၏။

ပြီးတော့ ဆွေပြမျိုးပြခေါ်သွားမည့် ဆင်ဖြူကျွန်းသွားဖို့ခရီးစဉ်မှာ ဒေါ်ရီဝင်း က မနီကို အဖော်ထည့်ပေးလိုက်ခြင်းဖြင့် လိုက်လျောပေးခဲ့သည်။





"မမ"

ပြန်ကြတော့မည်ဆိုတော့ မလှုပ်တလှုပ်ဖြစ်နေသည့် ပန်းတော်ဝင်အားကို သမား ရောက်လာသည်။ အစ်မဖြစ်သူ၏ ပန်းတစ်ဖက်ကို ဖွဖွလေးဆိုင်းဖက်ကာ ...

"ကိုနိုင်ငံ ပြန်လာမယ်တဲ့ သိလား၊ မမကလဲ အလုပ်ကိစ္စတွေမပြတ်သေးလို့ နေခဲ့ဦးမှာဆိုတော့ ဆုံဖြစ်ကြဦးမှာပါ"

"အဲဒါ ဘာဖြစ်လဲ"

"တကယ်ဆို မမတို့ချင်းက ရင်းနှီးပြီးသားပါ။ သူ့အစ်ကိုရဲ့ ဒိုင်ယာရီထဲမှာ ဗီလင်တွေ ဘယ်လိုထည့်ထားတယ်ဆိုတာ အလွန် က ကျွန်တော့်ကို ပြောပြီးသား၊ ကျွန်တော်တို့ကိစ္စသာ ရုတ်တရက်ရှိမလာရင် မမတို့ချင်း ..."

"ဘာတွေပြောနေတာလဲ ဖိုးခွားရယ်၊ သွား သွား ဟိုမှာ အလွန် တစ်ယောက်တည်းရယ်"

ဒီစကားတွေ မောင်ဖြစ်တဲ့သူက ပြောနေတော့ ရှက်သည်။ ပြီးတော့ ဘာဆိုင်လို့လဲ။ မဆိုင်လို့ သူလည်း သူ့လမ်းသူလျှောက်သွားပြီး ကိုယ်ကသည်း ပြန်မယ့်လူဖြစ်သည်။

သမား ကတော့ ရယ်ကျဲကျဲနှင့် တွန်းလွှတ်တာလည်း ထွက်မသွားသေး။

မောင်နှမနှစ်ယောက်ကို လှမ်းကြည့်ပြီး ဂိတ်မှူးဦးကျော်မောင်တို့ကသည်းရယ်နေကြ၏။

"သွားစမ်းပါ မောင်လေးရယ်၊ သူများတွေ မဟုတ်တရုတ်တွေ ကြားသွန်းပါမယ်၊ အဲဒီလို မာနကြီးပြီး ဒေါသရှေ့ထားတဲ့လူကို မမ ဘယ်တော့မှ ခေါင်းစားဘူး၊ သူလဲ သူ့အတွက်နဲ့သူဖြော့ မှန်နေမှာပဲ၊ သူနဲ့ မမ ဘာမှမဆိုင်ဘူး၊ ထပ်မပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုက မမတို့ အမြင်လွဲနေသေးတာ၊ တည့်မတ်သွားတဲ့တစ်နေ့ကျရင် ကျွန်တော်တို့ရဲ့ မင်္ဂလာဆောင်နဲ့ တိုက်ဆိုင်နေမှာစိုးလို့ ကြို့ပြောထားမယ်နော်၊ ကျွန်တော်တို့က ဆင်ဖြူကျွန်းမှာ မင်္ဂလာဆောင်မှာ၊ မမနဲ့ကိုနိုင်ဆိုရင် ..."

"မိုးရွာ"

ပန်းတော်ဝင် ခုံတန်းပေါ်ကနေ ထ,ရပ်လိုက်မိ၏။ သမား က ဂရုမစိုက်ဘဲ နောက်ကိုနည်းနည်းဆုတ်ရပ်ကာ ...

"မမတို့က ရန်ကုန်မှာဆောင်လေ၊ အဲဒါဆိုရင် တစ်နှစ်တည်း နှစ်မင်္ဂလာပြုရာ မကျတော့ဘူး၊ မကောင်းဘူးလား"

သမား က နှာခေါင်းတွန့်လိုက်၊ မျက်ခုံးခြစ်လိုက်နှင့် တွန်းလှတ်လည်း မသွား၊ ဆုတာကိုလည်း ဂရုမစိုက်ဘဲ ရ,နေသည်။ အလွန် လာခေါ်တော့မှပဲ ပါလာခဲ့၏။

"ဘာဖြစ်လို့ ကိုယ့်အစ်မကို အဲလောက်စရတာလဲ"

"အား ..."

အလွန် က သမား ၏လက်မောင်းကို ခပ်ဖိဖိဆွဲလိမ်၍ ကပ်ပြောသည်။ သမား က အကျယ်ကြီးထ,အော်၏။

ခပ်လှမ်းလှမ်းမှာ စကားပြောနေသည့် ဦးကြည်ဇင် က လှည့်ကြည့်တော့ ...

"ဒီမှာ ... ဒီမှာ ဖေဖေ ... သူ ..."

လို့ပြောပြီး အလွန့်ကို လက်ညှိုးထိုးကာ ...

"ဖေဖေ့ချွေးမလောင်း ..."

"ကြည့်စမ်း"

"အ ..."

နောက်ထပ်နာသွားတော့ သမား တကယ်ရှုံ့မဲ့သွားသည်။





"သေပြီကွာ၊ မညာသေးခင်တည်းက ဒီလောက်နိုင်နေတာ၊ မဖြစ်ဘူး မဖြစ်ဘူး"

အလွန့် လက်ကို စိတ်ဆိုးမာန်ဆိုး ပုတ်ချလိုက်၏။ အလွန် ဒေါသထွက်သွားကာ ...

"အံမာ မဖြစ်တော့ ဘာလုပ်ချင်သလဲ"

"မြန်မြန်ညားသွားမှ အေးမှာလို့ ..."

တဟားဟားရယ်ကာ သမား က အလွန့် ဝခုံးလေးကို ဆွဲဖက်လိုက်၏။ ဂိတ်ထဲမှာမို့ ကားထွက်ခါနီးလည်းဖြစ်ကာ လူတွေက ညပ်လို့ပါ။ အလွန့် မျက်နှာလေး နီမြန်းကာ သူ့လက်ကိုဖယ်ချပစ်လိုက်၏။

သမား က ပခုံးပေါ် ပြန်တင်သည်။ အလွန် က ပြန်ပုတ်ချ၍ ...

"ဘာဖြစ်နေတာလဲ၊ လူမြင်ကွင်းထဲမှာ"

"လူမြင်ကွင်း ဘာဖြစ်လဲ၊ အဲဒီလို အမြင်မတော်တာတွေ ခင်ဗျား အကြောင်းပြမှာစိုးလို့ စေ့စပ်ပြီးသားဖြစ်အောင် သေလုမြောပါးကြိုးစားထားရတာ"

"ဘာမှမဆိုင်ဘူး"

"ဆိုင်တယ်၊ ဘာလဲ အခု နမ်းပြလိုက်ရမလား"

"သမား နော်"

တကယ်လုပ်မယ့်ရုပ်ကြီးပါလားဆိုသည့် ထိတ်လန့်သည့်မျက်ဝန်းလေးတွေနှင့် အလွန် က သေချာမော့ကြည့်၍ ...

"ဒီလိုပုံစံနဲ့ ရှင့်နောက်ကို လိုက်လည်ရမှာတောင် မလုံခြုံတော့ဘူး"

"ဟား ဟား ..."

ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက်ထည့်ထားကာ ခြေဖျားထောက်ချက်ထောက်မော့ရင်း သမား က ရယ်သည်။

"မရတော့ဘူး၊ ခုပဲ ကားပေါ်တက်ရတော့မှာ၊ အဟွန်း ... ဆင်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



ညှော်နံ့တွေ ကို ပြန်မေ့လို့ရမလား... ဟုတ်ပါ့မလား...

ဘူးနာဆိုရင် ကုန်လှောင်ထားတဲ့ဂိုဒေါင်ကြီးတွေ အများကြီးပဲ၊ ကောင်မလေးတစ်ယောက်လောက်ကို ဘယ်ချောင်ထဲမှာဖြစ်ဖြစ် ...”

“ကြည့်စမ်း၊ သမား ... လူညစ်...”

“ဟော့ ... ဟာ ... ချတယ် ကြည့်စမ်း”

အလွန် က လိမ်ဆွဲတာရော ထုတာရော အတင်းကပ်တွယ်ပြီး လူမမြင်စေဘဲ ကျူးလွန်နေသည်။ သမား က အကျယ်ကြီးအော်ပြီး တွန့်လိမ်ရှောင်၏။

“ဘာဖြစ်လို့ အာဗြဲကြီးနဲ့အော်နေတာလဲ”

“မင်း မထုနဲ့လေ၊ နာတာပေါ့ကွ”

သမား က ကားကြီးကိုပတ်ပြေးရင်း အလွန် လက်ကလေးကိုပါ ဆွဲပြေး၏။ စာရေးခန်းနောက်ကိုရောက်လာမှ အလွန် ကို ရင်ခွင်ထဲ ဆွဲသွင်းဖက်လိုက်ပြီး ...

“တွေ့လား၊ နမ်းချင်ရင် အဲဒီလို ပညာသုံးရတယ်၊ ဘယ်သူတော်လဲ ပြိုင်မလား”

“သေလိုက်”

“မင်းဆိုရင်တော့ ပညာတွေဘာတွေ မသုံးရပါဘူး၊ ဒီတိုင်းပဲ နမ်းခွင့်ပြုပါ့မယ်”

အလွန် ရယ်ချင်ပက်ကျိဖြစ်သွားကာ နှုတ်ခမ်းလေးကိုကိုက်၍ မျက်နှာလွှဲပစ်၏။

“ပါးတစ်ဖက်ကို တစ်ခါပဲနော်၊ အကြာကြီး ဖိနှစ်မနမ်းရဘူး၊ နှုတ်ခမ်းဆိုရင်တော့ ...”

“ဟာ့... သွား ...”

အလွန် သူ့ရင်ဘတ်ကြီးကိုထုပစ်လိုက်မိသည်။ သမား က ရယ်လက်စ နှင့် နဖူးချင်းတိုက်ပစ်လိုက်၏။ ပြီးတော့မှ နားနားမှာ တိုးတိုးလေး





ကပ်၍ ...

“ငါးခါတိတိ ဆွဲလိမ်ခံရတယ်၊ မကျေနပ်ဘူး”

“ဘာဖြစ်ချင်လဲ”

“နမ်းချင်တာ”

“မရဘူး၊ လွှတ်နော်”

အလွန် က အတင်းပြန်ရုန်းသည်။ သမား က မရမက သိမ်းပွေ့ ...

“ဘာဖြစ်ဖြစ် အသွားအပြန်ရှိတယ်လေ၊ မသိချင်ယောင်မဆောင်နဲ့၊ ပါးတစ်ဖက်ကိုတစ်မိနစ်၊ နှစ်ဖက်ဆိုတော့ နှစ်မိနစ်၊ ငါးခါခံထားရင် ငါးခါ ပြန်ယူရမှာ၊ ကျန်တဲ့သုံးခါအတွက် သုံးမိနစ်က ...”

အလွန် သူ့ကို ဖျတ်ခနဲမော့ကြည့်မိ၏။ သူ့မျက်ဝန်းတို့က ကိုယ့်နှုတ်ခမ်းတို့ဆီမှာ တပ်မက်ယစ်မူးလျက် ...

“တကယ်ရင်ခုန်တယ်ကွာ”

“ဟင့်အင်း ... သမား နော်”

ရှက်ပေမယ့်လည်း သူ့ကြောင့် ...

“တီ ... တီ”

ကားဟွန်းသံ ဆောင့်အောင့်ထွက်လာသဖြင့် အလွန် သူ့ကိုယ်ကို အလန့်တကြား တွန်းပစ်လိုက်မိသည်။ သမား က လက်ဖဝါးတစ်ဖက်ကို ပြန်ဆွဲထားလျက် ...

“ကားထွက်တော့မယ် လာ”

“သွားနှင့် သွား”

အလွန် က သူ့လက်ကို ဖြုတ်ချလိုက်သည်။ သမား က မလွှတ်။

“ဘာလုပ်ဦးမလို့လဲ”

နှုတ်ခမ်းနီပြန်ဆိုးမလို့ဟု တအားအော်ပြီး အဲဒီမျက်နှာကြီးကို ကျကျနနကုတ်ပစ်ချ၏။ လူညစ် ...။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြင့် ရှုပွနေသည့် အလွန် ချက်နှာလေးကိုကြည့်၍ သမားနားလည်သွားသည်။ ရယ်ကျဲကျဲ မချိုမချဉ်နှင့် ...

"အဲဒါ ဝမ်တိန်နော်၊ နောက်ဆိုရင် နှုတ်ခမ်းနီဘူးဆောင်ထား" တဲ့။ လဲသေလိုက်တော့ ...။





## အခန်း (၃၆)

"မမ ကျွန်တော်ပြောထားတာ မမေ့နဲ့နော်"

ကားဘီးတွေလှိမ့်နေကာမှ ပြတင်းတံခါးကနေ ငုံ့ကြည့်ပြီး ပြောသွားသေးသည်။ ပြန်တော့မည်ဆိုသည့် ကိုယ့်အလှည့်ကျတော့ မောင်လေးတို့သွားတုန်းကလို မစိုပြည်ခဲ့ပါ။

ဦးကျော်မောင်နဲ့ ကိုထွန်းတို့က ကားကိုစစ်ပေးနေကြသည်။

"Express နဲ့ပဲ ပြန်လိုက်ပါလား သမီးရယ်၊ ညည်းအဖေကလဲ စောစောကပဲ ဖုန်းဆက်မေးသေးတယ်၊ ဒီနေ့ ပြန်မယ်ဆိုတာ ဘာနဲ့ပြန်မှာတဲ့လဲ၊ လက်ကိုင်ဖုန်းပိတ်ထားတယ်ဆို"

"ဟုတ်တယ်၊ ခု ဖွင့်ပြီးပါပြီ"

စိတ်မပါလက်မပါဖြေရင်း လက်ဆောင်တွေဝယ်ထားသည့် အိတ်နှစ်လုံးကို နောက်ခန်းထဲမှာ ထည့်လိုက်သည်။ မောင်လေး Express နဲ့ ပြန်တာက အလွန်အဆော်ဖြစ်သူက ခရီးဝေးကို စိတ်မချသဖြင့် လူအများနဲ့ ပဲ ရောနှောသွားဖို့ စီစဉ်ပေးခဲ့တာဖြစ်သည်။

www.burmeseclassic.com



ကိုယ်က သွားနေကျပဲ။ ပြီးတော့ ဒရိုင်ဘာ ပါသေးသည်။ သူတို့ ဂရုစိုက် ပူပင်နေကြတာကိုသိပေမယ့် ဘာမှလည်းပြန်မပြောချင်တော့တဲ့ ပန်းတော်ဝင် ကားပေါ် တက်လိုက်၏။

"ဦးကျော် ပွဲရုံကဖုန်းလာရင် စာရေးခန်းထဲမှာ အဖုံးအညိုရောင်နဲ့ဖိုင် ရှိတယ်၊ အဲဒါကိုလာယူဖို့ပြန်ပြောလိုက် သိလား၊ ကျွန်မကိုမေးရင် ပြန်သွားပြီလို့ပဲ ပြောလိုက်တော့"

ပန်းတော်ဝင် မျက်နှာလေးကို အကဲခတ်မရဖြစ်ကြရင်း ဦးကျော်မောင်တို့ မျက်လုံးချင်းမသိမသာဆုံကြ၏။ ခါတိုင်းလည်း တည်တည်တံ့တံ့ပဲနေတတ်တာပါ။

ဒါပေမယ့် ခုက ခါတိုင်းလိုမဟုတ်ဘဲ ဒဏ်ရာအနာတရရှိနေတာကို မျိုသိပ်ခံစားနေရတာနှင့်တူနေသည်။ သူမမျက်နှာကို အကဲခတ်နေကြမှန်း ပန်းတော်ဝင် ကလည်း သိပါသည်။ သို့သော် ဟန်ဆောင်ပြုံးရယ်လို့မှ မရဘဲ။

"မောင်း ... မောင်း"

ဒရိုင်ဘာကို စိတ်မရှည်သလို လှမ်းပြောလိုက်သည်။ ခရီးသွားခဲ့သမျှမှာ ဒီတစ်ခေါက် ရန်ကုန်ကိုခြေချခဲ့ခြင်းဟာ အပူပြင်းဆုံး။

မိန်းမလျှာလို့ လူတိုင်းက စနောက်နေကြသည့် မောင်လေးက ရည်းစားနောက်လိုက်သွားသည့်တဲ့။ မယုံနိုင်စွာ ချက်ချင်း ထလိုက်လာခဲ့မိတော့ အခု မောင်လေးကို၊ စေ့စပ်ပေးခဲ့ရသည်။ ဒါက တကယ်ပဲဖြစ်၏။

ထိုပြင် ထူးဆန်းစွာဆုံစည်းခဲ့ရသော ယောကျ်ားတစ်ယောက်နှင့် အမှတ်တမဲ့ကနေ အမှတ်တရတွေဖြစ်စေခြင်း၊ သံယောဇဉ်သို့ဦးတည်ရင်းကနေ သံသယတွေနှင့် အဆုံးသတ်ခဲ့ရခြင်း၊ အားလုံးကလည်း တကယ်ပဲဖြစ်နေသည်။ တိတိပပ ဘာဘာမှမရှိခဲ့ပေမယ့် ရင်ထဲမှာ ဒဏ်ရာက ပြင်းထန်နေသည်။ ချစ်ခြင်း၊ မုန်းခြင်း၊ နာကြည်းခြင်း ဘာမှန်းမှမသိဘဲ ဝေဒနာတွေ





နှင့် မွန်းကျပ်နေခဲ့သည်။

သုံးသပ်ကြည့်လိုက်တော့ ဒဏ်ရာဆိုတာ ထိရှနက်ရှိုင်းခြင်းနှင့်မဆိုင်၊

ရင်ထဲမှာ စုဆောင်းအုံ့ပွဲ နေခဲ့သည့်ဝေဒနာအနည်းအများနှင့်သာ ဆိုင်သည်။ ဆုပ်ဖမ်းကိုင်တွယ်ပြလို့မရသည့်ဝေဒနာသည် သူ့ရဲ့ပိုချခြင်းများကို ကာလအတိုအရှည်နှင့်မဟုတ်ဘဲ သိပ်သည်းခြင်းနဲ့သာ သတ်မှတ်ခဲ့တာဖြစ်နိုင်၏။

"မမ ကိုကြီးကို နာကြည်းမနေပါနဲ့နော်၊ ကိုကြီးက အိမ်ထောင်ဦးစီးလိုပဲ၊ နေရာတကာမှာချုပ်ကိုင်လာခဲ့ရတာဆိုတော့ လူငယ်တွေဘက်ကို အလုံးစုံ စာနာမပေးတတ်ဘူး၊ အလွန် က ခဏလေးပဲအလည်သွားပြီး ချစ်သူထားခဲ့တယ်ဆိုတာကို လက်မခံနိုင်တာ၊ သမား ဘယ်လောက်ပဲ ကျိန်တွယ်ပြီး ချစ်ပြနေနေ လောလောဆယ်တော့ ကိုကြီးပုံစံပြောင်းလဲသွားလာဖို့မလွယ်ဘူး"

အလွန် က သူ့အစ်ကိုဘက်ကနေ ဖေးဖေးမမလေး ပြောခဲ့မှုသည်။ ရင်ထဲမှာတော့ မဲ့ပြုံးတစ်ချက်ဖြစ်ခဲ့၏။

ခဏလေးအတွင်းမှာ ချစ်သူမထားရဘူးတဲ့လား။ ထိုမေးခွန်းကို သူ့ကိုပဲသွားမေးချင်ပါသည်။ ကိုယ့်ကို သူ အချိန်တိုတိုလေးအတွင်းမှာ မရိုးသားစွာ ကမ်းလှမ်းခဲ့တာကျတော့ ကာလဒေသတွေ မရှိတော့ဘူးလား။

ကားလေးက ဂိတ်ဝင်းထဲကနေ ကွေ့ထွက်လာခဲ့သည်။ ဘေးလမ်းတွေကိုငေးလို့ကောင်းနေတုန်း ဖုန်းဝင်လာ၏။ နံပါတ်ကြည့်ဖို့လည်း စိတ်မပါတော့ဘဲ ဖွင့်၍နားထောင်လိုက်မိ၏။

"ပန်းတော်ဝင်"

ဖုန်းထဲကအသံကြောင့် ကျရှင်မှာမှီနေသည့်ကျောပြင်က တောင့်ခနဲဖြစ်သွားသည်။ နံပါတ်ကို ကမန်းကတန်းပြန်ကြည့်လိုက်တော့ သေချာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းတော်ဝင်"

"ဟုတ်ကဲ့ ကျွန်မပါ"

"မင်းကို ကိုယ်က ကတိတည်တဲ့မိန်းကလေးတစ်ယောက်လို့ ထင်ခဲ့တာ"

"ဘာအတွက်လဲ"

"မင်း ပြန်မယ့်နေ့မှာ ကိုယ့်ဆီကို ဖုန်းဆက်မယ်ဆို"

ပန်းတော်ဝင် 'ဟို…ဒီ'ဖြစ်သွားရင်း စိတ်လှုပ်ရှားခြင်းကြောင့် ဘာမှ မပြောနိုင်။ ထို့ပြင် ကားပြေးနေသဖြင့် ဖုန်းထဲမှာ စကားသံက ပြတ်တောက် ပြတ်တောက်ဖြစ်နေ၏။

"ဦးဖော် ကား ခဏရပ်ပေးပါ"

လှမ်းပြောလိုက်တော့ ကားက လမ်းဘေးမှာထိုးကပ်ပြီး ရပ်သွား၏။ ထိုအခါကျမှ သေချာပြောလို့ရတော့၏။

"ပြောလေ ပန်း အခု ဘာလုပ်မှာလဲ"

"ကျွန်မ ဝင်းထဲကတောင် ထွက်လာခဲ့ပြီ"

"သိတယ်"

"ရှင်က အရင် ရှောင်ထွက်သွားတာပဲ ကိုနိုင်ငံ၊ အလှန် နဲ့ ကျွန်မ မောင်လေးကို သဘောမတူနိုင်တာလား။ ဒါမှမဟုတ် …

"မင်းကို ကိုယ် အဲဒါတွေပြောဖို့ ဖုန်းဆက်တာမဟုတ်ဘူး။ မင်း ဖုန်းဆက်လာရင် ကိုယ် ဘာလုပ်မယ်၊ ဘာပြောမယ်လို့ စီစဉ်ထားတာတွေ အခု ကိုယ် ဘာလုပ်ရမလဲ"

"ဘာမှမလုပ်ပါနဲ့တော့၊ အားလုံးက ပြီးသွားပါပြီ၊ ကျွန်မ ကတိပျက်ခဲ့တာ မှန်ပေမယ့် ပျက်ရတာ ကျွန်မပြစ်မရှိဘူးလို့မြင်တယ်၊ ဒါပေမယ့် တောင်းပန်ပါတယ်၊ အခု ကျွန်မ ပြန်တော့မယ်"

"အဲဒီလိုမဖြစ်ဘူး။ မင်း အခုရပ်နေတဲ့နေရာမှာပဲ စောင့်နေပါ။ ကိုယ်လာမယ်"

ဒါပဲပြောပြီး ဖုန်းချသွား၏။ ပန်းတော်ဝင် ဖုန်းကိုင်လျက်နှင့် နောက်ကို သမင်လည်ပြန် လှည့်ကြည့်မိသည်။ ဘာကားမှ မမြင်ပေ။

ဘာလုပ်ရမှာလဲ။ သူ အမိန့်ပေးထားတဲ့အတိုင်းပဲ ရပ်စောင့်နေရမှာလား။ ထွက်သွားရမလား။ မစောင့်သင့်ဘူးဆိုတဲ့အဖြေ ထွက်လာသော်လည်း အမိန့်ကိုစောင့်နေသည့်ဒရိုင်ဘာကို 'မောင်းတော့'လို့ ပြောမထွက်ခဲ့ဘဲဖြစ်နေသည်။

ထိုစဉ် နောက်ကြည့်မှန်ထဲမှာ လင့်နဲ့ခရီးစကားကြီး၏ပုံရိပ် ဝင်လာ၏။ လှည့်ကြည့်လိုက်တော့ သူပဲဆိုတာ သေချာသွားသည်။

ဒရိုင်ဘာကလည်း နောက်ကိုလှမ်းကြည့်ပြီး ပန်းတော်ဝင်ဆီ ပြန်ရောက်လာ၏။ ဖုန်းပြောနေသည့်စကားတွေအရ တစ်ယောက်ယောက်ကို စောင့်မှန်းတော့ တွက်မိပုံရ၏။

နိုင်ငံ က ကားကို ရှေ့ထိကျော်တက်သွားပြီးမှ ဘက်ခ်ဆုတ်၍ လာသည့်လမ်းဘက်ကို ဦးပြန်တည့်သည်။ ပြီးမှ …

"ခဏလောက်ဆင်းပါဦး"

သူမ ထိုင်နေသည့်ဘေးက တံခါးကို ဆွဲဖွင့်လိုက်ပြီး ပြောသည်။ ပန်းတော်ဝင် တွေတွေလေးဖြစ်သွားသော်လည်း ဆင်းလိုက်မိတာပဲ ဖြစ်၏။

နောက်ဆုံးပဲဖြစ်မှာပါလို့ထင်လိုက်မိသော တွေ့ဆုံခြင်းမှာ နောက်ဆုံးအဖြစ် တိုက်ဆိုင်ပြန်တာက စပို့ရှပ်အဝါနုနှင့် ရေညှိရောင်ပုပ်သော ဘောင်းဘီရှည်ကို နိုင်ငံ က ဝတ်ထားကာ သူမက ရေညှိစိမ်းရင့်ရင့်ပေါ်မှာ အဝါနုနု အခက်လေးတွေပါသည့် ဖါတိတ်ဝတ်စုံနှင့်ဖြစ်သည်။

စိတ်ညစ်တိုင်း ခေါင်းလျှော်ပစ်လိုက်မှ နေသာထိုင်သာရှိသည့်အကျင့်ကြောင့် ရှန်ပူနံ့သင်းနေသော မစိုမခြောက်ဆံနွယ်တွေက တင်ပါးလေးတွေအထက်မှာ ဖုံ့ဝဲနေ၏။




ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက် တမ်းတမ်းတတ ဘေးမောနေမိကြတာ ကိုယ့်ကိုယ်ကိုတောင် မေ့သွားခဲ့ကြသည်ထင်၏။

နိုင်ငံ က ဘာမှမပြောသေးဘဲ ပန်းတော်ဝင်ရဲ့ လက်ဖဝါးလေး တစ်ဖက်ကို ဆွဲယူလိုက်သည်။

"ခဏပြန်လိုက်ခဲ့ပါ"

"ဟင် ..."

"ခဏပဲ"

အရိုင်ဘာ အထူးတဆန်းလိုက်ကြည့်နေတာကိုပင် ဘာမှ မမှာခဲ့နိုင်။ သူ ဆွဲတင်ခေါ်သွားသည့်အတိုင်း ပန်းတော်ဝင် ပါသွားခဲ့၏။

မလွန်ဆန်နိုင်ခဲ့ပေမယ့် ရှုံးခဲ့တာကိုတော့ နာကျင်မိသည်။ ထို့ကြောင့်...

"ရှင် တော်ပါတယ်"

နိုင်ငံ က ကားမောင်းရင်း လှည့်ကြည့်သည်။

BURMESE CLASSIC

"ဘာပြောတာလဲ"

"ရှုံးပွဲမရှိခဲ့တာလေ"

ကားက လမ်းမလယ်ကောင်မှာပဲ တုံ့ခနဲထိုးရပ်၏။ ထို့နောက် ခပ်ဖြည်းဖြည်းပြန်တက်ကာ ဘေးမှာ သေချာကပ်ရပ်လိုက်ပြီး ...

"ရှုံးပွဲမရှိဘူး ဟုတ်လား၊ ဘာကိုလဲ"

မျက်လုံးချင်းဆုံကြတော့ ပန်းတော်ဝင်မျက်ဝန်းလေးတွေ လက်နေတာကို မျက်ရည်ရောင်တွေမှန်း သူ သိသွား၏။

"ခုလဲ ရှင်ဖြစ်ချင်တာကို လုပ်ခဲ့နိုင်တာပဲ'

"ကိုယ်ကတော့ မင်းဖြစ်ချင်တဲ့အတိုင်း ဖြစ်စေခဲ့ရတာလို့မြင်တယ်"

"ဩော် ..."

"ဟုတ်တယ်၊ မင်းမျက်နှာလေး ပျက်ယွင်းနေတာကို မလိုချင်လို့ ကိုယ် အမြတ်တနိုးစောင့်ရှောက်မွေးမြူခဲ့တဲ့ ကိုယ့်ညီမလေးကို အသာ





တကြည်ထည့်ပေးလိုက်တာ။ မဆိုင်ဘူးလို့ထင်ရင် မရှင်းတတ်ဘူး။ ဒါပေမယ့် ညီမလေးက ကိုယ်ချုပ်ကိုင်ထားနိုင်ရင် ရှေ့မတိုးဘဲနေမယ့် ညီမပါ၊ ဘာဖြစ်ဖြစ်ကွာ ကိုယ်ခွင့်မပြုခဲ့ဘူးဆိုရင် ဒီပြဿနာ ပဋိပက္ခတွေနဲ့ ဒီတိုင်း ဘယ်ထိရှည်သွားမလဲ မပြောနိုင်ဘူး။ ပြောပါဦး၊ ကိုယ်က ဘာကိုနိုင်တာ လဲ"

ပန်းတော်ဝင် မျက်နှာလေးလွှဲပစ်တော့ နိုင်ငံ က အားမလိုအားမရနှင့် အနားတိုးထိုင်ကာ လက်ဖဝါးချင်းထပ်ဆုပ်၏။

"ကိုယ်ထင်ခဲ့တယ်၊ မင်းနဲ့ကိုယ့်ရဲ့ကြားမှာ သူတကာရည်းစားတွေကြည့် ထက် အများကြီးလေးနက်တဲ့အချစ်တွေရှိတယ်၊ အဲဒါ ..."

"ကျွန်မ မသိချင်ဘူး"

"ဒါကတော့ မင်းအတွက်တွေ ကိုယ့်ထက်ပိုနေပြီကွာ၊ ဒီ...သားလိုလို အရိုးတောင်းတယ်ဆိုတာမျိုး ခိုင်းနိုင်းပြရင် အဆင်ဆိုးသွားနို ...ဘယ် ဒါပေမယ့် သမား ဘက်မှာရှိနေတာ မင်းမဟုတ်ဘူးဆိုရင် ဒီကိစ္စ ဒီလောက်လွယ် လွယ်နဲ့ငြိမ်းချမ်းမှာမဟုတ်ဘူး၊ ညီမလေးကို စိတ်ချမ်းသာစေချင်တာ... မင်း စိတ်ဆင်းရဲသွားမှာစိုးတဲ့ စေတနာကြောင့်၊ ဒီလို ဖွယ်လွယ်လေး ပြီးသွားတာ သူများကို စိတ်ချမ်းသာစေခဲ့တာတောင် ကိုယ့်အတွက် တူ သောအကျိုး ပြန်မလာနိုင်ဘူးလား"

"ရှင်က အလျော်အစား၊ အလဲအလှယ်သဘောတွေနဲ့ ပြောနေတာ လား"

"ကိုယ် ဝန်ခံပြီးသားပဲ၊ ဒါပေမယ့် အမှန်က ကိုယ် ချစ်တတ်နေပြီမို့လို့ ချစ်တဲ့သူတွေကို စာနာပေးလိုက်တာ"

ပန်းတော်ဝင် မျက်နှာလွှဲချပစ်လိုက်သည်။ သူ့လက်ဖဝါးနှစ်ဖက်ထဲမှာ မြုပ်ကွယ်နေသည့်လက်ကို ပြန်ဆွဲရုန်းတော့ မရ။

နိုင်ငံ က ပခုံးချင်းထိကပ်ယိမ်းယိုင်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်မဟုတ်လားဟင် ..."

"ဘာလဲ"

"ကိုယ် လိုက်ခေါ်တာကိုလေ"

ပန်းတော်ဝင် ပါးပြင်လေး ပန်းရင့်ရောင်ပြေးသွားသည်။ မျက်နှာလွှဲ ဖကာ လိုက်သဖြင့် နိုင်ငံ က ပခုံးချင်းထပ်နေအောင် ပိုရှုံ့တိုးကပ်ပြီး ...

"ဒီဘက်နည်းနည်းလှည့်ပါလား"

"ရှင် ဟိုဘက်တိုးစမ်းပါ"

"အင် [illegible] တိုးချင်ပေမယ့် ပြန်ကပ်ရခက်မှာစိုးလို့"

[illegible] ခါသွာ ကပ်ပြောပြီး ပင့်သက်ရှိုက်၍ ဖြည်းဖြည်းရှူထုတ်လျှင် သူ [illegible] ပန်းတော်ဝင် ၏ပါးပြင်လေးတစ်ဖက်မှာ မထိတထိ ကျီစယ်လာ၏။

ရှက်ကြော [illegible] ဒ်ခြင်းကြောင့် အသားများပင် တုန်ချင်မိသည်။

"ခေါင်လျှော [illegible] ဒ်ရည်လေးက သင်းနေတာပဲ၊ မင်း ဟိုဘက်ကို ဖွတ်ကြီး လှည့်ထားပေမဲ့ [illegible] သနပ်ခါးနံ့ကို မရဘူး"

"ရှင် ... မှ [illegible] ဘာတွေပြောနေတာလဲ၊ ဖယ်စမ်းပါ"

"ပြောနေတာမဟုတ်ဘူး။ အဲဒါ ကိုယ့်ရဲ့ရင်ခုန်သံတွေ၊ မင်း ဒီနေ့ ပြန်ပြီ ဆိုလို့ ချွေးပြန်သွားတုန်းကလဲ ခုန်နေတယ်၊ တွေ့ရတော့လဲ ခုန်တယ်၊ အခု ..."

နိုင်ငံ က ပန်းတော်ဝင် ပခုံးလေးကို နောက်ကနေ သိုင်းဖက်လိုက်ပြီး ...

"အခုရင်ခုန်သံတွေက ဘာကိုတောင်းဆိုနေကြတာလဲ သိလား"

နံနက်ခင်း၏မြင့်တက်လာနေသော နေရောင်ခြည်က ကားထဲထိ တိုး မပေါက်နိုင်ဘူးထင်သည်။ ပါးပြင်လေးတစ်ဖက်မှာ ရှုရှုလေးကြွေဆင်းသွား ခဲ့သည့် အနမ်းတစ်ပွင့်ကြောင့် ပန်းတော်ဝင် ရင်ထဲမှာလှပ်ခနဲအေးသွား၏။





ထိုပြင် လက်ဖျားလေးတွေအထိ အေးစက်ခြင်းတို့ ကူးစက်သွားခဲ့ သည်။

'ချစ်ရဲ့လား'လို့ သူ့ရင်ထဲမှာ မေးနေသည်လား ...

ပန်းတော်ဝင် နှုတ်ခမ်းလေးကိုဖိပိတ်ထားလျက်နှင့် 'ချစ်တယ်'ဟု အခါခါဝေါ်င်းများစွာဖြေနေမိသည်။

ပြီးတော့ သူ့ရင်ခွင်မှာ မှီနွဲ့လိုက်ရင်း ရှက်သည့်စိတ်ကို ဖြေးဖြေးပိမ့်နေခဲ့ မိ၏။ ချစ်လို့ ချစ်မိတာ အပြစ်မရှိဘူးထင်သည်၊

ဘာဖြစ်လို့လဲဆိုတော့ ဆန်းဆန်းပြားပြားဆုံစည်းခဲ့ရသည့် ထို ယောက်ျားကိုမှ

"သူမတူအောင်ချစ်ခဲ့မိလို့"

လျှို့ဝှက်သိုသိပ်ခြင်းများဖြင့် ထာဝရပေါင်းဖက်နိုင်ကြကာ လေး နက်နက်ချစ်ကြပါစေ။



www.burmeseclassic.com